www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၃၂၀၁၄၆၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၀၀၀၈၈၀၂၁၀

ထုတ်ဝေခြင်း၊
၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊ တတိယအကြိမ်

အုပ်ရေ
၃၀၀၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးငွေစိုး၊ သုရအောင်ပုံနှိပ်တိုက်
သုဓမ္မဝိပဿနာရိပ်သာ၊ မော်ဘီမြို့

မျက်နှာဖုံးပန်းချီ
ရွှေစိုးဟန်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
အမှတ် ၁၁၁၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့

ဖြန့်ချိသူ
ဦးစိုးတင့်၊ ဦးဆန်းထွန်း

တန်ဖိုး

ရွှေပြည်သာ ကျောင်းတိုက်
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့။
ဖုန်း ၀၁- ၆၁၁၆၂၂၊ ၀၁- ၆၁၁၄၅၇

စာစုစာတမ်းလောက်အညွှန်း(CIP)

၂၉၄.၇

မေဇ္ဇာရှင်(ရွှေပြည်သာ)
မဂ်တားဖိုလ်တား အန္တရာယ်များ/ မေဇ္ဇာရှင်(ရွှေပြည်သာ)။
ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၃-ကြိမ်၊ ၂၀၁၀။
၂၅၁ စာ၊ ၁၂.၀x ၁၈.၂ စင်တီ။
(၀) မဂ်တားဖိုလ်တား အန္တရာယ်များ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အသက်နှင့်ရင်းရသောစာမူ | ၁ |
| ၂။ | ပါရမီလွှဲချဖို့မလို | ၇ |
| ၃။ | မိမိကြောင့်ဖြစ်သောမေ့မွှအန္တရာယ် | ၈ |
| ၄။ | မဂ်တားဖိုလ်တားအန္တရာယ်များ | ၉ |
| ၅။ | အကန်းနှစ်မျိုး | ၁၁ |
| ၆။ | မှတ်သားကျင့်ကြံဖို့စကားသုံးခွန်း | ၁၄ |
| ၇။ | ဗုဒ္ဓ၏မေတ္တာ၊ ကရုဏာနှင့် ကျေးဇူးတရား | ၁၇ |
| ၈။ | ကြည်ညိုဖွယ်ရာ ဗုဒ္ဓတစ်နေ့တာ | ၂၁ |
| ၉။ | ကျေးဇူးရှင်နှစ်ဦးရဲ့နောက်ဆုံးစကား | ၂၅ |
| ၁၀။ | မျက်ကန်းတစ္ဆေမကြောက် | ၂၈ |
| ၁၁။ | မြွေဖြစ်ရသော ဘုရင်ကြီး | ၃၁ |
| ၁၂။ | ငရဲကျသော မိဖုရား | ၃၄ |
| ၁၃။ | ဘယ်ဘေးကိုကြောက်မလဲ | ၃၉ |
| ၁၄။ | ခရမ်းမြို့က ဘုန်းကြီးပြိတ္တာ | ၄၂ |
| ၁၅။ | ရာဇဂြိုဟ်ကဝက်မလေး | ၄၅ |
| ၁၆။ | လောကီကုသိုလ်စိတ်မချရပုံ | ၄၇ |
| ၁၇။ | မဂ်တားဖိုလ်တားအန္တရာယ်ငါးပါး | ၅၀ |
| ၁၈။ | တိဟိတ်ဒွိဟိတ်ခွဲခြားနည်း | ၅၃ |
| ၁၉။ | လယ်တီဆရာတော်၏ တိဟိတ်အခုံးအဖြတ် | ၅၅ |

www.burmeseclassic.com


၂၀။ ဘဝပျက်စေသောစကားတစ်ခွန်း ၅၈
၂၁။ စကားအရာအင်္ဂါလေးတန် ၆၃
၂၂။ သေဒဏ်ကျသောစကားမှ ငွေတစ်ထောင်ရသော စကားသို့ ၆၆
၂၃။ မင်္ဂိုလ်နှင့်ဝေးစေသောအကျင့်ဆိုး ၆၆
၂၄။ အပါယ်သြဿဲချမည့်သူ ၇၃
၂၅။ ဝိသာခါရဲ့ထူးခြားချက် ၇၆
၂၆။ ပုထုဇဉ်တွေရောက်နိုင်တဲ့ဘုံ ၈၁
၂၇။ ဝိပဿနာနှစ်မျိုး သမာဓိသုံးမျိုး ၈၅
၂၈။ တရားနာရာမှာအလုပ်ပါ ၉၀
၂၉။ လူယုတ်မာလက္ခဏာများ ၉၄
၃၀။ လူယုတ်မာစိတ်ဓာတ် ၉၈
၃၁။ အမြွတ်သုံးမျိုး ၁၀၂
၃၂။ အစိမ်းကြော်ကြော်ရင်းအနာဂါမ်တည်သူ ၁၀၆
၃၃။ မင်္ဂိုလ်ရောက်ဖို့ လေ့ကားသုံးထစ် ၁၁၄
၃၄။ ရှုဋ္ဌသောတာပန် (သို့) အိမ်ရှေ့မင်း ၁၁၇
၃၅။ တကယ့်အရှိတရားလေးပါး ၁၂၂
၃၆။ စိတ်ဖြစ်ရာဌာနပြဿနာ ၁၂၇
၃၇။ ဓမ္မကထိကဆရာတော်ကြီးတစ်ပါးမှားပုံ ၁၃၁
၃၈။ အမြေရုကြပ်တဲ့ဝိပဿနာမေးခွန်း ၁၄၁
၃၉။ ခွဲခြား၍ မရကောင်းသောရုပ်များ ၁၄၃
၄၀။ ရုပ်ဓာတ်တစ်ပါးဆင်ခြင်နိဗ္ဗာန်ဝင် ၁၄၅
၄၁။ ပထဝီရုပ်ရဲ့သဘော ၁၄၇
၄၂။ မာတာပျော့တာပထဝီမဟုတ်သေး ၁၄၉
၄၃။ ဓာတ်ရဲ့အဓိပ္ပာယ်သုံးမျိုး ၁၅၂
၄၄။ ကြွေဖလားရဲ့မှာတဲ့သဘောတရား ၁၅၅
၄၅။ ပညတ်ပျောက်ပုံပရမတ်မပျောက်ပုံ ၁၅၈
၄၆။ ခက်ခဲတဲ့နေရာဥပမာသုံး ၁၆၂
၄၇။ လူပျောက်အောင်ပျောက်ပြခြင်း ၁၆၆
၄၈။ ဘယ်သူကမာတာလဲ ၁၇၀
၄၉။ မြင်သိစိတ်ဖြစ်ရန်အင်္ဂါလေးတန် ၁၇၆
၅၀။ စိတ်သက်နှင့်ရုပ်သက် ၁၈၀
၅၁။ သေမင်းနေတဲ့ဘုံ ၁၈၇
၅၂။ အာပေါဓာတ်သိရန်မြှုငါးတန် ၁၉၁
၅၃။ ထိုင်တာဝါယောဓာတ်ကြောင့် ၂၀၀
၅၄။ အရိယာအမြင် ၂၀၆
၅၅။ ဝက်သားတုံးနဲ့ရသဓာတ် ၂၁၀
၅၆။ ခန္ဓာရဲ့အဓိပ္ပာယ် ၂၁၅
၅၇။ ဥတုဇရုပ်နဲ့ပရမတ်ရုပ် ၂၁၇
၅၈။ ဗုဒ္ဓအလိုအရသေတယ်ဆိုတာ ၂၂၀
၅၉။ ဝေဒနာကိုအကြောဆုံးခံစားနိုင်ချိန် ၂၂၄
၆၀။ ၃၁ ဘုံသားတွေရဲ့ ပရမတ်သက် ၂၃၁
၆၁။ ခန္ဓာငါးပါးဖြစ်ပုံ ၂၃၅
၆၂။ ပညာဟာသိတတ်တဲ့သဘော ၂၃၉

www.burmeseclassic.com


၆၃။ တစ်ယောက်တည်းနေချင်ရင် ၂၄၂

၆၄။ ရင်ဝလုံ့စူး ထိပ်ဦးမီးလောင်လျှင် ၂၅၄

၆၅။ ပုထုဇဉ်မဖြေနိုင်တဲ့မေးခွန်း ၂၅၇

၆၆။ အာထာပါးကွက်သားနတ်ပြည်သွား ၂၆၃

၆၇။ မဂ္ဂင်နှစ်မျိုး ၂၆၆

၆၈။ ဦးပဉ္စင်းသုံးပါး ၂၆၉

၆၉။ ဝိပဿနာဆိုတာအပညာအလုပ် ၂၇၅

၇၀။ ဖွဲပုံပေါ်ထိုက်တဲ့ဝါးခြမ်းပြား ၂၈၀

၇၁။ ပုထုဇဉ်ရဟန်းကို ရှိမခိုးချင်သူ ၂၈၃

၇၂။ ရှိခိုးတယ်ဆိုတာ ကိုယ့်အတွက် ၂၈၇

၇၃။ အတ္တိသိမှ အနတ္တာသိမယ် ၂၉၀

၇၄။ ဝိပဿနာညစ်ညူးကြောင်းဆယ်ပါး ၂၉၅

၇၅။ ခြေသုံးလှမ်းနဲ့ရဟန္တာဖြစ်သူ ၂၉၉

၇၆။ အရွယ်ဆယ်ပါး ၃၀၁

၇၇။ သားသမီးများက စေတနာပျက်သည့်အရွယ် ၃၀၃

၇၈။ သားသမီးများက သေစေချင်သည့်အရွယ် ၃၀၅

၇၉။ မသိလိုက်သော ပဋ္ဌာန်းဆက်ရိုက်ယက် ၃၀၉

၈၀။ မဂ်ရဲ့အာမိပ္ပာယ် ၃၁၈


# အသက်နှင့် ရင်းရသော စာမူ

စာရေးသူ၏ဖခင်နှင့် အစ်မဖြစ်သူတို့သည် တစ်ယောက်နှင့်တစ်ယောက် တစ်လသာခြားပြီး ဆုံးပါးခဲ့ကြသည်။ ဖခင်သည် ၁၃၅၀ ခုနှစ်၊ တပေါင်းလဆုတ် (၁၃) ရက်နေ့တွင် ဆုံးပြီး အစ်မဖြစ်သူကား နောက်တစ်လအကြာ တန်ခူးလဆုတ် (၁၃) ရက်နေ့တွင် ဆုံးခဲ့သည်။ ဆုံးချိန်က ဖခင်သည် အသက် (၅၈) နှစ်အရွယ်ရှိပြီး အစ်မကား (၂၈) နှစ်အရွယ်သာ ရှိသေးသည်။

ဖခင်ကား ကိုယ်ယောင်ရောဂါဖြင့် ဆုံးခြင်းဖြစ်၍ သွေးရိုးသားရိုးဟု ဆိုနိုင်သော်လည်း အစ်မ၏ ဆုံးပါးရခြင်းကား သွေးရိုးသားရိုးဟု မဆိုနိုင်တော့။ ဝိပဿနာရှုပွားမှုနှင့် ပတ်သက်သော အကြောင်းတွေရှိလာသည်။ လုံးစေ့ပတ်စေ့ပြောမှ ရှင်းလင်းမည်ဖြစ်သောကြောင့် အစ်မဖြစ်သူ၏ အကြောင်းကို ပြည့်စုံအောင် ရှင်းပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့ ကိုရင်ဝတ်သွားပြီးသည့်နောက် အစ်မငယ်သည် အိမ်ထောင်မပြုဘဲ မိဘနှစ်ပါးကို ဈေးရောင်းကျွေးနေခဲ့သည်။

အစ်မကြီးကား စာရေးသူတို့ ကိုရင်မဝတ်မီ အသက်ငယ်ငယ်ကတည်းက အိမ်ထောင်ကျသွားခဲ့သည်။ စာဖတ်ဝါသနာပါသော အစ်မငယ်သည် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ စာအုပ်များမှတစ်ဆင့် ဘာသာရေးဘက်၌ အားသန်လာခဲ့သည်။ ထိုကမှတစ်ဆင့် ဝိပဿနာတရားဘက်သို့ ရောက်လာသည်။

တစ်မင်္ဂတစ်ဖိုလ်ရမှ သို့မဟုတ် အနည်းဆုံး စူဠသောတာပန် ပုထုဇဉ်အဆင့်လောက်ရောက်မှ ဘုရားသာသနာနှင့် တွေ့ကြုံရကျိုးနည်မည်ဆိုသည်ကို နားလည်သွားသောအခါ မိဘများထံ ခွင့်တောင်းပြီး သီလရှင်ဝတ်ကာ စစ်ကိုင်းမြို့တွင်ရှိသော ရိပ်သာတစ်ခု၌ နေ့ရောညရော အပြင်းအထန် အားထုတ်ပါတော့သည်။

ဓမ္မာရုံထဲတွင် အများနှင့်လည်း စုပေါင်းထိုင်၊ မိမိနေရာရောက်သောအခါတွင်လည်း မနားဘဲထိုင်နှင့် ငါးနှစ်တိုင်တိုင် ကြိုးစားပါသော်လည်း တစ်မင်္ဂတစ်ဖိုလ်ကို အသာထား၍ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင်ရသော စူဠသောတာပန်ပုထုဇဉ်အဆင့်ကိုပင် မရောက်ခဲ့ပါ။



တစ်နေ့ အခန်းထဲ တရားရှုမှတ်ဆဲတွင် ကြောက်မက်ဖွယ်အဆင်းတစ်ခုကို မြင်လိုက်ရမှုကြောင့် ထိတ်လန့်သွားခဲ့သည်။ ထိုကမှတစ်ဆင့် စိတ်ဖောက်ပြန်သောရောဂါတစ်ခုကို ရသွားခဲ့သည်။ ထိုရောဂါနှင့်ဆက်စပ်ပြီး အမျိုးသမီးရောဂါ၊ ပယောဂဝေဒနာတို့ပါ ဖြစ်လာသောအခါ အစ်မငယ်မှာ သူလိုချင်သော မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ကို ရမသွားဘဲ ငယ်ငယ်ရွယ်ရွယ် အသက် (၂၈) နှစ်မှာပင် ဆုံးပါးသွားခဲ့ရသည်။

အစ်မငယ်ဆုံးစဉ်က စာရေးသူသည် မန္တလေး မစိုးရိမ်တိုက်သစ်တွင် ဓမ္မာစရိယတန်း သင်ယူနေဆဲစာသင်သားဘဝ၌သာ ရှိသေးသဖြင့် ဝိပဿနာတရားနှင့်ပတ်သက်ပြီး ဘာအကူအညီမှ မပေးနိုင်ခဲ့ပါ။ မင်္ဂဉာဏ်ဖိုလ်ဉာဏ်ရနိုင်သော ပါရမီဉာဏ်နှင့် ဝီရိယရှိပါလျက် အစ်မငယ်သည် အဘယ်ကြောင့် မရရသနည်းဆိုသည်ကိုလည်း တွေးခေါ်နိုင်စွမ်းမရှိပါ။

စာရေးသူသည် စာမေးပွဲကိစ္စများ ရပ်နားလိုက်သော အချိန်မှစ၍ ဝိပဿနာတရားစခန်းများဝင်ခြင်း၊ မိမိနေရာတွင်လည်း အချိန်ရသမျှ အားထုတ်ခြင်း၊ ဝိပဿနာနှင့်ဆိုင်ရာ တရားခွေများကို အလေးပေး၍ နာကြားခြင်း၊ ဝိပဿနာစာအုပ်များကို အချိန်ပေး၍ ဖတ်ရှုခြင်းတို့ကို တစိုက်မတ်မတ် ပြုလုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်မငယ်တစ်ယောက် တရားမရဘဲ သေဆုံးရခြင်း၏ အကြောင်းအဖြေကိုကား ဆယ်နှစ်ကျော်ကြာမှ ရရှိခဲ့ပါသည်။ ရရှိသော အဖြေနှစ်ခုအနက် ပထမအဖြေမှာ ဝိပဿနာတရားကို အားထုတ်သူ ယောဂီသည် မဂ်တား၊ ဖိုလ်တား အန္တရာယ်ငါးပါးအနက် တစ်ပါးပါးငြိနေလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရပါ။

ဒုတိယအဖြေမှာ ဝိပဿနာတရားသည် ထိုးထွင်းသိမြင်ခြင်းပညာကို အဓိကထားသည်။ အစ်မငယ် အားထုတ်ခဲ့သော ကျင့်စဉ်သည် သမာဓိကိုသာ အလေးထားသည်။ ဝိပဿနာသည် ထင်ရှားရှိသော ပရမတ်တရားကို လက္ခဏာ ယာဉ်သုံးပါးဖြင့် ရှုပွားသည်။ ပညာကို အဓိကထားသည်။ သမထသည် ထင်ရှားမရှိသော ပညတ်ကို ရှုသည်။ သမာဓိကို အလေးထားသည်။

ပညာ၏ ပန်းတိုင်ကား မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ သမာဓိ၏ ပန်းတိုင်ကား ဈာန်၊ အဘိညာဉ် တို့သာလိုထင်ရသော သမထနှင့် ဝိပဿနာကား အလုပ်ရော ပန်းတိုင်ပါ ကွဲပြားခြားနားပေသည်။ သို့ဆိုလျှင် ပညာကို အဓိကထား၍ ရှုရသော ဝိပဿနာယာနိကနည်း၊ တစ်နည်း သုဒ္ဓဝိပဿနာနည်းတွင် သမာဓိမပါတော့ဘူးလားဟု မေးစရာအံ့။

ပါပါသည်။ သီလ၊ သမာဓိ၊ ပညာ သုံးမျိုးလုံးဘက်မစုံဘဲနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်း မရနိုင်ပါ။ သုဒ္ဓဝိပဿနာနည်းနှင့် ရှုပွားဒသော ယောဂီအတွက် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိများထိမလိုဘဲ စိတ်ဖြစ်တိုင်း အလိုလိုပါလျက်ရှိသည့် ဇေဂ္ဂတာခေါ် ခဏိကသမာဓိနှင့်ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ လုံလောက်လျက်ရှိလေပြီ။



(မှတ်ချက်) ဝိပဿနာနှစ်မျိုးနှင့် သမာဓိသုံးမျိုး၏ အဓိပ္ပာယ်ကို ဤစာအုပ်တစ်နေရာတွင် အပြည့်အစုံ ဖတ်ရှုရပါမည်။

မဂ်တားဖိုလ်တားအန္တရာယ်ငါးမျိုးတွင် ကုစား၍မရသော အန္တရာယ်နှစ်မျိုး၊ ကုစား၍ရသောအန္တရာယ် သုံးမျိုးရှိသည်။ တစ်ဖန် မိမိကိုယ်တိုင် ကာယကံ၊ ဝစီကံနှင့် ကျူးလွန်မှုဖြစ်သော အန္တရာယ်သုံးမျိုး၊ မိမိကိုယ်တိုင်က မကျူးလွန်ရဘဲ မွေးကတည်းက အလိုအလျောက်ပါလာသော အန္တရာယ်နှစ်မျိုးတို့ ပါရှိသည်။

ဝိပဿနာအားထုတ်သူတိုင်း အရေးတကြီး သိသင့်သော အကြောင်းအရာများပင် ဖြစ်ပါသည်။ စာရေးသူသည် ဤအန္တရာယ်ငါးမျိုးကို အရင်က တွေ့ဖူးသော်လည်း ဝိပဿနာ အားထုတ်သော ယောဂီများအတွက် အရေးကြီးမှန်း မသိပါ။

(၁၂) နှစ်ခန့် ဝိပဿနာတရားကို နာကြား၊ အားထုတ်၊ ကြည့်ရှုသောအခါကျမှသာ ယောဂီတိုင်းအတွက် အသက်တမျှ အရေးကြီးမှန်း သိခဲ့ရပါသည်။

စာရှုသူတိုင်းကိုလည်း သိစေချင်ပါသည်။ ဤနိဒါန်းကို လီယိုတော်စတွိုင်း၏စကားတစ်ပိုဒ်ဖြင့် နိဂုံးချုပ်ပါတော့

www.burmeseclassic.com



မည်။ တော်စတွိုင်းက -

သင်ကိုယ်တိုင်က စိတ်ဝင်စားခြင်းမရှိသော
အကြောင်းအရာကို ဘယ်တော့မှစာမရေးပါနှင့်
စာတစ်အုပ်ရေးဖို့ အကြံရပေမယ့် မရေးရင်
မဖြစ်ဟု သင်ကိုယ်တိုင်ခံစားမလာဘဲ မရေးပါနှင့်

ဟု ပြောခဲ့ဖူးပါသည်။ စာရေးသူရေးသားထုတ်ဝေပြီးသောစာအုပ်များ၊ ရေးသားဆဲစာအုပ်များ၊ ရေးသားလတ့်သော စာအုပ်များသည် စာရှုသူများ မသိရင်မဖြစ်သော စာရေးသူအနေနှင့် မရေးရင်မဖြစ်ဟု ယူဆသော စာအုပ်များချည်းသာ ဖြစ်ပါသည်။

စာရေးသူစာရေးနေသမျှ အမြဲတမ်း ထိုစာအုပ်မျိုးချည်းသာ ဖြစ်နေရမည်ဆိုသည်ကို စာဖတ်သူတို့အား စာပေသစ္စာဖြင့် အလေးအနက် ကတိပြုလိုက်ပါသည်။

ဝိပဿနာအားထုတ်သူ ယောဂီတိုင်း အစ်မငယ်၏ ဘေးမျိုးမှ ကင်းဝေးကြပါစေ။

မေတ္တာရှင်
(ရွှေပြည်သာ)



## ပါရမီဖြည့်ဖို့မလို

တိဟိတ်ဟုတ်မဟုတ်ပါ့မလား၊ ဒွိဟိတ်များ ဖြစ်နေမလားနဲ့ ဒါက ဘုရားရှင်အရာ ကိုယ့်အရာမဟုတ်ဘူး။ ဒီတော့ အကျိုးမများမှာကို မတွေးကြနဲ့၊ အလုပ်လုပ်ဖို့သာ ကိုယ့်တာဝန်။

ဖြစ်ပျက်မြင်ရင် တိဟိတ်ပဲဆိုတာ သံသယမရှိကြနဲ့၊ ပါရမီစကားလည်း မပြောကြနဲ့၊ သာဝကဉာဏ်အရာမှာ ပါရမီ မလိုဘူးလို့ တစ်ထစ်ချ မှတ်လိုက်ကြ၊ ဒီအချက်ဟာ ပေဋကောပဒေသပါဠိတော်မှာ အတိအလင်းဟောထားတာ ရှိတယ် သံသယဖြစ်ဖို့မလိုဘူး။

ဒုဝေဟေတူ ဒုဝေပစ္စယာ သာဝကဿသမ္မာဒိဋ္ဌိ ယာ ဥပ္ပါဒါယ

သာဝကဉာဏ်အရာမှာ အထောက်အပံ့နှစ်ချက်ပဲ လိုတယ်တဲ့

ပရတောစဃောသော သစ္စာနုသန္ဓိ
သဇ္ဈတ္တဉ္စ ယောနိသောမနသိကာရောတော။

သစ္စာတရားနာကြားမှုနဲ့ နှလုံးသွင်းမှန်ကန်မှု၊ ဒီလိုပဲ လိုတယ်လို့ ဆိုလိုရင်း ဖြစ်တယ်။ ဒီစကားထဲမှာ ပါရမီ မပါဘူး။ ဒီအကြောင်းနှစ်ခုညီညွတ်ရင် မဂ်ဖိုလ်ကို ရတယ် ဆိုတော့ ပါရမီမလိုဘူးဆိုတဲ့ အဓိပ္ပာယ်ဟာ အလိုလိုထင်ရှားပါတယ်။

(မိုးကုတ်ဆရာတော်ဘုရား၏နိဗ္ဗာန်ရရာ ကျင့်သုံးဖွယ် တရားတော်မှ)

ဓမ္မဗျူဟာ - အတွဲ-၃၉၊ အမှတ်(၁၀)
၂၀၀၁ ခုနှစ်၊ မတ်လထုတ်။

www.burmeseclassic.com



## မိမိကြောင့်ဖြစ်သောဓမ္မအန္တရာယ်

ဓမ္မအန္တရာယ်ပြုတတ်သော မိစ္ဆာဓမ္မဆိုသည်ကား -

၁။ သံသရာဘေးကို ကောင်းစွာမမြင်နိုင်ခြင်း။

၂။ မဂ်ဖိုလ်ကိုရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း။

၃။ ပါရမီအရင့်ကို စောင့်စားခြင်း။

၄။ ယခုကာလရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း။

၅။ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿာဟကို စွန့်လွှတ်ထားခြင်း စသည်တို့တည်း။

ကုသိုလ်မှုတို့မည်သည် အဆုံးတိုင်မရောက်သော်လည်း အချည်းနှီးဖြစ်နိုင်သော အမှုမျိုးမဟုတ်ကုန်။ ပါရမီ မရှိသေးသူ အားထုတ်လျှင် ပါရမီဖြစ်၏။ အားမထုတ်လျှင် ပါရမီဖြစ်ခွင့်ကို မရပြီ။

ပါရမီမရင့်သေးသူ အားထုတ်လျှင် ပါရမီရင့်ရာ နောက်ဘဝမှာ ဤသာသနာ၌ပင် မဂ်ဖိုလ်ကို ရနိုင်၏။ အားမထုတ်လျှင် ပါရမီရင့်ခွင့်ကိုမျှ မရပြီ။ ဒွိဟိတ်ဖြစ်သူအားထုတ်လျှင် နောက်ဘဝ၌ တိဟိတ်ဖြစ်နိုင်၏။

အားမထုတ်လျှင် ဘဝအဆက်ဆက်ပင် ဒွိဟိတ်က တက်ခွင့်မရနိုင်ရာပြီ။ အဟိတ်သို့ လျှော၍သွားဖို့သာရှိတော့၏။

(လယ်တီဆရာတော်ဘုရား၏
ဗောဓိပက္ခိယဒီပနီမှ)



## မဂ်တားဖိုလ်တားအန္တရာယ်များ

ယနေ့ သာသနာတော် သက္ကရာဇ် ၂၅၄၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ (၄-၁၂-၂၀၀၀) နတ်တော်လဆန်း ၉ ရက်နေ့ တနင်္လာရီတိုင်း မြိတ်မြို့ ကျက်သရေဆောင်၊ လေးကျွန်းဆီမီးစေတီတော် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓသာသနာ့ဗိမာတော်ကြီး၌ ကျင်းပအပ်သော ဓမ္မပူဇာသဘင် တတိယမြောက်ညအဖြစ် ဟောကြားအပ်သော မဂ်တား ဖိုလ်တား အန္တရာယ်များ အမည်ရှိသော တရားတော်။

### ဘုရားရှိခိုက်၊ အနန္တငါးပါးရှိခိုက်၊ မေတ္တာပို့

အနန္တငါးပါးလည်းရှိခိုးပြီး မေတ္တာလည်း ပွားများပြီးတဲ့နောက် တရားဒေသနာများ စတင်နာကြားရအောင် ဒီနေ့ တရားတော်ကို မေးခွန်းလေးတစ်ခုနဲ့ ဖွင့်လိုက်ကြရအောင်၊ မေးခွန်းလေးက ဝိပဿနာကို ဘာ့ကြောင့်ပွားများအားထုတ်သင့်သလဲ အဖြေက သုံးမျိုးထွက်လာမယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ၃၁ ဘုံကူးသွားကျင်လည်ရတဲ့အခါမှာ ဉာဏ်မျက်စိအလင်းရဖို့အတွက် ဝိပဿနာကို ပွားများအားထုတ်သင့်တယ်။

၂။ ဝေနေယျသတ္တဝါတွေအပေါ်မှာ ထားတော်မူတဲ့ မြတ်စွာဘုရားရဲ့ မေတ္တာတော်၊ ကရုဏာတော်တွေကို လေးစားသောအားဖြင့်လည်းကောင်း၊ ကျေးဇူးတော်ကို ပေးဆပ်သောအားဖြင့်လည်းကောင်း၊ ဝိပဿနာတရားကို ပွားများအားထုတ်သင့်ပါတယ်။

၃။ ပုထုဇဉ်တိုင်း ကြုံတွေ့ရမယ့်ဘေးကြီးလေးမျိုးမှ လွတ်မြောက်ဖို့အတွက်လည်း ဝိပဿနာတရားကို ပွားများအားထုတ်သင့်ပါတယ်။

အကျဉ်းဖြေထားတဲ့ အဖြေသုံးခုကို တစ်ချက်ခြင်းအကျယ်ပြန့်ရှင်းပါ့မယ်။ ဉာဏ်မျက်စိအလင်းရဖို့အတွက် ဝိပဿနာတရားကို ပွားများအားထုတ်သင့်တယ်ဆိုတဲ့ အဖြေကို ရှင်းပြဖို့အတွက် အကန်းနှစ်မျိုးကို ဦးစွာ သိရပါမယ်။

xxxxx



## အကန်းနှစ်မျိုး

အကန်းဟာ မံသ = အသားမျက်စိကန်းသူနဲ့၊ ဉာဏ= ဝိပဿနာဉာဏ်မျက်စိကန်းသူရယ်လို့ နှစ်မျိုးရှိပါတယ်။

အသားမျက်စိကန်းသူ ရမ်းပြီး လမ်းသွားတဲ့အခါ ကောင်းတဲ့ လမ်းလည်း ရောက်မယ်၊ ဆိုးတဲ့လမ်းလည်း ရောက်မယ်၊ မျက်စိမမြင်ဘဲ ရမ်းသွားတာဖြစ်တဲ့အတွက်ကြောင့် ကောင်းတဲ့လမ်းကို ရောက်လည်း ခဏပဲ၊ ဆူးကြောင့် ခလုတ်ပေါ်များတဲ့ လမ်းဆိုးပေါ်မှာသာ ရောက်တဲ့အချိန်က ပိုများမယ်။ ဒီဥပမာအတိုင်းပဲ၊ ပရမတ်လည်းမသိ၊ ခန္ဓာလည်းမသိ၊ သစ္စာလည်းမသိနဲ့ ဝိပဿနာဉာဏ်အမြင်ကန်းတဲ့ ပုထုဇဉ်ဟာ သံသရာခရီးသွားရင် မကောင်းတဲ့ဘုံသာ အရောက်များမယ်။

ကောင်းတဲ့ဘုံလည်း ရောက်နိုင်ပါရဲ့။ ဒါပေမဲ့ ခဏပဲ၊ ဝိပဿနာဉာဏ်အမြင်ကကန်းနေတာကို၊ လူ့ဘုံကနေ အပါယ်ငရဲကျတာတွေကတော့ ရိုးနေလို့ မပြောတော့ပါဘူး။ နတ်ဘုံကနေ ငရဲကျတာတော့ သိသူနည်းလို့ နှစ်မျိုးလောက် ပြောပြချင်တယ်။ နတ်ပြည်ခြောက်ထပ်က နတ်တွေ သက်

www.burmeseclassic.com

www.burmeseclassic.com



တမ်း မပြည့်ခင်သေနိုင်တဲ့ အကြောင်းနှစ်ကို ဒီပဲရင်းဆရာတော်ဘုရားကြီးက ပရမတ္ထစက္ကူကျမ်းမှာ လင်္ကာလေး သီထားတာရှိတယ်။

- အပျော်လွန်ခြင်း၊ ဒေါသပြင်း၊
  ချက်ချင်းသေသည့် စတုဝတီသာ၊
- ပျော်လွန်းသေဆုံး ခြောက်ထပ်လုံး၊
  ပေါင်းရုံးတစ်နည်းလာ . . . တဲ့။

အဓိပ္ပာယ်က စတုမဟာရာဇ်နတ်ဘုံနဲ့ တာဝတိံသာ နတ်ဘုံကနတ်သားနတ်သမီးတွေဟာ အပျော်လွန်ပြီး နတ်ဩဇာစားရမယ့်အချိန်မှာ မစားတဲ့အတွက်ကြောင့်လည်း ကောင်း၊ ဒေါသကြီးလွန်းသည့်အတွက်ကြောင့်လည်းကောင်း၊ သေချိန်မကျခင် အသေဆိုးနဲ့ သေကြရတယ်။ နောက်တစ်နည်းကတော့ နတ်ပြည်ခြောက်ထပ်လုံးက နတ်သား နတ်သမီးတွေဟာ အပျော်လွန်ပြီး နတ်ဩဇာစားချိန်မှာ မစားရင် အားလုံးသေနိုင်တယ်လို့ အဓိပ္ပာယ်ရပါတယ်။

အပျော်လွန်ပြီး သေဆုံးတဲ့ သာဓကတစ်ခုကတော့ တာဝတိံသာနတ်ပြည်က သုဗြဟ္မနတ်သားနဲ့ နတ်သမီးတစ်ထောင်တို့ပါပဲ။ တာဝတိံသာနတ်သက်ကို လူ့သက်နဲ့တွက်ရင် နှစ်ပေါင်းသုံးကုဋေနဲ့ အနှစ်ခြောက်သန်းရှိပါတယ်။ တစ်နေ့ နတ်သမီးငါးရာက ပန်းပင်ပေါ်တက် ပန်းပွင့်တွေ ခြွေချ အောက်ကနေ နတ်သမီးငါးရာက ပန်းတွေကုံး သုဗြဟ္မနတ်သားကို ပန်ပေးကြပေ့ါ။



အဲသလို ပျော်ပါးနေတုန်းမှာပဲ ၊ ပန်းပင်ပေါ်က နတ်သမီးငါးရာဟာ ဖြုန်းခနဲ သေဆုံးသွားကြတယ်။ သုဗြဟ္မနတ်သားက ပန်းပင်ပေါ်က အသံတွေ တိတ်လှပါလား ဆိုပြီး အာရုံပြုကြည့်လိုက်တော့ နတ်သမီးငါးရာလုံး သေသွားတာကို သိသွားတယ်။ ဘယ်ဘုံရောက်သလဲလို့ နတ်မျက်စိနဲ့ ကြည့်လိုက်တော့ ငရဲကြီးရှစ်ထပ်ထဲက အောက်ဆုံးအဝီစိငရဲမှာ ကျနေတာကို တွေ့သွားတယ်။ ဒီတော့မှ သေခြင်းတရားကို သတိရပြီး သူနဲ့ ကျန်တဲ့နတ်သမီးတွေ နတ်သက် ဘယ်လောက်ကျန်သေးသလဲလို့ ကြည့်လိုက်တော့ ၇ ရက်ပဲ ကျန်တော့သတဲ့။

သေပြီးတဲ့နောက် ဘယ်ဘုံရောက်မလဲလို့ ဆက်ကြည့်လိုက်တော့ အဝီစိငရဲကိုပဲ ကျမယ်ဆိုတာ သိသွားတော့ ကြောက်လိုက်တာ ဆတ်ဆတ်ကို တုန်လို့ ဇောချွေးတွေလည်း ပြန်လို့ပေ့ါ။ ဝိပဿနာဉာဏ်အမြင်ကန်းသူတွေဆိုတာ ဒီအတိုင်းပဲ။ ပရမတ်အရ တကယ်မရှိတဲ့ ကာမဂုဏ်တရားတွေကို အရှိထင်ပြီး စွဲလမ်းကြ၊ တပ်မက်ကြ၊ အပျော်ကျူးနေကြတော့ တရားသဘောကို တော်တော်နဲ့ မမြင်နိုင်ကြဘူး။

ဒါကြောင့်လည်း ပန်းပင်ပေါ်က နတ်သမီးငါးရာဟာ နှစ်ပေါင်းကုဋေနဲ့ချီပြီး အသက်ရှည်သော်လည်း ဝိပဿနာဉာဏ်အမြင်ရဖို့ တစ်ရက်ကလေးတောင် အချိန်မပေးနိုင်ကြလို့ အဝီစိငရဲကို ကျသွားကြရတာပေ့ါ။ မှတ်သားစရာစကားလေး သုံးခွန်းရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မှတ်သားကျင့်ကြံဖို့ စကားသုံးခွန်း

- အတွေးအခေါ်ပညာရှိတဲ့သူဆိုတာ သူများအမှားကို ကြည့်ပြီး ကိုယ့်အမှားမဖြစ်အောင် သင်ခန်းစာယူ တတ်တယ်။
- အတွေးအခေါ်ပညာ နည်းတဲ့သူကျတော့ သူများ အမှားကိုကြည့်ပြီး သင်ခန်းစာမယူတတ်ဘူး။ ကိုယ် ကိုယ်တိုင်မှားမှပဲ သင်ခန်းစာယူတတ်တယ်။
- အတွေးအခေါ် ပညာလုံးလုံးမရှိတဲ့သူကျတော့ ကိုယ် ကိုယ်တိုင်မှားတာတောင် သင်ခန်းစာမယူတတ်ဘူး ... တဲ့။

သုပြဗ္ဗနတ်သားကတော့ အတွေးအခေါ်ပညာရှိတဲ့ သူထဲမှာ ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဝီစိကျသွားတဲ့ နတ်သမီးငါးရာကိုကြည့်ပြီး သူကိုယ်သူ မကျအောင် သင်ခန်း စာယူတတ်တယ်။ သူ့ကို ငရဲမကျအောင် တရားပြနိုင်တာ ဟာ ဘုရားရှင်သာရှိတယ်ဆိုတာလည်း သူ သိတယ်။



ဒါ့ကြောင့် ဘုရားရှင်ထံ အရောက်သွားပြီး သူ့ဒုက္ခကို လျှောက်ထားတယ်။ ဒီတော့ ဘုရားရှင်က -

နာညတြ ဗောဇ္ဈာတပသာ၊
နာညတြိန္ဒြိယ သံဝရာ၊
နာညတြသဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိပါဏိနံ။

ချစ်သား သုပြဗ္ဗနတ်သား-ဝိပဿနာဉာဏ်အလင်းလို့ ဆိုရမယ့် ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာကိုလည်းကောင်း၊ မြိုးခြံခြင်းလို့ခေါ်တဲ့ တပဆိုတဲ့အကျင့်ကိုလည်းကောင်း၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ခေါ်တဲ့ ဣန္ဒြေ ၆-ပါး ကို ထိန်းသိမ်းစောင့်ရှောက်ကြောင်း ဖြစ်တဲ့ ဣန္ဒြိယသံဝရ သီလကိုလည်းကောင်း၊ အလုံးစုံသော ဝဋ်ဒုက္ခမှ ထွက် မြောက်ကြောင်းဖြစ်တဲ့ နိဗ္ဗာန်ကိုလည်းကောင်း ဤလေးမျိုး ကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာဆိုသည်ကို ငါ ဘုရား ဖြစ်တော်မမူဟု ဟောတော်မူလိုက်ရာ ဂါထာအဆုံးမှာပင် သောတာပတ္တိမဂ်ကို ရရှိ၍ ဝိပဿနာဉာဏ်အလင်းကြီးကို ရသွားကာ အပါယ်ဘေးမှာ တကယ်အေးသွားခဲ့ရပါတယ်။

ဒုတိယတစ်ခုက ဒေါသကြောင့် သေရတာ နတ်သား များပါ။ နတ်သားနှစ်ယောက်ဟာ တစ်ယောက်နှင့်တစ် ယောက် တွေ့တဲ့အခါ မနာလိုခြင်း ဣဿာနှင့် ဝန်တိုခြင်း၊ မစ္ဆရိယတို့ရဲ့ တွန်းကန်အားကြောင့် -

www.burmeseclassic.com

www.burmeseclassic.com



"အသင်နတ်သား၊ သိပ်ဘဝင်မြင့်မနေပါနဲ့။ သင်ဟာ လူ့ဘဝတုန်းက အဆင့်အတန်းမရှိတဲ့ ဆင်းရဲသားတစ်ယောက်ပါ။ ရဟန်းတော်တစ်ပါးကို ဆွမ်းလေးတစ်ဇွန်း လောင်းလှူတဲ့ ကုသိုလ်ကို အမှတ်ရပြီး သေခဲ့လို့ ဒီနတ်ပြည်ကို ရောက်လာတာပါ"

"အသင်နတ်သားကရော ဘာထူးလို့လဲ။ လူ့ဘဝက ကျွန်ပ်ထက်တောင် ပိုဆင်းရဲသေးတယ်။ ဗုဒ္ဓရုပ်ပွားတော်ကို သစ်သီးလေးတစ်လုံးလှူခဲ့တဲ့ ကုသိုလ်ကို အမှတ်ရပြီး သေခဲ့လို့ ဒီနတ်ပြည်ရောက်လာတာပါ။ အသင်နတ်သားလည်း သိပ်ခြေဖျားထောက်နေစရာမလိုပါဘူး"

ထိုသို့ ပြောဆိုစကားများရင်းမှ ပြင်းထန်သောဒေါသ အဆင့်သို့ ရောက်လာသောအခါ နတ်သားနှစ်ယောက်စလုံး ဖြုတ်ခနဲသေပြီး ငရဲကို ကျသွားခဲ့ရပါတယ်။ ဒီတော့ ပထမ အဖြေအရ ဝိပဿနာဉာဏ် အမြင်ကန်းနေပြီဆိုရင် ဘယ်လောက်ကောင်းတဲ့ဘုံရောက်နေနေခထာပဲ။ မကောင်းတဲ့ဘုံမှာသာ အကြာကြီးနေကြရမယ်။

ဒါကြောင့် ဉာဏ်အမြင်ကန်းတဲ့သူ မဖြစ်အောင် ဝိပဿနာတရားကို မဖြစ်မနေ ပွားများသင့်ပါတယ်။

xxxxx



## ဗုဒ္ဓ၏ မေတ္တာကရုဏာနှင့် ကျေးဇူးတရား

ဒုတိယအဖြေအရ ဗုဒ္ဓရဲ့မေတ္တာ၊ ကရုဏာကို လေးစားသောအားဖြင့်လည်းကောင်း၊ ကျေးဇူးတော်ကို ပေးဆပ်သောအားဖြင့်လည်းကောင်း၊ ဝိပဿနာကို ကြိုးစားအားထုတ်သင့်တယ်ဆိုတဲ့ အဖြေကို အကျယ်ရှင်းပြပါ့မယ်။

ဗုဒ္ဓရဲ့ ဝေနေယျတွေအပေါ်မှာထားတဲ့ မေတ္တာ၊ ကရုဏာကို အပိုင်းငါးပိုင်းခွဲပြီး ရှင်းပြပါ့မယ်။

၁။ သုမေဓာရှင်ရသေ့ဘဝမှာ ဝေနေယျတွေအပေါ် ထားတဲ့ မေတ္တာ ကရုဏာ။

၂။ ၄၅ ဝါကာလပတ်လုံး မနားမနေ သစ္စာတရားကို ဟောကြားပြသပေးတဲ့ မေတ္တာ ကရုဏာ။

၃။ တခြားဘုရားရှင်တွေလို ပရိနိဗ္ဗာန်စံတာနဲ့ သာသနာကို သိမ်းမသွားဘဲ နှစ်ငါးထောင်ထားခဲ့တဲ့ မေတ္တာ၊ ကရုဏာ။

www.burmeseclassic.com



၄။ ဓာတ်တော်တွေကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ထူးထူးခြားခြား အဓိဋ္ဌာန်တော်မူခဲ့တဲ့ မေတ္တာ ကရုဏာ။

၅။ ပရိနိဗ္ဗာန်စံခါနီးမှာတောင် အရေးတကြီးစကား မှာကြားတော်မူခဲ့တဲ့ မေတ္တာ၊ ကရုဏာတို့ ဖြစ်ပါတယ်။

ဗုဒ္ဓဟာ သုမေဓာရှင်ရသေ့ဘဝတုန်းက အဘိညာဏ်ခြောက်ပါးကိုရပြီးသား တိဟိတ်အာဇာနည်ယောက်ျား တစ်ယောက် ဖြစ်ပါတယ်။ ဒီပင်္ကရာမြတ်စွာဘုရားကိုလည်း ဖူးတွေ့ရပြီဖြစ်လို့ လေးမဂ်လေးဖိုလ်ကို အရယူပြီး နိဗ္ဗာန်ကို ချက်ချင်းကူးသွားနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ မကူးခဲ့ပါဘူး။

တိဿောတာရေယျံ၊ မုတ္တောမောစေယျံ၊ ဗုဒ္ဓေါဗောဓေယျံ၊ ငါ သံသရာဝဲဩဃထဲက ကူးမြောက်သလို ဝေနေယျသတ္တဝါတွေကိုလည်း ကူးမြောက်စေမယ်။ ငါ ၃၁ ဘုံဝဋ်ဆင်းရဲက လွတ်မြောက်သလို ဝေနေယျသတ္တဝါတွေကိုလည်း လွတ်မြောက်စေမယ်။ ငါ သစ္စာလေးပါးသိသလို ဝေနေယျသတ္တဝါတွေကိုလည်း သိစေမယ်ဆိုတဲ့ မေတ္တာ စေတနာနဲ့ အပါယ်လေးပါး အကျခံပြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဘုရားဖြစ်အောင် ပါရမီဖြည့်ခဲ့ရပါတယ်။

မိမိဘာသာ နိဗ္ဗာန်ကူးလို့ရရဲ့သားနဲ့ မကူးဘဲ ဝေနေယျတွေအတွက် အပင်ပန်း၊ အဆင်းရဲခံပြီး ဘုရားဖြစ်အောင် ပါရမီဖြည့်ခဲ့တဲ့ မေတ္တာ၊ ကရုဏာကို လေးစားသောအားဖြင့်လည်း ဝိပဿနာတရားကို ပွားများအားထုတ်သင့်ပါတယ်။



ဒုတိယအချက်အနေနဲ့ ဘုရားရှင်ဟာ ရသမျှအချိန်ကာလ (၄၅) ဝါအတွင်းမှာ မဂ်ဖိုလ်ရကြောင်း သစ္စာတရားများကို မနားမနေ ဟောကြားပြသသွားတဲ့ မေတ္တာစေတနာကို ထောက်ရှုပြီး ဝိပဿနာပွားများသင့်တယ်ဆိုတဲ့ ဆိုလိုချက်ကို ရှင်းပြပါ့မယ်။ ဘုရားရှင်တို့ဟာ သူတို့ရဲ့ ဦးတည်ချက်အလိုက် ပါရမီကိုပြည့်စုံအောင် ဖြည့်ကြရပါတယ်။

ဝီရိယကို အဓိကထားတဲ့ ဘုရားရှင်က (၁၆) သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ သဒ္ဓါကို အဓိကထားတဲ့ဘုရားရှင်က (၈) သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ပညာကို အဓိကထားတဲ့ ဘုရားရှင်က (၄)သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကြရတယ်။ ပါရမီပြည့်တဲ့အချိန်မှာ ဘုရားအဖြစ် ပွင့်တော်မူကြရတယ်။

ပါရမီပြည့်တဲ့အချိန်ဟာ သက်တမ်းရှည်တဲ့အခါနဲ့ ကြုံတာရှိသလို သက်တမ်းတိုတဲ့အခါနဲ့ ကြုံတာလည်း ရှိတာပဲ။ သို့ပေမယ့် သက်တမ်းတစ်သိန်းအထက်နဲ့ သက်တမ်းတစ်ရာအောက်မှာတော့ မပွင့်ဘူးဆိုတဲ့ သတ်မှတ်ချက်ရှိပါတယ်။ သက်တမ်းတစ်သိန်းအထက်မှာဆိုရင် အိုခြင်း၊ နာခြင်း၊ သေခြင်းက မထင်ရှားတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးကို မြင်အောင်ဟောဖို့မလွယ်လို့ပါပဲ။

သက်တမ်းတစ်ရာအောက်ဆိုရင်တော့ လောဘ၊ ဒေါသ၊ မောဟတွေက အားကြီးလွန်းနေတဲ့အတွက် လက္ခဏာယာဉ်သုံးပါးကို မရှုပွားနိုင်ပြန်ပါဘူးတဲ့။ ဒါကြောင့် မပွင့်တာပါ။ အခု ဂေါတမဘုရားရှင်ဟာ သက်တမ်းတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ လာပြီးပွင့်ရလို့ သတ္တဝါတွေ မင်္ဂဖိုလ်ရအောင် ချေချွတ်ချိန်ဟာ အင်မတန်မှ နည်းလှပါတယ်။ (၄၅) ဝါပဲ အချိန်ရပါတယ်။

ဒါကြောင့် ဘုရားရှင်ဟာ အားချိန် နားချိန်တောင် မထားဘဲ မင်္ဂဖိုလ်ရကြောင်း တရားများကို ဟောကြားပြသတော်မူပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ တစ်နေ့တာ အလုပ်ကလေးကို ကြည့်ညိုကြည့်ရအောင်ပါ။

xxxxx



## ကြည်ညိုဖွယ် ဗုဒ္ဓတစ်နေ့တာ

နံနက်လေးနာရီလောက်ရှိတာနဲ့ ဗုဒ္ဓဟာ မဟာကရုဏာသမာပတ်ဝင်စားပြီး စကြာဝဠာတိုက်တစ်သောင်းက ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါများကို ရှာဖွေကြည့်ရှုတော်မူပါတယ်။ ကျွတ်ထိုက်သူကို တွေ့ပြီဆိုရင် ယူဇနာပေါင်းဘယ်လောက်ပင်ဝေးဝေး အရောက်သွားပြီး ချေချွတ်တော်မူပါတယ်။ အဝေးမှာရှိတဲ့ သတ္တဝါတွေ ချေချွတ်ပြီးတာနဲ့ မိုးလင်းသွားပါပြီ။

“မိုးလင်းတာနဲ့ သံဃာများစွာခြံရံပြီး ဆွမ်းခံကြွတော်မူပါတယ်။ ဆွမ်းခံကြွရင်းနဲ့ ကျွတ်ထိုက်သူတွေ တွေ့ရင်တရားဟောပြီး ချေချွတ်ခဲ့တာပါပဲ။ တိတ္ထိဆရာကြီးတွေရဲ့တပည့်ဖြစ်ခဲ့ဖူးတဲ့ သုရမ္ဗဋ္ဌကို သောတာပန်တည်အောင် ချေချွတ်ခဲ့တာဟာ ဆွမ်းခံရင်းပါပဲ။ ထို့အတူ ဒိဋ္ဌေဒိဋ္ဌမတ္တံ အစရှိသော အတိုဆုံးတရားနဲ့ ဗာဟိယဒါရုစိရိယကို ရဟန္တာဖြစ်အောင် ချေချွတ်ခဲ့တာလည်း ဆွမ်းခံကြွရင်းပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံက ပြန်ရောက်လို့ ခြေဆေးနေတဲ့အချိန်မှာတောင် ဒုလ္လဘတရားငါးပါးကို ဟောကြားလိုက်ပါသေးတယ်။ နေ့ဆွမ်းစားပြီးလို့ (၁၂) နာရီထိုးလောက်ရှိတာနဲ့ ရဟန်းအပါးငါးရာကျော်တို့က ကမ္မဋ္ဌာန်းတရားနဲ့ ပတ်သက်တဲ့ ပုစ္ဆာပြဿနာတွေ မေးကြတယ်။ တချို့ ရဟန်းတွေကတော့ သူတို့နဲ့ သင့်တော်မယ့် ကမ္မဋ္ဌာန်းတရားကို တောင်းကြတယ်။

ဒါနဲ့ပဲ ညခုနစ်နာရီလောက် ရောက်သွားတယ်။ ဒီအချိန်မှာ တရားနာရောက်လာတဲ့ ဒကာ၊ ဒကာမတွေက ကျောင်းထဲမှာ ပြည့်လျှံနေပါပြီ။ ဒါကြောင့် ဘုရားရှင်ဟာ အနားယူချိန်မရဘဲ မဂ်ဖိုလ်ရကြောင်းတရားများကို ဆက်ပြီး ဟောကြားတော်မူရပါတယ်။ လူပရိသတ်တွေ တရားဟောပြီးတဲ့အချိန်မှာ ည (၁၁) နာရီကျော်လောက်ရှိနေပါပြီ။ ပလ္လင်ပေါ်ကဆင်းပြီး ကျိန်းစက်ရာ ဂန္ဓကုဋီတိုက်ထဲရောက်တာနဲ့ သိကြားမင်းနဲ့တကွ နတ်ပရိသတ်က တရားနာဖို့ စောင့်နေပါပြီ။

နတ်တွေကို တရားဟောပြီးတာနဲ့ ညတစ်ချက်ခွဲလောက်ရှိသွားပါပြီ။ ဒီအချိန်မှာ ဗြဟ္မာတွေ တရားနာလာပြန်ပါတယ်။ ဗြဟ္မာတွေကို တရားဟောပြီးတဲ့အချိန်မှာတော့ သုံးနာရီထိုးခါနီးပါပြီ။ ဒီအချိန်ကျမှ ဘုရားရှင်ဟာ တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ခန့်လောက်ပဲ ကျိန်းစက်အနားယူခွင့် ရပါတယ်။ မနက်လေးနာရီထိုးတာနဲ့ မဟာကရုဏာသမာပတ်



ဝင်စားပြီး တစ်နေ့တာ ယန္တရားကြီး လည်ပတ်ပြန်ပါတယ်။

မြတ်စွာဘုရား အဲသလောက် အပင်ပန်းခံတယ်ဆိုတာ ဒါနပြုတတ်ရုံ၊ သီလဆောက်တည်တတ်ရုံ၊ သမထ ပွားတတ်ရုံလောက်အတွက် မဟုတ်ပါဘူး။ ဒီကုသိုလ်တွေကတော့ သာသနာတွင်းလည်းရှိ၊ သာသနာပလည်းရှိတဲ့ တရားတွေပါ။ အချိန်မရွေး ပြုလုပ်လို့ရပါတယ်။ ဝိပဿနာ ဘာဝနာတရားကတော့ သာသနာတွင်းမှာသာ ရနိုင်တဲ့ တရားပါ။ မဂ်ဖိုလ်ကို တိုက်ရိုက်ပေးနိုင်တဲ့ တရားပါ။

ဒါကြောင့်လည်း ဘုရားရှင်က ရသမျှအချိန်လေးမှာ မနေမနား ချေချွတ်တော်မူတာဖြစ်ပါတယ်။ အဲသလို မနေမနား ချေချွတ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ မေတ္တာ၊ စေတနာကို လေးစားသောအားဖြင့်လည်း ဝိပဿနာဘာဝနာကို ပွားများအားထုတ်သင့်ပါတယ်။

သက်တော်ရှည်တဲ့ တခြားဘုရားရှင်တွေက ပရိနိဗ္ဗာန်ဝင်စံတဲ့အခါ သာသနာကို တစ်ခါတည်း ရုပ်သိမ်းသွားတော်မူပါတယ်။ ဥပမာအားဖြင့် အသက်နှစ်သောင်းတန်းမှာ ပွင့်တော်မူခဲ့တဲ့ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတာနဲ့ သာသနာလည်း ကွယ်သွားတာပါပဲ။ သာသနာကွယ်တယ်ဆိုတာ မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရားကို ဟောပြောပြသသူ မရှိတော့တာကို ဆိုလိုခြင်းဖြစ်ပါတယ်။

ဂေါတမဘုရားရှင်ကတော့ အသက်တစ်ရာတန်းမှာ ပွင့်ရတော့ ချေချွတ်ရမယ့် ဝေနေယျတွေ အများကြီး ကျန်

www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်။ အဲဒီကျန်နေတဲ့ ဝေနေယျတွေလည်း မဂ်ဖိုလ် ရနိုင်ဖို့အတွက် သာသနာ အနှစ်ငါးထောင် ထားတော်မူခဲ့ပါတယ်။ သာသနာ အနှစ်ငါးထောင်ကို မှတ်မှတ်ရရ ထားတော်မူခဲ့တဲ့ ဗုဒ္ဓရဲ့ မေတ္တာစေတနာကို လေးစားသောအားဖြင့်လည်းပဲ ဝိပဿနာတရားကို ပွားများအားထုတ်သင့်ပါတယ်။

စတုတ္ထအချက်ကတော့ သက်တော်ရှည်တဲ့ ကဿပ မြတ်စွာဘုရားဟာ ဓာတ်တော်ကို တစ်လုံးတည်း တစ်ခဲတည်းပဲ ထားတော်မူခဲ့ပါတယ်။ သက်တော်တိုတဲ့ ဂေါတမ ဘုရားရှင်ကတော့ နောင်တစ်ချိန်မှာ ငါ့ဓာတ်တော်တွေကို ဖူးတွေ့ပြီး ဝိပဿနာတရားကို အားထုတ်ဖြစ်ကြပါစေဆိုတဲ့ မေတ္တာ စေတနာနဲ့ ဓာတ်တော်တွေကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် အဓိဋ္ဌာန်တော်မူခဲ့ပါတယ်။

အဲဒီလို ရည်ရွယ်ချက်ကြီးကြီးနဲ့ ဓာတ်တော်တွေကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် အဓိဋ္ဌာန်တော်မူခဲ့တဲ့ မြတ်စွာဘုရားရဲ့ မေတ္တာ စေတနာကို လေးစားသောအားဖြင့်လည်း ဝိပဿနာတရားကို ပွားများအားထုတ်သင့်ပါတယ်။ ပဉ္စမမြောက်အချက်ကတော့ မိမိတို့ရဲ့ တစ်ဘဝတာ ကျေးဇူးရှင်ဖြစ်ကြတဲ့ မိဘများ သေခါနီး နောက်ဆုံးမှာကြားခဲ့တဲ့ စကားကို သားသမီးများက နာယူကျင့်သုံးကြရပါတယ်။

xxxxx



## ကျေးဇူးရှင်နှစ်ဦးရဲ့ နောက်ဆုံးစကား

ဘာဖြစ်လို့လဲဆိုတော့ သေခါနီးမှာ မှာကြားခဲ့တဲ့စကားဟာ အရေးကြီးတဲ့စကားဖြစ်လို့ပါပဲ။ သေခါနီးဟာ နောက်ဆုံးရတဲ့အချိန်ဖြစ်လို့ သမန်ကာလျှံကာ အကြောင်းတေကိုလည်း ဘယ်သူကမှ မမှာကြပါဘူး။ တစ်ဘဝတာ ကျေးဇူးရှင်ဖြစ်တဲ့ မိဘများရဲ့ သေခါနီးမှာတဲ့စကားကိုတောင် တစ်သဝေမတိမ်း လိုက်နာကျင့်သုံးခဲ့ရင် သံသရာတစ်လျှောက် ကျေးဇူးရှင်ဖြစ်တဲ့ ဗုဒ္ဓရဲ့ နောက်ဆုံးမှာကြားတဲ့စကားဆိုရင် ပိုလို့တောင် လိုက်နာကျင့်ကြံသင့်ပါတယ်။

မိဘဆိုတာက ယခုဘဝတစ်ခု ချမ်းသာအောင်ပဲ စောင့်ရှောက်နိုင်ပါတယ်။ သံသရာအပါယ်လွတ်ကြောင်းတရားကို မဟောကြား မပြသနိုင်ပါဘူး။ ဒါကြောင့် တစ်ဘဝတာကျေးဇူးရှင်လို့ သုံးလိုက်တာပါ။ ဗုဒ္ဓကတော့ သံသရာတစ်လျှောက် အပါယ်လေးပါးကလွတ်ပြီး လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာထိ ခံစားရအောင် ဟောပြောပြသပေးတဲ့အတွက် သံသရာတစ်လျှောက် ကျေးဇူးရှင်လို့ သုံးလိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



သံသရာတစ်လျှောက်ကျေးဇူးရှင် ဗုဒ္ဓကရော ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးအချိန်မှာ ဘာတွေမှာခဲ့သလဲ။

**ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ**
**ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။**

ချစ်သား ချစ်သမီးတို့ ငါဘုရား နောက်ဆုံးစကား မှာကြားခဲ့မယ်။ ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောတရား ရှိကြကုန်၏။ မမေ့မလျော့သော ဝိပဿနာသတိတရားဖြင့် ပြည့်စုံကြကုန်လော -

လိုရင်းကတော့ အမြဲတမ်းဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါးကို ဝိပဿနာရှုပြီး နေရစ်ကြလို့ မှာလိုရင်းပါပဲ။ ပရိနိဗ္ဗာန်စံခါနီးမှာ မှာတဲ့စကားဖြစ်လို့ အင်မတန်အရေးကြီးတဲ့စကားဆိုတာကို သတိပြုခဲ့ပါ။ ပရိနိဗ္ဗာန်စံခါနီးမှာ ဝိပဿနာရှုပွားဖို့မှာသလို ဗုဒ္ဓကို ပူဇော်ခြင်းအမျိုးမျိုးထဲမှာ ဝိပဿနာရှုပွားပြီး ပူဇော်တာကို အမြတ်နိုးဆုံး ပူဇော်ခြင်းလို့လည်း ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ဟောတော်မူပါသေးတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးအချိန်ဖြစ်လို့ ရဟန်းအများစုဟာ မြတ်စွာဘုရားအနီးမှာနေပြီး ပြုစုနေကြတဲ့အချိန်ပဲဖြစ်ပါတယ်။ ဒီအချိန်မှာ အတ္တဒတ္ထအမည်ရှိ ရဟန်းတစ်ပါးကတော့ ဘုရားအနားမှာမရှိဘဲ တောတစ်ခုထဲမှာ တရားအားထုတ်နေပါတယ်။ ဘေးက ကိုယ်တော်တွေက အပြစ်မြင်ပြီး ဘုရားကို လျှောက်ထားကြလို့ အဲဒီရဟန်းတော်ကို ဘုရားရှင်က ခေါ်ခိုင်းလိုက်ပါတယ်။ ရှေ့တော်ကို ရောက်လာတော့ -



"ချစ်သားရဟန်း၊ တခြားရဟန်းတွေကတော့ ပရိနိဗ္ဗာန်စံခါနီးဖြစ်တဲ့ ငါဘုရားအနီးမှာနေပြီး ပြုစုကြတယ်။ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကလည်း နောက်ဆုံးပူဇော်ခြင်းအနေနဲ့ အကြီးအကျယ်ပူဇော်နေကြတယ်။ ချစ်သားကရော ဘယ်လိုရည်ရွယ်ချက်နဲ့ ငါဘုရားအနားမှ လာမပူဇော်ဘဲ တောထဲမှာနေနေရတာလဲ"

လို့ မေးတော်မူတဲ့အခါ အတ္တဒတ္ထရဟန်းက -

"တပည့်တော်ရဲ့ရည်ရွယ်ချက်ကတော့ မြတ်စွာဘုရားပွင့်တော်မူလာတာဟာ ဝေနေယျသတ္တဝါတွေ မဂ်ဖိုလ်ရဖို့အတွက်ပဲ။ အခုဆိုရင် မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန် ဝင်စံရတော့မယ်။ ငါဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်မဝင်စံမီမှာ လေးမဂ်လေးဖိုလ်ရအောင် ကျင့်ကြံပြီး ငါရတဲ့ မဂ်ဖိုလ်နဲ့ မြတ်စွာဘုရားကို နောက်ဆုံးပူဇော်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောထဲမှာ တရားအားထုတ်နေခြင်းဖြစ်ပါတယ်ဘုရား"

လို့ လျှောက်ထားပါတယ်။ ဒီအခါမှာ ဘုရားရှင်က သာဓုသုံးကြိမ်ခေါ်တော်မူပြီး ငါဘုရားကို ပူဇော်ခြင်းမျိုးစုံထဲမှာ ဝိပဿနာပဋိပတ်အကျင့်တရားနဲ့ ပူဇော်တာဟာ အမြတ်ဆုံးလို့ မိန့်တော်မူပါတယ်။ ဒီအချက်တွေကို ထောက်ထားပြီး ဝိပဿနာတရားကို ပွားများအားထုတ်သင့်ပါတယ်။

*****

www.burmeseclassic.com

www.burmeseclassic.com



## မျက်ကန်းတစ္ဆေမကြောက်

ပုထုဇဉ်တိုင်း တွေ့ကြုံရမယ့် ဘေးကြီးလေးမျိုးက လွတ်မြောက်ဖို့အတွက်လည်း ဝိပဿနာတရားကို ပွားများအားထုတ်သင့်တယ်လို့ ရှေ့ပိုင်းမှာ ဖြေထားပါတယ်။ အခု အဲဒီအဖြေကို အကျယ်ရှင်းပါတယ်။ ပုထုဇဉ်တိုင်း ကြုံတွေ့ရမယ့် ဘေးကြီးလေးမျိုးရှိပါတယ်။ ဘေးဆိုတာ ကြောက်စရာပါပဲ။ ဒါပေမဲ့ ပုထုဇဉ်တိုင်း မကြောက်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘေးရှိမှန်း မသိလို့ပါပဲ။

မျက်ကန်းတစ္ဆေမကြောက်ဆိုတဲ့ စကားအတိုင်းပါပဲ။ မျက်စိကန်းနေတဲ့သူကို တစ္ဆေက ဘယ်လိုခြောက်ခြောက် မကြောက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ္ဆေကို မမြင်တဲ့အတွက်ကြောင့်ပါပဲ။ ဒီဘေးကြီးကို သေချာသိတဲ့လူကတော့ ကြောက်ပါတယ်။ ကြောက်လို့လည်း ဒီဘေးကြီးက လွတ်မြောက်ရာ တစ်ခုတည်းသောလမ်းဖြစ်တဲ့ ဝိပဿနာ မဂ္ဂင်လမ်းကို လျှောက်ကြတာ ဖြစ်ပါတယ်။



အဲဒီဘေးကြီးတွေကတော့ -

(၁) ဝိနိပါတဘေး

(၂) နာနာသတ္ထုဥလ္လောကနဘေး

(၃) ဒုစ္စရိတဘေး

(၄) အပါယဘေးတို့ပဲ ဖြစ်ပါတယ်။

ဝိနိပါတဘေးဆိုတာက သေပြီးတဲ့နောက် ကျချင်ရာဘုံကျ၊ ရောက်ချင်ရာဘုံရောက်ရတဲ့ဘေး ဖြစ်ပါတယ်။

နာနာသတ္ထုဥလ္လောကနဘေးဆိုတာကတော့ ဆရာ များတဲ့ဘေး တစ်နည်း ဘုရားများတဲ့ဘေးပါပဲ။ ဒုစ္စရိတဘေးဆိုတာကတော့ မကောင်းမှုအကုသိုလ် ပြုမိတဲ့ဘေးပါပဲ။ အပါယဘေးဆိုတာကတော့ အပါယ်လေးပါး ကျရတဲ့ဘေးပါပဲ။ ဒီဘေးကြီးလေးမျိုးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေပါတယ်။ ဝိပဿနာဉာဏ်အမြင်မရှိတဲ့ အန္ဓပုထုဇဉ်အဖြစ်နဲ့ သေမယ်ဆိုရင် ဘာသာခြားမိခင်ရဲ့ဝမ်းထဲလည်း ရောက်နိုင်ပါတယ်။

အဲဒီလိုရောက်ရတာဟာ ဝိနိပါတဘေးကြောင့်ပါပဲ။ ဘာသာခြားမိဘလက်ထဲရောက်တာနဲ့ ဘာသာခြားဘုရားကို ကိုးကွယ်ရပါပြီ။ အဲဒါ နာနာသတ္ထုဥလ္လောကနဘေး ဆိုတာပါ။ တစ်ခါ ဘာသာခြားဘုရားက တိရစ္ဆာန်သတ်မှ ကုသိုလ်ရတယ်လို့ ပြောတဲ့အတွက် တိရစ္ဆာန်တွေကို သတ်မိပြန်ပါတယ်။ ဒါဟာ ဒုစ္စရိတဘေး ဆိုက်တာပါ။

www.burmeseclassic.com



အဲသလို မကောင်းတဲ့အကုသိုလ်ခုစရိုက်တွေ ကျူးလွန်မိတဲ့အတွက် သေပြီးတဲ့နောက် အပါယ်လေးပါး ကျရောက်ရပါတယ်။ ဒါဟာ အပါယသေား ဆိုက်တာပါပဲ။ ဒီလေးခုထဲမှာ ဝိနိပါတဘေးအကြောင်းကို အကျယ်ချဲ့ ပြောလိုပါတယ်။ ဒါန၊ သီလ၊ သမထ လောကီကုသိုလ်တွေ ဘယ်လောက်ပင်ရှိရှိ သုဂတိဘုံသာ ရောက်ရမယ်လို့ ကေန်မှချ မပြောနိုင်ပါဘူး။

သေခါနီး စိတ်မထားတတ်ရင် အပါယ်လေးပါး ကျရောက်နိုင်ပါသေးတယ်။ ဒါကြောင့်လည်း ဝိနိပါတ ကျချင်ရာဘုံကျ၊ ရောက်ချင်ရာဘုံရောက်ရတဲ့ဘေးလို့ ဆိုလိုတာပါ။

×××××



## မြွေဖြစ်ရသော ဘုရင်ကြီး

ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းရှစ်သောင်းလေးထောင်၊ ဘုရားပုထိုးစေတီတော်ပေါင်း ရှစ်သောင်းလေးထောင် လှူခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီးဆိုရင် ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။ သူလောက်လှူခဲ့တန်းခဲ့တဲ့ဘုရင် သာသနာမှာ မရှိသလောက်ပါပဲ။ ဒါနအရာမှာ ဘုရင်ကြီးအဆင့်လောက်ရှိပေမယ့် ဝိပဿနာအရာမှာတော့ ဆင်းရဲသားအဆင့်လောက်ပဲ ရှိခဲ့ပါတယ်။

ဒါကြောင့်လည်း သေဖို့ရာ အချိန်နီးကပ်လာသည်အထိ ဝိပဿနာရှုပွားပြီး အသေမပြင်တတ်ပဲ ဒါနပြုဖို့ပဲကြိုးစားနေပါတယ်။ ဘဏ္ဍာတိုက်ထဲက သူလိုရာထုတ်နိုင်ပြီး ကျောင်းတွေကို လှူနိုင်းနေပါတယ်။ ဒီအချိန်မှာ ဘုရင်ကြီး နတ်ရွာမစံခင်ကတည်းက သားကြီးဖြစ်သူက မင်းအာဏာကို သိမ်းယူလိုက်ပါပြီ။ ဘုရင်ကြီးကတော့ မသိရှာပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း မင်းချင်းက အဖြစ်မှန်ကို ပြောလိုက်တဲ့အခါမှာ ရှင်ဘုရင်ကြီးဟာ ဖြေမဆည်နိုင်အောင် ဖြစ်သွားပါတယ်။ နတ်ရွာစံဖို့က နာရီပိုင်းပဲလိုတော့တယ်။ မင်းကြီးကတော့ တွေဝေနေတုန်းပါ။ ပါးစပ်ထဲမှာ ရောဂါသက်သာဖို့ ငုံထားတဲ့ သျှစ်သျှားသီးလေးကို ထုတ်လိုက်ပြီး -

"မင်းချင်း ဟောဒီ သျှစ်သျှားသီးလေးကို ရေဆေးပြီး ငါကိုးကွယ်တဲ့ဆရာတော်များကို နောက်ဆုံးလှူပြီး ယခုလို လျှောက်ထားလိုက်ပါ။ ငယ်ရွယ်စဉ် ကျန်းမာရေးကောင်းစဉ်က မြေပေါ် တစ်ယူဇနာ (၁၂) မိုင် မြေအောက် တစ်ယူဇနာထိ စိုးမိုးအုပ်ချုပ်နိုင်ခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီးဟာ အခုအခါမှာတော့ ပါးစပ်ထဲက သျှစ်သျှားသီးလေး တစ်ခြမ်းသာ ပိုင်ဆိုင်ပါတော့တယ်"

"နောက်ဆုံးပိုင်ဆိုင်တဲ့ သျှစ်သျှားသီးခြမ်းလေးကို လှူဒါန်းပြီးတဲ့နောက် သီရိဓမ္မာသောကမင်းကြီးပိုင်ဆိုင်တာ ဘာမှမရှိတော့ဘူးဆိုတာကို သံဃာတော်များကို သေချာလျှောက်ပါဟု မှာကြားပြီး မျက်ရည်တွေတွေကျကာ တွေဝေငေးမောတဲ့ မောဟစိတ်နဲ့ စုတိစိတ်ကျတာကြောင့် စပါးကြီးမြွေကြီးသွားဖြစ်ပါတယ်။

မြွေဘဝရောက်တဲ့အခါကျမှ ရဟန္တာဖြစ်နေပြီဖြစ်တဲ့ သားတော် အရှင်မဟာမဟိန္ဒမထေရ်က တရားပြပြီး သီလစောင့်စေတာကြောင့် မြွေဘဝကသေမှ နတ်ပြည်ရောက်ရပါတယ်။ ဒါဆိုရင် သီရိဓမ္မာသောကမင်းကြီး ပြုလုပ်ခဲ့သော



ဒါနကုသိုလ်များဟာ အကျိုးမပေးတော့ပြီလောဟု မေးခဲ့ခြားအံ့။ အကျိုးကား ပေးပါမည်။

သို့သော် လောကီကုသိုလ်များဟာ အခုပြုလုပ် အခုကောင်းကျိုးရသည်ဟူ၍ မရှိပါဘူး။ အကျိုးပေးရာကာလနဲ့ ဘဝကို စောင့်ပါတယ်။ ဒီလိုစောင့်ပုံကို သမထကုသိုလ်အဆုံးမှာ သေချာရှင်းလင်းပြပါမယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ငရဲကျရသော မိဖုရားကြီး

ကောသလမင်းကြီးရဲ့ မိဖုရားခေါင်ကြီး မလ္လိကာဒေဝီဆိုရင် ဗုဒ္ဓဘာသာဝင်အားလုံး သိနေပါပြီ။ သဒ္ဓါရေ ပညာပါ ပြည့်စုံသူဖြစ်လို့ အားလုံးက လေးစားခဲ့ကြရပါတယ်။ သဒ္ဓါနဲ့ပတ်သက်ရင် သာသနာမှာ ထင်ရှားခဲ့တဲ့ အသဒိသဒါနပွဲကြီးကို မလ္လိကာမိဖုရားကြီးဦးဆောင် စီစဉ်ပြီး ကောသလမင်းကြီးနဲ့အတူ လှူဒါန်းခဲ့တာပါ။

"ညသန်းခေါင်ယံအချိန်မှာ လောဟကုမ္ဘီငရဲက အော်လိုက်တဲ့ ဒု၊ သ၊ န၊ သော ဆိုသော အသံကြီးလေးမျိုးကို ကြားတဲ့အခါ ကောသလမင်းကြီးဟာ သူ့ရဲ့အသက်ဘေးလို့ ခြောက်လှန့်ပြီး ပုဏ္ဏားတွေက ယဇ်ပူဇော်နိုင်းတဲ့အတွက် တိရစ္ဆာန်တွေ လူတွေကို သတ်ဖြတ်ဖို့ ပြင်ဆင်ပါတယ်။ မလ္လိကာသာမဝင်ရင် အားလုံး အသတ်ခံရတော့မှာပါ။

ဒီအချိန်မှာ မလ္လိကာက "အလုံးစုံသိမြင်တော်မူတဲ့ ဘုရားရှင်ရှိနေပါလျက် ပုဏ္ဏားတွေရဲ့စကားကို နားထောင်ရန်မလို၊ ဘုရားရှင်ရဲ့စကားကိုသာ နားထောင်ရမယ်လို့ ပြောပြီး ဘုရားရှင်ထံ မင်းကြီးကို ခေါ်သွားခဲ့ပါတယ်။ ဘုရားရှင်က အသက်အန္တရာယ်မရှိကြောင်း၊ လောဟကုမ္ဘီငရဲအိုးကလာတဲ့ အသံများသာဖြစ်တဲ့အကြောင်း ရှင်းပြလိုက်ပါတယ်။



ဒီအခါမှာ ယဇ်ပူဇော်ဖို့ အသတ်ခံရမယ့်လူတွေ တိရစ္ဆာန်တွေအားလုံး အသက်ဘေးက လွတ်သွားကြပါတယ်။ ဒါကြောင့်လဲ မလ္လိကာဒေဝီဟာ သာသနာမှာ ထင်ရှားခဲ့တာဖြစ်ပါတယ်။ မလ္လိကာဒေဝီဟာ အသက်မရှည်ရှာပါဘူး။ ကောသလမင်းအရင် ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ဆုံးသွားပါတယ်။ ကောသလမင်းကြီးလည်း ဖြေသိမ့်မရအောင် သောကဖြစ်ခဲ့ရပါတယ်။

ဒါကြောင့်လည်း အလောင်းကို သင်္ဂြိုဟ်ပြီး နောက်တစ်ရက်မှာပဲ မလ္လိကာရဲ့ ရောက်ရာဂတိကိုမေးရအောင် ကောသလမင်းကြီး ဘုရားရှင်ထံ ရောက်လာပါတယ်။ ဘုရားရှင်က မေးဖို့သတိမရအောင် အမိဋ္ဌာန်လိုက်လို့ မင်းကြီးဟာ မမေးဖြစ်တော့ဘဲ နန်းတော်ကို ပြန်သွားခဲ့ပါတယ်။ အဲသလိုနဲ့ ကောသလမင်းကြီးလာတိုင်း မမေးဖို့ အမိဋ္ဌာန်ရတာ သုံးလေးကြိမ်လောက်ရှိပါပြီ။

မလ္လိကာသေပြီး ခုနစ်ရက်ပြည့်မြောက်ပြီးတဲ့နေ့ကျမှ မင်းကြီးဟာ မလ္လိကာရဲ့ လားရာဂတိကို မေးနိုင်ပါတော့တယ်။ ဒီအခါကျမှ ဘုရားရှင်က မလ္လိကာနတ်ပြည်ရောက်နေပြီလို့ ဖြေလိုက်ပါတယ်။ မြတ်စွာဘုရားရဲ့ အဖြေကို

www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့အခါ ကောသလမင်းကြီးက ဘာပြောသလဲဆိုတော့ -

အလှူအတန်းဒီလောက်ပြုတဲ့ မလ္လိကာဒေဝီမှ နတ်ပြည်မရောက်ရင် ဘယ်လိုလူမျိုးရောက်မှာတုန်းလို့ ပြောလိုက်ပါသေးသတဲ့။ တကယ်ကျတော့ မလ္လိကာဟာ သေပြီးပြီးခြင်း ငရဲကို ကျသွားခဲ့ပါတယ်။ အများကြီးတော့ မဟုတ်ဘူး (၇) ရက်တည်းပါ။ အဲဒီအချိန်မှာ မင်းကြီးက မေးလို့ ငရဲကျနေတယ်လို့ဖြေလိုက်ရင် မင်းကြီးအနေနဲ့ စိတ်ဆင်းရဲပြီး ဒါန၊ သီလ၊ ကုသိုလ်တွေကို အထင်သေးသွားရုံပဲရှိမှာပါ။

ဒါကြောင့် ဘုရားရှင်က မမေးဖြစ်အောင် အမိန့်တော်မူထားတာပါ။ ဒါဆိုရင် ဒါနရှင်ဖြစ်တဲ့ မလ္လိကာဟာ ဘာကြောင့် ငရဲကျရသလဲဆိုတာကို ဆန်းစစ်ကြည့်ဖို့ လိုလာပါပြီ။ မလ္လိကာဟာ ပုထုဇဉ်ဖြစ်တဲ့အတွက် ကုသိုလ်ရှိသလို အကုသိုလ်လည်း ရှိပါတယ်။ ပုထုဇဉ်မှန်သမျှ ဒီလိုချည်းပါပဲ။

တစ်နေ့ မလ္လိကာဒေဝီ ရေချိုးခန်းမှာ ရေချိုးနေတုန်း နန်းတော်မှာ မွေးထားတဲ့ ခွေးထီးကြီးတစ်ကောင် ဝင်လာပါတယ်။ ပုံစံကြည့်ရတာ ခွေးကို ရေချိုးပေးနေကျ ဖြစ်ပါလိမ့်မယ်။ ဒီအချိန်မှာ ကန်ထဲကရေကို ကုန်းခတ်လိုက်တဲ့ မလ္လိကာဒေဝီရဲ့ ခါးပေါ်ကို ခွေးထီးက ပတ်ရပ်တက်ပြီး မေထုန်မှီဝဲတဲ့ အမူအရာကို ပြုလုပ်ပါတယ်။ ခွေးခပ်ငယ်ငယ်ဆိုတော့ ကစားတဲ့သဘောမျိုးပါ။



ဘာမှမဟုတ်သော်လည်း ပုထုဇဉ်သာဖြစ်တဲ့ မလ္လိကာဒေဝီဟာ သာယာသလိုတော့ ဖြစ်မိပါလိမ့်မယ်။ အဲဒီအခြင်းအရာကို လေသာပြတင်းကို ရုတ်တရက်ဖွင့်ကြည့်လိုက်တဲ့ ကောသလမင်းကြီးက မြင်သွားပါတယ်။ မြင်လိုက်တာနဲ့ "ဟယ် . . . မလ္လိကာအယုတ်တမာမ၊ သင်ကား ခွေးထီးနဲ့တောင် ဖောက်ပြားနေပါလား" လို့ လှမ်းအော်ပါတယ်။

ဒီအခါမှာ အမျိုးသမီးပီပီ ဖြတ်ထိုးဉာဏ်ကောင်းတဲ့ မလ္လိကာက "မင်းကြီးအရမ်းမပြောနဲ့။ ဒီရေချိုးခန်းထဲဝင်သူကို အပေါ်က ကြည့်လိုက်ရင် တိရစ္ဆာန်တစ်ကောင်ကောင်နဲ့ ဖောက်ပြားနေသလိုမျိုးပဲ မြင်ရတယ်။ မယုံရင် အရှင်မင်းကြီး ရေချိုးခန်းထဲဝင်လှည့်၊ ကျွန်တော်မျိုးမ အပေါ်က ကြည့်မယ်" လို့ ပြောလိုက်တဲ့အခါ မင်းကြီးလည်း ဝေဝေဝါဖြစ်သွားပြီး သူကိုယ်တိုင် ရေချိုးခန်းထဲဝင်ပါတယ်။ မလ္လိကာကိုလည်း အပေါ်က ကြည့်ခိုင်းပါတယ်။ ဒီအခါမှာ အကြံသမား မလ္လိကာက ဘာမှမမြင်ဘဲနဲ့ "ဟယ် အရှင်မင်းကြီး အရှင်မင်းကြီးဟာ ဆိတ်မနဲ့ ဖောက်ပြားနေပါလား" လို့ ပြောဆိုစွပ်စွဲလိုက်ပါတယ်။

"ဒီအခါမှာ အသိဉာဏ်နည်းပါးတဲ့မင်းကြီးဟာ မိဖုရားကြီးပြောတဲ့အတိုင်း ယုံသွားပြီး နောက်ထပ် ဘာမှမပြောတော့ဘူးတဲ့။ မိဖုရားကြီးကိုလည်း ထပ်မစွပ်စွဲတော့ဘူးပေါ့။ ဒါပေမဲ့ မဖြစ်စလောက် ဖောက်ပြားခဲ့မှုရယ်၊ မင်းကြီးကို

www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာခဲ့မိတာရယ်ကို မိဖုရားကြီးဟာ တွေးလိုက်တိုင်း စိတ်မကောင်းဖြစ်နေရှာတယ်။

သေခါနီးမှာ အများအပြားပြုခဲ့တဲ့ ကုသိုလ်တရားတွေကိုတော့ သတိမရဘဲ ဘာမဟုတ်တဲ့အကုသိုလ်လေး သတိရပြီး စိတ်မကောင်းဖြစ်လိုက်တဲ့အတွက် ငရဲကို (၇) ရက် ကျသွားခဲ့ရတာပါ။ ပြုခဲ့တဲ့ဒါနကုသိုလ်တွေက အလကား ဖြစ်မသွားပါဘူး။ အကျိုးပေးရအောင် စောင့်နေတုန်းပါ။ ပြီးတော့ အကျယ်ရှင်းပါ့မယ်။

×××××



## ဘယ်ဘေးကိုကြောက်မလဲ

ဒီနေရာမှာ အခုဟောနေတဲ့ ဘေးကြီးလေးပါးက အလွတ်ဖြစ်တဲ့ သီးသန့်ဘေးနှစ်မျိုးအကြောင်းကို တိုက်ဆိုင်မှုရှိတုန်း တင်ပြချင်ပါတယ်။ အဲဒီဘေးတွေကတော့ ပရာနုဝါဒဘေးနဲ့ အတ္တာနုဝါဒဘေးတို့ပါပဲ။ ပရာနုဝါဒဆိုတာ သူတစ်ပါးက စွပ်စွဲကဲ့ရဲ့တဲ့ဘေးပါ။ အတ္တာနုဝါဒဆိုတာကတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးစွပ်စွဲကဲ့ရဲ့တဲ့ဘေးပါ။

သူတစ်ပါးက စွပ်စွဲကဲ့ရဲ့တဲ့ ပရာနုဝါဒဘေးဆိုတာက ကိုယ့်ဘက်က အပြစ်မရှိဘဲ ဖြူစင်နေရင် ဘာမှဂရုစိုက်စရာလည်း မလိုဘူး။ ကြောက်စရာလည်း မလိုဘူး။ အတိတ်က ဝဋ်ကြွေးပါလာရင် ရက်ပိုင်း လပိုင်းအထိ နာမည်ပျက် သိက္ခာကျတဲ့ဒဏ်ကိုတော့ ခံရပါမယ်။ အပါယ်ငရဲဆွဲချနိုင်တဲ့တရားမဟုတ်လို့ နည်းနည်းမှ ကြောက်စရာမလိုပါဘူး။

ပရာနုဝါဒဘေးဆိုတာကတော့ ဝဋ်ကြွေးရှိခဲ့ရင် ဘုရားရဟန္တာများတောင် မလွတ်ပါဘူး။ ဂေါတမဘုရားရှင်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမနဲ့နှစ်ကြိမ်သမုတ်ခံရပါတယ်။ ခုနစ်နှစ်သားအရွယ်က တည်းက ရဟန္တာဖြစ်ခဲ့တဲ့ အရှင်ဒဗ္ဗမထေရ်ဆိုရင် မိန်းမနဲ့ သုံးကြိမ်သမုတ်ခံခဲ့ရပါတယ်။ သူလိုကိုယ်လို သာမန်လူတွေ အတွက်တော့ ပြောစရာမလိုတော့ပါဘူး။

"တကယ်ကြောက်စရာကောင်းတာက ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး စွပ်စွဲတဲ့ အတ္တာနုဝါဒဘေးပါပဲ။ သူတစ်ပါးကို လိမ်လို့ ရတယ်။ ကိုယ့်ကိုယ်ကိုယ် လိမ်လို့မရပါဘူး။ မဟုတ်တာ လုပ်မယ်၊ ပြောမယ်၊ ကြံမယ်ဆိုရင် သူတစ်ပါးက နောက်မှ သိမှာပါ။ ကိုယ်က အရင်ဆုံးသိပါတယ်။

ဒါကြောင့် အတ္တာနုဝါဒဘေးမဆိုက်ဖို့ဆိုရင် ကိုယ့်ကိုယ်ကိုယ် တကယ်ကြည်ညိုအောင်နေဖို့ အရေးကြီးပါတယ်။ သူတစ်ပါးကြည်ညိုဖို့ ဆိုတာကတော့ အင်မတန် လွယ်ကူပါတယ်။ ဟန်ဆောင်ကောင်းရင်ပြီးတာပါပဲ။ ကိုယ့်ကိုယ်ကိုယ် ကြည်ညိုဖို့ကတော့ အတော်ခဲယဉ်းပါတယ်။

မိမိကိုယ်ကို တစ်ကြိမ်လောက်မေးကြည့်ပါ။ ငါ, ငါ့ကိုယ်ငါ တကယ်ကြည်ညိုရဲ့လားလို့၊ မလိမ်တန်း၊ မညာတန်း အဖြေထုတ်လိုက်တဲ့အခါ ကြည်ညိုပါတယ်ဆိုတဲ့ အဖြေထွက်လာရင် ဘဝကူးကောင်းဖို့တော့ သေချာပါပြီ။ မကြည်ညိုဘူးဆိုရင်တော့ မကောင်းရာရောက်ဖို့ သေချာနေပါပြီ။ ဗေဒင်မေးစရာမလိုတော့ပါဘူး။

မိမိကို ဘေးကလာကယ်လို့မရပါဘူး။ မိမိကိုယ်တိုင် ကယ်မှရမှာပေါ့။ ဒါကြောင့် မကြည်ညိုသေးဘူးဆိုရင် ကြည်



ညိုလာအောင် ကြိုးစားသင့်ပါတယ်။ ဒါနကုသိုလ်တွေ အများကြီးရှိရက်နဲ့ မလ္လိကာဒေဝီငရဲကျရတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်စွပ်စွဲတဲ့ အတ္တာနုဝါဒဘေးဆိုက်လို့ပါ။ တစ်နည်း ကိုယ့်ကိုယ်ကိုယ် တကယ်မကြည်ညိုလို့ပါဆိုတာ သိပ်ထင်ရှား နေပါတယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ခရမ်းမြို့က ဘုန်းကြီးပြိတ္တာ

"ကဲ . . . သီလကုသိုလ်ကြောင့် ဝိနိပါတဘေးက မလွတ်နိုင်ပုံကိုလည်း နာယူကြပါဦးစို့။ လယ်တီဆရာတော်ဘုရားကြီးထင်ရှားနေစဉ်အခါတုန်းက အသိခက်တဲ့အဘိဓမ္မာတရားကို တစ်ပြည်လုံးလှည့်ဟောရင်းနဲ့ ခရမ်းမြို့ကို ရောက်ရှိလာပါတယ်။ ရွာတစ်ရွာမှာ အရင်ဆုံးဟောရမှာပါ။ ရွာဦးကျောင်းမှာပဲ တည်းခိုရပါတယ်။

ညရောက်တဲ့အခါ ကျောင်းဆောင်မှာ စကြံ့န်လျှောက်နေတဲ့ ဆရာတော်ကြီးနားကို မည်းမည်းလုံးလုံးမကောင်းဆိုးဝါးကြီးတစ်ကောင်ရောက်လာပြီး ဦးချနေပါတယ်။ သူ့သာန်ခုတင်ဆောက်တည်နေကျ ဆရာတော်ကြီးအတွက် မကောင်းဆိုးဝါးဆိုတာ အထူးအဆန်းမဟုတ်တော့ပါ။

ဒါကြောင့်လည်း မေးလိုက်ပါတယ်။

"အသင်ဘယ်သူလဲ။ ဘာအကူအညီလိုလို့ရောက်လာတာလဲ"လို့ မေးလိုက်တော့ မကောင်းဆိုးဝါးကြီးက ဖြေသတဲ့



"တပည့်တော် လွန်ခဲ့တဲ့ လေးလခန့်က ဒီကျောင်းက ပျံတော်မူခဲ့တဲ့ ကျောင်းထိုင်ဘုန်းကြီးပါဘုရား" တဲ့ ဒီတော့ လယ်တီဆရာတော်ဘုရားကြီးက ကရုဏာဒေါသောနဲ့ ပြောလိုက်တယ်။

"အရှင်ဘုရားရယ် . . . ဒကာ၊ ဒကာမတွေ အပါယ်မကျအောင် တရားတွေ ဟောပြောပြသနေတဲ့ အရှင်ဘုရားက ကိုယ့်ကိုယ်ကျတော့ အပါယ်မကျအောင် မစောင့်ရှောက်နိုင်ဘူးလား" လို့ ပြောလိုက်တော့ မကောင်းဆိုးဝါးကြီးက ဆရာတော်အပြစ်တင်လည်း ခံရမှာပဲ ဘုရား။

တပည့်တော်လည်း ဒီလိုဖြစ်တတ်တာတွေ ကြိုသိထားလို့ ပျံတော်မူခါနီးအချိန်မှာ စွဲလမ်းစရာတွေကို အကုန်ဖြတ်လိုက်တယ် ဘုရား။ သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ စွဲလမ်းတဲ့ လောဘနဲ့သေရင် ပြိတ္တာဘုံရောက်တတ်တယ်ဆိုတာ တပည့်တော်သိပါတယ် ဘုရား။ အဲဒီလို တပည့်တော်တရားရှုမှတ်ပြီး အသေပြင်နေတုန်းအချိန်မှာပဲ အလိုက်ကန်းဆိုးမသိတဲ့ ဒကာမတစ်ယောက်က တပည့်တော်ကို လှမ်းလျှောက်လိုက်တယ် ဘုရား။ သူလျှောက်တာက ဆရာတော်ကျောင်းတိုက်ကြီးကို ဘယ်တပည့်မှလည်း မလွှဲရသေးပါလားဘုရားတဲ့ အဲဒီအချိန်မှာ တပည့်တော်စိတ်ဟာ တရားရှုမှတ်ရာကနေ ဟုတ်သားပဲ။ ငါ့ကျောင်းကြီး ဘယ်သူ့မှ မအပ်ရသေးပါလားလို့ လောဘစိတ်ဖြစ်သွားတယ် ဘုရား။ ဒီအချိန်မှာပဲ စုတိစိတ်ကျပြီး ပျံတော်မူခဲ့လို့ ပြိတ္တာ

www.burmeseclassic.com

www.burmeseclassic.com



၁၁၀ ရောက်ခဲ့ရတာပါဘုရား။ တပည့်တော်ကို ဒီဘ၀က လွတ်အောင် ကယ်တင်တော်မူပါဘုရားတဲ့။

လယ်တီဆရာတော်ဘုရားကြီးလည်း ပုထုဇဉ်တွေရဲ့ ၀ိနိပါတဘေးဆိုက်ပုံကို သံဝေဂကြီးစွာရပြီး နောက်တစ်နေ့မှာပဲ ဒကာ၊ ဒကာမတွေ အသိပေးပြီး သံဃာတော်တွေ ပင့် ဆွမ်းတွေ၊ သင်္ကန်းတွေ လှူပြီး အမျှပေးလိုက်မှ ပြိတ္တာဘ၀က ကျွတ်လွတ်သွားခဲ့တယ်။

ဒီနေရာမှာ အဓိကသိစေချင်တာကတော့ လူပုဂ္ဂိုလ်တွေစောင့်ထိန်းတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလကုသိုလ်တွေ အသာထားလို့ ရဟန်းတော်တွေစောင့်ထိန်းတဲ့ အကျဉ်း ၂၂၇ သွယ်၊ အကျယ်ကုဋေကိုးထောင်ကျော်ရှိတဲ့ သီလကုသိုလ်တွေရှိတာတောင် ၀ိနိပါတဘေးက မလွတ်နိုင်ဘူးဆိုတာ သိစေချင်တာပါ။

xxxxx



## ရာဇဂြိုဟ်က ဝက်မလေး

သမထကုသိုလ်ကြောင့် ဗြဟ္မာ့ဘုံရောက်ရသော်လည်း ၀ိနိပါတဘေးက မလွတ်နိုင်ပုံကို ပြောပြပါဦးမယ်။ ဓမ္မပဒ အဋ္ဌကထာမှာလာတဲ့ ရာဇဂြိုဟ်မြို့က သူကရပေါ်တီကာ အမည်ရှိတဲ့ ဂက်မလေးတစ်ကောင်အကြောင်းပါ။ တစ်နေ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သံဃာတော်များစွာ ခြံရံပြီး ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွတော်မူပါတယ်။

မြို့အဝင်မှာ ဝက်မလေးတစ်ကောင် လူတွေစွန့်ထားတဲ့ မစင်တွေကို အားပါးတရ စားနေတာမြင်တော့ ဘုရားရှင်က ပြုံးတော်မူပါတယ်။ ဒီအခါမှာ အရှင်အာနန္ဒာက ပြုံးတော်မူရခြင်းရဲ့အကြောင်းကို မေးလျှောက်တဲ့အခါ ဘုရားရှင်က "အာနန္ဒာ ဒီဝက်မလေးဟာ ကကုသန်မြတ်စွာဘုရားသက်တော်တုန်းက ဆွမ်းစားကျောင်းအနီးမှာ ကြက်မတစ်ကောင် ဖြစ်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်များရဲ့ တရားဒေသနာရွတ်ဖတ် သရဇ္ဈာယ်သံတွေကို နားထောင်ခဲ့ရတဲ့ ကုသိုလ်ကြောင့် ကြက်မဘဝကသေတဲ့အခါ ဥဗ္ဗရီအမည်ရှိတဲ့ မင်းမျိုးသတို့သမီးတစ်ယောက်သွားဖြစ်တယ်။ တစ်နေ့သောအခါမှာ ရေအိမ်ဝင်ရင်း ပိုးလောက်တို့ကို တွေ့မြင်ရတဲ့အခါ ပိုးလောက်ဟူသော အမှတ်ပညာကို အခြေခံထားပြီး သမထ ရှုပွားလိုက်တာ ပထမဈာန်ကို ရရှိသွားပါတယ်။

အဲဒီဈာန်တန်ခိုးကြောင့် သေတဲ့အခါ ဗြဟ္မာဘုံကို ရောက်ရတယ်။ တစ်ဖန် ဗြဟ္မာဘုံက စုတေပြီး လူပြည်မှာ မိန်းကလေးတစ်ယောက် ဖြစ်တယ်။ မိန်းကလေးဘဝက စုတေတဲ့အခါမှာတော့ အခုလိုဝက်မလေးတစ်ကောင် လာဖြစ်ရတယ်လို့ မိန့်တော်မူတာကြောင့် အရှင်အာနန္ဒာနဲ့အတူ ရဟန်းများစွာဟာ ပုထုဇဉ်မှန်သမျှ ဝိနိပါတ်ဘေးက မလွတ်နိုင်ပုံကို တွေးပြီး ကြီးစွာသံဝေဂဖြစ်ကြပါတယ်။

"ဒါကြောင့် သမထကုသိုလ်ဟာလည်း ဘဝသံသရာအတွက် စိတ်မချရသေးဘူးဆိုတာ ပေါ်လွင်နေပါတယ်။ ဒီနေရာမှာ လောကီကုသိုလ်များရဲ့ လုပ်လုပ်ချင်း ချက်ချင်း အကျိုးမပေးဘဲ ကာလရွေးပုံ၊ ဘဝရွေးပုံတွေကို ရှင်းပြချင်ပါတယ်။

xxxxx



## လောကီကုသိုလ် စိတ်မချရပုံ

"လောကီကုသိုလ်ဟာ အကျိုးပေးဖို့အတွက် ကာလရော ဘဝရော ရွေးနေတတ်ပါတယ်။ အကုသိုလ်လည်း ဒီအတိုင်းပါပဲ။ ဒီနေရာမှာ ကုသိုလ်ကို ရှင်းပြပါမယ်။ အကုသိုလ်အကျိုးပေးပုံကလည်း ကုသိုလ်နဲ့ အတူတူလို့မှတ်ပါ။ လောကီကုသိုလ်များ ပြုလုပ်လိုက်တာနဲ့ ကောင်းကျိုးပေးမယ့် စေတနာဇောလေး ခုနစ်ချက် စောသွားပါတယ်။ ဖြစ်သွားတယ်ပေါ့။

အဲဒီစေတနာ ခုနစ်ချက်ထဲက ပထမဇောစေတနာဟာ အခုဘဝ အကျိုးပေးပါတယ်။ စာလို ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ခေါ်ပါတယ်။ အင်္ဂါအချက်အလက်မညီလို့ အကျိုးပေးခွင့်မရရင် ပျက်သွားပါတယ်။ စာလိုတော့ အဟောသိကံဖြစ်သွားတယ်လို့ သုံးပါတယ်။ သတ္တမဇောစေတနာကတော့ ဒုတိယဘဝမှာ အကျိုးပေးပါတယ်။

သူကလည်း အင်္ဂါအချက်အလက်နဲ့မညီရင် အကျိုးမပေးပဲ ပျက်သွားတတ်ပြန်ပါတယ်။ ဘယ်တော့မှ မပျက်စတမ်းသစ္စာရှိရှိ အကျိုးပေးတာကတော့ အလယ်ဇောစေတနာ

www.burmeseclassic.com

www.burmeseclassic.com



ငါးချက်ပါပဲ။ သူတို့က ဘယ်ဘဝမှ အကျိုးပေးသလဲဆိုတော့ တတိယဘဝကစပြီး နိဗ္ဗာန်မရောက်မချင်းလိုက်ပြီးတော့ အကျိုးပေးပါတယ်။

သိရိမ္မာသောကမင်းကြီးတို့ မလ္လိကာဒေဝီတို့ ပြုခဲ့တဲ့ ကုသိုလ်ဇောတွေမှာ ပထမဇောစေတနာကတော့ ထိုက်သင့်သလောက် အကျိုးပေးတယ်လို့ ဆိုနိုင်ပါတယ်။ သူတို့နှစ်ယောက်စလုံး အခုဘဝမှာတော့ အဆင့်အတန်းမြင့်မြင့် တင့်တောင့်တင့်တယ်နေနေကြရတာကို။ အတိတ်ကုသိုလ်စေတနာပါတာလည်း ဟုတ်ပါတယ်။

ဒါပေမဲ့ အခုဘဝပထမဇောစေတနာကလည်း အနည်းဆုံး ထောက်ပံ့နိုင်ခဲ့မှုကိုတော့ ပေးမှာ အမှန်ပါပဲ။ သူတို့နှစ်ယောက်လုံးသေတဲ့အခါ အပါယ်ဘုံကျကြရတာကတော့ ပြုခဲ့တဲ့ကုသိုလ်စေတနာဇောတွေထဲက သတ္တမဇောစေတနာ အကျိုးပေးခွင့် မရလို့ပါပဲ။ ဒါပေမဲ့ အလယ်ဇောငါးချက်စေတနာရဲ့ အကျိုးကိုတော့ သူတို့နှစ်ယောက် ကောင်းကောင်းကြီး ခံစားကြရပါတယ်။

“ဒါကြောင့်လဲ အပါယ်ဘုံက လွတ်ပြီးတဲ့နောက် တတိယမြောက်ဘဝကျတော့ နတ်ပြည်ကို ရောက်ကြရတာပါ။ ဒါကြောင့် လောကီကုသိုလ်ဆိုတာ ဘယ်လောက်ပင်များများ၊ ပထမဘဝ၊ ဒုတိယဘဝ၊ တတိယဘဝ သူအကျိုးပေးချင်တဲ့ဘဝ အကျိုးပေးမှာမို့ စိတ်မချရဘူးဆိုတာကို သိစေချင်တာပါ။



လောကုတ္တရာကုသိုလ်ကတော့ ဒီလိုမဟုတ်ပါဘူး။ အခုရတာနဲ့ အခုကောင်းကျိုးပေးတာပါပဲ။ သောတာပတ္တိမဂ်ကုသိုလ်ကိုရတာနဲ့ ဖိုလ်ဆိုတဲ့ကောင်းကျိုးကို ချက်ချင်းခံစားရပါတယ်။ စက္ကန့်တောင်မခြားပါဘူး။ တစ်ခါ အဲဒီသောတာပတ္တိမဂ်ကုသိုလ်က သံသရာတစ်လျှောက် အပါယ်ဆွဲချတတ်တဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုလည်း အမြစ်ဖြတ်ပယ်သတ်လိုက်ပါတယ်။

ဒါကြောင့် သောတာပတ္တိမဂ်ရပြီး သူဟာ သံသရာတစ်လျှောက် ဘယ်တော့မှ အပါယ်မကျတော့ပါဘူး။ သောတာပန်အဆင့်ကို အသာထားပါဦး။ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရသွားတဲ့ စူဠသောတာပန်ပုထုဇဉ်အဖြစ်ကို ရောက်သွားရင်တောင် အပါယ်မကျတော့ဘူး။ ဂတိမြဲသွားပြီလို့ ဝိသုဒ္ဓိမဂ်မှာ ဖွင့်ပြထားပါတယ်။

စူဠသောတာပန် ပုထုဇဉ်အဆင့်လောက်ကတော့ ဘယ်သူမဆို ကြိုးစားရင်ဖြစ်နိုင်ပါတယ်။ ကြိုးလည်း ကြိုးစားကြစေချင်ပါတယ်။ ကြိုးစားရမယ့်နည်းလမ်းကိုလည်း ရအောင်ပေးပါ့မယ်။ ဝိပဿနာတရားဟာ မဖြစ်မနေ ပွားများရမယ့်တရားလို့သိရှိပြီး ကြိုးစားအားထုတ်မည့်သူ ပထမဆုံး အရေးတကြီး ကြိုတင်သိထားရမှာကတော့ မဂ်တားဖိုလ်တား အန္တရာယ်ငါးပါးပါပဲ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## မဂ်တားဖိုလ်တားအန္တရာယ် ၅-ပါး

"မဂ်ဖိုလ်မရအောင်တားတဲ့ အန္တရာယ်က ငါးမျိုးရှိပါတယ်။ မှတ်မိလွယ်အောင် ခေါင်းစဉ်လေးစီထားတာက

ကံကိလေသ၊ ဝိပါက၊ ဝါဒတိက္ကမာတဲ့ ကံဆိုတာကတော့ အမေသတ်တဲ့ကံ၊ အဖေသတ်တဲ့ကံ၊ ရဟန္တာသတ်တဲ့ကံ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်တဲ့ကံ၊ သံဃာသင်းခွဲတဲ့ကံလို့ခေါ်တဲ့ ပဉ္စာနန္တရိယကံငါးပါးပါပဲ။ ဒီကံငါးပါးတစ်ပါးပါးကျူးလွန်မိသွားရင် ဒီဘဝမှာ ဘယ်လိုမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်တော့ပါဘူး။ မဂ်တားဖိုလ်တားဖြစ်သွားပါပြီ။ သေတဲ့အခါ ကော်မှချ အဝီစိငရဲကိုပဲ သွားရမှာပါ။ ဒီကံကြီးငါးမျိုး တစ်မျိုးမျိုးလွန်ကျူးမိရင်တော့ ကုစားလို့မရနိုင်တော့ပါဘူး။

"ဒုတိယမြောက်ကတော့ ကိလေသအန္တရာယ်ပါ။ ကိလေသာဆယ်ပါးထဲမှာပါတဲ့ ဒိဋ္ဌိကိလေသာဟာလည်း မဂ်ဖိုလ်မရအောင်တားတဲ့ အန္တရာယ်ပါ။ များသောအားဖြင့် ဒီနေရာမှာ လှူတာအကျိုးမရှိ၊ ကုသိုလ် အကုသိုလ်ဆိုတာ မရှိ အစရှိတဲ့



အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိတို့ကို ယူမိတတ်ကြပါတယ်။ အဲဒီဒိဋ္ဌိသမားတွေက အဝီစိတစ်လမ်းသွားတွေပါ။

မဂ်ဖိုလ်အရာကို ပြောစရာကို မလိုတဲ့အတွက် ဒီနေရာမှာ အဲဒီဒိဋ္ဌိတွေကို ဆိုလိုရင်းမဟုတ်ပါဘူး။ ဆိုလိုချင်တဲ့ ဒိဋ္ဌိတွေကတော့ နူးညံ့သိမ်မွေ့တဲ့ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့ပဲ ဖြစ်ပါတယ်။ ဒီဒိဋ္ဌိတွေကို အသိနဲ့ပယ်ပြီး အားထုတ်တဲ့ဝိပဿနာကမှ အားရှိတဲ့ဗလဝဝိပဿနာဖြစ်မယ်။ မဂ်ဖိုလ်ကို ရနိုင်တဲ့အားကို ဆိုလိုတာပါ။

ဒီဒိဋ္ဌိတွေကို အသိနဲ့မပယ်ရသေးဘဲ အားထုတ်မယ်ဆိုရင် ဒုဗ္ဗလဝိပဿနာဖြစ်နေပါမယ်။ ဒုဗ္ဗလဆိုတာ အားနည်းတာကို ပြောတာပါ။ မဂ်ဖိုလ်ရနိုင်တဲ့အား မပါဘူးလို့ပြောတာပါ။ ဗုဒ္ဓလက်ထက်က အရှင်ဆန္နမထေရ်ဟာ ဒိဋ္ဌိတန်းလန်းကြီးနဲ့ အားထုတ်နေလို့ မဂ်ဖိုလ်မရဘဲ ကြာနေပါတယ်။ နောက်မိတ်ဆွေကောင်းရဲ့ အကူအညီနဲ့ ဒိဋ္ဌိကို အသိနဲ့ အရင်ခွာပြီး အားထုတ်မှ ရဟန်းကိစ္စပြီးသွားခဲ့ပါတယ်။

ဒီအကြောင်းကို မိုးကုတ်ဆရာတော်ဘုရားကြီးလည်း အရေးတကြီးထားပြီး မကြာခဏ ဟောကြားလေ့ရှိပါတယ်။ ဒီတရားပွဲမှာလည်း ဒိဋ္ဌိကို အကျယ်ချဲ့ပြီး ပြုတ်ခြင်းသုံးမျိုးတစ်မျိုးမျိုးနဲ့ ပြုတ်အောင် အသေအချာဟောမှာဖြစ်လို့ ခဏထားခဲ့ပါဦးမယ်။ မဂ်တားဖိုလ်တားအန္တရာယ် ငါးမျိုးလုံးစုံသွားပြီးတဲ့နောက်ကျမှ အကျယ်ချဲ့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



နိဋ္ဌိပြုတ်ခြင်းသုံးမျိုးဆိုတာကတော့ -

- တဒင်္ဂပဟာန်၊ ခေတ္တခဏအားဖြင့်ပြုတ်ခြင်း
- ဝိက္ခမ္ဘနပဟာန်၊ ခပ်ကြာကြာအားဖြင့်ပြုတ်ခြင်း
- သမုစ္ဆေဒပဟာန်၊ အမြစ်ပြတ်အားဖြင့်ပြုတ်ခြင်း

တို့ပဲ ဖြစ်ပါတယ်။ ဘယ်နည်းနဲ့ပဲ ပြုတ်ပြုတ် အကျိုးရှိတာချည်းပါပဲ။ အကျိုးရှိပုံသာဓကတွေကိုလည်း တစ်ခါတည်းပြပေးမှာပါ။ နံပါတ်သုံးမင်္ဂလာပိုလ်တား အန္တရာယ်ကတော့ဝိပါကန္တရာယ်ဖြစ်ပါတယ်။ မိခင်ဝမ်းမှာ ပဋိသန္ဓေတည်စဉ်ကတည်းက ဉာဏ်ပညာပါမလာသူဖြစ်ပါတယ်။

အလောဘ၊ အဒေါသဟိတ်နှစ်ပါးပဲပါတဲ့အတွက် ဒွိဟိတ်ပုဂ္ဂိုလ်တို့လည်း ခေါ်ကြပါတယ်။ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟ (ပညာ) ဟိတ်သုံးပါး ပါသူကိုမှ မင်္ဂပိုလ်ရထိုက်တဲ့ တိဟိတ်ပုဂ္ဂိုလ်လို့ သတ်မှတ်ကြပါတယ်။ သေက္ချတောင်ဆရာတော် ဦးတိလောကရေးတဲ့ ပဏ္ဍိတဝေဒနီယကျမ်းအာဘော်အတိုင်း ရေးစပ်ထားတဲ့လင်္ကာလေး တစ်ပိုဒ်ရှုပါတယ်။

xxxxx



## တိဟိတ်ဒွိဟိတ်ခွဲခြားနည်း

တိဟိတ် ဒွိဟိတ်၊ ဝိစိကိစ်၊ ချိတ်၍ထားပါသိ၊
ကိုယ်တိုင်သိရန်၊ ကိုယ်တိုင်ကြံ၊ သည်းခံကြိုးစားကြည့်။
ပဋိဘာဂ၊ သမထ၊ ထင်လာတိဟိတ်သိ၊
ဥဒယဗ္ဗယ၊ ဝိပဿနာ၊ ထင်လာတိဟိတ်သိ။

အဓိပ္ပာယ်ကတော့ ငါတိဟိတ်လား၊ ဒွိဟိတ်လားဆိုတာသိချင်ရင် သံသယပွားပြီး ဝိစိကိစ္ဆာဖြစ်မနေနဲ့ သမထကိုဖြစ်စေ၊ ဝိပဿနာကိုဖြစ်စေ တစ်ခုခုပွားများကြည့်လိုက်၊ သမထကိုပွားလို့ ပဋိဘာဂနိမိတ်ထင်လာရင် တိဟိတ်လို့သိ၊ ဝိပဿနာပွားလို့ ဥဒယဗ္ဗယဉာဏ်ရရင် တိဟိတ်လို့သိလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ အဖြစ်အပျက်ကိုမြင်တဲ့ ဥဒယဗ္ဗယဉာဏ်ဆိုတာတော့ ဝိပဿနာသမားတိုင်း နားလည်ကြပါတယ်။

သမထပွားလို့ရတဲ့ ပဋိဘာဂနိမိတ်အဓိပ္ပာယ်ကတော့ သိသူအတော်နည်းပါလိမ့်မယ်။ ဒါကြောင့် နည်းနည်းရှင်းပြပါ့မယ်။ ပဋိဘာဂဆိုတာ မြန်မာလို အတု၊ သို့မဟုတ် အတု

www.burmeseclassic.com



ဆိုတဲ့ အစိပ္ပာယ်ထွက်ပါတယ်။ ဈာန်အဘိညာဉ်ရဖို့အတွက် ပထဝီကသိုဏ်းကို အားထုတ်တဲ့သမထသမားတစ်ယောက်ဟာ မြေညက်ကိုယူပြီး မိမိတစ်ထိုင်သာအမြင့်နံရံမှာ အဝိုင်းတစ်ခုလုပ်ပြီး ကပ်ထားရပါတယ်။

အဲဒီမြေဝိုင်းကို စိုက်ကြည့်ပြီး ပထဝီကသိဏ - မြေဝိုင်း - မြေဝိုင်းလို့ စိတ်ထဲဆိုနေရပါတယ်။ ဈာန်နားနီးလာတဲ့ ဥပစာရသမာဓိအဆင့်လောက်ရောက်လာပြီဆိုရင် အဲဒီ မြေဝိုင်းကြီးဟာ မျက်စိထဲက မပျောက်တော့ဘူး။ မျက်စိဖွင့်ထားသည်ဖြစ်စေ၊ မှိတ်ထားသည်ဖြစ်စေ အဲဒီမြေဝိုင်းကြီးကို တစ်မြင်တည်း မြင်နေတော့တာပဲ။

အဲဒီလိုသမာဓိစွမ်းအားကြောင့် မျက်စိထဲမှာမြင်လာတဲ့ မြေဝိုင်းဟာ နံရံမှာ ကပ်ထားတဲ့ မြေဝိုင်းမဟုတ်တော့ဘူး။ အတုပေါ်လာတဲ့မြေဝိုင်းတစ်ခုပဲ။ ဒါကြောင့် မျက်စိထဲမှာ အလိုလိုမြင်လာတဲ့မြေဝိုင်းကို ပဋိဘာဂနိမိတ်လို့ သမထအရာမှာ သုံးပါတယ်။

×××××



## လယ်တီဆရာတော်၏ တိဟိတ်အဆုံးအဖြတ်

လယ်တီဆရာတော်ဘုရားကြီးကတော့ ဓာတ်တွေ ပရမတ်တွေကို မပျင်းမရိစိတ်ဝင်စားတယ်။ မင်္ဂလာကို ပြင်းပြင်းထန်ထန် လိုချင်တယ်ဆိုရင် တိဟိတ်လို့ မှတ်လို့ မိန့်တော်မူတာကို တစ်ဆင့်မှတ်သားရဖူးပါတယ်။ မိမိဟာ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်စေဦးတော့ ဝိပဿနာတရားကိုတော့ ကြိုးကို ကြိုးစားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကြိုးစားတဲ့အတွက် အလကားမဖြစ်ပါဘူး။

ဒီဘဝမင်္ဂလာမရဘူးထား စုဋ္ဌသောတာပန်ပုထုဇဉ်အဖြစ်ကတော့ ကေန်မုချရောက်ပါတယ်။ ဒီအဆင့်ရောက်တယ်ဆိုရင် သုဂတိဘဝလည်း မြဲမယ်၊ နောက်ဘဝ နတ်ပြည်ကျရင်လည်း မင်္ဂလာကို တစ်ခဏချင်း ရနိုင်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်၊ သောတာနုဂတိသုတ်မှာ ဟောတော်မူထားပါတယ်။

စတုတ္ထမြောက် အန္တရာယ်ကတော့ အရိယူပဝါဒန္တရာယ်ဖြစ်ပါတယ်။ မြန်မာလိုဆိုရင်တော့ အရိယာကို စွပ်စွဲ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့ရဲ့တဲ့ အန္တရာယ်ပါပဲ။ ဒီအန္တရာယ်ကြီး ငြိနေပြီဆိုရင်လည်း ဘယ်လောက်ပင် ဝိပဿနာတရားကို အားထုတ် အားထုတ် မဂ်ဉာဏ် ဖိုဉာဏ် မရတော့ပါဘူး။ ဒါပေမဲ့ ကုစားလို့ရတဲ့ အန္တရာယ်ပါ။ ပြစ်မှားတဲ့အရိယာပုဂ္ဂိုလ်ကို ကန်တော့ တောင်းပန်လိုက်တာနဲ့ ဒီကံကြီးပျောက်သွားတာပါပဲ။

ပြစ်မှားမိတဲ့ အရိယာဆုံးသွားပြီဆိုရင် သင်္ဂြိုဟ်တဲ့ အုတ်ဂူမှာ ဖြစ်စေ၊ မြေပုံမှာဖြစ်စေ လိုက်ကန်တော့ရင်လည်း ပြေပျောက်ပါတယ်။ သင်္ဂြိုဟ်တဲ့နေရာတောင် မသိဘူးဆိုရင် တော့ သံဃာတော်များရှေ့မှာဖြစ်စေ၊ သံဃာတော်တစ်ပါးပါး ရှေ့မှာဖြစ်စေ၊ တပည့်တော်ဟာ ဘယ်နေ့ ဘယ်ရက်က ဘယ်အမည်ရှိတဲ့သူကို ပြစ်မှားစော်ကားခဲ့မိပါတယ်။ ထို အပြစ်တို့မှ ပြေပျောက်စေရန် အရှင်ဘုရားတို့အား ကန်တော့ တောင်းပန်ပါတယ်ဘုရားလို့ ဆိုပြီး ကန်တော့ရင်လည်း အပြစ်များ ပြေပျောက်ပါတယ်။

အရိယူပဝါဒကံဟာ ဘယ်လိုလူတွေအဖြစ်များလဲ ဆိုရင် သူတစ်ပါးအပြစ်ကို ဆီလိုအပေါက်ရှာပြီး အပြစ် ပြောတတ်တဲ့သူတွေ အဖြစ်များပါတယ်။ သာဓကအနည်း ငယ်ကြည့်ကြရအောင်ပါ။ ဗုဒ္ဓလက်ထက်တော်က သုပ္ပဗုဒ္ဓ အမည်ရှိတဲ့ လူနူတစ်ယောက်ပေါ်ခဲ့ဖူးပါတယ်။ သူကို ကုဋ္ဌ နူနာသည်ဖြစ်ပြီး တောင်းစားတဲ့ဘဝရောက်အောင် ပို့ပေး လိုက်တာဟာ အရိယူပဝါဒကံပါ။



သူဟာ ဟိုးလွန်ခဲ့တဲ့ဘဝတစ်ခုတုန်းက ချမ်းသာကြွယ် ဝပြီး ရုပ်ရည်ချောမောလှပတဲ့ သူဌေးသားတစ်ယောက်ဖြစ်ခဲ့ ဖူးပါတယ်။ သူဟာ နေ့စဉ် ဝတ်ကောင်းစားလှဆင်ယင်၊ မြင်းရထားစီးပြီး မြို့ကို ပတ်လေ့ရှိပါတယ်။ ဒီအခါမှာ တင့် တယ်လှပတဲ့သူ့ကို တစ်မြို့လုံးမှာရှိတဲ့ လူတွေဟာ ဝိုင်းကြည့် ကြပြီး ချီးမွမ်းထောမနာပြုလေ့ ရှိပါတယ်။

တစ်နေ့မှာတော့ မြို့ထဲဆွမ်းခံကြွလာတဲ့ ပစ္စေကဗုဒ္ဓါ တစ်ပါးကို ဝိုင်းဖူးနေကြလို့ သူဌေးသားကို ဘယ်သူမှ မကြည့် ဖြစ်တော့ပါဘူး။ ဒီလိုဖြစ်ရတာကို သူဌေးသားဟာ မခံမရပ် နိုင်ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ပစ္စေကဗုဒ္ဓါကို လှမ်း ကြည့်ပြီး အပြစ်ပြောစရာရှာလိုက်ပါတယ်။ တွေ့သွားပါပြီ၊ သူတွေ့သွားတာက အဝတ်စကိုကောက်ပြီး စပ်ဟပ်ချုပ်ဆိုး ဝတ်ထားတဲ့ ပစ္စေကဗုဒ္ဓါရဲ့ ကိုယ်ပေါ်က ပုံသကူသင်္ကန်းကြီး ကိုပါပဲ။

ပညာရှိသူတော်ကောင်းတွေအတွက် ငတ်မသေရုံ စားရရင် အစားအစာဟာလုံလောက်ပြီ၊ အရှက်လုံရုံ ဝတ် ရရင် အဝတ်အထည်ဟာ လုံလောက်ပြီ၊ မိုးလုံရုံနေရရင် နေစရာဟာ လုံလောက်ပြီ၊ နွားကျင်ငယ်ရောဂါရင် ဆေး အတွက်ဟာ လုံလောက်ပြီဟု ခံယူထားပေမယ့် ပညာမဲ့ လူမိုက်တွေအတွက်ကတော့ အဲဒီလိုနေတာကိုပဲ အပြစ် လို့ မြင်ပြန်တယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ဘဝပျက်စေသော စကားတစ်ခွန်း

အခုလဲကြည့်ပါ။ ပုံသကူသက်န်းကို အရက်လုံရုံဝတ်ထားတဲ့ ပစ္စေကဗုဒ္ဓါကိုကြည့်ပြီး သူဌေးသားပြစ်မှားစော်ကားလိုက်တာက "လူတွေနဲ့ဗျာ ငါလို ဝတ်ကောင်းစားလှဝတ်ထားသူကိုတော့ မကြည့်ဘဲ ကုဋ္ဌနူနာသူတောင်းစားတစ်ယောက်လို အဝတ်စုတ်ဝတ်ထားတဲ့သူကိုမှ ဝိုင်းကြည့်နေကြတယ်"တဲ့။ အဲဒီစကားတစ်ခွန်းကြောင့် သူဌေးသားဟာ သံသရာတစ်လျှောက်လုံး ဘဝပျက်သွားပါတယ်။

အဲဒီဘဝကသေတော့ ငရဲမှာ နှစ်ပေါင်းများစွာ ခံရပြီး ငရဲကလွတ်လို့ လူဖြစ်တဲ့အခါတိုင်း ကုဋ္ဌနူနာသည် သူတောင်းစားချည်း ဖြစ်ခဲ့ရတယ်။ ဂေါတမဘုရားလက်ထက်ကျမှပဲ သောတာပန်တည်ခဲ့တာဖြစ်ပါတယ်။ နောက်တစ်ဦးကတော့ ကဿပဘုရားလက်ထက်က လယ်သမားတစ်ဦးပါ။ သူငယ်ချင်းလယ်သမားတစ်ယောက်က ဘုရား၊ တရားနာယူခဲ့ရတော့ သူခံစားခဲ့ရတဲ့ တရားအရသာကို သူငယ်ချင်းကိုလည်း ခံစားစေချင်တယ်။



ဒါကြောင့်လည်း သူနဲ့အတူ တရားလိုက်နာဖို့ တိုက်တွန်းတဲ့အခါ တကယ်ဆို မလိုက်ချင်ရင် မလိုက်ချင်ဘူး မနာချင်ရင် မနာချင်ဘူးလို့ ပြောလိုက်ရင် ပြီးတာပါပဲ။ ဘာမှလဲ အပြစ်မဖြစ်ပါဘူး။ အခုတော့ သူများကို အပြစ်ဆိုချင်တဲ့ ညာဉ်လေးကပါလာတော့ -

"ဟော့ကောင် မင်း ဘုရားတရားကို လိုက်နာလို့ ငါ ဘာအကျိုးရှိမှာလဲ။ မင်းဘုရားက ငါ့လယ်ကို လာထွန်ပေးမှာလား"လို့ ပြောလိုက်တယ်။ အရိယာထဲမှာ အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ ဘုရားရှင်ကို ပြစ်မှားစော်ကားတဲ့စကား ဖြစ်သွားတာပေါ့။ ဒါပေမဲ့ အရိယူပဝါဒကံထိုက်မှန်း သူ မသိဘူး။

ဒါကြောင့် ရှိခိုးတောင်းပန်ခြင်းလည်း မပြုခဲ့ဘူး။ အဲဒီကံကြောင့် သေလွန်တဲ့အခါ တောကြီးမျက်မည်းထဲမှာ လယ်သမားပြိတ္တာကြီးသွားဖြစ်ရတယ်။ ဘယ်လောက်ကြာသလဲဆိုတော့ ဘုရားနှစ်ဆူတောင်ကြာတယ်။ ရပ်နားချိန်မရဘဲ ပြစ်မှားခဲ့တဲ့စကားအတိုင်း ခွေးသံတရွှဲရွှဲနဲ့ ထွန်နေရတယ်။ တစ်နေ့တော့ ဘုရားဖူးလာတဲ့ ရဟန်းတွေ လမ်းမှားနေလို့ လယ်သမားပြိတ္တာကြီးကို ရိုးရိုးလူထင်ပြီး လမ်းသွားမေးကြတယ်။

ဒီအခါမှာ ပြိတ္တာကြီးက အရှင်ဘုရားတို့ လမ်းမှားတယ်ဆိုတာ ရက်ပိုင်းပဲရှိပါသေးတယ် ဘုရား။ တပည့်တော် အရိယူပဝါဒကံကြောင့် လမ်းမှားနေတာကတော့ ဘုရားနှစ်ဆူတောင်ရှိပါပြီဘုရားတဲ့။ ဒီနေရာမှာ တရားနာနေတဲ့လူငယ်

www.burmeseclassic.com



များအတွက် စကားနဲ့ပတ်သက်တဲ့ အတွေးအခေါ် ဒဿန လေးတစ်ခုပေးခဲ့ချင်ပါတယ်။

တစ်သက်လုံးပြောနေပြီး မတတ်တာ စကားပါပဲ။ တချို့ဆိုရင် အသက်သာကြီးလာတယ်၊ မိမိပြောတဲ့စကား ဘယ်အဓိပ္ပာယ်ရောက်သွားတယ်၊ ဘယ်သူ့ထိခိုက်သွားတယ် ဆိုတာ မသိကြပါဘူး။ ဥပမာ ဒကာကြီးတစ်ယောက် ဆိုရင် သူ အလွန်ကြည်ညိုတဲ့ ကျောင်းတိုက်က သံဃာ တော်တွေ မြို့ထဲ ဆွမ်းဆန်စိမ်းအလှူခံကြွလာတဲ့အခါ သူက ဘယ်လိုနိဗ္ဗာန်ဆော်သလဲဆိုတော့ -

"တကယ်ကြည်ညိုစရာကောင်းတဲ့ သံဃာစစ်၊ သံဃာ မှန်များ ကြွလာပါပြီခင်ဗျား။ ဖူးမြော်ကြည်ညိုလှူဒါန်းပါ" လို့ပြောလိုက်တော့ မြို့ထဲက အခြားသံဃာတွေကတော့ အလိုလို မစစ်မမှန်တာတွေပါလို့ ပြောရာရောက်သွားတာ ပေါ့။ ဒါပေမဲ့ အသက် ၆၀ လောက်ရှိနေပြီဖြစ်တဲ့ ဒကာ ကြီးဟာ သူပြောတဲ့စကား ဘယ်အဓိပ္ပာယ်ရောက်သွားတယ် ဆိုတာ မသိဘူး။

သံဃာတန်းကို ဦးဆောင်ကြွလာတဲ့ ဆရာတော်က အမြော်အမြင်ကြီးကြီးနဲ့ ချက်ချင်းလှမ်းပြီး ဟန့်လိုက်လို့ အမှုဟာ မကြီးကျယ်ဘဲ ပြီးသွားခဲ့ရတာပါ။ နို့မို့ဆိုရင် ဒီဒကာ ကြီး တခြားသံဃာတွေရိုက်လို့ သေမှာပါ။ ရွှေပြည်သာမြို့ မှာလည်း တစ်ခါကြုံဖူးပါသေးတယ်။ ဒီအချိန်က ဦးပဥ္စင်းတို့ က ညတရားပွဲ မဟောသေးပါဘူး။ စာချနေတုန်းပဲ ရှိပါသေး



တယ်။

ဝါသနာလည်းပါတော့ တရားပွဲမှန်သမျှတော့ လိုက်နာ လေ့ရှိပါတယ်။ အဲဒီအချိန်မှာ တရားကို သီချင်းလုပ်ဆိုပြီး ဟောတဲ့ မွေကထိကနှစ်ပါး အတော်နာမည်ကြီးနေပါတယ်။ ရွှေပြည်သာမှာ တရားပွဲဆိုလို့သွားနာလိုက်ရင် သူတို့နှစ်ပါး ပဲ များပါတယ်။ ပေါ်ပင်လိုက်တဲ့တရားဆိုတော့ အနှစ်အသား ကတော့ သိပ်မပါလှပါဘူး။

နောက်ဦးပဥ္စင်းတို့ ညတရားပွဲဟောတဲ့အချိန်ကစပြီး ရွှေပြည်သာမှာ သူတို့ရဲ့တရားပွဲတွေ နည်းသွားပါတယ်။ ယှဉ် နာကြည့်တော့ အနှစ်အသား ပါ။ မပါကိုလည်း ပရိသတ်က ခုံဖြတ်နိုင်နေပါပြီ။ ဒါကြောင့် သီချင်းဆိုတဲ့ ကိုယ်တော် တစ်ပါးရဲ့ တရားပွဲ ရှစ်ရပ်ကွက်ထဲမှာလုပ်တဲ့အခါ အရင်လို ပရိသတ်က မလာတော့ပါဘူး။ တရားပွဲက စတော့မယ်။ ပရိသတ်က နှစ်ဆယ် အစိတ်လောက်ဆိုတော့ ဦးဆောင် ကျင်းပတဲ့ဒကာကြီးလည်း မျက်နှာပူလာတယ်။

ဒါကြောင့် တရားနာလာကြဖို့အကြောင်း အမျိုးမျိုး ပြောပြီး ပရိသတ်ကိုခေါ်ပါတယ်။ ဒါပေမဲ့ ပရိသတ်ကတော့ ဆင်းမလာပါဘူး။ ကြာလာတော့ ဒကာကြီးဟာ စိတ်တိုလာ ဟန် ရှိပါတယ်။ ဘယ်နိဗ္ဗာန်ဆော်မှ မသုံးနှုန်းဘူးတဲ့ အဆိုး အနှုန်းတစ်ခုနဲ့ တရားနာဖိတ်လိုက်ပါတော့တယ်။ ပရိသတ် ကတော့ မလာပါဘူး။ ဒါပေမဲ့ ပရိသတ်အစား ခွေးတွေကျ လာလို့ တရားပွဲကို ဖျက်ပစ်လိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဖိတ်လိုက်တဲ့ စကားကတော့ "လူမှန်ရင် တရားနာ လာပါမျိုး"တဲ့။ တစ်ဖက်သားမှာ ဘယ်လောက် နာစရာ ကောင်းသွားတယ်ဆိုတာ တွေးမိဟန် မတူပါဘူး။ ဒါကြောင့် လည်း သုံးနှုန်းလိုက်တာနေမှာပါ။ ဒါကြောင့်လည်း ဘုရား ရှင်က သဂါထာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ ၁၉၀ မှာ စကားအရာ အင်္ဂါလေးတန်ဆိုပြီး ဟောထားတာရှိပါတယ်။

×××××



## စကားအရာ အင်္ဂါလေးတန်

စကားပြောတော့မယ်ဆိုရင် ဒီအင်္ဂါလေးချက်နဲ့ ညီ အောင် သတိထားပြီး ပြောသင့်ပါတယ်။ အကုန်လုံးမဟုတ် တောင် အင်္ဂါနှစ်ချက်လောက်နဲ့ညီအောင် ပြောဆိုနိုင်မယ် ဆိုရင် အပြစ်တော်တော် ကင်းနိုင်ပါတယ်။ အဲဒီလေးချက် ကတော့

(၁) ကောင်းသော အကျိုးရှိသော စကားကို ပြော ဆိုခြင်း။

(၂) တရားနှင့်ညီသောစကားကို ပြောဆိုခြင်း။

(၃) ချစ်ခင်နှစ်လိုဖွယ်သောစကားကို ပြောဆိုခြင်း။

(၄) မှန်ကန်သောစကားကို ပြောဆိုခြင်းတို့ပါပဲ။

ပြောလိုက်တဲ့စကားအဓိပ္ပာယ်ကတော့ အတူတူပဲ၊ ဒါပေမဲ့ အသုံးအနှုန်းမတူတဲ့အတွက်ကြောင့် တစ်ယောက်သေ သေဒဏ်ကျခံရပြီး တစ်ယောက် ငွေတစ်ထောင်ဆု ရတဲ့ အကြောင်းလေးကို ပြောပြချင်ပါသေးတယ်။ သက္ကဋဘာသာ နဲ့ရှိတဲ့ ကာလိဒါသရဲ့ ဇာတ်ကြောင်းတစ်ခုပဲကပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညတော့ ဘောဓောဘုရင်ကြီးဟာ အောက်အံ့သွားတွေ ပြုတ်ထွက်တယ်လို့ အိပ်မက်မြင်မက်ပါတယ်။ ဒါကြောင့် မိုးလင်းတဲ့အခါ အယူတော်မင်္ဂလာအမတ်ကို ခေါ်ပြီး အကျိုးအပြစ်ကို မေးမြန်းတော်မူပါတယ်။ ဒီအခါမှ တစ်သက်လုံး စကားပြောနေပြီး မတတ်ကျွမ်းတဲ့ အယူတော်မင်္ဂလာအမတ်က ကျမ်းစာအုပ်ထဲရှိတဲ့အတိုင်း လျှောက်လိုက်ပါတယ်။

သူလျှောက်တင်တာက “အရှင်မင်းကြီး အောက်အံ့သွားတွေပြုတ်တယ်ဆိုတဲ့ အိပ်မက်အရ သားတော် သမီးတော်တွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ နတ်ရွာစံကြပါလိမ့်မယ် ဘုရား” တဲ့။ မှန်တော့ မှန်တယ်။ မနက်စောစော မင်္ဂလာယူချိန်မှာ နတ်ရွာစံ(သေ)ဆိုတဲ့ စကားလုံးကြီးကို ကြားလိုက်ရတော့ ဘုရင်ကြီး စိတ်ဆင်းရဲသွားတော့တာပေါ့။

စိတ်ဆင်းရဲမှုနဲ့အတူ ဒေါသပါလိုက်လာပြီး အယူတော်မင်္ဂလာအမတ်ကို သုသာန်ထုတ်ပြီး ဓားခုတ်သတ်ဖို့ အမိန့်တော်ချမှတ်လိုက်တယ်။ အာဏာပါးကွက်သားကလည်း သတ်ဖြတ်ဖို့ အယူတော်မင်္ဂလာအမတ်ကို ဆွဲခေါ်သွားပါပြီ။ ဒီအချိန်မှာပဲ ပညာရှိကြီး ကာလီဒါသကလည်း အခစားဝင်လာတော့ လမ်းခုလတ်မှာ သွားတွေ့ပါတယ်။

အကြောင်းစုံသိပြီးတာနဲ့ အာဏာပါးကွက်သားတွေကို မသတ်သေးဘဲ ခဏဆိုင်းထားဖို့မှာပြီး မင်းကြီးထံ အခစားဝင်သွားပါတယ်။ ကာလီဒါသကို မြင်လိုက်တာနဲ့ ဘောဓ



ဘုရင်ကြီးဟာ စောစောက အံ့သွားအကြောင်းကိုပဲ ပြန်ပြီး မေးပါတယ်။ ဒီအခါမှာ ကာလီဒါသကလည်း စောစောက အယူတော်မင်္ဂလာအမတ်ဖြေတဲ့အဖြေကိုပဲ ဖြေပါတယ်။

အဓိပ္ပာယ်က အတူတူပါပဲ။ ဒါပေမဲ့ အသုံးအနှုန်းကတော့ မတူပါဘူး။ “စကားပြောတာချင်း အတူတူ ဘာထူးလို့လဲကွာ” ဆိုတဲ့သူတွေ သေချာသတိထားသင့်ပါတယ်။ ကာလီဒါသဖြေလိုက်တာက -

*****

www.burmeseclassic.com

www.burmeseclassic.com



## သေဒဏ်ကျသောစကားမှ ငွေတစ်ထောင်ရသောစကားသို့

"အရှင်မင်းကြီး အောက်အံသွားတွေ ပြုတ်တယ်ဆိုတဲ့ အိပ်မက်အရ အရှင်မင်းကြီးဟာ သားတော် သမီးတော်တွေ ထက် သက်တော်ပိုရှည်ပြီး ထီးနန်းကိုကြာမြင့်စွာ စံရမှာ ဖြစ်ကြောင်းပါ။ သားတော် သမီးတော်များလည်း မင်းကြီးကဲ့သို့ သက်တော်ရှည်ပြီး ကျန်းမာအောင် ကုသိုလ်ယတြာ များများပြုသင့်ကြောင်းပါ"တဲ့။

ကာလီဒါသရဲ့စကားလည်းဆုံးရော မင်းကြီးဟာ ဝမ်းသာလွန်းလို့ အသပြာငွေတစ်ထောင် ချီးမြှင့်တော်မူပါတယ်။ ပြောတတ်တော့ သေဒဏ်ချမှတ်ခံခဲ့ရတဲ့စကားဟာ အသပြာတစ်ထောင်တန်တဲ့စကား ဖြစ်သွားတာပေါ့။ မင်းကြီး စိတ်ပြေသွားတဲ့အခါကျမှ ကာလီဒါသက တောင်းပန်လျှောက်ထားပေးတဲ့အတွက် အယူတော်မင်္ဂလာအမတ်ဟာ သေဘေးက လွတ်သွားခဲ့ပါတယ်။



နောက်ဆုံးတစ်ခုပြောပြချင်တာကတော့ အရိယူပဝါဒကံကို ပုထုဇဉ်တွေတင်မကဘူး သတိမထားရင် အရိယာပုဂ္ဂိုလ်တွေတောင် ကျူးလွန်မိတတ်တယ်ဆိုတာပါပဲ။ သီဟိုဠ်ကျွန်း သာသနာထွန်းကားစဉ် အချိန်ကာလက ဖြစ်ပါတယ်။ တစ်နေ့တော့ အသက်ကြီးကြီး ရဟန်းကြီးတစ်ပါးဟာ ပထမဆုံး အိမ်ကလောင်းလိုက်တဲ့ ယာဂု(ဆန်ပြုတ်)ဆွမ်းကို လမ်းဘေးက သစ်တုံးတစ်တုံးပေါ်ထိုင်ပြီး ဘုဉ်းပေးနေပါတယ်။

ဒါကို ဆွမ်းခံကြွလာတဲ့ ရဟန်းငယ်တစ်ပါးက မြင်သွားတော့ "ရဟန်းကြီး - ရဟန်းဖြစ်ပြီး အစားအစာကို တပ်မက်လှချည်လား။ ဆွမ်းစားကျောင်းရောက်မှ ဘုဉ်းပေးပါလား။ အခုလိုလမ်းမှာ ဘုဉ်းပေးနေတာ ဘယ်သင့်တော်ပါ့မလဲ"လို့ ပြစ်တင်ကဲ့ရဲ့လိုက်ပါတယ်။ ဒီအခါမှာ ရဟန်းကြီးက "ငါ့ရှင် ပဋိပတ်တရား အားထုတ်ပါသလား"လို့ မေးလိုက်တယ်။ ရဟန်းငယ်က "အားထုတ်နေပါတယ်"ဆိုတော့ "ဘယ်အဆင့်ရောက်ပြီလဲ" တဲ့။ ရဟန်းငယ်က "သောတာပန်အဆင့်ရောက်ပြီ"လို့ ဖြေလိုက်တယ်။

ဒီအခါမှာ ရဟန်းကြီးက "ဒါဆို ငါ့ရှင် ရှေ့ဆက်တရားအားထုတ်မနေနဲ့တော့။ ငါ့ရှင်ဟာ ရဟန္တာကို ပြစ်မှားစော်ကားမိသွားပြီ"လို့ အမိန့်ရှိပါတယ်။ ရဟန္တာဖြစ်ကြောင်း ကြွားချင်လို့ မဟုတ်ပါဘူး။ ရဟန်းငယ်က ရဟန္တာမှန်းမသိလို့ သည့်အတွက် တောင်းပန်ရှိခိုးခြင်းမပြုရင် မဂ်တားဖိုလ်တား ဖြစ်နေမှာစိုးလို့ ရဟန်းချင်းလည်းဖြစ်လို့ ထုတ်ဖော်ပြောဆိုတာပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရဟန်းကြီးဟာ လေနာရောဂါပြင်းပြင်း ထန်ထန်ထလာလို့ လမ်းခုလတ်မှာ ဘုဥ်းပေးရခြင်း ဖြစ်ပါတယ်။ ဒီအခါကျမှ သောတာပန်ရဟန်းငယ်က သူ့အဖြစ်ကို မြင်သွားပြီး တောင်းပန်ကန်တော့ပါတယ်။ ဒီနေရာမှာ ဆုံးမခြင်းနဲ့ ကဲ့ရဲ့အပြစ်တင်ခြင်း မတူပုံကို နည်းနည်း ပြောချင်ပါတယ်။ ဆုံးမသွန်သင်လိုတဲ့စိတ်ဟာ မေတ္တာ၊ ကရုဏာကြောင့် ပေါ်လာတာပါ။

ပြစ်တင်ကဲ့ရဲ့လိုတဲ့စိတ်ကတော့ ဒေါသကြောင့် ပေါ်လာတာပါ။ ဆုံးမသွန်သင်ခြင်းကို အပြစ်မှကင်းလွတ်စေလိုတဲ့ ကုသိုလ်စေတနာက ပံ့ပိုးပါတယ်။ ပြစ်တင်ကဲ့ရဲ့ခြင်းကိုတော့ အရှက်တကွဲအကျိုးနည်း ဖြစ်စေချင်တဲ့ အကုသိုလ်စေတနာက ပံ့ပိုးပါတယ်။ ဒါကြောင့် ဆုံးမသွန်သင်ခြင်းနဲ့ ပြစ်တင်ကဲ့ရဲ့ခြင်းဟာ ဆီနဲ့ရေလို ကွာခြားပါတယ်။

×××××



## မင်္ဂလိုလ်နှင့်ဝေးစေသော အကျင့်ဆိုး

မင်္ဂလိုလ်နဲ့ဝေးစေတဲ့ အကျင့်ဆိုးတစ်ခုကို ဗုဒ္ဓက ဓမ္မပဒမှာ ဟောကြားထားတာရှိပါတယ်။

ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။

အာသဝါတဿဝဍ္ဎန္တိ၊ အာရာသောအာသဝက္ခယာ။

အမိပ္ပာယ်က သူတစ်ပါးအပြစ်ကိုရှာပြီး ကဲ့ရဲ့ရှုတ်ချဖို့ပဲ အားထုတ်နေတဲ့သူဟာ အာသဝေါတရား (အပါယ်လားကြောင်း) တွေ တိုးပွားတယ်။ အာသဝဝေါတရားကုန်ရာ အရဟတ္တမဂ်မှ လွန်စွာဝေးတယ်လို့ ဆိုလိုပါတယ်။ သူ တစ်ပါးအပြစ်ကို ဆီလိုအပေါက်ရှာပြီး မေးငေါ့ကဲ့ရဲ့ချင်သူတွေ အတွက် သတိထားစရာတရားတော်တစ်ခုပါပဲ။

အရိယူပဝါဒ ကံကြီးမထိုက်ဖို့အတွက် ဝေဘူဆရာတော်ဘုရားကြီးရဲ့ လိုရင်းတိုရှင်း အဆုံးအမလေးကတော့ လွန်စွာမှ မှတ်သားစရာကောင်းလှပါတယ်။ ဆရာတော်ဘုရားကြီးက အရိုးမရှိတဲ့လျှာ အာခေါင်မစူးစေနဲ့တဲ့။ ဘယ်လောက် ထိမိလိုက်တဲ့ အဆုံးအမလေးလဲလို့။

www.burmeseclassic.com

www.burmeseclassic.com



ငါးခုမြောက်မဂ်တားဖိုလ်တား အန္တရာယ်ကတော့ အာဏာဝီတိက္ကမန္တရာယ်ပါပဲ။ ပညတ္တိဝီတိက္ကမန္တရာယ်လို့လဲ ဆိုပါတယ်။ ဒီအန္တရာယ်ကတော့ ရဟန်းတော်တွေနဲ့ပဲ ဆိုင်ပါတယ်။ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ် တစ်ခုခုကို ဖောက်ဖျက်ထားပြီး အဲဒီအာပတ်ကို မကုစားဘဲ တရားအားထုတ်မယ်ဆိုရင် ဘယ်တော့မှ တရားမရပါဘူးတဲ့။

ဒါကြောင့် ရဟန်းတော်များဟာ ပါတိမောက္ခသံဝရသီလကို စင်ကြယ်အောင် ဆေးကြောပြီးမှ တရားအားထုတ်ကြရပါတယ်။ မဂ်တားဖိုလ်တားငါးပါးကို အမျိုးအစားအလိုက်ခွဲရင် ကမ္မန္တရာယ်၊ အရိယူပဝါဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ်တို့ဟာ မိမိက ကျူးလွန်လို့ဖြစ်ကြရတာပါ။ မိမိက မကျူးလွန်ရင် မဖြစ်ပါဘူး။

ကိလေသန္တရာယ်နဲ့ ဝိပါကန္တရာယ်တို့ကတော့ မိမိက မကျူးလွန်ဘဲ မွေးကတည်းက အလိုလိုပါလာခဲ့တာပါ။ တစ်ခါ ကမ္မန္တရာယ်ဝိပါကန္တရာယ်တို့က ကုစားလို့မရတော့ပါဘူး။ ကိလေသန္တရာယ်၊ အရိယူပဝါဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ်တို့ကတော့ ကုစားလို့ရပါတယ်။

"မဂ်တားဖိုလ်တားဖြစ်သော ဒိဋ္ဌိအကြောင်းကို အကျယ်ရှင်းတော့မယ်ဆိုရင် သူနှင့်အတူဖြစ်ဘက် ကိလေသာဆယ်ပါးလုံး အဓိပ္ပာယ်ကို ဦးစွာ ရှင်းပြရပါလိမ့်မယ်။ ကိလေသာလို့ဆိုလိုက်ရင် လူတွေ အသိများတာက ယောက်ျားက မိန်းမကို တပ်မက်တာ ကိလေသာ၊ မိန်းမက ယောက်ျားကို တပ်မက်တာ ကိလေသာလို့သာ သိကြပါတယ်။



ဒီအသိဟာ ဆယ်ပုံပုံရင် တစ်ပုံသာ မှန်ပါတယ်။ ကိလေသာဆိုတာ ပါဠိပျက်စကားပါ။ ကိလေသဆိုတဲ့ ပါဠိက လာပါတယ်။ ဒါကြောင့် ကိလေသာကို ပြည့်စုံအောင် မြန်မာပြန်ရင် စိတ်၏ညစ်ညူးကြောင်းတရား၊ စိတ်၏ ပူလောင်ကြောင်းတရားလို့ ဖြစ်လာပါတယ်။ ဒီတရား ဆယ်ပါး တစ်ပါးပါးနဲ့ဖြစ်တာနဲ့ စိတ်ဟာ ပူလောင်ပြီး ညှိုးနွမ်းညစ်ညူးသွားတာပါပဲ။

အဲဒီ ကိလေသာဆယ်ပါးက -

(၁) လောဘ = သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ တပ်မက်စွဲလမ်းခြင်း။

(၂) ဒေါသ = စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ အာဃာတထားခြင်း။

(၃) မောဟ = အမှန်ကို မသိခြင်း။

(၄) မာန = ငါသိ၊ ငါရှိ၊ ငါတတ်ဟု ထောင်လွှားတက်ကြွခြင်း။

(၅) ဒိဋ္ဌိ = ငါရှိတယ်၊ သူရှိတယ်၊ ယောက်ျားမိန်းမရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဟု အယူမှားခြင်း။

(၆) ဝိစိကိစ္ဆာ = ငါဟူသည် အရင်ကဖြစ်ခဲ့သလား၊ အခုလဲဖြစ်ဆဲလား၊ နောင်လည်း ဖြစ်ဦးမှာလား ဟူ၍ မဆုံးဖြတ်နိုင်ခြင်း။

www.burmeseclassic.com



(၇) ထိန = စိတ်၏ လေးလံထိုင်းမှိုင်းခြင်း။ ဝိပဿနာတရား ရှုပွားလျှင် နာကြားလျှင် ခဏနှင့် ငိုက်မြည်းလာခြင်း

(၈) ဥဒ္ဓစ္စ = တရား၌ အာရုံမရောက်ဘဲ စိတ်ပျံ့လွင့်နေခြင်း။

(၉) အဟိရိက = အကုသိုလ်တရားမှ မရှက်ခြင်း။

(၁၀) အနောတ္တပ္ပ = အကုသိုလ်တရားမှ မကြောက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒီကိလေသာဆယ်မျိုးမှာ ဘယ်ဟာ ကြောက်စရာအကောင်းဆုံးလဲလို့မေးလိုက်ရင် များသောအားဖြင့် လောဘ၊ ဒေါသ၊ မောဟ သုံးပါးကို ကြောက်စရာအကောင်းဆုံးလို့ပဲ ဖြေကြမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ လောဘနဲ့သေရင် ပြိတ္တာဘုံရောက်တယ်။ ဒေါသနဲ့သေရင် ငရဲဘုံရောက်တယ်။ မောဟနဲ့သေရင် တိရစ္ဆာန်ဘုံရောက်တယ်လို့ မကြာခဏ နာကြားနေရလို့ပါပဲ။

"အဲဒီလို လောဘ၊ ဒေါသ၊ မောဟ သုံးပါးက အပါယ်လေးပါးပို့လို့ရအောင် နောက်က ကြိုးကိုင်ပေးနေတာကတော့ လူသိနည်းလှတဲ့ ဒိဋ္ဌိပါပဲ။ ဒီအကြောင်းကို ပရမတ္ထဒီပနီဋီကာမှာ ဖွင့်ပြထားတာက -

xxxxx



## အပါယ်သွယ ဆွဲချမည့်သူ

သဗ္ဗာနိစ အပါယဂါမိကမ္မာနိ နာမ - အတ္တဒိဋ္ဌိယာ သတိယာ ဧဝ ဝိပစ္စန္တိ၊ အသတိယာနဝိပစ္စန္တိတဲ့။ အဓိပ္ပာယ်ကတော့ အပါယ်လေးပါးဆွဲချမယ့် အကုသိုလ်ကံတွေ ဘယ်လောက်ပဲရှိရှိ ငါစွဲသူစွဲ ဝိညာဉ်ကောင်ရှိတယ်လို့စွဲတဲ့ အတ္တဒိဋ္ဌိရှိမှ အပါယ်လေးပါးကျတာပါတဲ့။ အတ္တဒိဋ္ဌိသာမရှိရင် အပါယ်လေးပါး မကျပါဘူးတဲ့ -

ဒီအဓိပ္ပာယ်ကို သဘာဝယုတ္တိ သာဓကယုတ္တိနှစ်မျိုးနဲ့ ကြည့်ကြရအောင် သဘာဝယုတ္တိအရ ကိလေသာဆယ်ပါးကို ဥပမာပေးရရင် ရထားကြီးတစ်စင်းနဲ့ ဥပမာပေးချင်တယ်။ ရထားကြီးမှာ လူစီးတွဲက ကိုးတွဲ၊ ခေါင်းတွဲက တစ်တွဲ ရှိမယ်။ လူစီးတွဲ ကိုးတွဲက ဒိဋ္ဌိမှတစ်ပါး ကျန်ကိလေသာ ကိုးပါးနဲ့ တူပါတယ်။

www.burmeseclassic.com



ဒိဋ္ဌိကတော့ ရထားခေါင်းတွဲနဲ့ တူပါတယ်။ လူစီးတွဲ ကိုးတွဲဟာ ခေါင်းတွဲသာမရှိဘူးဆိုရင် ဘယ်မှ သွားလို့မရ ပါဘူး။ တစ်တွဲမှီလည်း သွားလို့မရဘူး။ ကိုးတွဲလုံးပေါင်းပြီး လည်း သွားလို့မရပါဘူး။ ခေါင်းတွဲသာပါမယ်ဆိုရင်တော့ လူစီးတွဲ တစ်တွဲတည်း ချိတ်ပေးလိုက်လည်း သွားမှာပဲ။

လူစီးတွဲကိုးတွဲလုံးချိတ်ပေးလိုက်လည်း သွားမှာပါပဲ။ အဲဒီ ဥပမာအတိုင်းပါပဲ ဒိဋ္ဌိမှတစ်ပါး ကျန်တဲ့ကိလေသာကိုးပါး ဟာ သူတို့ချည်းဆိုရင် တစ်ပါးတည်းဖြစ်စေ၊ ကိုးပါးလုံး ဖြစ်စေ အပါယ်လေးပါးကို သွားလို့မရပါဘူး။ ဒိဋ္ဌိနဲ့ပေါင်း လိုက်ပြီဆိုရင်တော့ လောဘတစ်ပါးတည်းရှိလည်း အပါယ်ပို့ မှာပဲ။

ကျန်တဲ့ ကိလေသာကိုးပါးလုံးရှိလည်း အပါယ်ပို့မှာ ပါပဲ။ ဒီတော့ ကိလေသာဆယ်ပါးထဲမှာ ကြောက်စရာ အကောင်းဆုံးဆိုတာ ဒိဋ္ဌိလို့ သိသွားပါပြီ။ ဝိပဿနာ ယောဂီ တစ်ယောက်အနေနဲ့ အရင်ဆုံးသတ်ရမှာလည်း ဒိဋ္ဌိပါပဲ။ ဒါကြောင့် သောတာပန်တည်သွားပြီဆိုရင် အပါယ်ဆွဲချမယ့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုသာ အရင်သတ်လိုက်ပါ။ တခြား ကိလေသာတွေ တစ်ပါးမှ မသတ်နိုင်သေးပါဘူး။

"သာကေယျတွင်အားဖြင့် ပြောရမယ်ဆိုရင် ပုဗ္ဗာရုံ ကျောင်းအစ်မကြီး ဝိသာခါဟာ (၇) နှစ်သမီးအရွယ်ကတည်း က သောတာပန်တည်ခဲ့တာပါ။ ဒါပေမဲ့ အရွယ်ရောက်တဲ့ အခါမှာ ပုဏ္ဏဝဓ္ဓနဆိုတဲ့ အမျိုးသားနဲ့ အိမ်ထောင်ပြုတာ



ပါပဲ။ အိမ်ထောင်ပြုတယ်ဆိုကတည်းက အမျိုးသားကို တပ်မက်စွဲလမ်းတဲ့ လောဘတဏှာရှိနေတာ အသေအချာ ပါပဲ။

ဒါပေမဲ့ အဲဒီလောဘက ဝိသာခါကို ပြိတ္တာဘုံဆွဲ မချနိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခေါင်းတွဲနဲ့တူတဲ့ ဒိဋ္ဌိ မရှိလို့ပါပဲ။

*****

www.burmeseclassic.com

www.burmeseclassic.com



## ဝိသာခါရဲ့ ထူးခြားချက်

ဥမ္မာဒန္တီတို့ ပပဝတီတို့ လှသလို ဝိသာခါလည်း လှတာပါပဲ။ ဒါပေမဲ့ ဥမ္မာဒန္တီတို့ ပပဝတီတို့က အသက် ၅၀ ကျော်တာနဲ့ မလှနိုင်တော့ပါဘူး။ အိုမင်းရှုတ်တသွားပါပြီ။ ဝိသာခါကတော့ အသက် (၁၂၀) အရွယ်ရောက်တဲ့အထိ (၁၆) နှစ်သမီးအရွယ်လို့ပဲ ထင်ရပါသတဲ့။ သားဆယ်ယောက် သမီးဆယ်ယောက် အဲဒီ ၂၀ က မွေးတဲ့မြေးက လေးရာ။

အဲဒီ မြေးလေးရာက မွေးလိုက်တဲ့ မြစ်ပေါင်း ရှစ်ထောင်တောင် ရှိပါတယ်။ ဝိသာခါအရွယ်တင်ပုံကို စာမှာ ဆိုထားတာကတော့ မြေးမတွေ၊ မြစ်မတွေ ခြံရံပြီး ကျောင်းကို သွားတဲ့အခါ အလှချင်း၊ အရွယ်ချင်း တူနေတာကြောင့် ဘယ်ဟာက ဝိသာခါ၊ ဘယ်ဟာက မြေးမတွေ၊ မြစ်မတွေလို့ မခွဲခြားနိုင်ပါဘူးတဲ့။

မြတ်စွာဘုရားတရားနာပြီးလို့ မတ်တတ်ထတဲ့အခါကျတော့မှ ဝိသာခါလို့ သိရသတဲ့။ ဘာကြောင့်လဲဆိုတော့ အသက်တစ်ရာကျော်နေပြီဖြစ်တဲ့ ဝိသာခါဟာ လက်ကလေး



ထောက် စုပ်သပ်ပြီး ထရတာကိုး။ ဒီတော့မှ အဘွားနဲ့ မြေးမတွေ မြစ်မတွေ ကွဲပြားသွားတော့တာပေါ့။

မြေးပေါင်းလေးရာရှိတာတောင်မှ တစ်နေ့တော့ မြေးလေးတစ်ယောက် ရောဂါနဲ့ဆုံးသွားတဲ့အခါ ဝိသာခါဟာ သောကဖြစ်ပြီး ငိုလိုက်ရတာတဲ့။ အဲဒီသောကကို တရားကိုယ်ကောက်ရင် ဒေါသကိုရတယ်။ ဒီတော့ ဝိသာခါမှာ ဒေါသရှိတယ်ဆိုတာ သေချာသွားဘာပေါ့။

ဒါပေမဲ့ အဲဒီဒေါသက ဝိသာခါသေတဲ့အခါ ငရဲကို ဆွဲမချနိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒိဋ္ဌိကိလေသာ မရှိလို့ပါပဲ။ အခု ဝိသာခါ နတ်ပြည်ကိုရောက်နေပါတယ်။

"ယင်းဒိဋ္ဌိဟာ (၆၂)ပါးထိရှိသော်လည်း အမျိုးအစားအားဖြင့် ခွဲလိုက်လျှင် ရုပ်နာမ်ကိုမြဲသည်ဟူသော သဿတဒိဋ္ဌိနှင့် သေလျှင် ပြတ်တာပဲ ဘာမှမရှိတော့ဟုယူဆသော ဥစ္ဆေဒဒိဋ္ဌိဟူ၍ နှစ်မျိုးဖြစ်လာပါတယ်။ ဥစ္ဆေဒဒိဋ္ဌိမှ ကုသိုလ်အကုသိုလ်နှင့် ထိုကုသိုလ်၊ အကုသိုလ်၏အကျိုးကို ပယ်သော အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိလို့ ပေါ် ပေါက်လာကြပါတယ်။

ရုပ်နာမ်ကို မြဲသည် ဘယ်တော့မှ မပျက်ဟု ယူဆတဲ့ သဿတဒိဋ္ဌိမှ သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိတို့ ပေါက်ဖွားလာကြပါတယ်။ အဖြစ်မြင်ရင် ဥစ္ဆေဒဒိဋ္ဌိစင်တယ်၊ အပျက်မြင်ရင် သဿတဒိဋ္ဌိစင်တယ်ဆိုတဲ့ စကားရဲ့အကျယ်ကို ဒိဋ္ဌိခွာခန်းကျမှ ဝိထိစဉ်ချဲ့ပြီးခွာပြပါ့မယ်။ ဗုဒ္ဓဘာသာဝင်များ

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ဥစ္ဆေဒဒိဋ္ဌိကတော့ မရှိကြပါဘူး။

သဿတဒိဋ္ဌိကတော့ တစ်ရာမှ ၉၉ ယောက်လောက် ရှိနေပါတယ်။ ကျောင်းဒကာ အနာထပိဏ်သေတဲ့အခါ ရုပ်ခန္ဓာကြီးကိုထားခဲ့ပြီး ဝိညာလေးက နတ်ကိုယ်ထဲဝင်ပြီး နတ်သားဖြစ်သွားတာပေါ့ဆိုတဲ့ အယူအဆဟာ အသက် ဝိညာဉ်လို့ခေါ်တဲ့ နာမ်တရားကို မြဲတယ်လို့ ယူဆတာပါ။ လူတစ်ယောက်သေသွားရင် (၇) ရက်အတွင်း အိမ်ဝိုင်းထဲက မထွက်ဘူး။

ရက်လည်ဆွမ်းသွတ်အမျှပေးပြီးတဲ့အခါကျမှ ကောင်းရာသုဂတိရောက်သွားတယ်လို့ ယူဆတဲ့ အယူအဆဟာ သဿတဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိအယူအဆတွေပါပဲ။ တကယ်တော့ ကျောင်းဒကာ အနာထပိဏ်သေပြီး နတ်ဖြစ်တာ မှန်ပါတယ်။ ဒါပေမဲ့ လူ့ဘဝက ရုပ်နာမ်နှစ်ပါးဟာ တစ်ပါးမှ နတ်ပြည်ကို ပါမသွားပါဘူး။

နတ်ပြည်မှာ ရုပ်သစ်၊ နာမ်သစ် ထပ်ပြီးတော့ ဖြစ်ရတာပါ။ လူ့ဘဝကပြုတဲ့ ကုသိုလ်အကြောင်းတရားကြောင့် နတ်ပြည်မှာ ဝိပါက်လို့ခေါ်တဲ့ အကျိုးတရားသွားဖြစ်တာပါပဲ။ ရုပ်နာမ်တရားတွေဟာ နောက်ဘဝကိုပါနိုင်ဖို့နေနေသာသာ ဒီဘဝမှာ စကားနှစ်ခွန်းပြောလိုက်ရင် ပထမတစ်ခွန်းပြောတုန်းက ဖြစ်နေတဲ့ ရုပ်နာမ်တရားတွေဟာ ဒုတိယတစ်ခွန်းထိ ပါမလာပါဘူး။ ပထမတစ်ခွန်းပြောအပြီးမှာပဲ ချုပ်ပျောက်ပျက်စီးသွားတယ်။



ဒုတိယတစ်ခွန်းကျတော့ ရုပ်သစ်၊ နာမ်သစ်နဲ့ ပြောနေတာပါ။ အဲဒီတော့ ဒီဘဝမှာ စကားနှစ်ခွန်းပြောတဲ့အခါ ပထမတစ်ခွန်းပြောတုန်းကဖြစ်နေတဲ့ ရုပ်နာမ်တရားတွေဟာ ဒုတိယတစ်ခွန်းတောင် ပါမလာကြဘဲ ချုပ်ပျက်သွားကြတယ်ဆိုမှတော့ နောက်ဘဝထိ ပါမလာနိုင်တာကတော့ တော်တော် သေချာသွားပါပြီ။

လူတစ်ယောက်စုတိစိတ်ကျပြီး သေပြီဆိုတာနဲ့ နောက်ဘဝတစ်ခုမှာ ချက်ချင်းရုပ်သစ်နာမ်သစ်သွားဖြစ်ပါတယ်။ ကြားထဲမှာ စိတ်ကလေးတစ်ခုတောင် မခြားပါဘူး။ စုတိပြီးတာနဲ့ ပဋိသန္ဓေဟာ တန်းဖြစ်တာပါပဲ။ စာကတော့ အနန္တရမေဝလို့ ပြပါတယ်။ မြန်မာလိုတော့ စုတိပြီးပြီးခြင်း နောက်ဘဝတစ်ခုမှာ ပဋိသန္ဓေချက်ချင်းဖြစ်တယ်လို့ ဆိုလိုတာပါ။

နောက်လူတစ်ယောက် သေခါနီးပြီဆိုရင် တချို့က အကာအရံတွေ ဖြုတ်ချပေးကြတယ်။ ဝိညာဉ်ကောင်လေး လွတ်လွတ်လပ်လပ်သွားရအောင်တဲ့။ ဒါဟာ အတ္တဒိဋ္ဌိအယူအဆတစ်ခုပါပဲ။ တချို့က သေသွားသူရဲ့အနီးမှာ ချိန်ခွင်လေးချိန်ပြီး လိပ်ပြာခွဲတယ်ဆိုတာ လုပ်တတ်ပြန်တယ်။

ဒါလဲ အတ္တကောင်၊ ဝိညာဉ်ကောင်ရှိတယ်လို့ ယူဆတဲ့ အတ္တဒိဋ္ဌိတစ်မျိုးပါပဲ။ ရွှေပြည်သာမှာ လက်တွေ့ကြုံဖူးပါတယ်။ တစ်နေ့ ကျောင်းရှေ့မှာ အမျိုးသမီးလေးယောက် ယောင်တောင်တောင်ဖြစ်နေတာတွေ့တာနဲ့ ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို သွားခေါ်နိုင်းလိုက်တယ်။ နှစ်ယောက်က ဘွဲ့ရပြီးသား ကျောင်းဆရာမတွေပါ။

အကြောင်းကိုမေးကြည့်လိုက်တော့ သူတို့ အဘွား အတွက် ဒီနေ့ရက်လည်ဆွမ်းကျွေးပြီးတာပါတဲ့။ အဘွား သာခုခေါ်လို့ရအောင်ဆိုပြီး သင်္ဂြိုဟ်တဲ့နေ့က သင်္ချိုင်းကနေ အဘွားရဲ့ဝိညာဉ်ကို အိမ်ပြန်ခေါ်လာခဲ့ပါတယ်တဲ့။ အခု အမျှပေးပြီးလို့ အဘွားကို ပြန်ပို့ဖို့လုပ်တော့ မန္တလေးကျောင်း ရှေ့က ကုက္ကိုပင်ကြီးဟာ အရိပ်အာဝါသကောင်းတယ်။ အဲဒီ နေရာသွားပို့ဆိုလို့ လာပို့ကြတာပါတဲ့။

ဘယ်လောက်ရယ်စရာကောင်းတုန်း။ ဘုန်းကြီးကျောင်း လာပြီး သရဲအပ်နေတာနဲ့ မတူဘူးလား။ အံ့မယ် ဆက် ပြောလိုက်သေးတယ်။ ဒီလက်ကိုင်ပဝါလေးနဲ့ ပန်းကုံးထဲမှာ အဘွားရဲ့ဝိညာဉ်ရှိပါတယ်တဲ့။ ကျောင်းရှေ့ကုက္ကိုပင်မှာ ချမလို့ ဟာ ဆရာတော်ခေါ်လိုက်တာနဲ့ အခု ကျောင်းပေါ်မှာ ချမိ သွားပြီတဲ့။ အေး ・・・ကိစ္စမရှိဘူး။ သစ်ပင်မှာပဲနေနေ ကျောင်းပေါ်မှာပဲနေနေ ရတယ်။

ငါက ကျောင်းသားကိုရင်တင်မကာဘူး။ သရဲပါ လက်ခံ တယ်လို့ ပြောလိုက်လို့ သူတို့အဖွဲ့ရော ကျောင်းက ကိုယ် တော်တွေပါ တော်တော်သဘောကျသွားကြတယ်။ သူတို့ ကိုလည်း ပုထုဇဉ်တွေသေရင် ရောက်နိုင်တဲ့ ဘုံငါးမျိုးကို သေချာရှင်းပြရတယ်။

xxxxx



## ပုထုဇဉ်တွေရောက်နိုင်တဲ့ဘုံ

"ဒကာမလေးတို့ ပုထုဇဉ်တွေသေရင် ရောက်နိုင်တဲ့ ဘုံငါးမျိုးကို ပထမဆုံး သိထားကြရမယ်။ အဲဒါတွေကတော့ ဒေဝဂတိ = နတ်ဘုံ ဒီထဲမှာ ဗြဟ္မာ့ဘုံလည်း ပါပါတယ်။ ဒေဝသဒ္ဒါဟာ ဗြဟ္မာကိုလည်း ဟောပါတယ်။ မနုဿဂတိ လူ့ဘုံ၊ နိရယဂတိ = ငရဲဘုံ၊ တိရစ္ဆာနဂတိ = တိရစ္ဆာန်ဘုံ၊ ပေတဂတိ = ပြိတ္တာဘုံတို့ပါပဲ။ အသူရကာယ်ကိုတော့ ပြိတ္တာ ထဲမှာ ပေါင်းထည့်ထားပါတယ်။ ဒီဘဝကသေတာနဲ့ ရုပ် ဟောင်းနာမ်ဟောင်းချုပ်တာနဲ့ ဟိုဘက်ဘဝမှာ ချက်ချင်း ပဋိ သန္ဓေသွားနေပါတယ်။ ရုပ်သစ်နာမ်သစ်ဖြစ်ပါတယ်"

"ဒါဆိုရင် သေပြီး ဘယ်ဘုံမှမသွားသေးဘဲ အိမ်ဝိုင်း ထဲမှာ ခုနစ်ရက်နေသေးတယ်ဆိုတာ မဟုတ်ဘူးပေါ့ ဘုရား"

"ဘယ်ဟုတ်မလဲ။ အဲဒါ ဗုဒ္ဓအယူဝါဒကို မဟုတ်ဘူး။ ဟိန္ဒူဝါဒကနေ ဗုဒ္ဓဝါဒကို ဆင်းသက်လာတာ။ ဘာသာရေး ဗဟုသုတမရှိတဲ့သူတွေ၊ ထေရဝါဒအတွေးအခေါ် မရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတွေက အတုအားယူသုံးရင်းနဲ့ကြာတော့ ဗုဒ္ဓဝါဒလိုဖြစ်နေတာပေါ့။ အဲဒီငါးဘုံထဲမှာ နတ်ဘုံ၊ လူဘုံ၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံ ရောက်သွားရင် ဒီက အမျှပေးတာကို သာဓုမခေါ်နိုင်ဘူး။

ပြိတ္တာဘုံရောက်ခဲ့ရင် ကျွတ်လွတ်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွမ်းသွတ်ကြတာပါပဲလို့ ရှင်းပြလိုက်ရပါတယ်။ ပြိုတဲ့သူတွေ ကုသိုလ်ရမယ်။ တခြား မကျွတ်မလွတ်သူတွေ သာဓုခေါ်ရင် ကျွတ်လွတ်သွားမယ်၊ ဒါကြောင့် ဆွမ်းသွတ်တဲ့အလုပ်ကတော့ လုပ်ကိုလုပ်သင့်ပါတယ်။ အကျိုးမဲ့မဖြစ်ပါဘူး။ သေသူဟာ ပြိတ္တာဘုံရောက်သွားတယ် ဆိုရင်တော့ ဒီကပေးတဲ့ အမျှကို ကောင်းကောင်းကြီး သာဓု ခေါ်ပြီး ကောင်းရာဘုံကို ရောက်သွားနိုင်ပါတယ်။

ပြိတ္တာဘုံရောက်ခဲ့ရင် ကျွတ်လွတ်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွမ်းသွတ်ကြတာပါပဲလို့ ရှင်းပြလိုက်ရပါတယ်။ ဒီ အယူအဆတွေဟာ ဝိညာဉ်ဆိုတဲ့ နာမ်တရားဟာ မြဲတယ်။ အတ္တကောင်လေးရှိတယ်လို့ ယူဆတဲ့ သဿတဒိဋ္ဌိနဲ့ အတ္တ ဒိဋ္ဌိရဲ့ ခြယ်လှယ်လွှမ်းမိုးမှုတွေပါပဲ။

ဒီသဿတဒိဋ္ဌိတို့၊ အတ္တဒိဋ္ဌိတို့ဟာ လူ့ချမ်းသာ နတ်ချမ်းသာကိုတော့ မတားမြစ်ပါဘူး။ ဒါကြောင့် လူ့ချမ်းသာ နတ်ချမ်းသာလောက်ကိုပဲ မှန်းထားတဲ့သူအတွက်တော့ ဒိဒိဋ္ဌိတွေကို အရေးတကြီးဖြုတ်ဖို့ မလိုဘူးပေါ့။ ဒါပေမဲ့ မဂ်ဖိုလ်ရဖို့အားထုတ်နေပြီဆိုတဲ့ ယောဂီဆိုရင်တော့ အရေး တကြီး ဖြုတ်ရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒိဒိဋ္ဌိတွေဟာ မဂ်ဉာဏ်ဖိုဉာဏ်မရအောင် တားမြစ်တဲ့ အန္တရာယ် ထဲမှာ ပါနေတာကိုး။



ဒါကြောင့်လည်း ဗုဒ္ဓက သံယုတ်ပါဠိတော်မှာ

သတ္တိယာ ဝိယသြမဋ္ဌော၊

ဒယှမာနောဝမတ္ထကေ။

သက္ကာယဒိဋ္ဌိပဟာနာယ၊

သတောဘိက္ခုပရိဗ္ဗဇေ။

လို့ ဟောကြားတော်မူခဲ့တာပါ။ အဓိပ္ပာယ်က ရင်ဝမှာ လှံစူးနေတဲ့သူ၊ ဦးခေါင်းမှာ မီးလောင်ခံနေရတဲ့သူတို့ဟာ လှံ ကို မြန်မြန်နှုတ်ပြီး မီးကို မြန်မြန်ငြိမ်းရသလို ဝိပဿနာသတိ တရားရှိတဲ့ ယောဂီဟာလည်း သက္ကာယဒိဋ္ဌိကြီးကို မြန်မြန် နှုတ်ပစ်ပါလို့ ဆိုလိုပါတယ်။

မဂ်ဖိုလ်မရအောင် တားတာလည်း သက္ကာဒိဋ္ဌိပါပဲ။ အပါယ်လေးပါးကို တဖြုန်းဖြုန်းကျအောင် ဆွဲချနေတာ လည်း သက္ကာယဒိဋ္ဌိပါပဲ။ ဒါကြောင့် ဗုဒ္ဓက ဒိဒိဋ္ဌိကို မြန်မြန် ဖြုတ်ပစ်ဖို့ တိုက်တွန်းနေရတာပါ။ ဒါကြောင့် ဝိပဿနာ တရားကို အားထုတ်စယောဂီတစ်ယောက်အနေနဲ့ ဒိဋ္ဌိကို သုတသိနဲ့ အရင်သေအောင် သတ်ရမှာပါ။

တဏှာကိုအရင်သတ်စရာမလိုပါဘူး။ အရင်သတ်လို့ လည်း မရပါဘူး။ အနာဂါမိမဂ်ကျမှ ကာမတဏှာကို သတ် ပါတယ်။ နောက်ဆုံးကျနေတဲ့ ဘဝတဏှာကိုတော့ အရ ဟတ္တမဂ်ကျမှ သတ်ပါတယ်။ ဒါကို မသိတဲ့ လူတချို့က ဝိပဿနာအားထုတ်သူ ယောဂီတစ်ယောက် သားမယားနဲ့ အတူနေတယ်၊ စီးပွားရေးရှာတယ်ဆိုရင် ဖမ်းငေါ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်တယ်လည်းဆိုတယ် ခြင်ထောင်ထဲကလည်း မထွက်ဘူး။ စီးပွားရေးကလည်း လုပ်တုန်း အလကား လူ့အထင်ကြီးအောင် တရားဝင်တာဆိုတဲ့ ကဲ့ရဲ့ပြစ်တင်တာဟာ အင်မတန်မှားပါတယ်။ သောတာပန်ဟာ အယူမှားတဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုသာ ပယ်တာပါ။ လောဘ၊ ဒေါသစသော ကိလေသာ ၈ ပါး တစ်ပါးမှ မပယ်နိုင်သေးပါဘူး။

ဒါကြောင့်လည်း မိုးညှင်းဆရာတော်ဘုရားကြီးက -

ဒိဋ္ဌိမသတ်၊ တဏှာသတ်၊ မပြတ်သံသရာ၊

တဏှာမသတ်၊ ဒိဋ္ဌိသတ်၊ အပြတ်သံသရာ လို့ ဟောကြားဆုံးမခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့တရားဟာ ဒိဋ္ဌိကို နည်းမျိုးစုံနဲ့ မပြတ်ပြတ်အောင် ခွာပေးမယ့် တရားလို့ မှတ်ပါ။ ဒီနေ့ရာမှာ ယောဂီတိုင်းသိထားရမယ့် ဝိပဿနာနှစ်မျိုးနဲ့ သမာဓိသုံးမျိုးအကြောင်းကို ရှင်းပြပါဦးမယ်။ ဝိပဿနာဟာ သမထယာနိကဝိပဿနာ၊ ဝိပဿနာယာနိကဝိပဿနာလို့ နှစ်မျိုးရှိပါတယ်။

×××××



## ဝိပဿနာနှစ်မျိုး သမာဓိသုံးမျိုး

သမထယာနိက ဝိပဿနာဆိုတာက သမထကမ္မဋ္ဌာန်းတစ်ခုကို ပွားများပြီး သမာဓိကို ထူထောင်ရပါတယ်။ အဲဒီသမထက ဥပစာရသမာဓိ အပ္ပနာသမာဓိတစ်ခုခုကို ရောက်ပြီဆိုတာနဲ့ ဝိပဿနာကို ကူးပြောင်းရှုပြီး မဂ်ဖိုလ်ကို ရတဲ့နည်းပါ။ ထမ်းပိုးထမ်းတဲ့နည်းလို သမထနဲ့ ဝိပဿနာကို တွဲသွားတဲ့အတွက် ယုဂနဒ္ဓနည်းလို့လည်း ခေါ်ပါတယ်။

ဈာန်ရဲ့အနီးအနားကို ရောက်သွားတဲ့ သမာဓိကို ဥပစာရသမာဓိလို့ ခေါ်ပြီး ဈာန်တစ်ပါးပါးကို ရသွားတဲ့သမာဓိကိုတော့ အပ္ပနာသမာဓိလို့ ခေါ်ပါတယ်။ ဝိပဿနာယာနိကဝိပဿနာဆိုတာက သမထကိုမလုပ်တော့ဘဲ ဝိပဿနာကို တန်းရှုပွားတာဖြစ်ပါတယ်။ ဒါဆိုရင် ဝိပဿနာယာနိကနည်းမှာ သမာဓိသာသနာတစ်ခု ကာနမနေဘူးလားလို့ မေးစရာဖြစ်လာပါတယ်။

မကျန်ပါဘူး။ ကျန်လို့လည်း မရပါဘူး။ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးစုံမှလည်း မဂ်ဖိုလ်လို့ ရနိုင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် သမထမလုပ်ဘဲနဲ့ ဘယ်ကသမာဓိနဲ့ ရှုပွားသလဲ ဆိုရင် စိတ်ဖြစ်တိုင်း အလိုအလျောက်ပါနေတဲ့ ခဏိက သမာဓိနည်းနဲ့ ရှုပွားတာဖြစ်ပါတယ်။ ခဏိကသမာဓိဆိုတာ စိတ်ဖြစ်ရင် သူဖြစ်ပါတယ်။ စိတ်ပျက်တာနဲ့ သူလည်း ပျက်ပါတယ်။

စိတ်ကိုမှီပြီးဖြစ်ရတဲ့ စေတသိက် (၅၂) လုံးထဲမှာ တချို့စေတသိက်က အကုသိုလ်စိတ်မှာမှ ယှဉ်ပါတယ်။ တချို့စေတသိက်ကတော့ ကုသိုလ်စိတ်မှာမှ ယှဉ်ပါတယ်။ အခု ပြောမယ့် စေတသိက်ခုနစ်လုံးကတော့ ကုသိုလ်စိတ်မှာလည်း ယှဉ်၊ အကုသိုလ်စိတ်မှာလည်း ယှဉ်၊ ဘာစိတ်ဖြစ်ဖြစ် လိုက် ယှဉ်နေတဲ့အတွက် ဖြစ်နေတဲ့အတွက် သူတို့ကို သဗ္ဗစိတ္တ သာဓာရဏ စိတ်အားလုံးနဲ့ယှဉ်တဲ့စေတသိက်လို့ နာမည်ပေး ထားပါတယ်။ သူတို့ခုနစ်လုံးက -

ဖဿ = အာရုံကိုတွေ့ထိခြင်းသဘောတရား။
ဝေဒနာ = အာရုံ၏အရသာကို ခံစားခြင်းသဘောတရား။
သညာ = အာရုံကိုမှတ်သားခြင်းသဘောတရား။
စေတနာ = ယှဉ်ဘက်တရားတို့ကို တိုက်တွန်းခြင်း
သဘောတရား
ဧကဂ္ဂတာ = အာရုံ၌တည်ကြည်ခြင်းသဘောတရား။
ဇီဝိတိန္ဒြေ = နာမ်သက်ကို အစိုးရခြင်းသဘောတရား
မနသိကာရ = အာရုံကို နှလုံးသွင်းခြင်းသဘောတရားတို့
ဖြစ်ပါတယ်။



အဲဒီလို ခုနစ်လုံးထဲက ဧကဂ္ဂတာ စေတသိက်ကို သမာဓိလို့ ခေါ်ကြတာဖြစ်ပါတယ်။ စစ်တုရင်ထိုးနေတဲ့အခါ၊ ဖဲကစားနေတဲ့အခါ၊ ကျားကစားနေတဲ့အခါ စိတ်ဟာ ဘယ်မှ မပြေးတော့ဘဲ စစ်တုရင်ကွက်ထဲမှာ၊ ဖဲချပ်ထဲမှာ၊ ကျားကွက် ထဲမှာ ငြိမ်သက်နေတာ တွေ့ရပါလိမ့်မယ်။ အဲဒါ သမာဓိပါပဲ။ အကုသိုလ်နဲ့ ယှဉ်တဲ့သမာဓိဖြစ်လို့ မိစ္ဆာသမာဓိလို့ ခေါ် ပါတယ်။

ခန္ဓာဉာဏ်ရောက်ပြီး ဒိဋ္ဌိပျောက်တဲ့အထိ ဆရာက ဝိပဿနာတရားကို ဟောနေတဲ့အခါ ယောဂီက အာရုံ တစ်ပါးစိတ်မသွားဘဲ စိုက်ပြီးနာယူနေမယ်ဆိုရင် ခဏိက သမာဓိဟာ အလိုလိုပါနေပါပြီ။ နားက တရားကိုနာပြီး ဉာဏ် က ခန္ဓာကို စိုက်ထားလိုက်မယ်ဆိုရင် နာကြားခြင်း၊ ရှုပွား ခြင်း၊ နှစ်ခုဟာ တစ်ခါတည်း ပြီးသွားပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတစ်ပွဲဟောပြီး လိုက်တယ်ဆိုရင် သိန်းနဲ့ချီပြီး အရိယာဖြစ်ကြတယ်ဆိုတာ ဝိပဿနာယာနိကနည်းကြောင့်ပဲ ဖြစ်ပါတယ်။ မြတ်စွာ ဘုရား ဘုရားဖြစ်စက ဘုရားဖြစ်ဖြစ်ခြင်း ပထမဆုံးကြွလာ ပါမယ်ဆိုတဲ့ ကတိဝန်ခံချက်အရ ဗိမ္ဗိသာရမင်း စိုးစံရာ ရာဇဂြိုဟ်ပြည်ကို ကြွလာခဲ့ပါတယ်။

ရောက်ရောက်ချင်းပဲ ဟောကြားတဲ့ ဒိဋ္ဌိပြုတ် ကြောင်းတရားကို နာကြားလိုက်ရလို့ ဗိမ္ဗိသာရမင်းကြီးနဲ့ တကွ လူပေါင်းတစ်သိန်းကျော်တို့ဟာ သောတာပန်တည်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ တရားနာယူနေချိန်မှာ ဒီပရိသတ်တစ်သိန်းကျော်ဟာ ဘာသမထမှ လုပ်ချိန်မရပါဘူး။ ဒါကြောင့် ဥပစာသမဓိ၊ အပ္ပနာသမာဓိတွေ ဖြစ်ခွင့်မရှိပါဘူး။

စောင့်ထိန်းဆဲဖြစ်တဲ့ သီလရယ်၊ စိတ်ဖြစ်တိုင်းပါနေတဲ့ ခဏိကသမာဓိရယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ထိုးထွင်းပြီးသိတဲ့ပညာရယ် သုံးပါးပေါင်းဆုံမိလိုက်တဲ့အတွက် တရားအဆုံးမှာ သောတာပန်တည်သွားတာ ဖြစ်ပါတယ်။ တချို့က စာဒကတစ်မျိုးတက်ချင်တက်လာပါလိမ့်မယ်။ ဘာလဲဆိုတော့ ဘုရားလက်ထက်က လူတွေဟာ ဥဂ္ဃဋိတညူပုဂ္ဂိုလ်နဲ့ ဝိပဉ္စိတညူပုဂ္ဂိုလ်တွေချည်းပဲ။ ဒါကြောင့် တရားအဆုံးမှာ မဂ်ဖိုလ်ကို လွယ်လွယ်ရကြတာလို့ပါ။ တကယ်တော့ ဘုရားလက်ထက်မှာဖြစ်ဖြစ်၊ အခုခေတ်မှာဖြစ်ဖြစ် နေယျပုဂ္ဂိုလ်သာ အများစုပါ။ ဥဂ္ဃဋိတညူနဲ့ ဝိပဥ္စတညူဆိုတဲ့ ပုဂ္ဂိုလ်နှစ်မျိုးဟာ အနည်းစုပဲ ဖြစ်ပါတယ်။ တရားအဆုံးမှာ သောတာပန်တည်သွားကြတဲ့က ဗိမ္ဗိသာရမင်းကြီးနဲ့ လူပေါင်းတစ်သိန်းကျော်ဟာ ဥဂ္ဃဋိတညူနဲ့ ဝိပဉ္စိတညူပုဂ္ဂိုလ်တွေသာ ဖြစ်တဲ့အကြောင်း ဖွင့်ဆိုပြောကြားထားချက် မရှိပါဘူး။ ဖြစ်လည်း မဖြစ်နိုင်ပါဘူး။

နေယျပုဂ္ဂိုလ်များဟာ အများဆုံးဖြစ်ရမှာပါ။ ဗုဒ္ဓလက်ထက်တော်က လူတွေအားလုံး ဥဂ္ဃဋိတညူနဲ့ ဝိပဉ္စိတညူပုဂ္ဂိုလ်တွေချည်းပဲဆိုရင် ကောသလမင်းကြီးရဲ့ မိဖုရားခေါင်ကြီးဖြစ်တဲ့ မလ္လိကာဒေဝီဆိုရင် ဘယ်လိုလုပ်ပါ့မလဲ။ လျှော့လိုက်



တန်းလိုက်တဲ့ အကြိမ်တွေ၊ တရားနာရတဲ့အကြိမ်တွေ ရေတောင် ရေနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဘာမဂ်၊ ဘာဖိုလ်မှ ရမသွားခဲ့ရှာပါဘူး။ ဒါကအထင်ရှားဆုံးတစ်ယောက်ကိုသာ ထုတ်ပြတာပါ။ ဗုဒ္ဓလက်ထက်က မဂ်ဖိုလ်မရကြတဲ့ မထင်မရှားပုဂ္ဂိုလ်တွေ အများကြီးပါ။ ဒီသဘာဝယုတ္တိကို တောက်ဆကြည့်လိုက်ရင် ဗုဒ္ဓလက်ထက်မှာလည်း နေယျပုဂ္ဂိုလ်တွေကသာ အများဆုံးဆိုတာ သေချာနေပါတယ်။

ပုဂ္ဂိုလ်လေးမျိုးအမိပ္ပာယ်ကို ရှင်းပြရရင် ဝိပဿနာတရားကို အကျဉ်းဟောရုံနဲ့ မဂ်ဖိုလ်ရရင် ဥဂ္ဃဋိတညူ၊ အကျယ်ချဲ့ဟောမှ မဂ်ဖိုလ်ရရင် ဝိပဉ္စိတညူ၊ ဟောရုံနဲ့မရဘဲ အချိန်ယူပြီး ကျင့်ကြံပွားများမှ မဂ်ဖိုလ်ရရင် နေယျ၊ ဘယ်လိုကျင့်ကျင့် ဒီဘဝမှာ မဂ်ဖိုလ်မရနိုင်တာက ပဒပရမတဲ့။

ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဖြစ်စေ၊ ဝိပဉ္စိတညူပုဂ္ဂိုလ်ဖြစ်စေ၊ နေယျပုဂ္ဂိုလ်ဖြစ်စေ တရားတော်အဆုံးမှာ မဂ်ဖိုလ်ရသွားတဲ့ သာဓကတွေ ဓမ္မပဒအဋ္ဌကထာမှာ များစွာပဲ လာရှိပါတယ်။ အဲသလို တရားအဆုံးမှာ မဂ်ဖိုလ်ရတယ်လို့ အကျဉ်းချုပ်ဖွင့်ပြသော်လည်း ဘာဝနာနဲ့ ကင်းပြီးတော့ မရနိုင်ပါဘူးတဲ့။

×××××

www.burmeseclassic.com

www.burmeseclassic.com



## တရားနာရာမှာ အလုပ်ပါ

ဒါနဲ့ ပတ်သက်ပြီး ဓမ္မပဒအဋ္ဌကထာ ဗိဋ္ဋလပါဒက သုတ္တေးဝတ္ထုအဆုံးမှာ အရှင်မဟာဗုဒ္ဓဃောသဖွင့်ပြတဲ့အချက် လေးတစ်ခု ရှိပါတယ်။ ဒီသုတ္တေးကြီးဟာလည်း မာဝမညေထ ပါဟဿ အစရှိသော ဂါထာအဆုံးမှာ သောတာပန်တည်ပါ တယ်။ အဲသလိုတည်တဲ့အခါမှာ တရားနာရင်း ဘာဝနာပါ နေပုံကို -

ယသ္မာန ကာယဝေဒနာ စိတ္တဓမ္မေသုကိဋ္ဌိဓမ္မံ
အနာမသိတွာ ဘာဝနာနာမ နတ္ထိ
ပန၊ တရားဂါထာဒေသနာတော်မြတ်အဆုံး၌ နိဂုံးချုပ် သည့်ကာလ၌ တရားထူးကိုရသည်ဟု ဆိုသော်လည်း။

ကာယဝေဒနာစိတ္တဓမ္မေသု၊ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့တွင်။

ကိဋ္ဌိဓမ္မံ၊ တစ်ခုခုသောတရားကို။

အနာမသိတွာ၊ မပွားများ၊ မရှုမှတ်၊ မသုံးသပ်၊ မဆင် ခြင်မူ၍ (ဝါ) မပွားများ၊ မရှုမှတ်၊ မသုံးသပ်၊ မဆင်ခြင်သော်။



ဘာဝနာနာမ၊ ဘာဝနာမည်သည်၊ နတ္ထိ၊ မရှိ။

လို့ဖွင့်ပြထားပါတယ်။ အဓိပ္ပာယ်ကတော့ - ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတစ်နည်း ပရမတ်ခန္ဓာငါးပါးရဲ့ အဖြစ် အပျက်ကို မရှုပွားရင် ဘာဝနာလို့ မခေါ်ရဘူးတဲ့ မဂ်ဖိုလ် ဆိုတာလည်း ဘာဝနာပွားမှ ရတာကိုး။ ဒါကြောင့် တရား အဆုံးမှာ မဂ်ဖိုလ်ရတယ်ဆိုရင် ဘာဝနာဟာ တရားနာရင်း ပွားများပြီးသားဖြစ်သွားပြီလို့ ဆိုလိုရင်းဖြစ်ပါတယ်။

တရားကို အာရုံစိုက်ပြီး နာယူရင် ဘာဝနာပါပြီးသား ဖြစ်သွားပြီဆိုတာတော့ လက်ခံပါပြီဘုရား။ ဒါပေမဲ့က ဒီ ခေတ်ထဲမှာ တရားပွဲကလည်းပေါ၊ နာကြားတဲ့သူတွေက သည်း ပေါပါရဲ့၊ မဂ်ဖိုလ်ရသွားတယ်လို့ တစ်ခါမှလည်း မကြားဘူးပါလားဘုရားလို့ မေးစရာရှိလာပါတယ်။ ဒီအမေး ကို ဖြေရရင် နာတဲ့ပုဂ္ဂိုလ်၊ ဟောတဲ့ပုဂ္ဂိုလ်ဘက်က ချို့ယွင်း ချက်တွေရှိနေလို့ပဲလို့ ဖြေရပါလိမ့်မယ်။

နာတဲ့သူဘက်က ချို့ယွင်းချက်ကတော့ တချို့က ဟောတဲ့သူကို အားနာလို့သာ နာနေရတာ စိတ်က မပါဘူး။ တချို့ကတော့ ဘေးကလူတွေကိုတောင် မရှက်ဘူး။ ငိုက် ပြီး နာနေတယ်။ ဒီချွတ်ယွင်းချက်တွေ မပြင်သမျှ တရားမရ နိုင်ပါဘူး။ ဟောသူဘက်က ချွတ်ယွင်းချက်ကတော့ တရား ကို လူကြိုက်များ ပြီးရောဆိုပြီး အလွမ်းအဆွေးဇာတ်လမ်း အသားပေးဟောတာမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာ၊ မောစရာအသားပေးဟောတာမျိုး၊ အဆို အငိုတွေကို ဦးစားပေးဟောတာမျိုးတွေပါပဲ။ ဟောသူဘက်က ဒါတွေကို ပြင်ပစ်ရပါမယ်။ ဝိပဿနာအားထုတ်စ ယောဂီများကို ဒိဋ္ဌိကွာကြောင်းတရားကိုသာ ဦးစားပေးပြီး ဟောရမှာ ဖြစ်ပါတယ်။ ယခုတရားဟာ ဒိဋ္ဌိကွာကြောင်းကိုသာ အဓိကထားပြီး ဓာတ်တွေ၊ ပရမတ်တွေ ခန္ဓာဖြစ်စဉ်တွေကိုသာ ဟောကြားမှာဖြစ်လို့ အာရုံတစ်ပါး စိတ်မသွားဘဲ ခဏိက သမာဓိနဲ့ တရားရအောင်ယူစေချင်ပါတယ်။

ဒီတရားနာယူပြီးတဲ့အခါမှာ ယောဂီအများအနေနဲ့ မိမိတို့ ဆည်းပူးအားထုတ်ထားတဲ့ ပါရမီ အနုအရင့်အလိုက် အပါယ်ကျကြောင်း မျိုးစေ့ဖြစ်တဲ့ ဒိဋ္ဌိတရားဆိုးကြီးကို တဒင်္ဂပဟာန် = ခေတ္တခဏလည်း ကွာသွားနိုင်ပါတယ်။ ဝိက္ခမ္ဘနပဟာန် = ခပ်ကြာကြာကြီးလည်း ကွာသွားနိုင်ပါတယ်။ သမုစ္ဆေဒပဟာန် = အမြစ်ပြတ်လည်း ကွာသွားနိုင်ပါတယ်။

ဒီသုံးနည်း ဘယ်နည်းနဲ့ပဲကွာကွာ ယောဂီတို့အတွက် သံသရာမှာ ထောက်ရာတည်ရာ ရရှိသွားပါလားဆိုတာ ဆုံးဖြတ်နိုင်ဖို့အတွက် ဝတ္ထုသာဓကတစ်ခုကို သက်သေထားပြီး ဟောပေးပါ့မယ်။ ဓမ္မပဒအဋ္ဌကထာမှာလာတဲ့ တမ္ဗဒါဌိကစောရဃာတကဝတ္ထုပဲ ဖြစ်ပါတယ်။

မြန်မာလိုဆိုရင်တော့ နီသောမုတ်ဆိတ်ကျင်စွယ်ရှိသော ခိုးသူသတ်ယောက်ျားလို့ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းကို ဓမ္မကထိကများ အဟောများကြတဲ့အတွက် နားကြားဖူးတဲ့



ယောဂီလည်း များကြပါလိမ့်မယ်။ ဦးပဥ္ဇင်းတို့ ကိုယ်တိုင် ဓမ္မကထိကမဖြစ်ခင်က သူများဟောတာကို နားကြားဖူးသလို ကိုယ်တိုင်လည်း မကြာခဏဟောခဲ့ဖူးပါတယ်။

နားကြားခဲ့ရတုန်းကလည်း ဇာတ်လမ်းကို အသားပေး ဟောထားတာတွေ့ရလို့ ဦးပဥ္ဇင်းတို့ စဟောစဉ်တုန်းကလည်း ဇာတ်လမ်းကိုသာ အဓိကထားဟောခဲ့တာပါ။ အာဃာတသားကြီးကို အရှင်သာရိပုတ္တရာက ဒိဋ္ဌိပြုတ်အောင်ဟောတဲ့ အခန်းကိုတော့ အကျယ်ချဲ့ရမယ့်ဟာ မချဲ့နိုင်ဘဲ အကျဉ်းချုပ်ပစ်ခဲ့ရပါတယ်။ အဋ္ဌကထာမှာလည်း သောတာပတ္တိမဂ်ဉာဏ်၏ အောက်အနုလောမဉာဏ်ကို အာဃာတသားကြီး ရသွားတယ်လို့ပဲ အကျဉ်းချုပ်ပြထားပါတယ်။

အရှင်သာရိပုတ္တရာက ဒိဋ္ဌိပြုတ်အောင်တရားဟောပုံ အကျယ်ကို အသေးစိတ်ပြမထားပါဘူး။ ဒါကြောင့်လည်း ဓမ္မကထိကအများစုက ဇာတ်လမ်းကိုသာ အဓိကထားပြီး ဟောကြားခဲ့ကြရတာပါ။ အခု ဦးပဥ္ဇင်းတို့ ဟောမှာက ဇာတ်လမ်းအသားပေးမဟုတ်တော့ပါဘူး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## လူယုတ်မာလက္ခဏာများ

ဝိပဿနာယာနိကဗွားများနည်းကို ရထားပြီးဖြစ်တဲ့ အတွက် ဒိဋ္ဌိကွာကြောင်း ပရမတ်တရား၊ ဓာတ်တရားကို ဦးစားပေးပြီး ဟောမှာပါ။ ဇာတ်လမ်းအစကတော့ ရာဇဂြိုဟ်မြို့မှာ လူယုတ်မာလက္ခဏာနဲ့ ပြည့်စုံတဲ့ လူငယ်တစ်ယောက် ရှိတယ်။ လူယုတ်မာလက္ခာဆိုတာကတော့ မျက်စိဟာ တစ်ဖက်လပ်ပြီး ကျန်တဲ့ မျက်စိဟာလည်း စွေစောင်းနေတယ်။

မျက်နှာတစ်ပြင်လုံးမှာလည်း နီနေတဲ့မှတ်ဆိတ်ကျင်စွယ်တွေနဲ့ ပြည့်နှက်နေတယ်။ ခန္ဓာကိုယ်ကြီးဟာလည်း အဆမတန်ကြီးမားထွားကျိုင်းတယ်။ ခြေဖဝါးပြင် အပြားကြီးကလည်း သူတစ်ပါးထက် ပိုကြီးသတဲ့။ အဆိုးဆုံးကတော့ စိတ်ဓာတ်ပေါ့။ ကိုယ်ကျိုးတစ်ခုပဲ ကြည့်တယ်။ သူတစ်ပါးအကျိုးကို လုံးလုံးမကြည့်ဘူး။ ဒီအချက်အတော်ကြာတော့ ပေါ်လာလိမ့်မယ်။



သူဟာ သိတတ်တဲ့အရွယ်ကစပြီး သောက်စားမူးယစ် နိုးဆိုးတိုက်ခိုက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ။ မကောင်းတာမှန်သမျှ အကုန်လုပ်ပြီး ကောင်းတာမှန်သမျှတစ်ခုမှ မလုပ်ခဲ့တာဟာ သူ့ရဲ့အတိကျအမှန်ကန်ဆုံးဘဝသမိုင်းပဲပေါ့။ တစ်နေ့တော့ သူကတွေးသတဲ့။ ငါတစ်ယောက်တည်း မိုက်နေလို့ မဖြစ်သေးဘူး။ အရေးကြုံလာရင် အဖော်ရှိမှ အားကိုးရာရမယ်လို့ တွေးမိတဲ့အတွက် နိုးဆိုးတိုက်ခိုက်နေတဲ့ နာမည်ကြီး ဓားပြအဖွဲ့ကြီးတစ်ခုထဲကို ဝင်ဖို့သွားတယ်။

ဓားပြခေါင်းဆောင်က ဓားပြသာဖြစ်နေတာ လူကဲခတ်တော့ တော်သားပဲ။ သူ့ကို တွေ့တာနဲ့ ဘာပြောသလဲဆိုတော့ မင်းကို ငါတို့အဖွဲ့က လက်မခံနိုင်ဘူး။ မင်းရဲ့ ရုပ်ရည်လက္ခဏာဟာ အကျပ်အတည်းတွေ့လာပြီဆိုရင် ကိုယ့်မိဘရဲ့ လည်ချောင်းသွေးကိုတောင် ဖောက်ပြီး သောက်မယ့် တစ်ကိုယ်ကောင်းသမား လူယုတ်မာလက္ခဏာပဲ။ ဒါကြောင့် တို့အဖွဲ့ထဲမှာ အဝင်မခံနိုင်ဘူးလို့ ပြောလွှတ်လိုက်သတဲ့။

ဒီလို ပြောလွှတ်လိုက်လို့ လွယ်လွယ်ကူကူနဲ့ ထွက်သွားတယ်မထင်နဲ့။ တစ်ကိုယ်ကောင်းသမားဆိုတာ အခွင့်အရေးနဲ့ ပတ်သက်လာရင် ဘယ်တော့မှလွယ်လွယ်နဲ့ လက်လျှော့လေ့မရှိပါဘူး။ ဒါကြောင့်လည်း သူဟာ လက်ထောက်မိုလ်တစ်ယောက်ကို မသိမသာဆည်းကပ်ပြီး ပြုစုလုပ်ကျွေးတယ်။ သူ့အပေါ် သနားချစ်ခင်လာပြီဆိုမှ သူ့ရဲ့ အခက်အခဲကို ကူညီနိုင်းတယ်။

www.burmeseclassic.com



လက်ထောက်ပိုလ်လည်း သူ့ကို သနားသွားတာနဲ့ အဖွဲ့ထဲ ဝင်ရဖို့ တာဝန်ယူလိုက်တယ်။ နောက်တော့ လက်ထောက်ပိုလ်မျက်နှာနဲ့ ခေါင်းဆောင်ကြီးကလည်း လက်ခံလိုက်ရတာပေါ့။ ဒီအချိန်က သူတို့အဖွဲ့သားတွေဟာ စုစုပေါင်း (၄၉၉) ယောက်ပဲရှိတယ်။ သူဝင်လာမှ အယောက်ငါးရာပြည့်သွားတာပေါ့။ ဒီလူယုတ်မာဟာ နောင်တစ်ချိန်မှာ သူတို့အဖွဲ့သား (၄၉၉) ယောက်ရဲ့ ခေါင်းကို ဖြတ်သတ်မယ့်လူတစ်ယောက်ဆိုတာ ဘယ်သူမှ သတိမထားမိကြသေးဘူးပေါ့။

ဒီလိုနဲ့ ခိုးဆိုးတိုက်ခိုက်ရင်း တစ်နေ့ကျတော့ ဘုရင့်တပ်မတော်က သူတို့တစ်ဖွဲ့လုံးကို ဖမ်းမိသွားပါတယ်။ တရားဥပဒေအရ စစ်ဆေးလိုက်တော့ သူတို့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအရ အားလုံးသေဒဏ်ကျပါတယ်။ အခက်အခဲတစ်ခုရှိလာတာက သူတို့အယောက်ငါးရာရဲ့ ခေါင်းတွေကို ဖြတ်ပြီး သတ်ပေးမယ့်အာဏာပါးကွက်သား မရှိခြင်းပါပဲ။

ဒါကြောင့် တပ်ပိုလ်များက ဓားပြခေါင်းဆောင်ကို စပြီးတော့ မေးလိုက်တယ်။ ခင်ဗျားရဲ့တပည့် အဖွဲ့သား (၄၉၉) ယောက်ရဲ့ ခေါင်းကို ဖြတ်ပြီး သတ်ပေးနိုင်မလား။ အဲသလိုသတ်ပေးနိုင်ရင် သေဒဏ်အပြစ်ကလည်း လွတ်မယ်၊ အာဏာသားရာထူးလည်း ပေးမယ်။ အဲဒီလိုပြောလိုက်တော့ မိုက်မဲပေမယ့် သစ္စာရှိတဲ့ ဓားပြခေါင်းဆောင်က -



သူ့အသက်သေချင်သေပါစေ။ အဖွဲ့သားတွေရဲ့ အသက်ကိုတော့ ပြန်မသတ်နိုင်ပါဘူးတဲ့။ တစ်ယောက်ချင်း မေးလာလိုက်တာ မှုရင်းအဖွဲ့ဝင် (၄၉၉) ယောက်လုံးကုန်သွားတယ်။ အချင်းချင်း ပြန်သတ်မယ့်လူမပေါ်ဘူး။

*****

www.burmeseclassic.com

www.burmeseclassic.com



## လူယုတ်မာစိတ်ဓာတ်

သူ့အလုည့်လည်းရောက်လာရော လူယုတ်မာပီပီ အဖွဲ့သားတွေကို ပြန်သတ်ပေးမယ်တဲ့။ သူ့အသက်မသေရင် ပြီးရောတဲ့။ ဒါနဲ့ပဲ သူ့အဖွဲ့ဝင် (၄၉၉) ယောက်ရဲ့ ခေါင်းတွေကို ဖြတ်ပြီး သတ်ပေးလိုက်တယ်။ အဲဒီနေ့မှာပဲ အရပ်လေး မျက်နှာကမိလာတဲ့ ဓားပြပေါင်းနှစ်ထောင်ရဲ့ အသက်ကိုလည်း တစ်ဆက်တည်း သတ်ပေးခဲ့တယ်။

အဲဒီနေ့ကစပြီး သူ့အမည်ဟာ ရက်စက်တဲ့နေရာမှာ ကမ္ဘာဒိဋ္ဌိကစောရဃာတက - နီသောမုတ်ဆိတ်ကျင်စွယ်ရှိသော ခိုးသူသတ်ယောက်ျားကြီးဆိုပြီး ထင်ပေါ်လာတယ်။ ဒီလိုနဲ့ သူဟာ ရာဇဝတ်သားတွေကို သတ်ဖြတ်ပေးရတဲ့ အာဏာသားအလုပ်ကို နှစ်ပေါင်းငါးဆယ်ကျော်ကြာအောင် ပြုလုပ်ခဲ့တယ်။

ဒီအတောအတွင်း ကုသိုလ်ဆိုတာကတော့ တစ်ခုမှ မရှိပါဘူးတဲ့။ အသက်ခြောက်ဆယ်ကျော်လာတဲ့အခါမှာ တော့ အားအင်တွေက ယုတ်လျော့လာခဲ့တယ်။ ရာဇဝတ်



သားရဲ့ခေါင်းကို တုံးပေါ်တင်ပြီး ဖြတ်လိုက်တဲ့အခါ တစ်ချက်တည်းနဲ့ မပြတ်တော့ဘူး။ နှစ်ချက်သုံးချက်ခုတ်နေရတယ်။ ဒါကြောင့် ရာဇဝတ်သားဟာ နာကျင်တဲ့ ဝေဒနာကို မချိမဆန့်ခံစားပြီးမှ သေသွားရတယ်။

ဒီအကြောင်းကို သိသွားတဲ့ အထက်အရာရှိများက သူ့ကို အာဏာသားရာထူးက အနားပေးလိုက်တယ်။ ခုခေတ်ဆိုရင်တော့ ပင်စင်ပေးလိုက်တာပေါ့။ သူဟာ နောက်ဆုံးထုတ်ယူရရှိတဲ့ လစာငွေလေးကို ကိုင်ပြီး စဉ်းစားသတဲ့။ ငါဟာ နောက်နေ့ကစပြီး လခရိက္ခာငွေ မရတော့ဘူး။ ဒီငွေဟာ နောက်ဆုံးရခြင်းပဲ။

ဒီနောက်ဆုံးရတဲ့ ငွေလေးကို အလုပ်ရပ်နားတဲ့ အထိမ်းအမှတ်အဖြစ် ကောင်းကောင်းချက်စားပြီး ဇိမ်ယူလိုက်မယ်တဲ့။ ဘယ်လောက်မှတ်သားစရာကောင်းတဲ့ အတွေးအခေါ်လဲလို့ ဉာဏ်အမြင်ကန်းတဲ့ အန္ဓပုထုဇဉ်မှန်သမျှ ဒီလိုချည်းပါပဲ။ ဘုံကလည်း ကာမဘုံ၊ သတ္တဝါကလည်း ကာမသတ္တဝါ၊ အာရုံပြုတော့လည်း ကာမအာရုံ ဒီတော့ စိတ်ကူးတော့လည်း ကာမနဲ့ပတ်သက်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကိုပဲ စိတ်ကူးတော့တာပေါ့။ ဒါကြောင့်လည်း မန်လည်ဆရာတော်က -

တရားသဘော၊ ဘယ်လိုဟောလည်း။
လိပ်ကျောကြောင်တော်၊ ပြောင်ချော်ချော်နှင့်
ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



နလုံးမယဉ်၊ ဉာဏ်မယှဉ်တည်း။
ပျို့စဉ်ယုတ်မာ၊ အိုခါဆိုးဝါး။
ဤကိုယ်အားလျှင်၊ သုဘထင်၍၊
အငြိုးငွေ့ဘူး၊ အတွေ့စုံစား။
အောက်ရပ်သားတို့၊ ကျွဲနွားသိုးဆိတ်၊
အဟိတ်ပမာ၊ ဟီနာစာရ၊ လေ့လာကြ၍၊
ကာမသတ္တဝါ၊ ကာမရှာဥ္စ၊ ကာမသဘော၊
ကာမဇောဖြင့်၊ တပ်လောဘစိတ်၊
ဟိတ်မျှမသိ၊ ညစ်ညူးဘိ၏။

လို့စပ်ဆိုတော်မူထားတာ ထင်ပါတယ်။ အာဏာသား ကြီးကသာ ကောင်းကောင်းစားပြီး ငိမ်ယူဖို့ စိတ်ကူးနေတာ တကယ်ကျတော့ သူဟာ အဲဒီနေ့ နေ့ခင်းမှာပဲ သေရတော့ မှာပါ။ တကယ်တော့ အန္ဓပုထုဇဉ်မှန်သမျှ အာဏာသားကြီး လိုချည်းပါပဲ။ မိမိတို့ဘဝအတွက် ကာမဂုဏ်အာရုံတွေကို တစ်သက်လုံးရှာဖွေနေကြတာပါပဲ။

ပြည့်စုံတယ်လို့လည်း မရှိပါဘူး။ အဲသလို ပြည့်စုံမှု မရှိခင်မှာပဲ သေမင်းနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားရတာပါ။ ဒါကြောင့် ဗုဒ္ဓက ဓမ္မပဒပါဠိတော်မှာ -

သပုတ္တ ပသုသမ္မတ္တံ၊
ဗျာသတ္တ မာနသံနရံ။
သုတ္တံဂါမံ မဟာဃောဝ၊
မစ္စုအာဒါယ ဂစ္ဆတိ။ လို့ ဟောတော်မူခဲ့တာပါ။



အဓိပ္ပာယ်ကတော့ ညသန်းခေါင်အိပ်ပျော်နေကြတဲ့ ရွာသူရွာသားတွေကို မြစ်ရေလျှံပြီး ကြီးစွာသော ရေအယဉ် ကြီးက တိုက်စားယူဆောင်သွားသလို သား၊ သမီး၊ နွားထီး၊ နွားမ၊ စည်းစိမ်ဥစ္စာတွေနဲ့ ပျော်မွေ့ပြီး အားရတင်းတိမ်မှု မရှိနိုင်သေးတဲ့ လူသားကို သေမင်းက ရုတ်တရက်ယူဆောင် သွားတတ်တယ်လို့ ဆိုလိုပါတယ်။

ယောဂီတို့ရဲ့ ပတ်ဝန်းကျင်မှာ ဗုဒ္ဓဟောကြားတဲ့အတိုင်း ကာမဂုဏ်အာရုံတွေကို ရှာဖွေရင်း သေမင်းနောက်ပါသွား တဲ့ လူတွေကို အများကြီး တွေ့မြူပါလိမ့်မယ်။ စီးပွားရေး ဆိုတာ တစ်သက်လုံး ရှာနေကြရမှာပါ။ စီးပွားရှာရင်း ရတဲ့ အချိန်လေးမှာ ဝိပဿနာတရားကို နာကြားမယ်၊ ဝိပဿနာ တရားကို အားထုတ်မယ်ဆိုရင် ဘဝမှာ အမြတ်ထွက်လာ ပါမယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## အမြတ်သုံးမျိုး

ချေးသည်စကားနဲ့ ပြောရရင် လူ့ဘဝဟာ အရင်းပေါ့။ လူ့ဘဝကသေလို့ မိမိကိုယ်ပိုင်အိမ်ကြီးကို ပြန်ရောက်သွားပြီဆိုရင် အရင်းရှုံးတာပေါ့။ ကိုယ်ပိုင်အိမ်ဆိုတာ အပါယ်လေးဘုံကို ပြောတာပါ။ ဗုဒ္ဓက ပမတ္တဿစတ္တာရောအပါယာ သကဂေဟာသဒိသာ - ကုသိုလ်တရားကို မေ့လျော့နေသူအတွက် အပါယ်လေးပါးဟာ မိမိအိမ်သဖွယ်ဖြစ်တယ်လို့ ဟောထားတာရှိလို့ပါ။

လူ့ဘဝကသေပြီး လူ့ဘဝပြန်ရောက်တယ်ဆိုရင်တော့ အရင်းပြန်ရတာပေါ့။ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို ရောက်ရင်တော့ အမြတ်ထွက်တာပေါ့။ ဒါပေမဲ့ အဲဒီအမြတ်က ရှုံးတာနဲ့ နှိုင်းယှဉ်လိုက်လို့သာ အမြတ်လို့ ပြောရတာပါ။ အားကိုးအားထားပြုလောက်တဲ့ အကောင်းဆုံးအမြတ် မဟုတ်သေးပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ နိဗ္ဗာန်တန်းလန်းသာရှိနေမယ်ဆိုရင် နတ်ဘုံဗြဟ္မာ့ဘုံကနေ ကုသိုလ်ကံကုန်တာနဲ့ အပါယ်လေးဘုံကို ပြန်ကျနိုင်သေးလို့ပါပဲ။ ဒါဆိုရင် အကောင်းဆုံး



အမြတ်က ဘာလဲဆိုတော့ နိဗ္ဗာန်ချမ်းသာကို ရခြင်းပါပဲ။ နိဗ္ဗာန်ချမ်းသာကြီးကို ရသွားပြီဆိုရင်တော့ အို၊ နာ၊ သေကကို လွတ်သွားပြီဆိုမှတော့ အပါယ်လေးဘုံနဲ့ ပတ်သက်ပြီး စဉ်းစားစရာကို မလိုတော့ဘူး။

အကောင်းဆုံးအမြတ်ကို ရဖို့အတွက် အရေးကြီးဆုံးအချက်ကတော့ သူတော်ကောင်းကို မှီဝဲမိဖို့ပါပဲ။ နိဗ္ဗာန်ရွာပြီးသောတာပန်ဖြစ်ဖို့အတွက် အင်္ဂါလေးချက်ရှိပါတယ်။ ဘာတွေလဲဆိုတော့ -

၁။ သပ္ပုရိသူပနိဿယ = သူတော်ကောင်းကိုမှီဝဲဆည်းကပ်ခြင်း။

၂။ သဒ္ဓမ္မဿဝန = သူတော်ကောင်းတရားကို စူးစိုက်စွာနာကြားခြင်း။

၃။ ယောနိသော မနသိကာရ = အသင့်အားဖြင့် နှလုံးသွင်းခြင်း။

၄။ ဓမ္မာနု ဓမ္မပဋိပတ္တိ = တရားနှင့်လျော်စွာ ကျင့်ကြံအားထုတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

သောတာပန်ဖြစ်ဖို့ မှီဝဲရမယ့် သူတော်ကောင်းဆိုတာ လူဖြစ်စေ၊ ရဟန်းဖြစ်စေ ပရမတ်ခန္ဓာ ၅ ပါးအပေါ်မှာ နိဗ္ဗာန်ရွာအောင် ဟောပေးနိုင်မယ့်သူကို ဆိုလိုပါတယ်။ ဒုတိယအင်္ဂါဖြစ်တဲ့ သူတော်ကောင်းတရားဆိုတာလည်း နိဗ္ဗာန်ရွာကြောင်းဖြစ်တဲ့ ပရမတ်တရား၊ ဓာတ်တရားများကို ဦးစားပေးပြီး နာကြားဖို့ ဆိုလိုရင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောနိသောမနသိကာရ = အသင့်အားဖြင့် နှလုံးသွင်းရမယ်ဆိုတာ အာရုံတစ်ခုခုနဲ့ တွေ့ကြုံတိုင်း အကုသိုလ် မဖြစ်အောင် ရှုတတ်ရမယ်လို့ ဆိုလိုပါတယ်။ ဥပမအားဖြင့် ခဏနေရင် ဟောတော့မယ့် ရှုပပရိစ္ဆေဒဉာဏ်ကို ရထားတဲ့ ယောဂီတစ်ယောက်ဟာ အမျိုးသားတစ်ယောက်ကို မြင်လိုက်ပြီဆိုပါတော့ ချောလို့နှစ်သက်ရင် လောဘဖြစ်မယ်။

အရုပ်ဆိုးလို့ မနှစ်သက်ရင် ဒေါသဖြစ်မယ်၊ နှစ်သက်သည်လည်းမဟုတ်၊ မနှစ်သက်သည်လည်း မဟုတ်၊ သာမန်ကာလျှံကာသဘောထားမယ်ဆိုရင် မောဟဖြစ်မယ်။ အမှန်ကို အမှားထင်တာ၊ အမှားကို အမှန်ထင်တာ၊ မရှိကို အရှိထင်တာ (ပညတ်ကို ပရမတ်ထင်ခြင်း)၊ အရှိကို မရှိထင်တာ (ပရမတ်ကို ပညတ်ထင်ခြင်း) မှန်သမျှတို့ဟာ မောဟချည်းပါပဲ။

ဒီနေရာမှာ မောဟ ဘာကြောင့်ဖြစ်ရသလဲလို့မေးခဲ့ရင် လောဘနဲ့ ဒေါသမဖြစ်လို့ မောဟဖြစ်ရတာပေါ့ဆိုတဲ့ အဖြေဟာ စာသိအဖြေဖြစ်သွားပါပြီ။ အကျင့်နဲ့ယှဉ်တဲ့ ငါသိအဖြေမဟုတ်ပါဘူး။ ငါသိ သိထားတဲ့ယောဂီက ဘယ်လိုဖြေမလဲဆိုတော့ လူ (သို့မဟုတ်) အမျိုးသားဆိုတာဟာ တကယ်မရှိတဲ့ ပညတ်တရားသာ ဖြစ်ပါတယ်။

တကယ်ရှိတဲ့ ပရမတ်တရား မဟုတ်ပါဘူး။ တကယ်မရှိတဲ့ အမျိုးသားဆိုတဲ့ ပညတ်ကြီးကို တကယ်ရှိတယ်လို့ ထင်မြင်ယူဆလိုက်တဲ့အတွက် မောဟအကုသိုလ်ဖြစ်ရတာ



ပါ။ ဒီအဖြေကမှ တရားနဲ့ယှဉ်တဲ့ အဖြေပါ။ ဒီလိုဆိုရင် အမျိုးသားတစ်ယောက်ကို တွေ့လိုက်တဲ့အခါ ယောဂီတစ်ယောက်အနေနဲ့ အကုသိုလ်မဖြစ်အောင် ဘယ်လိုနှလုံးသွင်းရမလဲဆိုရင် ငါမြင်တာဟာ အဆင်းရုပ် (ရူပါရုံ) ပါလားလို့ ပရမတ်ရောက်အောင် နှလုံးသွင်းရပါ့မယ်။

အဆင်းရုပ် (ရူပါရုံ) ဆိုတဲ့ ပရမတ်ကို ဉာဏ်ပညာနဲ့ ထိုးဖောက်မြင်လိုက်ပြီဆိုရင် အမျိုးသားလို့ခေါ်တဲ့ ပညတ်ကို မှီပြီးမှဖြစ်ရတဲ့ လောဘ၊ ဒေါသ၊ မောဟသုံးပါးလုံး ဖြစ်မလာတော့ပါဘူး။ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိတို့နဲ့ ပတ်သက်ပြီး အသင့်အားဖြင့် နှလုံးသွင်းပုံကို ရုပ်စာတ်ကို ပိုင်းခြားပြီးသိရတဲ့ ရူပပရိစ္ဆေဒဉာဏ်အခန်း ဟောပြီးရင် ဆက်လက်ရှင်းပြပါမယ်။

နောက်ဆုံးအင်္ဂါဖြစ်တဲ့ တရားနှင့်လျော်စွာ ကျင့်ကြံအားထုတ်ခြင်းဆိုတာကတော့ ဥပမာအားဖြင့် ထိုင်ရာကနေ ထလိုက်ပြီဆိုတာနဲ့ ခြေဘ် ထိုင်နေသလိုက်မှာဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ထသခိုက်မှာ ပါမလာကြတော့ဘူး။ ထိုင်နေဆဲအခါမှာပဲ ချုပ်ပျောက်ပျက်စီးသွားကြပြီ။ ဒါကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ အနိစ္စ အမြဲမရှိပါတကားလို့ ရှုပွားလိုက်ခြင်းပါပဲ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## အစိမ်းကြော်ကြော်ရင်း အနာဂါမ်တည်သူ

"ဒီဓမ္မာနု ဓမ္မပဋိပတ္တိဟာလည်း သောတာပန်ဖြစ်ဖို့အတွက် သိပ်အရေးကြီးပါတယ်။ ယောဂီများအနေနဲ့ ဝိပဿနာတရားဟာ ဘုရားစင်ရှေ့ထိုင်ပြီးမှသာ ရှုလို့ရတယ်လို့ မထင်ကြပါနဲ့။ တကယ်တော့ ဝိပဿနာတရား ရှုပွားတယ်ဆိုတာ ဉာဏ်ပညာရဲ့ အမိကအလုပ်ဖြစ်တဲ့ အတွက် လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးမှာလည်း ရှုလို့ရတယ်။

သွားရင်းလာရင်း၊ စားရင်းသောက်ရင်း၊ နေရင်းထိုင်ရင်း၊ လုပ်ရင်းကိုင်ရင်း၊ စီးပွားရှာရင်းနဲ့လည်း ရှုပွားလို့ရပါတယ်။ သူတော်ကောင်းဆီက ပရမတ်ပေါက်အောက် ရှုပွားနည်းကိုတော့ ရအောင်နာယူထားရပါမယ်။ ယနေ့ည အဲဒီနည်းကိုရအောင် ဟောပေးပါမယ်။ နည်းကောင်းရထားတဲ့ ဗုဒ္ဓလက်ထက်တော်က ထေရိကာအမည်ရှိတဲ့ အမျိုးသမီးလေး



ဟာ အိမ်မှုကိစ္စဖြစ်တဲ့ အစိမ်းကြော်ကြော်ရင်း အနာဂါမ်တည်သွားဖူးပါတယ်။

ဒယ်အိုးထဲထည့်လိုက်တဲ့ ဟင်းရွက်စိမ်းတွေဟာ ဆီပူနဲ့ တွေ့လိုက်တာနဲ့ ခဏချင်း ညှိုးလျော်နွမ်းလျသွားတယ်။ ဒါကိုကြည့်ပြီး ထေရိကာစိတ်မှာပေါ်လာတဲ့ သံဝေဉာဏ်က ခြောက် ဆီပူတစ်မျိုးတည်းရဲ့ အပူဒဏ်ကို ခံလိုက်ရတာနဲ့ ဟင်းရွက်စိမ်းတွေဟာ တစ်ခဏချင်း ညှိုးလျော်နွမ်းလျသွားကြတယ်။ ငါ့သန္တာန်မှာဖြစ်နေတဲ့ ခန္ဓငါးပါး ရုပ်နာမ်တရားတို့ဆိုရင် မီး(၁၁)ပါးရဲ့ လောင်မြိုက်မှုကို စက္ကန့်နဲ့အမျှ ခံနေကြရတယ်။

မီးတစ်မျိုးရဲ့ အပူဒဏ်ကိုခံရတဲ့ ဟင်းရွက်တွေတောင် ဒီလောက်ညှိုးလျော်နွမ်းလျသွားရင် မီး(၁၁)ပါးရဲ့ အပူဒဏ်ကိုခံရတဲ့ ခန္ဓာငါးပါးဟာဆိုရင် ပိုလို့တောင် ညှိုးလျော်နွမ်းလျဖြစ်ပေမှာပဲ။ အဲဒီလို သံဝေဉာဏ်ဝင်ပြီးတဲ့နောက်မှ ဝိပဿနာဉာဏ်က တစ်ခါတည်း ဝင်လာပါတယ်။ ဟင်းရွက်တွေကို ငါ့လက်က မွှေပေးနေတယ်။ ဒါဟာ စိတ္တဇဝါယောဓာတ်ကြောင့် ကာယဝိညတ်လှုံ့ခေါ်တဲ့ ဟင်းရွက်ကို မွှေပေးတဲ့ အမူအရာတွေ ဖြစ်ပေါ်လာတာပဲ။

လက်ကတော့ အကြိမ်ကြိမ်မွှေပေးနေတာပဲ။ ဒါပေမဲ့ ပထမအကြိမ် မွှေပေးဆဲ ခဏမှာဖြစ်တဲ့ ခန္ဓာ (၅)ပါး ရုပ်နာမ်တရားတွေဟာ ဒုတိယမြောက်မွှေဆဲခဏသို့ ပါမလာကြတော့ဘူး။ ပထမအကြိမ်မွှေဆဲခဏမှာပဲ ချုပ်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသွားကြပြီ။ ဒါကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ဟာ အနိစ္စ၊ အမြဲမရှိကြပါတကားလို့ ရှုပွားနေလိုက်ပါတယ်။

မမြဲတဲ့အနိစ္စကိုမြင်တာနဲ့ ဆင်းရဲတဲ့ဒုက္ခကို မြင်သွားပါတယ်။ ဖြစ်ပြီးတည်မနေဘဲ ချက်ချင်းပျက်ရတာကိုက သင်္ခါရဒုက္ခပဲဆိုတာ ဉာဏ်အမြင်မှာ ရှင်းသွားပါတယ်။ ဆင်းရဲတဲ့ဒုက္ခကိုတွေ့တာနဲ့ ခန္ဓာငါးပါးဆိုတာ အရင်က ငါထင်ခဲ့သလို မပျက်မစီး အမြဲတည်နေတဲ့ အတ္တဆိုတာမရှိဘဲ စက္ကန့်နဲ့အမျှ သူ့ပျက်ချင်သလိုပျက်နေတဲ့ အနတ္တကြီးပါလားဆိုတာကိုလည်း တစ်ခါတည်း ကိုယ်တွေ့ ဉာဏ်တွေ့အနေနဲ့ တွေ့သွားပါတယ်။

ဒါကြောင့်လည်း အစိမ်းကြော်ကြော်ရင်း တန်းလန်းနဲ့ အနာဂါမ်တည်ရတာပါ။ ဒါဟာ သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးချက်ထဲက ဓမ္မာနုဓမ္မပဋိပတ္တိ = တရားနှင့်လျော်စွာ ကျင့်ကြံအားထုတ်ခြင်းဆိုတဲ့အချက်ကို အသေးစိတ် ကျင့်ကြံတတ်အောင် ရှင်းပြတာပါ။ အာဏာသားကြီး သေရမယ့်နေ့ရောက်နေတာတောင် ကောင်းကောင်းစားဖို့ စိတ်ကူးနေကြောင်း ဟောရာကနေ အမြွက် ၃ မျိုး၊ သောတာပန်ဖြစ်ဖို့ အင်္ဂါ ၄ ပါးထိ ရောက်သွားပါတယ်။

ဇာတ်လမ်းလေးမဆက်မီမှာ ပုထုဇဉ်တွေကြိုမသိနိုင်တဲ့ အရာငါးမျိုးကို ပြောပြချင်ပါသေးတယ်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာဆိုထားတာက ဇီဝိတံဗျာဓိကာလောစ၊ ဒေဟ



နိက္ခေပနံဂတိတဲ့ ပုထုဇဉ်မှန်ရင် -

(၁) ဇီဝိတ = ဘယ်အသက်အရွယ်မှာ သေရမယ်ဆိုတာ ကြိုမသိနိုင်ဘူး။

(၂) ဗျာဓိ = ဘယ်အနာရောဂါနဲ့ သေရမယ်ဆိုတာ ကြိုမသိနိုင်ဘူး။

(၃) ကာလ = မနက်၊ နေ့လယ်၊ ည၊ ဘယ်ကာလမှာ သေမယ်ဆိုတာ ကြိုမသိနိုင်ဘူး။

(၄) ဒေဟနိက္ခေပနံ = ဘယ်နေရာ၊ ဘယ်ဒေသမှာ သေမယ်၊ ဘယ်သုသာန်မှာ သင်္ဂြိုဟ်မယ်ဆိုတာလည်း ကြိုမသိနိုင်ဘူး။

(၅) ဂတိ = ဘယ်ဘုံရောက်မယ်ဆိုတာလည်း ကြိုမသိနိုင်ဘူးတဲ့ -

ဒီလောက် ဘဝအာမခံချက်မရှိတဲ့ ပုထုဇဉ်ဘဝမှာ ဒိဋ္ဌိပြုတ်ကြောင်းတရားကို နားကြားအားထုတ်မထားဘဲ ပေါ့ပေါ့တန်တန်နေရဲကြသူတွေအတွက် အင်မတန်မှ ရင်လေးစရာကောင်းပါတယ်။ အခုလည်းကြည့်ပါ၊ အာဏာသားကြီးဟာ နေ့လယ်ခင်းလောက်မှာပဲ သူဟာသေရတော့မယ်။ ဒါပေမဲ့ သူကတော့ အစားကောင်းစားဖို့ပဲ အားထုတ်နေပါတယ်။

ဒီအချိန်မှာပဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး အာဏာသားကြီးအိမ်ရှေ့မှာ ဆွမ်းရပ်လာတော်မူပါတယ်။ ဆွမ်းရဖို့အတွက် အဓိကမဟုတ်ပါဘူး။ ဘုရားပြီးရင် အထင်

www.burmeseclassic.com

www.burmeseclassic.com



ရှားဆုံး၊ ဘုန်းအကြီးဆုံး ဖြစ်တဲ့က အရှင်သာရိပုတ္တရာလို မထေရ်ကြီးကို ဆွမ်းကပ်လှူချင်ကြတဲ့ မင်းမျိုးတွေ၊ သူဌေးမျိုးတွေ ရာဇဂြိုဟ်မြို့မှာ အများကြီးပါ။ ရဟန္တာများဟာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရပြီးတဲ့နေ့ကစပြီး ပရိနိဗ္ဗာန်မစံမခြင်းကာလတစ်လျှောက်လုံးဟာ သူတစ်ပါးအကျိုးကို သယ်ပိုးပို့သာနေနေကြခြင်း ဖြစ်ပါတယ်။

အခုလဲ အာဏာသားကြီး နေ့ခင်းမှာ သေတော့မယ်ဆိုတာကို အရှင်သာရိပုတ္တရာ သိမြင်တော်မူပါတယ်။ ကုသိုလ်တစ်စက်မှမရှိတဲ့က အာဏာသားကြီးဟာ သေပြီးတဲ့နောက် ငရဲကို ကျမယ်ဆိုတာကိုလည်း သိမြင်ပါတယ်။ ဒါကြောင့် အချိန်မီလေး ဒိဋ္ဌိပြုတ်ကြောင်းတရားကို ဟောရအောင် ကြွလာတော်မူတာဖြစ်ပါတယ်။

ဒီအချိန်မှာ အာဏာသားကြီးဟာ ရေမိုးချိုးပြီးလို့ စားရသောက်ရအောင် ထမင်းစားပွဲမှာ ထိုင်ပြီးနေပါပြီ။ အရှင်သာရိပုတ္တရာကို မြင်လိုက်တာနဲ့ အာဏာသားကြီးဟာ အတွေးတစ်ခု ပေါ်သွားပါတယ်။ ငါဟာ သိတတ်တဲ့အချိန်ကစပြီး ဒီအသက်အရွယ်တိုင်အောင် မကောင်းမှု အကုသိုလ်တွေချည်းပဲ လုပ်ခဲ့တယ်။ ဘာကုသိုလ်မှ မလုပ်ခဲ့ဖူးဘူး။

ဒီနေ့တော့ ထူးထူးခြားခြား ဆွမ်းရပ်လာတဲ့ မထေရ်ကြီးကို ဆွမ်းကပ်လှူမယ်လို့ သဒ္ဓါတွေဖြစ်သွားပြီး မထေရ်ကြီးရဲ့သပိတ်ကို လှမ်းယူကာ အိမ်ထဲပင့်ပြီး ဆွမ်းကပ်လှူပါတယ်။ မထေရ်မြတ်က ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ တရား



ကို တန်းမဟောပါဘူး။ အာဏာသားကြီးကိုလည်း ထမင်းစားစေပါတယ်။

ခက်ခဲနက်နဲတဲ့ ဒိဋ္ဌိပြုတ်ကြောင်း ပရမတ်တရား၊ ခတ်တရားတွေကို နာကြားရမှာဆိုတော့ ရှင်ရှင်လန်းလန်းနဲ့ ကိုယ်အားပြည့်၊ ဉာဏ်အားပြည့်နာနိုင်အောင်လို့ပဲ ဖြစ်ပါတယ်။ အာဏာသားကြီး စားပြီးပြီဆိုတဲ့အခါကျမှ တရားကို စတင်ဟောပါတယ်။ ဒါပေမဲ့ အာဏာသားကြီးက ခုခေတ်တရားနာပရိသတ်အချို့လို စိတ်မပါဘဲနဲ့ နာနေတာကို တွေ့ရသတဲ့။ တရားကို စိတ်မပါဘူးဆိုရင် ဂနာမငြိမ်တဲ့ အမူအရာလက္ခဏာဟာ အင်မတန်မှ သိသာပါတယ်။ ဒီလိုမျိုးနာနေရင် တရားလည်း မရနိုင်ပါဘူး။ ဒိဋ္ဌိလည်း မပြုတ်နိုင်ပါဘူး။ ဒါကြောင့် မထေရ်မြတ်က တရားကို ခဏရပ်လိုက်ပြီး "ဒကာကြီး တရားကို ဘာဖြစ်လို့စိတ်ပါလက်ပါ မနာတာလဲ" လို့ မေးလိုက်ပါတယ်။ ဒီအခါ အာဏာသားကြီးက

"တပည့်တော်ဘဝဟာ ဆိုးပါတယ် ဘုရား။ သိတတ်တဲ့အရွယ်ကစပြီး မကောင်းမှုမျိုးစုံကို ပြုလုပ်မိပါတယ်။ တစ်ခါ မားပြဘဝကလွတ်ပြန်တော့ ရာဇဝတ်သားတွေကို ရက်ရက်စက်စက် သတ်ရတဲ့အလုပ်ကို နှစ်ငါးဆယ်ကျော်အောင် လုပ်ခဲ့ရပြန်ပါတယ်။ ဒီအကုသိုလ်တွေက တပည့်တော် မကောင်းကျိုးပေးတော့မှာပဲဆိုတာ တွေးမိနေတဲ့ကအတွက် တရားအပေါ် စိတ်မဝင်စားနိုင်အောင် ဖြစ်နေတာပါ ဘုရား" လို့ ပြန်လျှောက်ထားတော့ မထေရ်မြတ်က -

www.burmeseclassic.com

www.burmeseclassic.com



“ဒကာကြီး ရာဇဝတ်သားတွေကို သတ်တဲ့အခါ ဒကာကြီး သတ်ချင်လို့ သတ်တာလား။ ဘုရင်က နိုင်းလို့ သတ်တာလား” မေးလိုက်တယ်။

ဒီအခါ အာဏာသားကြီးက -

“ရှင်ဘုရင်နိုင်းလို့ သတ်ရတာပါဘုရားလို့” ပြန်လျှောက်ပါတယ်။

“ရှင်ဘုရင်နိုင်းလို့ သတ်ရတာဆိုရင် ဒကာကြီးမှာ အပြစ်ရှိပါ့မလား” လို့ ပြန်မေးလိုက်တော့ အာဏာသားကြီးဟာ သူ့လိုရာကို ဆွဲတွေးလိုက်ပါတယ်။ ဟာ ဒီလိုဆိုရင် ငါ့အပြစ်တွေ အများကြီးလျော့သွားပြီ။ အရင်တုန်းကရှိခဲ့တဲ့ အပြစ်တွေက မပြောပလောက်ဘူး။ အာဏာသားဘဝရောက်မှ အပြစ်တွေက အားကြီးလာတာ။ မထေရ်မြတ်မေးသလိုဆို ငါ့မှာ အပြစ်မရှိပါလားလို့ တွေးမိပြီး စိတ်သက်သာရာရသွားသတဲ့။

တရားကို ဆက်ဟောပါဘုရား။ တပည့်တော် စိတ်ပါလက်ပါ နာပါတော့မယ်လို့ လျှောက်ထားလိုက်မှ မထေရ်မြတ်လည်း ဆက်ဟောရပါတယ်။ တကယ်တော့ သူ့မှာ အပြစ်ရှိပါတယ်။ စိတ်သက်သာရာရပြီး တရားအပေါ် စိတ်ဝင်စားအောင် မထေရ်မြတ်က ပရိယာယ်သုံးပြီးပြောလိုက်တာပါ။

သတ္တဝါမှန်းသိတယ်၊ သတ္တဝါလို့လည်း အမှတ်ရှိတယ်။ သေစေလိုတဲ့ စေတနာလည်းရှိတယ်။ သေဖို့ရန်လည်း ကာယကံ၊ ဝစီကံနဲ့ အားထုတ်တယ်။ သေလည်းသေသွား



တယ်။ ဒီအင်္ဂါငါးချက်နဲ့ညီရင် ပါဏာတိပါတကံထိုက်ပါတယ်။ (ခုဒ္ဒကာ၊ဌ၊၂၂) အာဏာသားကြီးရဲ့ လုပ်ရပ်တွေကို ဒီအင်္ဂါငါးချက်နဲ့ တိုက်ကြည့်လိုက်ရင် အပြစ်ရှိကြောင်း ပေါ်လာပါလိမ့်မယ်။

အာဏာသားကြီး တရားအပေါ် စိတ်ဝင်စားပြီဆိုမှ မထေရ်မြတ်ဟာ ဒိဋ္ဌိပြုတ်ကြောင်းတရားကို စတင်ဟောပါတယ်။ ပရိသတ်များလည်း ဒီနေရာကစပြီး ဟောကြားချက်ကို တစ်ချက်မှ လွတ်မသွားရအောင် အာရုံစိုက်ပြီး နာယူစေလိုပါတယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## မဂ်ဖိုလ်ရောက်ဖို့ လေ့ကားသုံးထစ်

မဂ်ဖိုလ်ရလိုတဲ့က ယောဂီဟာ ဗုဒ္ဓပေးထားတဲ့လှေကား သုံးထစ်ကနေ တစ်ထစ်ချင်းတက်ကြရပါမယ်။ ကျော်တက်လို့ မရပါဘူး။ လောကီရေးမှာ ဖြတ်လမ်းနည်းရှိနိုင်ပေမယ့် လောကုတ္တရာနည်းမှာတော့ ဖြတ်လမ်းနည်းဆိုတာ မရှိပါဘူး။

အဓိပ္ပာယ်ကတော့ လက္ခဏာယာဉ်သုံးပါးနဲ့ ရှုပွားရမယ့် ရုပ်နာမ်တရားတွေကို ပညတ်ကင်းစင်စွာနဲ့ သိအောင် နာကြားရမှာဖြစ်ပါတယ်။ ပညတ်ကင်းတဲ့ ရုပ်နာမ်ခန္ဓာကို လက္ခဏာယာဉ်သုံးပါးနဲ့ ရှုပွားမှု ဝိပဿနာလို့ ခေါ်ပါတယ်။ ဒုတိယလှေကားထစ်ဖြစ်တဲ့ တိရဏပရိညာဆိုတာ အဲဒါပါပဲ။ အဖြစ်၊ အပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှုပွားနေရမှာက ယောဂီရဲ့အလုပ်ပါ။



ပဟာနပရိညာဆိုတာက ယောဂီရဲ့အလုပ်မဟုတ်တော့ပါဘူး။ ပါရမီပြည့်လို့ ဉာဏ်ရင့်ကျက်လာတာနဲ့ သူ့မဂ်နဲ့သူဆိုင်ရာ ကိလေသာတွေကို ပယ်သတ်ပေးသွားမှာက ပဟာနရိညာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ပထမဆုံး လှေကားထစ်ဖြစ်တဲ့ ဉာတပရိညာကို တက်ကြတော့မယ်ဆိုရင် ယောဂီတို့ဟာ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရအောင်လုပ်ကြရမှာ ဖြစ်ပါတယ်။

နာမ်တရားနဲ့ ရုပ်တရားအပေါ်မှာ ပညတ်ကင်းပြီး ပိုင်းပိုင်းခြားခြား သိသွားတာကို နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်ပြီး ခန္ဓာငါးပါးဖြစ်ပေါ်လာခြင်းရဲ့အကြောင်းကို သိမ်းဆည်းပြီး သိသွားတဲ့ဉာဏ်ကိုတော့ ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။ ဒီဉာဏ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင်ရရှိသွားတဲ့သူကို ဝိသုဒ္ဓိမဂ်မှာ အမည်ပေးထားတာက

ဣမိနာပန ဉာဏေန သမန္နာဂတော
အာရဒ္ဓဝိပဿကော
ဗုဒ္ဓသာသနေ လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော၊
နိယတဂတိကောစူဠ သောတာပန္နောနာမ ဟောတိတဲ့

အဓိပ္ပာယ်ကတော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနဲ့ပြည့်စုံသွားတဲ့သူဟာ ဘုရားသာသနာမှာ အသက်ရှူပေါက်ရသူ၊ သံသရာမှာ ထောက်ရာတည်ရာရသူ သုဂတိဘုံကိုသာ ကေန်မုချရောက်မည့်သူဖြစ်လို့ စူဠသောတာပန်လို့ ခေါ်ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလိုဆိုရင်တော့ သောတာပန်အငယ်စားပါပဲ။ ဒီအဆင့်ထိရောက်သွားပြီဆိုရင် (၃၁)ဘုံမှာ အထက်ဆန်တက်တဲ့ ဥဒ္ဓံဂါမိမဲ့သည့်ဖြစ်သွားပါပြီ။ အောက်စုန်ဆင်းတဲ့ အဓောဂမ၊ ခရီးသည်မဟုတ်တော့ပါဘူး။ သောတာပတ္တိမဂ်ကြီးကို ကေန်မုချရတော့မှာဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းလေးတစ်ခု ထုတ်ချင်ပါတယ်။

×××××



## စူဠသောတာပန် (သို့) အိမ်ရှေ့မင်း

မေးခွန်းလေးက စူဠသောတာပန်ဖြစ်ဖို့နဲ့ မဟာသောတာပန်ဖြစ်ဖို့ ဘယ်ဟာက ပိုခက်သလဲဆိုတဲ့ မေးခွန်းပါပဲ။ ဒီမေးခွန်းနဲ့အတူ အိမ်ရှေ့မင်းဖြစ်ဖို့နဲ့ ရှင်ဘုရင်ဖြစ်ဖို့ ဘယ်ဟာက ပိုခက်သလဲဆိုတဲ့မေးခွန်းကိုလဲ ထုတ်ကြည့်ရအောင်ပါ။ နောက်မေးခွန်းဖြစ်တဲ့ ဥပမာနကနေစပြီးတော့ ဖြေကြည့်ကြရအောင် အိမ်ရှေ့မင်းနဲ့ ရှင်ဘုရင်ဖြစ်ဖို့မှာ ရုတ်တရက်ကြည့်ရင် ရှင်ဘုရင်ဖြစ်ဖို့က ပိုခဲယဉ်းတယ်လို့ ထင်ရပါတယ်။

တကယ်တော့ ထီးနန်းရဲ့ထုံးတမ်းစဉ်လာအရ အိမ်ရှေ့မင်းဖြစ်ပြီးမှ ရှင်ဘုရင်ဖြစ်ရတာပါ။ အိမ်ရှေ့မင်းမဖြစ်ဘဲနဲ့ ရှင်ဘုရင်ရာထူးယူလို့ မရပါဘူး။ ဒါကြောင့်လည်း မြင်ကွန်းမင်းသားတို့၊ မြင်းခုံတိုင်မင်းသားတို့က အိမ်ရှေ့မင်းဖြစ်တဲ့ ကနောင်မင်းသားကြီးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြတာပါ။ အိမ်ရှေ့မင်းဖြစ်ပြီးရင်တော့ ရှင်ဘုရင်အဖြစ်ကို အသာလေး ယူရုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှင်ဘုရင်ဖြစ်ဖို့ထက် အိမ်ရှေ့မင်းဖြစ်ဖို့က ပိုပြီးခဲယဉ်းတယ်လို့ ဖြေရပါမယ်။ ထို့အတူ မဟာသောတာပန်ကြီးဖြစ်ဖို့ထက် စူဠသောတာပန်ဖြစ်ဖို့ ပိုခဲယဉ်းတယ်လို့ပဲ ဖြေရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ မဟာသောတာပန် အဖြစ်ဆိုတာ စူဠသောတာပန်ဘဝကို ကျော်သွားလို့ မရပါဘူး။ စူဠသောတာပန်ဖြစ်ပြီးမှ မဟာသောတာပန်ဖြစ်ရမှာမို့ပါ။

ဒါကြောင့် ယောဂီများကလည်း တရားလမ်းစဉ်အတိုင်း စူဠသောတာပန်ဖြစ်ဖို့ အရင်ကြိုးစားကြရပါမယ်။ စူဠသောတာပန်ဖြစ်ဖို့ ပိုင်ဆိုင်ရမယ့် ဉာဏ်နှစ်ဆူအနက်က ပထမဆုံး ဉာဏ်က နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပါတယ်။ နာမ်နဲ့ရုပ်ကို ပညတ်ကင်းလွတ်အောင် ပိုင်းခြားပြီးသိရမယ်လို့ ဆိုလိုပါတယ်။

ဒီဉာဏ်က နှစ်ခုပေါင်းထားတာပါ။ တစ်ခုစီခွဲလိုက်မယဆိုရင် နာမပရိစ္ဆေဒဉာဏ် - ရူပပရိစ္ဆေဒဉာဏ်လို့ နှစ်ဉာဏ် ဖြစ်လာပါတယ်။ အကောင်ကြီးပဲ၊ အထည်ကြီးပဲလို့ ယူဆတဲ့ ပညတ်ဟာ ရုပ်တရားအပေါ်မှာ ပိုပြီးတော့ ဖုံးလွှမ်းပါတယ်။ အနိစ္စမမြဲဘူးဆိုတာ သေမှပြောတာပါ။ ဒီရုပ်ကောင်ကြီးဟာ မသေမခြင်းတော့ မြဲနေတာပဲလို့ ပရမတ်အမြင်မရှိတဲ့ ပုထုဇဉ်တိုင်းဟာ ဒီအတိုင်းပဲ ယူဆလေ့ရှိပါတယ်။

စိတ်၊ စေတသိက်ဆိုတဲ့ နာမ်တရားအပေါ်မှာတော့ အကောင်အထည်၊ အလုံးအခဲဆိုတဲ့ ပညတ်ဟာ ဒီလောက်



ထိ မဖုံးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နာမ်တရားမှာ နဂိုကတည်းက အကောင်အထည်လို့ ထင်စရာတစ်ခုမှ မတွေ့ရလို့ပါပဲ။ ဒါကြောင့်လည်း အရှင်သာရိပုတ္တရာက အာထာသားကြီးကို ရုပ်တရားကစပြီး ဒိဋ္ဌိခွာပေးပါလိမ့်မယ်။

ဒိဋ္ဌိခွာကြတော့မယ်ဆိုရင် ဘဝအဆက်ဆက်ကနေ ယခုဘဝတိုင်အောင် ယူဆချက်တွေ များနေတဲ့ပညတ်နဲ့ ပရမတ်တရားကို ဦးစွာရှင်းကြရအောင်။ မရှိပညတ်၊ ရှိပရမတ်ဆိုတဲ့ ဆောင်ပုဒ်အကျဉ်းလေးကို ပထမရအောင် လုပ်ထားပါ။ မရှိပညတ်ဆိုတာက တရားကိုယ် တရားသား ဘာမှရှာမရတဲ့ အမည်နာမမှာပဲ လမ်းဆုံးနေတဲ့ တရားမှန်သမျှကို ပညတ်လို့ ခေါ်ပါတယ်။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်တာရာ၊ အိမ်၊ ကျောင်း၊ ဇရပ်၊ မြို့ပြနိုင်ငံ အစရှိသောအားဖြင့် မဆုံးနိုင်တော့ဘဲ နာမည်မှာသာ လမ်းဆုံးနေတဲ့ တရားမှန်သမျှကို တကယ်မရှိတဲ့ ပညတ်လို့မှတ်ရပါမယ်။ တကယ်မရှိပုံကို ပရမတ်အကြောင်း ရှင်းပြတဲ့အခါ သိသာပါလိမ့်မယ်။

ရှိပရမတ်ဆိုတဲ့စကားအတိုင်း တရားကိုယ်၊ တရားသားအားဖြင့် တကယ်ရှိနေတဲ့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ တရားလေးမျိုးကိုတော့ ပရမတ်လို့ ခေါ်ပါတယ်။ ပညတ်နဲ့ ပရမတ်တို့ရဲ့ အဓိကခြားနားချက်ကတော့ ပညတ်ဟာ နဂိုကတည်းက တကယ်မရှိတဲ့အတွက် ဖျက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပါတယ်။ ဖျောက်တိုင်းလည်း ပျောက်ပါတယ်။ ဖျောက်ပြ ဖျက်ပြဦးမှာပါ။

ပရမတ်ကတော့ တကယ်ရှိတဲ့တရားဖြစ်လို့ ဖျက်လို့လည်း မပျက်ပါဘူး။ ဖျောက်လို့လည်း မပျောက်ပါဘူး။ အပေါ်ယံ နမူနာသိသာရုံလောက်လေး ပညတ်တရားရဲ့ တကယ်မရှိပုံကို ပြပါဦးမယ်။ ဥပမာ လူဆိုပါတော့ လောကက သတ်မှတ်ထားတဲ့ သမုတိသစ္စာအရတော့ လူဟာရှိပါတယ်။

ပရမတ္ထသစ္စာအရတော့ လူဟာ မရှိပါဘူး။ လက်တွေ့သိရအောင် လူတစ်ယောက်ကို အနားခေါ်ပြီး စစ်ဆေးမေးမြန်းကြည့်ပါ။ အဲဒီလူရဲ့လက်ကိုကိုင်ပြီး ဒါလူလားလို့ မေးရင် မဟုတ်ဘူးလို့ ဖြေပါလိမ့်မယ်။ ဒါဆိုရင် ဘာလဲလို့ ထပ်မေးတဲ့အခါ လက်လို့အဖြေထွက်လာပါလိမ့်မယ်။ နောက် ခေါင်း၊ ဆံပင်၊ ကျောက်ကုန်း၊ ခြေထောက် အစရှိတဲ့ ကိုယ်အင်္ဂါတွေ တစ်ခုစီ ကိုင်ပြီး မေးကြည့်လိုက်တဲ့အခါ လူပျောက်သွားပါတယ်။

ဘာဖြစ်လို့ပျောက်သွားရတာလဲဆိုတော့ နဂိုကတည်းက မရှိတဲ့တရားမို့ ပျောက်သွားရတာပါ။ ပခုံးနှစ်ဖက်ကြားခေါင်းပေါက်ပြီး ဒီလိုသွားတတ်၊ ဒီလိုလာတတ်တဲ့ ပုံသဏ္ဌာန် (သဏ္ဌာနပညတ်)ကို တွေ့ရင် လူလို့မှတ်ကြ၊ လူလို့ခေါ်ကြဆိုပြီး ဘဝများစွာကတည်းက ပညတ်ခဲ့ကြ၊ နာမည်တပ်ခဲ့ကြလို့ လူလို့ပဲ သိနေကြတာပါ။



တစ်နည်းအားဖြင့် ခေါင်း၊ ကိုယ်၊ ခြေ၊ လက် အစရှိတဲ့ အင်္ဂါတွေပေါင်းထားတာ (သမူဟပညတ်)ကို လူလို့ခေါ်နေကြတာပါ။ ကိုယ်အင်္ဂါတစ်ခုချင်း စစ်ကြည့်ပြန်တော့ လူဆိုတာ မရှိတော့ပြန်ပါဘူး။ ပြီးတော့ အိမ်ဆိုတဲ့ပညတ်မရှိပုံကိုလည်း စစ်ကြည့်ပါဦး။ တိုင်တွေ၊ ထုပ်၊ လျှောက်၊ နိုင်း၊ မြား၊ အမိုး၊ အကာ၊ အခင်းတွေ စုပေါင်းထားတာကို အိမ်လို့ခေါ်တာပါ။

အိမ်တကယ်မရှိကြောင်း သိချင်ရင် စစ်ကြည့်လိုက်ပါ။ တိုင်တွေကိုကိုင်ပြီး ဒါအိမ်လားလို့ မေးကြည့်လိုက်ရင် မဟုတ်ဘူး။ တိုင်ဆိုတဲ့အဖြေဟာ ချက်ချင်းထွက်လာမှာပါ။ တစ်ခုချင်းမေးကြည့်လိုက်ရင် အမိုး၊ အခင်း၊ အကာ၊ ထုပ်၊ လျှောက်၊ နိုင်း၊ မြားဆိုတဲ့ ပစ္စည်းတွေသာ ကျန်သွားမယ်။ အိမ်ဆိုတာ ရှာတွေ့တော့မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့ ရှာမတွေ့တာလဲဆိုတော့ နဂိုကတည်းက မရှိလို့ ရှာမတွေ့တာပါ။

အမိုး၊ အခင်း၊ အကာ၊ ထုပ်၊ လျှောက်၊ နိုင်း၊ မြားဆိုတဲ့ပစ္စည်းတွေ စုပေါင်းထားခြင်း (သမူဟပညတ်) ကို အိမ်လို့ ခေါ်နေကြတာပါ။ ပရမတ်ကျတော့ ဒီလိုမဟုတ်ပါဘူး။ ဘယ်လိုနည်းနဲ့စစ်စစ် အမြဲရှိနေတာကို တွေ့ရပါလိမ့်မယ်။ သို့သော် အကောင်အထည် အလုံးအခဲအနေနဲ့တော့ ရှိနေတာ မဟုတ်ပါဘူး။ သဘောတရားအနေနဲ့သာ ရှိနေတာပါ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## တကယ့်အရှိတရားလေးပါး

တကယ့်အရှိတရား ပရမတ်လေးပါးကို အရေအတွက်နဲ့ အဓိပ္ပာယ်တွဲစပ်ပြီး ပြပေးပါမယ်။ ပထမဆုံးတရားက

စိတ် = အာရုံကို သိတတ်သော သဘောတရား = အရေ အတွက်ကတော့ အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါး ရှိပါတယ်။

စေတသိက် = စိတ်ကိုမှီ၍ဖြစ်တတ်သော သဘောတရား = အရေအတွက် ၅၂ ပါး ရှိပါတယ်။

ရုပ် = ဖောက်ပြန်တတ်သော သဘောတရား = အရေအတွက် ၂၈ ပါး ရှိပါတယ်။

နိဗ္ဗာန် = အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းပြီး ငြိမ်းအေးတဲ့ချမ်းသာအပြည့်ရှိတဲ့ သုခဓာတ်ကြီးပဲ ဖြစ်ပါတယ်။

ဒီလေးပါးထဲမှာ နိဗ္ဗာန်ကိုတော့ သီးသန့်အကျယ်ချဲ့ပြီး ဟောစရာမလိုတဲ့အတွက် ခဏဖယ်ထားလိုက်ပါ။ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်သုံးပါးအပေါ်မှာ ဒိဋ္ဌိပြုတ်အောင် ရှုပွားနိုင်မယ်ဆိုရင် တစ်နေ့ ဒီနိဗ္ဗာန်ကို ရောက်ရမှာပဲ ဖြစ်ပါတယ်။ ဒီလေးမျိုးမှာ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်သုံးပါးကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးရဲ့ ပြုပြင်မှုကို ခံရတဲ့အတွက် သင်္ခတပရမတ်လို့ ခေါ်ပါတယ်။

နိဗ္ဗာန်ကတော့ စောစောကအကြောင်းလေးပါးရဲ့ ပြုပြင်မှုက လွတ်တဲ့အတွက်ကြောင့် အသင်္ခတပရမတ်လို့ ခေါ်ပါတယ်။

သင်္ခတပရမတ်ထဲက စိတ်၊ စေတသိက်နှစ်ပါးက အာရုံအပေါ် ညွတ်တတ်တဲ့ သဘောတရား၊ သိတတ်တဲ့ သဘောတရားရှိလို့ နာမ်တရားလို့ ခေါ်ပါတယ်။ ရုပ်ကတော့ ရုပ်ပဲ ခေါ်ပါတယ်။ အပြောင်းအလဲမရှိပါဘူး။ ရုပ်ကတော့ အာရုံကို မသိတတ်ပါဘူး။ သင်္ဂြိုဟ်မှာလည်း အနာရမ္မဏံ အာရုံကို သိခြင်း၊ ယူခြင်းသဘောတရားမရှိလို့ ဖွင့်ပြထားပါတယ်။

ဒါကို အကျဉ်းချုပ်ဆောင်ပုဒ်လေးလုပ်လိုက်တော့ မသိတာရုပ်၊ သိတာနာမ်လို့ ဖြစ်သွားပါတယ်။ စိတ်တရား တကယ်ရှိနေပုံကို သဘာဝနဲ့ ကိုက်ကြည့်ကြရအောင်ပါ။ စိတ်ဖြစ်ရမယ့် နေရာဌာနခြောက်ခုရှိလို့ စိတ်ဟာလည်း ခြောက်မျိုးဖြစ်ပါတယ်။ သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးချက်ထဲက ဓမ္မာနုဓမ္မပဋိပတ္တိ = တရားနှင့်လျော်သော ဝိပဿနာ အကျင့်ကို အစွမ်းသာတိုင်း ကျင့်လိုတဲ့ ယောဂီအတွက်



www.burmeseclassic.com

www.burmeseclassic.com



မသိရင်မဖြစ်တဲ့အချက်မို့ နားလည်အောင် သေချာနာယူစေချင်ပါတယ်။

မျက်စိသူငယ်အိမ်ရဲ့ မျက်နက်ဝန်းအလယ်တည့်တည့် သန်းဦးခေါင်းခန့်ပမာဏရှိတဲ့နေရာမှာ စက္ခုပသာဒ အကြည်ရုပ်ကလေးရှိပါတယ်။ အဆင်းရူပါရုံမျိုးစုံရဲ့ လာရောက်ပြီး အရိပ်ထင်ရာနေရာဖြစ်လို့ မှန်အကြည်ဆိုပြီးတော့လည်း တင်စား ခေါ်ဝေါ်လေ့ရှိပါတယ်။ အဆင်းအာရုံတစ်ခုခုက စက္ခုပသာဒအကြည်ရုပ်ကို လာတိုက်လိုက်တာနဲ့ အရပ်စကားနဲ့ ပြောရင် ရူပါရုံတစ်ခုခုကို ကြည့်မိလိုက်တာနဲ့ မြင်သိစိတ်ဆိုတာလေး ဖြစ်ပေါ်လာပါတယ်။

အဲဒီမြင်သိစိတ်ကို အမည်ပေးတဲ့အခါ စက္ခုပသာဒကို မှီပြီးမှဖြစ်ရတဲ့အတွက်ကြောင့် စက္ခုဝိညာဉ်စိတ်လို့ ပေးရပါတယ်။ ဘယ်အရာဝတ္ထုကိုပဲကြည့်လိုက်ကြည့်လိုက် မြင်သိစိတ်ကတော့ ဖြစ်နေတာပါပဲ ငြင်းလို့မရပါဘူး။ ဒါကြောင့် မြင်သိစိတ်ဟာ တကယ်ရှိပါတယ်။

နားအကွင်း လက်စွပ်ကွင်းသဏ္ဍာန်နေရာလေးမှာ သောတ ပသာဒ အကြည်ရုပ်ကလေး ရှိပါတယ်။ အသံအာရုံတစ်ခုခုက သောတ ပသာဒအကြည်ရုပ်ကို လာတိုက်လိုက်တာနဲ့ အသံကို ကြားလိုက်တာနဲ့ ကြားသိစိတ်ကလေး ဖြစ်သွားပါတယ်။ သောတပသာဒရုပ်ကို မှီပြီးဖြစ်တဲ့အတွက်ကြောင့် သောတဝိညာဉ်စိတ်လို့ အမည်ပေးရတယ်။



အသံကြားတိုင်း သောတဝိညာဉ်စိတ်ကလေး ဖြစ်နေတာ လက်တွေ့ကြုံနေရတဲ့အတွက် သောတဝိညာဉ်စိတ်ရှိနေတာကို ဘယ်လိုမှ ငြင်းလို့မရပါဘူး။ နှာခေါင်းအတွင်း၊ ဆိတ်ခွာသဏ္ဍာန်ရှိတဲ့ နေရာလေးမှာ ဃာနပသာဒအကြည်ရုပ်ကလေးရှိပါတယ်။ အနံ့တစ်ခုခုက ဃာနပသာဒရုပ်ကလေးကို လာတိုက်လိုက်တာနဲ့ အနံ့ကို ရှူမိလိုက်တာနဲ့ နံ့သိစိတ်ကလေး ဖြစ်သွားပါတယ်။

အဲဒီနံ့သိစိတ်ကလေးဟာ ဃာနပသာဒရုပ်ကို မှီပြီးမှ ဖြစ်ရတဲ့အတွက်ကြောင့် ဃာနဝိညာဉ်ဆိုတဲ့အမည်ကို ရပါတယ်။ လျှာရဲ့အလယ် ကြာရွက်ဖျားသဏ္ဍာန်ရှိတဲ့နေရာမှာ ဇိဝှာပသာဒရုပ် တည်ရှိပါတယ်။ ရသာရုံတစ်ခုခုက လာတိုက်လိုက်တာနဲ့ စားစရာတစ်ခုခုကို စားလိုက်တာနဲ့ စားသိစိတ်ကလေး ဖြစ်သွားပါတယ်။

အဲဒီ စားသိစိတ်ကလေးဟာ ဇိဝှါပသာဒရုပ်ကို မှီပြီး ဖြစ်ရတဲ့အတွက်ကြောင့် ဇိဝှါဝိညာဉ်ဆိုတဲ့အမည်ကို ရပါတယ်။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ အသားမာတို့ကလွဲပြီး အပ်နဲ့ထိုးလိုက်ရင် နာတတ်တဲ့ နေရာတစ်ကိုယ်လုံးမှာ ကာယပသာဒရုပ် တည်ရှိပါတယ်။ အပွေ့အထိလို့ခေါ်တဲ့ ဖောဋ္ဌဗ္ဗာရုံတစ်ခုခုက ကာယပသာဒကို လာတိုက်လိုက်တာနဲ့ အရာဝတ္ထုတစ်ခုခုကို ထိမိ၊ ကိုင်မိ၊ ပွေ့ဖက်မိလိုက်တာနဲ့ ထိသိစိတ်ကလေး ဖြစ်သွားပါတယ်။

www.burmeseclassic.com



အဲဒီ ထိသိစိတ်ကလေးဟာ ကာယပသာဒရုပ်ကို မှီပြီး ဖြစ်ရတဲ့အတွက်ကြောင့် ကာယဝိညာဉ်စိတ်ဆိုတဲ့အမည်ကို ရရှိပါတယ်။ ဟဒယဝတ္ထုလို့ခေါ်တဲ့ နှလုံးအိမ်အတွင်းမှာ သွေးလက်တစ်ဆုပ်ခန့်ရှိပါတယ်။ အဲဒီသွေးအတွင်းမှာ မနော အကြည်ဓာတ်တည်ရှိနေပါတယ်။

အဲဒီမနောအကြည်ဓာတ်ကလေးကို ဓမ္မာရုံက လာ တိုက်တဲ့အခါ တွေးကြံသိစိတ်ဖြစ်သွားပါတယ်။ အဲဒီစိတ် ကလေးဟာ မနောအကြည်ဓာတ်ကိုမှီပြီးတော့ ဖြစ်ရတဲ့ အတွက်ကြောင့် မနောဝိညာဉ်စိတ်ဆိုတဲ့ အမည်ကို ရပါ တယ်။ ဓမ္မာရုံဆိုတာ ဆိုခဲ့ပြီးတဲ့ ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်လို့ ၆ မျိုးရှိ ကြောင်း အကျဉ်းသိထားရင်ပဲ အလုပ်လုပ်လို့ရပါပြီ။

စိတ်ကူးကြံစည်ပြီး သိလို့ရတဲ့ အာရုံတွေဟာ ဓမ္မာရုံ တွေချည်းပဲပေါ့။ ဒါကြောင့် စိတ်ကူးလို့ပေါ်လာတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေဟာ ဓမ္မာရုံထဲကျ တော့ ပြန်ပါလာတာပါပဲ။ ဒီနေရာမှာ သိပ္ပံဝါဒ သိစိတ်ဟာ ဦးနှောက်မှာ ဖြစ်တယ်လို့ဆိုပါတယ်။ ဗုဒ္ဓဝါဒအရတော့ သိစိတ်ဟာ နှလုံးအိမ်အတွင်းမှာ ဖြစ်ပါတယ်။

×××××



## စိတ်ဖြစ်ရာဌာန ပြဿနာ

သိပ္ပံဝါဒဘက်က အထောက်အထားပြကြတာတွေက တော့ ဦးနှောက်ကနေ ဖြာဆင်းသွားတဲ့ အာရုံကြောကို ထိ ခိုက်သွားရင် လူဟာ ဘာမှမသိတော့ပါဘူး။ ဒါကြောင့် ဦး နှောက်မှာသာ သိစိတ်ရှိတယ်လို့ ဆိုပါတယ်။ တစ်ဖန် သေဆုံးပြီးဖြစ်တဲ့ ကမ္ဘာ့အရပ်ရပ်က ထူးခြားထက်မြက်တဲ့ ပညာရှင်ကြီးတွေရဲ့ ဦးနှောက်တွေနဲ့ သာမန်လူတွေရဲ့ ဦးနှောက်တွေကို ချိန်စက်ကြည့်တဲ့အခါ ပညာရှင်ကြီးတွေရဲ့ ဦးနှောက်က အလေးချိန် ပိုစီးပြီး ပိုများပါသတဲ့။

ဒီအချက်တွေကြောင့် အသိစိတ်ဉာဏ်ပညာဟာ ဦး နှောက်မှာပဲဖြစ်တယ်လို့ သိပ္ပံဝါဒက တရားသေဆုပ်ကိုင် ထားပါတယ်။ ဗုဒ္ဓဝါဒဘက်က သဘာဝယုတ္တိအားဖြင့် ပြနိုင် တဲ့ အထောက်အထားတွေကတော့ ရောဂါသဲနေတဲ့ လူနာ တစ်ယောက် ငြိမ်သက်သွားပြီဆိုတဲ့အခါ တကယ်သေ၊ မသေ စမ်းသပ်ကြည့်တဲ့နေရာဟာ နှလုံးပဲဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးခုန်နေသေးရင် မသေသေးဘူး။ နှလုံးမခုန်တော့ရင် သေပြီလို့ ဆုံးဖြတ်တာဟာ နှလုံးသားမှာ အသက်လို့ ခေါ်တဲ့ ဝိညာဉ်သိစိတ်ကလေးဖြစ်နေသေးရင် မသေဘူး။ မဖြစ်တော့ရင် သေပြီလို့ ဆုံးဖြတ်လိုက်တာနဲ့ အတူတူပါပဲ။ ဒီအချိန်မှာ လူနာ သေ၊ မသေကို ဦးနှောက်မှာ ဘယ်သူမှ သွားပြီး မစစ်ဆေးကြပါဘူး။

ဒီအချက်တစ်ခုနဲ့ အသိစိတ်ဟာ နှလုံးသွေးမှာ ဖြစ်တယ်ဆိုတာ ထင်ရှားနေပါပြီ။ နောက်တစ်ချက်ကတော့ အခုခေတ်မှာ ပေါ်နေတဲ့ ကိုးမားဆိုတဲ့ရောဂါသည်များဟာ ဦးနှောက် အလုပ်မလုပ်တော့တဲ့အတွက် သိစိတ်လုံးဝမရှိတော့ပါဘူး။ ဒါပေမဲ့ အဲဒီလူနာတွေဟာ နှလုံးက အလုပ်လုပ်နေတဲ့အတွက် နှလုံးမှာ သိစိတ်ရှိနေတဲ့အတွက် အသက်မသေကြပါဘူး။

တချို့ နှစ်နဲ့ချီပြီး အိပ်ရာထဲမှာ ဒီအတိုင်းပဲ နေသွားကြပါတယ်။ အသက်ဝိညာဉ်ဆိုတာလည်း သိစိတ်တစ်မျိုးပါပဲ။ အဲဒီလူနာမျိုးတွေဟာ ဦးနှောက်မှာ အသိစိတ်လုံးလုံး မရှိတော့တာကိုတော့ ဆရာဝန်တိုင်း အတည်ပြုလက်ခံထားရသလို အသက်မသေဘူးဆိုတာလည်း လက်ခံထားကြရတာပါပဲ။ ကိုးမားရောဂါရှင်တွေကို အသက်မသေသေးဘူးလို့ သိပ္ပံပညာရှင်တွေ လက်ခံလိုက်တာဟာ နှလုံးသားမှာ သိစိတ်ဖြစ်နေပါတယ်ဆိုတာကို သွယ်ဝိုက်လက်ခံလိုက်တာနဲ့ အတူတူပါပဲ။



ကိုးမားရောဂါသည်တွေဟာ အာရုံကြောတွေ ပျက်စီးသွားတဲ့အတွက် သိစိတ်လုံးဝမရှိတော့ဘူးလို့ ယူဆထားတာက ဘေးကလူတွေပါ။ တကယ်ကျတော့ သိစိတ်ဟာ ရှိနေပါတယ်။ တရားစကားနဲ့ပြောတော့ နာမ်ခန္ဓာလေးပါးဟာ ရှိနေပါတယ်။ ဒါကြောင့် မသေတာပါ။ နှလုံးသွေးအတွင်းမှာ ရှိနေတဲ့ သိစိတ်ကို အာရုံကြောတွေ ပျက်စီးသွားပြီးဖြစ်တဲ့အတွက် ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ သူတစ်ပါး သိအောင် မပြနိုင်တော့ခြင်းသာ ဖြစ်ပါတယ်။ အဲဒီရောဂါသည်တွေဟာ အနောက်နိုင်ငံတွေမှာ ပိုများပါတယ်။

ဦးနှောက်မှာ သိစိတ်ဖြစ်တယ်ဆိုတဲ့ သိပ္ပံပညာရှင်တွေရဲ့ အဆိုကို ဗုဒ္ဓဝါဒက သွယ်ဝိုက်သောအားဖြင့်တော့ လက်ခံပါတယ်။ ကာယပသာဒအကြည်ရုပ်ဟာ ဆံပင်၊ ခြေသည်း၊ လက်သည်း၊ အသားမာ စတာတွေကလွဲပြီး တစ်ကိုယ်လုံးမှာ ပျံ့နှံ့တည်နေတာဆိုတော့ ဦးနှောက်ထဲမှာလည်း ကာယပသာဒရုပ်ရှိနေတဲ့အတွက် ကာယဝိညာဉ်သိစိတ်ကတော့ ဖြစ်မှာပါပဲ။

နောက်တစ်ချက်က မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ စားသိစိတ်ဖြစ်ရာဌာနတွေဟာ ဦးခေါင်းတစ်ခုတည်းမှာပဲ စုပြုံတည်နေတော့ ဦးနှောက်ဟာ သိစိတ်အားလုံးနဲ့ အနီးဆုံးနေရာမှာ ရှိနေပါတယ်။ ဒါအပြင် မဟာဘုတ်ရုပ်ခြင်းအားဖြင့် ဆက်သွယ်နေတဲ့အတွက်ကြောင့်လည်း တခြားရုပ်တွေနဲ့စာရင် ဦးနှောက်ဟာ သိစိတ်ဖြစ်တဲ့နေရာဆိုတာကို ဗုဒ္ဓဝါဒက လုံးလုံးတော့ ပယ်မပယ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပတ်သက်ပြီး ပခုက္ကူဝိပဿနာသင်တန်း နည်းပြ ဆရာကြီး ဦးကြင်ရွှေရဲ့ ကိုယ်တွေ့တစ်ခုကို တစ်ဆင့်ဖောက်သည်ချချင်ပါတယ်။ ဆရာကြီးတို့ ငယ်ရွယ်စဉ်လူလတ်ပိုင်းလောက်တုန်းက နာမည်ကြီးမဟ္မကထိက ဆရာတော်ကြီးတစ်ပါးက တရားထဲမှာ ဗုဒ္ဓဝါဒထက် သိပ္ပံဝါဒကို ပိုကြိုက်သလိုဖြစ်ကြောင်း ထည့်ပြောသွားသတဲ့ ပြောသွားပုံက -

*****



## မဟ္မကထိကဆရာတော်ကြီးတစ်ပါးမှားပုံ

"ဘုန်းကြီးတို့ရွာတစ်ရွာ တရားပောကြွရင်း လမ်းဘေးက သစ်ပင်ကြီးတစ်ပင်အောက် အမောဖြေနေစဉ်မှာ ကျီးစားခံလိုက်ရတဲ့ နွားချေးပိုးထိုးကောင်ကြီးတစ်ကောင် သစ်ပင်ပေါ်က ပြုတ်ကျလာတယ်။ ကျီးက ပေါက်စားလိုက်လို့ ခန္ဓာကိုယ်တော့ ပါမလာတော့ဘူး။ ခေါင်းပိုင်းပဲပါလာတယ်။ ထူးခြားတာက အဲဒီခေါင်းပိုင်းက မသေသေးဘဲ တကျိကျိ အော်နေတယ်။

"ဒီတော့ ဘုန်းကြီးက စဉ်းစားတယ်။ ဘုရားဟောသလို စိတ်ဟာ နှလုံးသွေးမှာသာ ဖြစ်ရိုးမှန်ရင် ဒီနွားချေးပိုးထိုးကောင်ဟာ ကိုယ်မရှိတော့တာနဲ့ တန်းသေသွားရမယ်။ အခုလို အော်နေစရာအကြောင်း မရှိဘူး။ အခု ကိုယ်လည်း မရှိတော့ဘူး။ ဒါနဲ့တောင် မသေဘဲ ဆက်အော်နေတယ်ဆိုတော့ သိပ္ပံပညာရှင်တွေ ပြောသလို စိတ်ဟာ ဦးနှောက်မှာ ဖြစ်တယ်ဆိုတာ ဟုတ်လောက်တယ်လို့ တွေးမိပြီး သိပ္ပံပညာကိုတောင် ကြိုက်တိုက်တိုက်ဖြစ်သွားတယ်တဲ့။ ဒါကို ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးက သေချာမှတ်ထားတယ်။ ဆရာကြီး ဝိပဿနာတရား စပြစဉ်အခါ တစ်နေ့မှာတော့ အဲဒီလိုပဲ သစ်ပင်ပေါ်ကနေ နွားချေးပိုးထိုးတစ်ကောင် ဆရာကြီးရှေ့ ကျလာပါတယ်။

"ဒီအခါ ဆရာကြီးက ဘုရားဟောဆိုတာ လွဲနိုင်တယ်လို့ မရှိဘူး။ ငါသေချာလေ့လာမှဆိုပြီး နွားချေးပိုးထိုးကောင်ကို အသက်အောက်လုန်ပြီး သေချာလေ့လာတယ်။ ဘာတွေ့ရသလဲဆိုတော့ နွားချေးပိုးထိုးကောင်ဟာ ဓမ္မကထိကဆရာတော်ကြီးနဲ့အတူ အများထင်သလို ခေါင်းပိုင်း၊ ကိုယ်ပိုင်းဆိုပြီး နှစ်ပိုင်းတည်းပါတာ မဟုတ်ပါဘူး။

ခေါင်းပိုင်း၊ ကိုယ်ပိုင်း၊ အမြီးပိုင်းဆိုပြီး သုံးပိုင်းပါနေပါတယ်။ ကိုယ်ပိုင်းလို့ အများထင်နေကြတဲ့ အတော်ပံ့ဖုံးထားတဲ့ အလုံးကြီးဟာ အမြီးပိုင်းပဲဖြစ်ပါတယ်။ အလယ်ကိုယ်ပိုင်းက သေးသေးလေးဖြစ်ပြီး ခေါင်းနဲ့တစ်ဆက်တည်းဖြစ်နေပါတယ်။ မသိသာပါဘူး။ သေချာလှန်လှောကြည့်မှ သိရပါတယ်။ ဒါကြောင့် ကျီးက ပေါက်စားလိုက်တာဟာ အမြီးပိုင်းသာ ဖြစ်ပါတယ်။

နှလုံးသားပါတဲ့ အလယ်ပိုင်းက ခေါင်းပိုင်းနဲ့ တစ်ဆက်တည်းဖြစ်နေလို့ လွတ်ကျန်ခဲ့ပါတယ်။ ဒါကြောင့် နွားချေးပိုးထိုးကောင်ဟာ ချက်ချင်းမသေဘဲ အော်နေနိုင်တာ ဖြစ်ပါတယ်။ ဓမ္မကထိကဆရာတော်ကြီးခမျာ အဲသလို သေချာသိမသွားတော့ ဘုရားဟောထက် သိပ္ပံပညာကို ပိုအထင်ကြီးမိသွားခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။



နှလုံးသွေးမှာ စိတ်ဟာ အများဆုံးဖြစ်တယ်။ ဒါပေမဲ့ ဦးနှောက်မှာလည်း ထိုက်သလောက်ဖြစ်နေတာလည်း ငြင်းလို့မရပါဘူး။ ဒါကို ကျေလည်သွားအောင် ဥပမာတစ်ခုနဲ့ပြရရင် ဖူးသီးအလုံးကြီးကြီးသီးရင် ဖူးသင်သန်လို့လို့ပဲ ပြောကြပါမယ်။ မှားသလားဆိုတော့ မမှားပါဘူး။ ဒါပေမဲ့ အဲဒီထက်အဓိကကျတာကတော့ ဖူးပင်ရဲ့ ရေသောက်မြစ် ကောင်းလို့ပါပဲ။

ဒီဥပမာအတိုင်းပါပဲ။ စိတ်ဟာ ဖူးသီးနဲ့ တူတယ်။ ဖူးပင်ဟာ ဦးနှောက်နဲ့တူတယ်။ ရေသောက်မြစ်က နှလုံးသွေးနဲ့ တူပါတယ်။ ဒီလောက်ဆိုရင် ယောဂီများ သဘောရှင်းလောက်ပါပြီ။ ဒီတော့ ပရမတ်တရားလေးပါးထဲက မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ် တွေးကြံသိစိတ် ၆ မျိုး မိမိသန္တာန်မှာ စက္ကန့်မလပ်ဖြစ်နေတာကို ကိုယ်တွေ့ကြုံနေရတဲ့အတွက် စိတ်ဆိုတာ တကယ်ရှိတယ်ဆိုတာ ယုံကြည်လောက်ပါပြီ။

စေတသိက်ဆိုတာ စိတ်မှာမှီပြီး ဖြစ်ရတာပါ။ လူနဲ့အရိပ်ဟာ ခွဲလို့မရသလို စိတ်နဲ့ စေတသိက်ဟာလည်း ခွဲလို့မရပါဘူး။ စေတသိက်ဟာ -

စိတ်နဲ့အတူဖြစ်ပါတယ်၊

စိတ်နဲ့အတူချုပ်ပါတယ်၊

စိတ်နဲ့အတူအာရုံပြုပါတယ်၊

စိတ်မှီရာဝတ္ထုကို လိုက်မှီပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကအကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါး ရှိပေမယ့် အာရုံကိုသိတဲ့သဘောတရားကတော့ တစ်မျိုးတည်းပါပဲ။ စေတသိက်ကျတော့ ၅၂ လုံးတည်းရှိပေမယ့် တစ်လုံးနဲ့တစ်လုံး သဘောထားချင်း မတူကြပါဘူး။ ဒါကြောင့် စိတ်အကျယ် ၁၂၁ ပါးကို အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်း ပေါင်းယူလိုက်ပါတယ်။ စေတသိက်ကတော့ သဘောချင်း တစ်ခုစီမို့ ပေါင်းလို့မရဘဲ ၅၂ လုံးပဲ ဖြစ်နေပါတယ်။

စေတသိက် ၅၂ နဲ့ တစ်ပါးတည်းပြုထားတဲ့ စိတ်တစ်ပါး ကို ပေါင်းပြီး နာမ်တေပညာသချပေး နာမ်တရား ၅၃ ပါး လို့လည်း ခေါ်လေ့ရှိပါတယ်။ စေတသိက် ၅၂ လုံးထဲမှာ ကောင်းတာရော ဆိုးတာရော နှစ်မျိုးလုံး ရှိပါတယ်။ စိတ်ဟာ သူ့မူရင်းသဘောက အင်မတန် ဖြူစင်ပါတယ်။ အာရုံကို သိတတ်တာ တစ်ခုပါပဲ။ ချစ်ခြင်း၊ မုန်းခြင်းဆိုတာ စိတ်မှာ မရှိပါဘူး။

ဆိုးယုတ်တဲ့ စေတသိက်တွေနဲ့ ပေါင်းမိလို့သာ ဆိုး ယုတ်တဲ့ စိတ်တွေ ဖြစ်ကုန်ရတာပါ။ နမူနာသုံးခုလောက် ထုတ်ပြပါမယ်။ လူတစ်ယောက်ကို မြင်လိုက်ပြီဆိုတာနဲ့ စိတ် က လူလို့သိရုံပဲ သိတတ်တာပါ။ တပ်မက်စရာတစ်ခုကို တွေ့အောင်ရှာပြီး နှစ်သက်စွဲလမ်းသွားတယ်ဆိုတာ လောဘ စေတသိက်နဲ့ ပေါင်းမိသွားလို့ပါ။

တစ်ခါမုန်းစရာတစ်ကွက်ကွက်ကို တွေ့အောင်ရှာပြီး အမျက်ထွက်တယ်ဆိုတာ ဒေါသစေတသိက်နဲ့ ပေါင်းမိသွား



လို့ပါ။ ဒါက မကောင်းတဲ့ စေတသိက်က စိတ်ကို ခြယ်လှယ် ပြီး အရောင်ဆိုးပေးပုံကို ပြတာပါ။ တစ်ခါကောင်းတဲ့ စေတ သိက်ကျတော့လည်း ကြည့်ပါဦး။ သံဃာတစ်ပါးကို တွေ့ လိုက်ရပြီဆိုရင် စိတ်က သံဃာကို သိရုံပဲ သိတတ်တာပါ။

မကြည်ညိုတတ်ပါဘူး။ သဒ္ဓါဆိုတဲ့ စေတသိက်နဲ့ ပေါင်းမိတဲ့အခါကျမှ ကြည်ညိုတတ်၊ လျှဒါန်းတတ်၊ ကိုးကွယ် တတ်သွားတာပါ။ ဒါကြောင့် စေတသိက်ဟာလည်း တကယ် ရှိတဲ့တရားပါ။ အအေးအပူစတဲ့ ဆန့်ကျင်ဘက်အကြောင်း တွေကြောင့် ဖောက်ပြန်တတ်တဲ့ သဘောတရားကို ရုပ်လို့ ခေါ်ပါတယ်။ လောလောဆယ် အကြမ်းဖျင်းအားဖြင့် စိတ်၊ စေတသိက်ဆိုတဲ့ နာမ်တရားမှတစ်ပါးသော လူ့အသွေး၊ အသား၊ အရိုးတွေ။

တော၊ တောင်၊ သစ်ပင်၊ အိမ်၊ ကျောင်း၊ တုံးတိုင် စတာတွေကို ရုပ်တရားလို့ပဲ မှတ်ထားပါဦး။ ရုပ်ကို ပရမတ် ဆိုက်တဲ့ အထိ သိအောင်ကတော့ တဖြည်းဖြည်း ရှင်းပေးပါ့ မယ်။ ဒီတော့ စိတ်၊ စေတသိက်ဆိုတဲ့ နာမ်တရားက တစ်ပုံ ရုပ်တရားက တစ်ပုံလို့ ပရမတ် ၃ ပါးက နှစ်ပုံဖြစ်သွားတယ်။ ၃၁ ဘုံသားတွေကို ဉာဏ်မျက်စိအစုဖြစ်တဲ့ ရုပ်နာမ်နှစ်ပါးနဲ့ ခွဲကြည့်ကြရမယ်။

အပါယ်လေးဘုံက သတ္တဝါတွေ၊ လူ့ဘုံကလူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေအားလုံးရဲ့ သန္တာန်မှာရှိတဲ့ စိတ်၊ စေ တသိက်ဆိုတဲ့ နာမ်တရားတွေကို သီးသန့်ထုတ်ပြီး တစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ပုံရမယ်။ နာမ်တရားမရှိတော့တဲ့ ၃၁ ဘုံသားတွေရဲ့ ဥတုဇ ရုပ်အလောင်းတွေကို တစ်ပုံပုံရမယ်။ နာမ်က တစ်ပုံ၊ ရုပ်က တစ်ပုံပေါ့။

တစ်ခါ ဥတုဇရုပ်ချင်းတူတဲ့ အိမ်တွေ၊ ကျောင်းတွေ၊ တောတွေ၊ တောင်တွေ၊ တုံးတွေ၊ တိုင်တွေကိုတော့ ရုပ်အလောင်းတွေနဲ့ အကုန်ပေါင်းပစ်လိုက်ရမယ်။ တစ်လောကလုံးမှာရှိနေတဲ့ အသက်ကင်းတဲ့အရာဝတ္ထုမှန်သမျှ မြေတွေ၊ ရေတွေပါမကျန် ပေါင်းထည့်ရမယ်။ ဒီတော့ ငရဲသားတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသုရကာယ်တွေ၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေသန္တာန်က နတ်ယူထားတဲ့ သိတတ်တဲ့ နာမ်တရားကတစ်ပုံ၊ ကျန်တဲ့ ဥတုဇရုပ်အလောင်းတွေနဲ့တကွ တော၊ တောင်၊ ရေ၊ မြေတွေကတစ်ပုံလို့ နှစ်ပုံဖြစ်သွားမယ်။ အတွေးအခေါ်ဉာဏ်လေးနဲ့ မြင်အောင်ကြည့်လိုက်စမ်းပါ။ အဲဒီလိုပုံကြည့်လိုက်ရင် တစ်လောကလုံးဟာ ရုပ်နဲ့နာမ်မှ တစ်ပါး တခြား ဘာမှမရှိတော့ပါဘူး။

အပါယ်ဘုံသားဆိုတာ မရှိတော့ဘူး။ ရုပ်နဲ့နာမ်ပဲ ရှိတယ်။ လူဆိုတာ မရှိတော့ဘူး။ ရုပ်နဲ့နာမ်ပဲ ရှိတယ်။ နတ်ဆိုတာ မရှိတော့ဘူး။ ရုပ်နဲ့နာမ်ပဲရှိတယ်။ ဗြဟ္မာဆိုတာ မရှိတော့ဘူး။ ရုပ်နဲ့နာမ်ပဲရှိတယ်။ ဥပမာအားဖြင့် ရွှံ့ကို လူရုပ်၊ နတ်ရုပ်၊ ခွေးရုပ်၊ နွားရုပ်လုပ်ထားပေမယ့် ပုံသဏ္ဌာန်ပညတ်တွေကို ဉာဏ်နဲ့ ခြေဖျက်ကြည့်လိုက်တဲ့အခါ ရွှံ့ဟာ ရွှံ့ချည်းပဲဖြစ်သလို ကံဇာတ်ဆရာကြီးကနေ ရုပ်နာမ်နှစ်ပါးကို



အပါယ်ဘုံသားသဏ္ဌာန်၊ လူသဏ္ဌာန်၊ နတ်သဏ္ဌာန်၊ ဗြဟ္မာသဏ္ဌာန်ဖြစ်အောင် လုပ်ထားတယ်။ ဝိပဿနာဉာဏ်အမြင်မရှိတဲ့သူတွေအတွက် အပါယ်ဘုံသားတွေ၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကို တကယ့် အရှိတရားတွေလို့ ယူဆကြပေမယ့် ဝိပဿနာဉာဏ်အမြင်ရှိတဲ့သူတွေကတော့ ရုပ်နဲ့နာမ်ပဲ ရှိတယ်ဆိုတာကို ပြတ်ပြတ်သားသား သိသွားတယ်။

လူဆိုတာမှမရှိရင် ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်၊ လိပ်ပြာ၊ ငါ သူတစ်ပါးဆိုတာတွေဟာ ဘယ်မှာရှိတော့မှာလဲ။ တကယ်တော့ ငါတို့ဟာ မရှိတဲ့တရားတွေကို အရှိထင်ပြီး အယူမှားခဲ့တာဟာ အနမတဂ္ဂ ဘဝသံသရာကတည်းကစခဲ့ကြတာ အခုဘဝတိုင်အောင်ပဲ တကယ်တော့ (၃၁)ဘုံလောကကြီးတစ်ခုလုံးမှာ ရုပ်နာမ်ပဲရှိတာပါလားလို့ ယောဂီတို့ အသိဉာဏ်မှာ ပြတ်ပြတ်သားသား ဖြစ်သွားပြီဆိုရင် အပေါ်ဆုံးက အကြမ်းစားဒိဋ္ဌိအယူမှားကြီး နည်းနည်းကွာသွားပါပြီ။

ဒီတော့ ယောဂီတို့ဟာ တကယ့်အရှိတရားဖြစ်တဲ့ ရုပ်၊ နာမ်ဆိုတဲ့ ပရမတ်တရားကို စွဲစွဲမြဲမြဲ လက်ကိုင်ထားလိုက်ပါ။ အရှိတရားကို သိသွားရင် မရှိတဲ့တရားတွေကိုလည်း သိနိုင်သွားပြီ။ ဘယ်လိုသိနိုင်မလဲဆိုတော့ ဥပမာအားဖြင့် ငှက်ဆိုပါတော့ ဒီငှက်ဟာ ရှိတဲ့တရားလား၊ မရှိတဲ့တရားလား သိချင်ရင် စိတ်စေတသိက်ရုပ်၊ တစ်နည်း ရုပ်နာမ်ဆိုတဲ့ ပရမတ်တရားထဲ ပါ,မပါ တိုက်ကြည့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြည့်လိုက်တော့ ငှက်ဆိုတာ ရုပ်နာမ်ဆိုတဲ့ ပရမတ်တရားထဲမှာ မပါဘူး။ လွယ်လွယ်လေးပါ။ ပရမတ်ထဲမှာမပါတော့ ပညတ်ပေါ့။ ပညတ်ဆိုရင် တကယ်မရှိတဲ့ တရားဆိုတာ ထင်ရှားသွားပြီပေါ့။ လောကမှာ နာမည်ခေါ်လို့ရတဲ့ တရားမှန်သမျှ ရုပ်၊ နာမ်ဆိုတဲ့ ပရမတ်ထဲ ပါ၊မပါ တိုက်ကြည့်လိုက်ရုံပဲ။

ပရမတ်ထဲမပါတဲ့ အရာမှန်သမျှ ပညတ်လို့သာ ဆုံးဖြတ်လိုက်ပါ။ ဘယ်တော့မှ မမှားပါဘူး။ ပရမတ်အကြောင်းတွေကိုချည်း ဒိဋ္ဌိပျောက်အောင် ဟောနေရတော့ ယောဂီတို့ကို တစ်ခုတော့ သတိပေးရဦးမယ်။ တချို့က ဗုဒ္ဓရဲ့ ပရမတ်တရားတွေကို မိမိလိုရာဆွဲပြီး ငရဲကျကြောင်း တရားတွေအဖြစ် အသုံးချတာကို ကြားဖူးလို့ပါ။

ဥပမာအားဖြင့် လောကမှာ ပရမတ်ဉာဏ်မျက်စိနဲ့ ကြည့်လိုက်ရင် ရုပ်နဲ့နာမ်ပဲရှိတယ်။ တခြား ဘာမှမရှိဘူး။ ဒီတော့ အမေ အဖေဆိုတာ လောကကခေါ်ဝေါ်နေတဲ့ ပညတ်တရားတွေပဲ။ တကယ့်အရှိတရားမဟုတ်ဘူးဆိုပြီး မိဘကို ကျေးဇူးကန်းမယ်၊ စော်ကားမယ်ဆိုရင် အဝီစိငရဲ ဆင်းဖို့ပဲ ရှိပါတယ်။

ဒီလိုလူတွေဟာ ပရမတ်တရားအမြင်မှန်ကို ဗုဒ္ဓဘာ့ကြောင့်ဟောရသလဲဆိုတဲ့ အဓိပ္ပာယ်ကို သေချာမသိကြလို့ပေါ့။ လောဘ၊ ဒေါသ စတဲ့ ကိလေသာတရားဆယ်ပါးဟာ လူ၊ ယောက်ျား၊ မိန်းမ၊ သူ၊ ငါဆိုတဲ့ ပညတ်ကိုမှီပြီး ဖြစ်ရတာပါ။ အဲဒီပညတ်အမြင်တွေပျောက်မှ ကိလေသာတွေ ပျောက်မှာပါ။ ပညတ်အမြင်တွေ ပျောက်အောင် ပရမတ်နဲ့ ဖောက်ရပါတယ်။



လိုရင်းကတော့ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေမဖြစ်ဖို့ ချုပ်ငြိမ်းဖို့အတွက် ပရမတ်တရားကို နာကြားအားထုတ်ရခြင်းပါ။ တလွဲတခြား အသုံးချဖို့ မဟုတ်ပါဘူး။ လောကက အမှန်လို့ သတ်မှတ်ထားတဲ့ သမုတိသစ္စာအတိုင်း ခေါ်ဝေါ်ပြောဆိုသုံးနှုန်းရမှာပါ။ အဘိုး၊ အဘွား၊ မိဘ၊ ဆရာများကို ရိုသေလေးစားပူဇော်လုပ်ကျွေးကြရမှာပါ။

အသုံးအနှုန်းအနေနဲ့ကတော့ ဘုရားရှင်ကိုယ်တိုင် ငါတို့ သင်တို့ဆိုတာတွေ သုံးနှုန်းပြောဆိုရတာပါပဲ။ ဒါက ပရမတ်ကို အသုံးချမှားမှာစိုးလို့ သတိပေးရတာပါ။ ရုပ် နာမ် အကြောင်းကို ဆက်ရမယ်ဆိုရင် နာမ်တရားတွေကတော့ ခုဖြစ်၊ ခုပျက်ဆိုတာကို မိမိကိုယ်တိုင် နေ့တိုင်း တွေ့နေရတယ်။ ဒါကြောင့် အနိစ္စ မမြဲဘူးဆိုတာကို လွယ်လွယ်နဲ့ လက်ခံတယ်။

အဖြစ်အပျက်နဲ့ အမြဲတမ်း နှိပ်စက်နေလို့ ဒုက္ခလို့ ခေါ်တယ်ဆိုလည်း လက်ခံနိုင်တယ်။ မမြဲတဲ့အတွက် ဆင်းရဲတဲ့ အတွက် ကိုယ့်အလိုလည်း မလိုက်ဘူး။ အတုံးအလုံးအခဲအနေ နဲ့ ခိုင်မာတဲ့ အနှစ်သာရ အတ္တဆိုတာ မရှိဘူး။ အနတ္တတရား ပဲလို့ ဟောလိုက်ရင်လည်း ချက်ချင်း လက်ခံတယ်။ တကယ်

www.burmeseclassic.com



တော့ အနတ္တမပေါက်ရင် မဂ်ဖိုလ်ကို မရောက်နိုင်ပါဘူး။

အနတ္တတရားဆိုတာလည်း ဘုရားတစ်ဆူပွင့်မှ တစ်ခါသာပေါ်တာပါ။ ယောဂီများအနေနဲ့ နာမ်တရားအပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို လွယ်လွယ်နဲ့ လက်ခံနိုင်ကြပေမယ့် ရုပ်တရားအပေါ်ကျတော့ လက်မခံနိုင်တော့ဘူး။ ဘယ်လက်ခံနိုင်မလဲ ရုပ်တရားကျတော့ ခိုင်မြဲတယ်လို့ ထင်စရာဖြစ်နေတဲ့ ခန္ဓာကောင်ကြီးက ရှိနေတာကိုး။

ရုပ်တရားဟာ မမြဲဘူး။ အနိစ္စဆိုရင် အနုပုထုဇဉ်က ပြန်ငြင်းလိမ့်မယ်။ ဘာဖြစ်လို့ မမြဲရမှာလဲ အမေမွေးပေးလိုက်ကတည်းက ဒီကိုယ်နဲ့ဒီရုပ်၊ အခုလဲ ဒီကိုယ်နဲ့ဒီရုပ်ပဲ တစ်ခါမှပျက်စီးတာ မတွေ့ဘူးလို့ ပြောလိမ့်မယ်။ အနိစ္စမှ လက်မခံရင် ဒုက္ခလည်း လက်မခံတော့ဘူး။

လွယ်ကူတဲ့အနိစ္စနဲ့ဒုက္ခမှ လက်မခံနိုင်ရင် ခိုင်မြဲတဲ့ အနှစ်သာရအတ္တဆိုတာ မရှိဘူး။ အနတ္တဆိုတာကို ပိုလို့တောင် လက်မခံနိုင်တော့တာပေါ့။ မြတ်စွာဘုရားဟောတဲ့ ပရမတ်ရုပ်ခန္ဓာနဲ့ ဥတုဇရုပ်ခန္ဓာကို မကွဲပြားတဲ့အတွက်ကြောင့် ကမ္ဘာ့တန်းဆရာများ အဖြေရကြပ်စေတဲ့ မေးခွန်းတစ်ခု ပေါ်ပေါက်လာခဲ့တယ်။

×××××



## အဖြေရကြပ်တဲ့ ဝိပဿနာမေးခွန်း

မေးခွန်းက မြတ်စွာဘုရားက ရုပက္ခန္ဓာလို့ ခေါ်တဲ့ ရုပ်တရားကြီးဟာ နာမက္ခန္ဓာလေးပါးလိုပဲ အမြဲတမ်း ဖြစ်ပျက်နေတယ်။ အနိစ္စလို့ဟောထားပါတယ်။ ရုပ်တရားဟာ အနိစ္စ-မမြဲတဲ့ တရားအမှန်ပဲဆိုရင် ကျွန်တော့်ပေါင်မှာ အသက် ၂၀ အရွယ်ကတည်းက ထိုးထားတဲ့ ထိုးကွင်းတွေဟာ အခု အသက် ၆၀ ထိ ရောက်နေပြီ။ ပျက်သွားဖို့ကောင်းတာပေါ့။

ပြီးတော့ ရုပ်တရားတွေဟာ တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေ ၅၇၀၀ ကျော်ပျက်နေတယ်လို့ ဘုရားက ဟောထားတယ်တဲ့။ အဲဒီအတိုင်းသာမှန်ရင် ထိုးကွင်းမင်ကြောင်တွေဟာ ထိုးပြီးပြီးချင်းတောင် ပျက်သွားသင့်တယ်။ အခုတော့ အနှစ် ၄၀ ကျော်ရှိတာတောင် ပျက်မသွားဘူး ဆိုတာ ဘယ်လိုသဘောလဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပရမတ်ရုပ်တရားဆိုတာ အတုံးလည်းမရှိဘူး။ အလုံးလည်းမရှိဘူး။ အခဲလည်းမရှိဘူး။ အရည်လည်းမရှိဘူး။ အဖတ်လည်းမရှိဘူး။ အမှုန်လည်းမရှိဘူး။ အမွှားလည်းမရှိဘူး။ သဘောတရားသက်သက်လေးသာ ရှိတယ်လို့ ယောဂီတို့ဉာဏ်မှာ ရှင်းရှင်းလင်းလင်းသိမထားရင် စောစောက မေးခွန်းကို ဘယ်လောက်ရှည်လျားအောင် ဖြေဖြေ အဓိပ္ပာယ်ရှင်းမှာ မဟုတ်ပါဘူး။

ဒီမေးခွန်းမေးတဲ့သူကိုယ်တိုင်ကိုက ပရမတ်ရုပ်ခန္ဓာနဲ့ ဥတုဇရုပ်ခန္ဓာကို ကွဲကွဲပြားပြားမသိတဲ့သူပါ။ ဒါကြောင့် ပရမတ်ရုပ်တရားဆိုတာ သဘောတရားမျှသာ ရှိတာပါလား လို့ ယောဂီတို့ ဉာဏ်မှာ ပြတ်ပြတ်သားသား သိသွားရင် စောစောကမေးခွန်းဟာ အလိုလို အဖြေရပြီးသား ဖြစ်သွားမှာပေါ့။ ဒါကြောင့် ရုပ်တရားကို ပညတ်ကင်းစင်ပြီး ပရမတ်ပေါက်အောင် ကြိုးစားပြီး နာကြားကြပါ။

ပရမတ်ပေါက်အောင်ဟောပြီးတာနဲ့ ဉာဏ်နုသူများအတွက်တော့ အကျဉ်းချုပ်အဖြေထုတ်ပြပါ့မယ်။ ရုပ်ဓာတ် ၂၈ ပါးရှိပေမယ့် ဝိပဿနာတရားပွားများတတ်ဖို့ တရားရဖို့အတွက် အကုန်လုံး သိစရာမလိုပါဘူး။ အဝိနိဗ္ဘောဂရုပ် ၈ ပါးလောက် သိတယ်ဆိုရင်ပဲ လုံလောက်ပါပြီ။

×××××



## ခွဲခြား၍မရကောင်းသော ရုပ်များ

အဝိနိဗ္ဘောဂဆိုတာ မြန်မာပြန်ရင် ခွဲခြား၍မရကောင်းသောရုပ်လို့ ဖြစ်တယ်။ ဒီရုပ်ဓာတ် ၈ ပါးဟာ နေရာတကာမှာရှိတယ်။ သက်ရှိမှာလည်းရှိတယ်။ သက်မဲ့မှာလည်းရှိတယ်။ ရှိတဲ့အခါမှာလည်း တစ်ပါးစီ နှစ်ပါးစီ ဒီလိုခွဲပြီးရှိတာမဟုတ်ဘူး။ ၈ ပါးလုံးပဲရှိတယ်။

ဒါကြောင့် ခွဲခြားလို့မရတဲ့ ရုပ်လို့ နာမည်ပေးထားတာပါ။ အဲဒီရုပ်တွေက

(၁) ပထဝီဓာတ် = မာသောသဘောတရားနဲ့ ပျော့သောသဘောတရား

(၂) အာပေါဓာတ် = ယိုစီးခြင်းသဘောတရားနဲ့ ဖွဲ့စည်းခြင်းသဘောတရား

(၃) တေဇောဓာတ် = ရင့်ကျက်ခြင်းနဲ့ ပူခြင်း၊ အေးခြင်းသဘောတရား

(၄) ဝါယောဓာတ် = လှုပ်ရှားခြင်းသဘောတရားနဲ့ ထောက်ကန်ခြင်းသဘောတရား

www.burmeseclassic.com



(၅) ဝဏ္ဏဓာတ် = စက္ခုပသာဒဖြင့် မြင်၍ရသော အဆင်းအမျိုးမျိုး

(၆) ဂန္ဓဓာတ် = ဃာနပသာဒဖြင့် နံ၍ရသော အနံ့အမျိုးမျိုး

(၇) ရသဓာတ် = ဇိဝှာပသာဒဖြင့် စား၍ရသော အရသာအမျိုးမျိုး

(၈) ဩဇာဓာတ် = စားလိုက်သော အစားအစာမှ အဆီအနှစ်အစေးဖြစ်ကာ ရုပ်ခန္ဓာကို အရှည် တည်တံ့စေသော သဘောတရား။

အဲဒီရုပ်ဓာတ် ၈ ပါးထဲမှာလည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးကို မဟာဘုတ် လေးပါးလို့လည်း ခေါ်ပါသေးတယ်။ ရုပ်ဓာတ် ၂၈ ပါးအနက် က အဲဒီလေးပါးဟာ အမိခံရုပ်ဖြစ်ပါတယ်။ ကျန်တဲ့ ၂၄ ပါး သော ရုပ်တွေကတော့ မဟာဘုတ်လေးပါးကိုမှီပြီး ဖြစ်ရလို့ ဥပါဒါရုပ်လို့ ခေါ်ပါတယ်။ တရားရဖို့အတွက် အများကြီး သိဖို့မလိုပါဘူး။

မဟာဘုတ်လေးပါးထဲက တစ်ပါးလောက်ကိုပဲ ပညတ် အတုံး အလုံး အခဲ ကင်းပြီး သဘောတရားသာရှိတယ်လို့ ဉာဏ်အမြင်မှာ လင်းသွားရင် ယောဂီအတွက် ကိစ္စပြီးပါပြီ။ ဒီအကြောင်းကို မူလပဏ္ဏာသ အဋ္ဌကထာမှာ အားရစရာ ဖွင့်ပြထားတာက

×××××



## ရုပ်ဓာတ်တစ်ပါး ဆင်ခြင်နိဗ္ဗာန်ဝင်

စတုန္နံ ဓာတူနံ ကေဒေသ မေဝ သမ္မသိတ္ဝာ
နိဗ္ဗာနံ ပါပုဏန္တိတဲ့

အဓိပ္ပာယ်က မဟာဘုတ်ဓာတ်ကြီးလေးပါးထဲက တစ် ပါးလောက်ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ ကင်းအောင်၊ အတုံးအလုံး အခဲ အရှည်အဖတ်၊ အမှုန် အမွှားကင်းအောင် သဘောတရားဆိုက်သွားအောင် သုံးသပ် ဆင်ခြင်ပွားများနိုင်မယ်ဆိုရင် နိဗ္ဗာန်ကို ရောက်နိုင်ပါတယ် တဲ့။

မဂ်ဖိုလ်ကို ရနိုင်ပါတယ်တဲ့။ ဒီတော့ ယောဂီတို့အနေနဲ့ အဲဒီဓာတ်ကြီးလေးပါးထဲက ပထဝီဓာတ်ကြီးတစ်လုံးကိုပဲ ပရမတ်ဆိုက်သွားအောင် အကျယ်နာကြားကြမယ်။ ကျန်တဲ့ ဓာတ်တွေတော့ အကျဉ်းလောက်ပဲ နာကြတာပေါ့။ ပထဝီ ဓာတ်တစ်လုံး ရှင်းလင်းသဘောပေါက်သွားရင် ကျန်တဲ့ ရုပ်ဓာတ်တွေ အလိုလို သဘောပေါက်ပါတယ်။

www.burmeseclassic.com



ဒါကို လယ်တီဆရာတော်ဘုရားကြီး ဥပမာပေးထားတာက တောဝက်ကို မမြင်ဘူးတဲ့သူတစ်ယောက်ကို မြင်ဖူးစေဖို့အတွက် မုဆိုးတစ်ယောက်က တောထဲကို ခေါ်လာခဲ့တယ်။ တောထဲရောက်တဲ့အခါ တောဝက်အုပ် တစ်အုပ်ကို တွေ့တော့ တစ်ကောင်ကို သေချာချိန်ပြီး ပစ်လိုက်တယ်။ မှန်သွားတဲ့ဝက်က လဲကျသေကျန်ခဲ့ပြီး ကျန်တဲ့ ဝက်တွေက အကုန်ထွက်ပြေးသွားကြတယ်။ ဒီအခါမှာ တောဝက်ကို မမြင်ဘူးတဲ့သူဟာ သေနေတဲ့ တောဝက်ကို လှန်လှောပြီး သေချာကြည့်တယ်။

သေနေတဲ့တောဝက်တစ်ကောင်ကို သေချာကြည့်ရုံနဲ့ ကျန်တဲ့တောဝက်တွေလည်း ဒီအတိုင်းပါပဲလားဆိုတာ တစ်ခါတည်း သိသွားတယ်။ ထွက်ပြေးသွားတဲ့ တောဝက်တွေကို အကုန်လိုက်ကြည့်စရာ မလိုတော့ပါဘူးတဲ့။ ဒီဥပမာအတိုင်းပဲ ယောဂီများလည်း ပထဝီဓာတ်တစ်လုံးကို ပညတ်ကင်းအောင် သိသွားပြီဆိုရင် ကျန်တဲ့ ရုပ်ဓာတ် ၂၇ ပါးလုံးကို အလိုလို သိသွားပါလိမ့်မယ်။

×××××



## ပထဝီဓာတ်ရဲ့သဘော

ယောဂီတို့ရဲ့အနေနဲ့ အရင်တုန်းက ပထဝီဓာတ်ကို ဘယ်လိုသိထားကြသလဲဆိုရင် မြေကြီးလို့ပဲ သိထားကြတယ်။ ဒိဋ္ဌိပြုတ်ဖို့ မဂ်ဉာဏ်ရဖို့အတွက် အဲဒီအသိလောက်နဲ့ မလုံလောက်သေးပါဘူး။ ရှေ့ဆက်သိထားရမှာက ဟောဒီအောက်က မဟာပထဝီမြေကြီးဟာ သူ့အပေါ်မှာရှိနေတဲ့ သက်ရှိသက်မဲ့အားလုံးရဲ့ တည်ရာမှီရာဖြစ်သလို ဒီပထဝီဓာတ်ဟာလည်း ကျန်တဲ့ ရုပ်ဓာတ် ၂၇ ပါးရဲ့ တည်ရာမှီရာဖြစ်ပါတယ်။

အဲဒီလို အမှီခံရတာချင်းတူတဲ့အတွက်ကြောင့် ပထဝီဆိုတဲ့ အမည်ကို ရတာပါ။ အဲဒီပထဝီဓာတ်ကိုသိဖို့အတွက် ဗုဒ္ဓက လက္ခဏာနှစ်ခုပေးထားပါတယ်။ အဲဒါတွေကတော့ ကက္ခဠ - မာတဲ့သဘောနဲ့ မုဒုနူးညံ့ပျော့ပျောင်းတဲ့သဘောပါပဲ။ ပထဝီဓာတ်ကိုသိချင်ရင် တို့ကြည့်၊ ထိကြည့်၊ စမ်းကြည့်ရပါတယ်။ အဲဒီအခါမှာ မာတာလည်း တွေ့ချင်တွေ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ပျော့တာလည်း တွေ့ချင်တွေ့မယ်။ ဘာကိုပဲ တွေ့တွေ့ ပထဝီဓာတ်လို့ သိရပါမယ်။ မာတဲ့သဘော၊ ပျော့တဲ့သဘောဟာ ပထဝီဓာတ်လို့ ပြောလိုက်တော့ ယောဂီတို့က မာခြင်း၊ ပျော့ခြင်းကို ပထဝီဓာတ်လို့ အမှတ် မှားပြန်တယ်။ တကယ်တော့ မာခြင်း၊ ပျော့ခြင်းဟာ ပထဝီဓာတ်မဟုတ်သေးဘူး။ ပထဝီဓာတ်ကို မှတ်ဖို့ လက္ခဏာသာ ဖြစ်တယ်။ ဒီနေရာဟာ သိပ်ခက်ခဲလို့ သမာဓိလေးစိုက်ပြီး နာပါ။

ဒါဆိုရင် ပထဝီဓာတ်က ဘာလဲဆိုတော့ သဘောတရားလေးပဲတဲ့။ ရုပ်ဓာတ်၊ နာမ်ဓာတ် ဓာတ်တရားမှန်သမျှဟာ အလုံးအခဲ အမှုန်အမွှား ဘာမှမရှိပါဘူး။ သဘောတရားချည်းပါပဲ။ ဒီတော့ မာတဲ့သဘောတရား၊ ပျော့တဲ့သဘောတရားကို ပထဝီဓာတ်လို့ခေါ်ဆိုတဲ့နေရာမှာ မာတဲ့၊ ပျော့တဲ့ဆိုတဲ့ စကားလုံးတွေက ပထဝီဓာတ်ကို မှတ်ဖို့လက္ခဏာတွေပေါ့။ နောက်က သဘောတရားဆိုတာကမှ ပထဝီဓာတ်ပါ။ ဝိပဿနာ ယာနိကနည်းဆိုတာ ပညာကို အဓိကထားတဲ့ ဉာဏ်စခန်း၊ ဉာဏ်လမ်းနည်းဖြစ်လို့ ယောဂီတို့ရဲ့ ဉာဏ်မှာ ပြတ်သားအောင် မသိမခြင်း ရှေ့ကို မတက်ပါဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင်သိတဲ့အထိ ရှင်းလင်းပြောပြဖို့ ဆရာမှာ တာဝန်ရှိပါတယ်။

×××××



## မာတာပျော့တာ ပထဝီမဟုတ်သေး

ဒီတော့ မာခြင်း၊ ပျော့ခြင်းဆိုတဲ့ လက္ခဏာနဲ့ ပထဝီဓာတ်ဟာ တခြားစီဆိုတာသိအောင် ဥပမာ ဆောင်ကြရအောင် သိပ်ခက်တဲ့နေရာဟာ ဥပမာဆောင်မှ နားလည်နိုင်ပါတယ်။ မိန်းကလေးဆယ်ယောက်လောက် စုဝေးထိုင်နေတဲ့ထဲက စပယ်တင်မဲ့မိန်းကလေးကို ခေါ်ခဲ့ပါလို့ နှိုင်းလိုက်တဲ့အခါ အနိုင်းခံရသူဟာ မိန်းကလေး ဆယ်ယောက်ထဲက စပယ်တင်မဲ့ပါတဲ့ မိန်းကလေးကို ရွေးခေါ်လာပါတယ်။

ဒီဥပမာမှာ စပယ်တင်မဲ့ဆိုတာ မိန်းကလေးကို မှတ်သားတဲ့လက္ခဏာပါ။ မိန်းကလေးမဟုတ်ပါဘူး။ မိန်းကလေးက မိန်းကလေးသက်သက်ပါ။ မာတဲ့သဘောတရား၊ ပျော့တဲ့သဘောတရားဟာ ပထဝီဓာတ်ဆိုတဲ့ နေရာမှာလည်း မာတာနဲ့ ပျော့တာဟာ ပထဝီဓာတ်ကိုမှတ်ဖို့ လက္ခဏာပဲ ဖြစ်ပါတယ်။ ပထဝီဓာတ်မဟုတ်ပါဘူး။ သဘောတရားဆိုတာကသာ ပထဝီဓာတ်ပါ။

www.burmeseclassic.com



ဒီလောက်ခက်ခဲ နက်နဲပြီး အသိရခက်တဲ့တရားမျိုးကို ယောဂီတို့ သံသရာတစ်လျှောက်မှာ တစ်ခါမှ မနာဘူးခဲ့ပါဘူး။ ဒါကြောင့်လည်း ဂေါ်ဝါဠ္ဂသဲစုမက ဘုရားအဆူဆူပွင့်ခဲ့ပေမယ့် အခုအချိန်ထိ ပုထုဇဉ်ဘဝက မတက်နိုင်သေးတာပါ။ ဘဝသံသရာတစ်လျှောက်က မနာကြားခဲ့ရတဲ့ တရားကြီး အခုနာကြားနေရပြီ။ တရားအပေါ်မှာ ပြတ်ပြတ်သားသား ဉာဏ်အမြင်ရှင်းပြီး နားလည်တာနဲ့ သံသရာမှာ ထောက်ရာတည်ရာရတော့မယ်လို့ ဆုံးဖြတ်ချက်ချပြီး အားကြိုးမာန်တက် နားမလည် လည်အောင် နာယူကြပါ။

ဒီတော့ တစ်ခါမှ မကြားခဲ့ဘူးတဲ့ သဘောတရားရဲ့ အဓိပ္ပာယ်ကို နားလည်အောင် ဥပမာထပ်ပေးကြရအောင်။ ဦးဖြူဟာ သဘောကောင်းတယ်ဆိုတဲ့ စကားလေးကို ဆန်းစစ်ကြည့်ရအောင်။ ဦးဖြူရဲ့ ကောင်းတဲ့သဘောလေးဟာ အကောင်အထည်မဟုတ်ပါဘူး။ အရည်အဖတ် မဟုတ်ပါဘူး။ အမှုန်အမွှားမဟုတ်ပါဘူး။ ကိုင်ပြ၊ ယူပြနိုင်းလို့လည်း မရနိုင်ပါဘူး။

ဒါဆိုရင် သဘောကောင်းတယ်ဆိုတာ ဘာလဲဆိုတော့ သူတစ်ပါးကို ဖေးမကူညီတာ၊ အနစ်နာခံတာ၊ ကိုယ်ကျိုးစွန့်တာ၊ သူတစ်ပါးကောင်းကျိုး ဆောင်ရွက်တာတွေပါပဲ။ ဒီသဘောတရားအားလုံးကို ပေါင်းပြီးတော့ သဘောကောင်းတယ်လို့ ပြောတာပါ။ ဦးဖြူရဲ့ကောင်းတဲ့သဘောလေးကို ကိုင်ပြလို့ မရနိုင်သလို ပထဝီဓာတ်ရဲ့ မာနေတဲ့သဘောတရား၊ ပျော့နေတဲ့သဘောတရားကိုလည်း ကိုင်ပြလို့ မရနိုင်ပါဘူး။



ဒါက သဘောတရားအဓိပ္ပာယ်ကို အကြမ်းဖျင်း ရှင်းပြတာပါ။ ဒီလောက်နဲ့ ယောဂီတို့ဉာဏ်မှာ မရှင်းလင်းသေးပါဘူး။ နောက်ထပ် ဥပမာတစ်ခုထုတ်ပြီး အသေးစိတ်ရှင်းဦးမှာပါ။ လောလောဆယ် ရုပ်ဓာတ်၊ နာမ်ဓာတ်အားလုံးကို ဉာဏ်မှာငုံမိအောင် ဗုဒ္ဓဖွင့်ပြတဲ့ အဖွင့်သုံးမျိုးကို နာယူကြည့်ရအောင်ပါ။

×××××

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်ရဲ့ အဓိပ္ပာယ်သုံးမျိုး

ဗုဒ္ဓက ဓာတုဝွေဘာနာမ သဘာဝဝွေဘာ = ဓာတ်ဆိုတာ သဘောတရားပဲရှိတယ်လို့ ပထမ ဖွင့်ပြလိုက်ပါတယ်။ ဒါနဲ့တင် ဉာဏ်မှာ မရှင်းလင်းသေးတဲ့သူအတွက် သဘာဝဝွေဘာနာမ သုညတဝွေဘာ = သဘောတရားဆိုတာ အတုံးအလုံး အခဲ အမှုန် အမွှား ဘာမှမရှိတဲ့ သုညတသဘောပါပဲတဲ့။

တစ်ခါ သုညတဝွေဘာနာမနိဿတ္တဝွေဘာ = သုညတဆိုတာ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ အသက်၊ လိပ်ပြာ ဘာမှမရှိတဲ့ သဘောပါပဲတဲ့။ ဒါဆိုရင် ဗုဒ္ဓ ခဏ ခဏ ဟောကြားတော်မူတဲ့ ဓာတ်ရဲ့ အဓိပ္ပာယ်ကိုတော့ တော်တော်သိသွားလောက်ပြီ ထင်ပါတယ်။

တကယ်တော့ အထည်ကိုယ်ဒြပ်ဝတ္ထုအနေနဲ့ မမြင်ရတဲ့ ပရမတ်တရားရှိကြောင်း နားလည်အောင် ဟောဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းပါတယ်။ ဒါကြောင့် ဗုဒ္ဓဟာ



ဘုရားဖြစ်စအချိန်က ငါသိတဲ့တရားတွေက သိမ်မွေ့နက်နဲခက်ခဲတယ်။ လောကီလူသားတွေက ဉာဏ်ပညာနုန့်နေးကြတဲ့အပြင် ကာမဂုဏ်အာရုံတွေထဲမှာပဲ ပျော်ပါးပြီး နေချင်ကြတယ်။

ဒီလိုလူတွေကို နက်နဲခက်ခဲတဲ့ ပရမတ်တရား၊ ဓာတ်တရားတွေ သွားဟောလို့ ငါပင်ပန်းရုံပဲရှိမယ်ဆိုပြီး တရားမဟောတော့ဘူးရယ်လို့ အားလျှော့တော်မူဖူးပါတယ်။ ဒီအခါမှာ သဟမ္ပတိဗြဟ္မာကြီးက မြတ်စွာဘုရား တရားတော်များကို ဟောကြားတော်မူပါ။ မြတ်စွာဘုရားရဲ့ သစ္စာတရားကို နာကြားရလျှင် ပါရမီမရှိသေးဘူးဟာ ပါရမီရှိလာပါမယ်။

ပါရမီအနည်းငယ်မျှရှိသူဟာ ပါရမီပြည့်လာပါမယ်။ ပါရမီပြည့်ပြီးသားပုဂ္ဂိုလ်များကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရကြပါလိမ့်မယ်။ ဒါကြောင့် မြတ်စွာဘုရားတရားတော်များကို ဟောကြားတော်မူပါလို့ လျှောက်ထားတောင်းပန်ခဲ့ပါတယ်။ နာကြားကြတဲ့ပုဂ္ဂိုလ်တိုင်းလည်း ပါရမီမရှိသေးရင်ရှိသွားပါတယ်။ တစ်ဝက်တစ်ပျက်ရှိသူက ပြည့်သွားပါတယ်။ ပြည့်နေတဲ့သူက တရားအဆုံးမှာ မဂ်ဖိုလ်ကို တစ်ခါတည်း ရသွားကြပါတယ်။

အခုလည်း တရားနာတဲ့ ယောဂီများအနေနဲ့ တော်တော်ခက်တဲ့တရားပဲဆိုပြီး စိတ်ပျက်အားလျှော့မသွားကြပါနဲ့။ ကြိုးစားပြီးသာနာကြပါ။ မိမိတို့အတွက် အရှုံးမရှိပါဘူး။ သဟမ္ပတိဗြဟ္မာကြီးပြောသလို ပါရမီမရှိသေးရင် ရှိသွားပါ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ တစ်ဝက်တစ်ပျက်ရှိနေရင် ပြည့်သွားပါမယ်။ ပြည့်ပြီးသားဆိုရင်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် တစ်ခါတည်း ရသွားမှာဖြစ်တဲ့အတွက် နာကြားသူမှာ အရှုံးရယ်လို့ မရှိနိုင်ပါဘူး။

ပရမတ်နဲ့ပညတ်ကို ဉာဏ်အမြင်မှာ ထင်ရှားအောင် ခွဲတော့မယ်ဆိုရင် ပုံသေမှတ်ထားရမယ့်အချက်နှစ်ချက် ရှိပါတယ်။ အဲဒါတွေကတော့ ပရမတ်ဆိုတာ တကယ်ရှိတဲ့တရားဖြစ်တဲ့အတွက် ဖျက်လို့လည်း မပျက်ဘူး။ ဖျောက်လို့လည်း မပျောက်ဘူး။ ပညတ်ကတော့ တကယ်မရှိတဲ့တရားဖြစ်လို့ ဖျက်ရင်လည်း ပျက်တယ်၊ ဖျောက်ရင်လည်း ပျောက်တယ်ဆိုတာပါပဲ။

×××××



## ကြေးဖလားနဲ့ မာတဲ့သဘောတရား

ကဲ မာတဲ့သဘောတရား။ ပျော့တဲ့သဘောတရားဆိုတဲ့ ပရမတ် ပထဝီဓာတ်ကြီးက ထင်ရှားရှိပုံ၊ ပညတ်တရားက တကယ်မရှိပုံကို ယောဂီတို့ရဲ့ ဉာဏ်ထဲမှာ ပြတ်ပြတ်သားသား ရှင်းသွားအောင် အသေးစိတ် ဥပမာပေးပြီး ဟောပေးပါတော့မယ်။ ဟောဒီမှာ ကြေးဖလားလေးကို ကြည့်လိုက်ပါ။

လက်ဝါးပေါ်တင်ပြီး ဒါ ဘာလဲလို့မေးခဲ့ရင် ကြေးဖလားလို့ လူတိုင်းဖြေပါလိမ့်မယ်။ ဒါဟာ ပုံသဏ္ဌာန်ဖြစ်တဲ့ သဏ္ဌာနပညတ်ကိုကြည့်ပြီး ဖြေကြတာပါ။ အဲဒီကြေးဖလားလေးကို လက်နဲ့တို့ကြည့် ထိကြည့်လိုက်တဲ့အခါ မာတဲ့သဘောလေးကို တွေ့ရပါလိမ့်မယ်။ အဲဒါ ပရမတ်စစ်စစ်ဖြစ်တဲ့ ပထဝီဓာတ်ကြီးပါပဲ။

ပရမတ်ဉာဏ်ရင့်ပြီးသား ယောဂီတွေအတွက်တော့ အဲဒီလောက်ပြောလိုက်ရုံနဲ့ ပညတ်ဖြစ်တဲ့ ကြေးဖလားပျောက်သွားပြီး ပရမတ်ဖြစ်တဲ့ မာတဲ့သဘော ပထဝီဓာတ်ကို တန်းမြင်သွားပါတယ်။ ယောဂီတို့ကတော့ ပရမတ်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ခုမှ စနာရတာဆိုတော့ အသေးစိတ်ရှင်းပြမှ ပညတ်ဖြစ်တဲ့ ကြေးဖလားပျောက်ပြီး ပရမတ်ဖြစ်တဲ့ မာတဲ့ သဘော ပထဝီဓာတ်ကို ဉာဏ်ပေါက်မှာဖြစ်ပါတယ်။

ဒီတော့ မေးခွန်းတစ်ခုထုတ်ကြရအောင် ကြေးဖလားကို တို့ထိကြည့်လို့ မာတဲ့သဘော တွေ့ရတာတော့ ဟုတ်ပါပြီ။ အဲသလို မာတာဟာ ဘယ်သူက မာတာလဲ၊ ပရမတ်ဉာဏ်အမြင်မရှိတဲ့ အန္ဓပုထုဇဉ်တွေကတော့ ကြေးဖလားကိုင်ကြည့်၊ ထိကြည့်လို့ မာမှတော့ ကြေးဖလားက မာတာပေါ့ ဘယ်သူက မာရဦးမတုန်းလို့ ဖြေပါလိမ့်မယ်။

ပရမတ်ဉာဏ်အမြင်ရှိတဲ့ စူဠသောတာပန် ပုထုဇဉ်ကတော့ ပထဝီဓာတ်က မာတာလို့ ပြတ်ပြတ်သားသား ဖြေပါလိမ့်မယ်။ ဒီတော့ အဖြေက နှစ်ခုဖြစ်နေတယ်။ မှန်တာကတော့ ပထဝီဓာတ်က မာတာဆိုတဲ့ အဖြေဟာ အမှန်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်သုံးပါးထဲမှာ ကြေးဖလားဆိုတာ ပါမလာဘူး။ ပရမတ်ထဲ မပါရင် ပညတ်ပေါ့။

ပညတ်ဆိုရင် မရှိတဲ့တရားပေါ့။ ဒီတော့ ကိုင်ကြည့်လို့ မာတယ်ဆိုတာဟာ ကြေးဖလားဆိုတဲ့ ပညတ်က မဖြစ်နိုင်တော့ဘူး။ တကယ်ရှိတဲ့ ပထဝီဓာတ်က မာတယ်ဆိုတာပဲ ဖြစ်နိုင်တော့တာပေါ့။ ဒါပေမဲ့ ဒီလိုသဘောတရားနဲ့ ရှင်းပြရုံနဲ့ အန္ဓပုထုဇဉ်က လက်ခံမှာ မဟုတ်ဘူး။ လက်တွေ့ပြမှသာ လက်ခံမှာ။ ဒီတော့ သူလက်ခံအောင် လက်တွေ့ပြကြစို့။



သူ့ကိုတော့ ကြိုပြောထားရမယ်။ အန္ဓပုထုဇဉ် သင်ပြောသလို ကြေးဖလားကသာ မာရိုးမှန်ရင် ကြေးဖလားပျောက်ရင် မာတာပျောက်ရမယ်။ ဒါကိုကော သင် လက်ခံသလားဆိုတော့ လက်ခံပါတယ်တဲ့။ ဒါဆိုရင် အဲဒီကြေးဖလားလေးကို ပေပေါ်တင်ပြီး ပြားသွားအောင် ထုလိုက်ပါ။ ထုပြီးတာနဲ့ ကြေးဖလားဘဝကနေ ကြေးပြားဘဝရောက်သွားပါပြီ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ပညတ်ပျောက်ပုံ၊ ပရမတ်မပျောက်ပုံ

အဲဒါပညတ်ရဲ့ သဘောလက္ခဏာပဲ။ ကြေးဖလားဆိုတာ အရင်ကတည်းက တကယ်မရှိတဲ့ ပညတ်တရားဆိုတော့ ပျောက်လို့လည်း ပျောက်တယ်။ ဖျက်လို့လည်း ပျက်တယ်ပေါ့။ သမာဓိကောင်းကောင်းထားပြီး အာရုံပြုနေပါ။ အရေးကြီးတဲ့နေရာကို ရောက်နေလို့ပါ။ အခုဆိုကြည့်စမ်း ကြေးဖလားဆိုတဲ့ ပညတ်ကနေ ကြေးပြားဆိုတဲ့ပညတ်ကို ပြောင်းသွားပြီ။

ကြေးဖလားဆိုတဲ့ ပညတ်မရှိတော့ဘူးဆိုတာကို သေချာ အာရုံပြုထားပါ။ တစ်ခါ အဲဒီကြေးပြားကို ထိကြည့်၊ ကိုင်ကြည့်လိုက်စမ်းပါ။ မာတဲ့သဘောကိုပဲ တွေ့ရပါလိမ့်မယ်။ ဒီတော့ ကြေးဖလားဆိုတဲ့ ပညတ်ကသာ ပျောက်သွားတယ်။ မာတဲ့သဘောဆိုတဲ့ ပရမတ် ပထဝီဓာတ်ကြီးကတော့ မပျောက်ပါဘူး။



ဒါကို ထောက်သောအားဖြင့် အန္တပုထုဇဉ်ထင်ခဲ့သလို ကြေးဖလားက မာတာမဟုတ်ဘဲ ပထဝီဓာတ်က မာတာဆိုတာ သေချာသွားပါပြီ။ ဒါကြောင့် တကယ့်အရှိဖြစ်တဲ့ ပရမတ်တရားဟာ ဖျောက်တိုင်းလည်း မပျောက်ဘူး။ ဖျက်တိုင်းလည်း မပျက်ဘူးလို့ ဗုဒ္ဓက ဟောခဲ့တာပါ။ ဒါဆိုရင် ယောဂီတို့ ဉာဏ်ထဲမှာ ပညတ်နဲ့ ပရမတ်ကို ခွဲခွဲခြားခြား သိသွားရမယ်။

ကြေးဖလားဆိုတဲ့ပညတ်က သက်သက်၊ မာတဲ့သဘောဆိုတဲ့ ပထဝီဓာတ်ကသက်သက် တခြားစီပဲ။ တစ်ခါ ကြေးပြားဆိုတဲ့ ပညတ်က သက်သက်၊ မာတဲ့သဘောဆိုတဲ့ ပထဝီဓာတ်ကသက်သက်ပါ ရောမသွားပါစေနဲ့။ ကြေးဖလားတို့ ကြေးပြားတို့ဆိုတဲ့ ပညတ်တွေနဲ့ ဖုံးထားတဲ့ ပရမတ်ကို ဉာဏ်ပညာနဲ့ မမြင်မြင်အောင် ပြနေတာပါ။

အန္တပုထုဇဉ်ကတော့ ဆက်ငြင်းနေဦးမှာပါ။ ကြေးပြားကို စမ်းကြည့်လို့မာရင် ကြေးပြားကပဲ မာမှာပေါ့။ တခြားက ဘာလာပြီး မာစရာလိုသေးလဲတဲ့။ ဒီတော့ အရင်စကားနဲ့ပဲ ပြန်ချေပရမယ့် ကြေးပြားက မာရိုးမှန်ရင် ကြေးပြားပျောက်ရင် မာတာပျောက်ရမယ်လို့ပြောပြီး အဲဒီကြေးပြားကို တစ်စစီ ဖြတ်တောက်ပြီး လုံထဲထည့်ကျိုလိုက်ပါ။

အရည်ဖြစ်သွားတဲ့အခါ သစ်ချောင်းသဏ္ဌာန် ပုံစံခွက်ထဲ လောင်းထည့်လိုက်တာနဲ့ အေးပြီဆိုရင် ကြေးချောင်းလေးဖြစ်သွားတာပါပဲ။ ဒီတော့ ကြေးပြားဆိုတဲ့ ပညတ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



ကြေးချောင်းဆိုတဲ့ ပညတ်ကို ပြောင်းသွားပြန်ပြီ။ ကြေးပြားဆိုတဲ့ ပညတ်ကတော့ တစ်ခါတည်းပျောက်သွားပြီ။

အဲဒီ ကြေးချောင်းလေးကို ကိုင်ကြည့်ထိကြည့်တဲ့အခါ မာတဲ့သဘောကတော့ တွေ့နေရတာပဲ။ ကြေးပြားပျောက်သွားပေမယ့် မာတဲ့သဘောပျောက်မသွားတာကို ထောက်သောအားဖြင့် ကြေးပြားဆိုတဲ့ ပညတ်က မာတာမဟုတ်ဘဲ ပထဝီဓာတ်ဆိုတဲ့ ပရမတ်တရားကြီးက မာတာဆိုတာ သေချာသွားပါပြီ။

မာတဲ့သဘောတရားဟာ တကယ်ရှိတဲ့ ပရမတ်တရားဆိုတော့ ဘယ်လောက်ဖျက်ဖျက် မပျက်ပါဘူး။ ဘယ်လောက် ဖျောက်ဖျောက် မပျောက်ပါဘူး။ ကြေးချောင်းကို စမ်းကြည့်လို့ မာတဲ့သဘောကိုတွေ့တဲ့အခါ ယောဂီတို့ ဉာဏ်မှာ ရှင်းနေရမှာက ကြေးချောင်းဆိုတဲ့ ပညတ်က တခြား မာတဲ့သဘောက တခြား မာတဲ့သဘောက ပရမတ်ပထဝီဓာတ်၊ ကြေးချောင်းက အမည်ပေးထားတဲ့ပညတ်။

ဒီတော့ အစကပြောခဲ့သလို မာတဲ့သဘောတရားလေးကသာ ပထဝီဓာတ်ဆိုတော့ ကြေးချောင်းဆိုတဲ့ ပညတ်အောက်မှာရှိနေတဲ့ မာတဲ့သဘောတရား ပထဝီဓာတ်လေးကို ထုတ်ပြ၊ ကိုင်ပြလို့ မရပါဘူး။ အခုလို လက်တွေ့သဘာဝနဲ့ တိုက်ပြီးတော့ပဲ ပြလို့ရပါတယ်။

အန္ဓပုထုဇဉ်က ဒါလဲပဲ ကြေးချောင်းက မာတာပါလို့ ဆက်ငြင်းနေမယ်ဆိုရင် အဲဒီကြေးချောင်းကို အစိတ်စိတ်



အမှုန့်မှုန့်ဖြစ်အောင်လုပ် လုံထဲထည့်၊ စပ်သင့်တဲ့ဓာတ်စပ်ပြီး ပြာဖြစ်တဲ့အထိ ဖိုထိုးပစ်လိုက်ပါ။ ပြာဖြစ်သွားတာနဲ့ ကြေးချောင်းဆိုတဲ့ ပညတ်က ပျောက်သွားပြန်ပါပြီ။ ပြာဆိုတဲ့ ပညတ်အမည်တစ်မျိုး ပြောင်းသွားပြန်ပြီပေါ့။ အဲဒီပြာကို တို့ကြည့် ထိကြည့်လိုက်တဲ့အခါ နူးညံ့တဲ့သဘော၊ ပျော့တဲ့သဘောလေးကို တွေ့ရလိမ့်မယ်။

ဒါလဲ ပထဝီဓာတ်ပါပဲ။ ဒါကြောင့် ကြေးချောင်းဆိုတဲ့ ပညတ်ကသာ ပျောက်သွားပြီး မာတဲ့သဘော၊ ပျော့တဲ့သဘောလေးက မပျောက်တဲ့အတွက် မာခြင်း၊ ပျော့ခြင်းတို့ဟာ ပထဝီဓာတ်ဆိုတာ ထင်ရှားနေပါပြီ။ နောက်ဆုံး အဲဒီပြာတွေကို မြေထဲမှာ ကျင်းတူးမြှုပ်ထားလိုက်ပြီး လေးငါးနှစ်ရှိမှ သွားဖော်ကြည့်လိုက်ရင် မြေကြီးနဲ့ တစ်သားတည်း ဖြစ်နေတာ တွေ့ရပါလိမ့်မယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ခက်ခဲတဲ့နေရာ ဥပမာသုံး

အဲဒီမြေကြီးတွေကို တို့ကြည့်ထိကြည့်လိုက်ရင် မာတဲ့သဘော၊ ပျော့တဲ့သဘောတစ်ခုခုကတော့ တွေ့ဦးမှာပါပဲ။ ဒါကြောင့် တကယ်ရှိတဲ့ ပရမတ်ပထဝီဓာတ်ဟာ မြေကြီးဖြစ်တဲ့အထိ ရှိနေတုန်းပဲဆိုတာ ထင်ရှားပါတယ်။ အခု ပြောခဲ့တာတွေက ဥပမာနပါ။ ဟောရမယ့်အကြောင်းက ခက်လို့ ဥပမာပေးလိုက်တာပေါ့။ အလွန်ခက်ခဲတဲ့အရာဆိုရင် ဥပမာပေးလိုက်မှ ရှင်းလင်းလွယ်ကူစွာ နာယူသူက နားလည်သွားပါတယ်။

ဒါကြောင့်လည်း ဗုဒ္ဓကိုယ်တိုင် တရားဟောကြားတဲ့အခါ ဥပမာ မျိုးစုံပေးပြီး ဟောကြားလေ့ရှိပါတယ်။ ခန္ဓာငါးပါးဖြစ်ပျက်ရှုခန်းရောက်ရင် ဗုဒ္ဓပေးတဲ့ ဥပမာ ၅ မျိုး နာကြားရဦးမှာပါ။ ဒါကြောင့် အယ်ဒီတာလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်တဲ့ ဆရာကြီး ဦးလေးမြိုင်က ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်က ဗုဒ္ဓပေးထားတဲ့ ဥပမာအားလုံး ထုတ်



နုတ်ပြီး ဗုဒ္ဓ၏ ဥပမာတစ်ထောင်ဆိုတဲ့အမည်နဲ့ စာအုပ်တစ်အုပ်တောင် ရေးထားတာ ရှိပါတယ်။

အခုပေးထားတဲ့ဥပမာကို ယောဂီတို့ရဲ့ ခန္ဓာပေါ် တင်ကြည့်ကြပါစို့။ အခုထိုင်ပြီး တရားနာနေကြတဲ့ ယောဂီတို့ကို လောကကလူလို့ သမုတ်ထားတယ်။ ယောဂီတို့ကိုယ်တိုင်ကလည်း မရေမတွက်နိုင်တဲ့ ဘဝအဆက်ဆက်ကစပြီး အခုဘဝတိုင်အောင် လူလို့ပဲ ယုံကြည်ယူဆလာခဲ့ကြတယ်။ ကမ္ဘာအဆက်ဆက်မှာ ပထမဆုံးဖြစ်လာတဲ့ လူသားကြီးများက အသိဉာဏ်ပညာရှိပြီး ပြောတတ်ဆိုတတ်၊ လုပ်တတ်ကိုင်တတ်၊ ရောင်းတတ်ဝယ်တတ်တဲ့ သတ္တဝါတွေကိုတော့ လူလို့ နာမည်ပေးကြစို့။

အသိဉာဏ်ပညာမရှိ၊ မလုပ်တတ်၊ မကိုင်တတ်၊ မပြောတတ်၊ မဆိုတတ်၊ မရောင်းတတ်၊ မဝယ်တတ် ပေါက်လွှတ်ပဲစားနေတဲ့ သတ္တဝါတွေကိုတော့ တိရစ္ဆာန် သို့မဟုတ် ခွေး၊ ကြက်၊ ဝက် စသည် မှတ်ကြဆိုပြီး နာမည်တပ်ပေးထားခဲ့ကြခြင်းဖြစ်ပါတယ်။ ကြေးဖလားဆိုတဲ့ ပညတ်ဟာ တကယ်စစ်ကြည့်တော့ မရှိသလို လူဆိုတဲ့ပညတ်ဟာလည်း တကယ်စစ်ကြည့်တဲ့အခါ မရှိတာကို တွေ့လာရပါလိမ့်မယ်။

ကိုင်း ယောဂီတို့ရဲ့ ခန္ဓာကိုယ်သုံးလေးနေရာလောက်ကို တို့ကြည့်၊ ထိကြည့်၊ ကိုင်ကြည့်လိုက်ကြစမ်းပါ။ အရိုးလို၊ ခေါင်းလိုနေရာ ထိမိတဲ့အခါ မာတဲ့သဘောလေးကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ အသားများတဲ့နေရာ ကိုင်မိရင် ပျော့တဲ့ နူးညံ့တဲ့သဘောလေးကို တွေ့ရပါလိမ့်မယ်။ ဒီလို မာတာ၊ ပျော့တာဟာ ဘယ်သူက မာတာ ပျော့တာလည်းလို့ မေးခွန်းထုတ်လိုက်ပါ။

ကြေးဖလားနဲ့ ဥပမာပေးပြီး ဟောကြားလိုက်ကတည်းက ပရမတ်ဉာဏ်အမြင်ရှိလာတဲ့ ယောဂီများက ပထဝီဓာတ်က မာတာ၊ ပျော့တာလို့ ပြတ်ပြတ်သားသား ဖြေနိုင်ကြပေမယ့် ပရမတ်ဆိုတာကို ကြားတောင် မကြားဖူးတဲ့ အန္ဓပုထုဇဉ်ကတော့ လူကို စမ်းကြည့်၊ ထိကြည့်လို့ မာမှ ပျော့မှတော့ လူက မာတာပျော့တာပေါ့ ဘယ်သူက မာရပျော့ရဦးမှာတုန်းလို့ ခပ်ထန်ထန် ဖြေပါလိမ့်မယ်။

စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါး။ အဲဒါကို နှစ်ပုံပုံလိုက်တော့ ရုပ်နာမ် ဒီထဲမှာ လူဆိုတာ မပါပါဘူး။ ဒါကြောင့် လူဆိုတာ ပညတ်တရားပဲဖြစ်တယ်။ ပညတ်ဆိုတာမရှိတဲ့တရားလို့ ဉာဏ်အမြင်ရှိတဲ့ တရားသမားတွေက သိကြပေမယ့် အန္ဓပုထုဇဉ်တွေကတော့ မသိနိုင်ပါဘူး။ ဒါကြောင့် သူ့ကိုတော့ ထပ်ရှင်းပေးရပါလိမ့်မယ်။

အန္ဓပုထုဇဉ် သင်ပြောသလို လူကသာ မာရိုး ပျော့ရိုးမှန်ရင် လူပျောက်ရင် မာတာ၊ ပျော့တာ ပျောက်ရမယ့်ဒါကိုတော့ သင် လက်ခံရလိမ့်မယ်။ အဲဒီလိုပြောပြီး လူလို့သတ်မှတ်နာမည်ပေးထားတဲ့ ခန္ဓာကောင်ကြီးတစ်ကောင်



လုံးကို ရောမ ရေတ်ဆုံအကြီးကြီးထဲထည့်ပြီး အရိုးရော၊ အသားရော၊ အသွေးရော ကျေပြီး ပနယ်သွားအောင် ထောင်းပါ။

ဒါမျိုးကျတော့ ဘယ်သူမှ အထောင်းခံရမှာမဟုတ်တဲ့အတွက် ဉာဏ်နဲ့စိတ်ကူးနဲ့ပဲ ထောင်းကြည့်ကြတာပေါ့။ တကယ်ထောင်းကြည့်ရင်လည်း အခုပြောတော့မယ့်အတိုင်းပဲ ဖြစ်လာမှာပါ။ အကုန်ကြေသွားတဲ့အခါ အလုံးကြီးတစ်လုံး ဖြစ်အောင် လုံးလိုက်ပါ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## လူပျောက်အောင် ဖျောက်ပြခြင်း

အဲဒီအသားလုံးကို လမ်းဘေးမှာချထားပြီး လာသမျှ လူတွေကို ဒါဘာလဲလို့ မေးလိုက်ရင် အသားလုံးလို့ချည်းပဲ ဖြေကြမှာပါ။ လူလို့ဖြေမယ့်သူ ရှိမှာ မဟုတ်တော့ပါဘူး။ လူဆိုတဲ့ပညတ်ကြီးပျောက်ပြီး အသားလုံးဆိုတဲ့ ပညတ်ကြီး ရောက်လာပြန်ပါပြီ။ အဲဒီ အသားလုံးကြီးကို တို့ကြည့် ထိ ကြည့်လိုက်တဲ့အခါမှာ မာတဲ့သဘော၊ ပျော့တဲ့သဘော တစ်ခုခုကတော့ တွေ့တာပါပဲ။

အနုပဋ္ဌာန်သူ ထင်မြင်ယူဆခဲ့သလို လူကသာ မာရီး ပျော့ရီးမှန်ရင် လူပျောက်ရင် မာတာ ပျော့တာ ပျောက်ရ မယ်။ အခုတော့ လူဆိုတဲ့ပညတ်ကြီးတော့ ပျောက်သွားပါရဲ့။ မာတဲ့သဘော၊ ပျော့တဲ့ကသဘောလေးကတော့ ပျောက်မသွား ပဲ ရှိမြဲရှိနေတာဖြစ်တဲ့အတွက်ကြောင့် လူက မာတာ ပျော့ တာ မဟုတ်ဘဲ ပထဝီဓာတ်ကသာ မာတာ ပျော့တာပါ။



ဒါလဲပဲ အသားလုံးကြီးက မာတာပျော့တာပါလို့ ဆက် ငြင်းနေမယ်ဆိုရင် အေး . . . အနုပဋ္ဌာန် သင်ပြောသလို အသားလုံးကသာ မာရီးပျော့ရီးမှန်ရင် အသားလုံးပျောက်ရင် မာတာ ပျော့တာ ပျောက်ရမယ်။ ဒါကို သင်မှတ်ထားပါဆိုပြီး အဲဒီအသားလုံးကြီးကို ပြာဖြစ်အောင် မီးရှို့ပစ်လိုက်ပါ။

အဲဒီပြာတွေကို လမ်းဘေးမှာပုံထားပြီး လာသမျှ လူတွေကို ဒါဘာလဲလို့မေးခဲ့ရင် အားလုံးက ပြာလို့ပဲ ဖြေကြ မှာပါ။ အသားလုံးရယ်လို့ ဘယ်သူမှ ဖြေမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အသားလုံးဆိုတဲ့ ပညတ်က ပျောက် သွားပြီကိုး။ အခုဖြစ်သွားပြန်တာက ပြာဆိုတဲ့ပညတ်

အဲဒီပြာကို ကိုင်ကြည့် ထိကြည့်တဲ့အခါ နူးညံ့တဲ့ ပျော့တဲ့ကသဘောလေးကို တွေ့ရပါလိမ့်မယ်။ အနုပဋ္ဌာန် ထင်မြင်ယူဆသလို အသားလုံးကသာ မာရီးပျော့ရီးမှန်ရင် အသားလုံးပျောက်ရင် မာတာပျော့တာ ပျောက်ရမယ်။ အခု တော့ အသားလုံးကြီးပျောက်သွားပေမယ့် နူးညံ့တဲ့ ပျော့တဲ့ သဘောလေး မပျောက်တဲ့အတွက်ကြောင့် အသားလုံးက မာတာပျော့တာမဟုတ်ဘဲ ပထဝီဓာတ်က မာတာပျော့တာ ဆိုတာ ထင်ရှားနေပါပြီ။

နောက်ဆုံးအဲဒီပြာတွေကို မြေကျင်းထဲထည့်ပြီး မြှုပ် ထား လေးငါးနှစ်ရှိမှ သွားဖော်ကြည့်ရင် မြေကြီးနဲ့ တစ်သား တည်းဖြစ်သွားတာ တွေ့ရပါလိမ့်မယ်။ အဲဒီမြေကြီးကိုယူပြီး ကိုင်ကြည့် ထိကြည့်ရင် မာတဲ့သဘော၊ ပျော့တဲ့သဘော

www.burmeseclassic.com



တစ်ခုခုကို တွေ့ဦးမှာပါပဲ။

ဒါကြောင့် ပရမတ်ပထဝီဓာတ်ကြီးဟာ မြေကြီးဖြစ်သွားလည်း ပျောက်မသွားခဲ့ပါဘူး။ ရှိမြဲရှိနေပါတယ်။ ပညတ်နဲ့ ပရမတ်ဟာ ရောစပ်လို့ကို မရပါဘူး။ တခြားစီပါ။ ဥပမာနဲ့ ဥပမေယျ နှစ်ခုစပ်ပြောရင် ပိုတောင် ရှင်းလင်းသွားနိုင်ပါတယ်။ ကြေးဖလားကို ကိုင်ကြည့်တဲ့အခါမှာ ကြေးဖလားဆိုတဲ့ ပညတ်က တခြား မာတဲ့သဘောက တခြားပါ။

ရောလို့မရပါဘူး။ ဒီမှာလည်း လူကို ကိုင်ကြည့်တဲ့အခါမှာ လူဆိုတဲ့ ပညတ်ကတခြား၊ မာတဲ့ပျော့တဲ့သဘောက တခြားပါ။ ရောလို့မရပါဘူး။ ကြေးဖလားက မာတာမဟုတ်သလို၊ မာတာကလည်း ကြေးဖလားမဟုတ်ပါဘူး။ ကြေးဖလားကသာ မာတာဆိုရင် ကြေးဖလားပျောက်ရင် မာတာပျောက်ရမှာပါ။ အခုကြေးဖလားကို ပေပေါ်တင်ထုလိုက်လို့ ကြေးဖလားပျောက်ပြီး ကြေးပြားတော့ဖြစ်သွားပါရဲ့။ မာတာက မပျောက်ပါဘူး။

ဒါကြောင့် ကြေးဖလားက မာတာမဟုတ်တာ သေချာသွားပြီ။ တစ်ခါ မာတာဟာ ကြေးဖလားဆိုတော့ မာတာဟာလည်း ကြေးဖလားမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မာတာသာ ကြေးဖလားလို့ ယူဆလိုက်ရင် မာတဲ့သဘောရှိကြတဲ့ ကျောက်ခဲတွေ၊ သံတုံးတွေဟာ ကြေးဖလားဖြစ်ကုန်ကြတော့မှာပေါ့။ ဒီလိုလည်း မဖြစ်ကောင်းပါဘူး။

ဒါကြောင့် ပညတ်နဲ့မရောဘဲ သတ်သတ်ရှိနေတဲ့



ပရမတ် ပထဝီဓာတ်ကသာ မာတာဆိုတာ ထင်ရှားလှပါတယ်။ ဒါက ဥပမာနကို ထပ်ဆင့်ရှင်းလင်းလိုက်တာပါ။ ကိုင်း ဥပမေယျကိုလည်းထပ်ရှင်းပါဦးမယ်။ စောစောက ပုံစံအတိုင်းပဲ စစ်ကြည့်ရပါမယ်။ လူကို ကိုင်ကြည့်ထိကြည့်တဲ့အခါ မာတဲ့သဘော၊ ပျော့တဲ့သဘောကို တွေ့တယ်။

ဒီလိုတွေ့တဲ့အခါ လူကမာတာ ပျော့တာမဟုတ်သလို မာတာပျော့တာကလည်း လူမဟုတ်ပါဘူး။ လူကသာ မာရိုးပျော့ရိုးမှန်ရင် လူပျောက်ရင် မာတာ ပျော့တာ ပျောက်ရမှာပါ။ အခု လူကို အသားလုံး၊ ပြား၊ မြေကြီးဖြစ်တဲ့အထိ သုံးကြိမ်တိုင်အောင် ပျောက်လိုက်တာ ပျောက်သွားပါတယ်။

ဒါပေမဲ့ မာတဲ့သဘော၊ ပျော့တဲ့သဘောက မပျောက်ပါဘူး။ ဒါကြောင့် လူက မာတာပျော့တာ မဟုတ်တာကတော့ အသေအချာပါ။ တစ်ခါ မာတာ ပျော့တာကလည်း လူမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မာတာပျော့တာသာ လူဆိုရင် ကျောက်ခဲတွေ၊ သံချောင်းတွေ၊ သစ်တုံးတွေဟာ လူဖြစ်ကုန်ကြရတော့မှာပါ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ဘယ်သူက မာတာလဲ

ဒီလိုလဲ မဖြစ်ကောင်းပါဘူး။ ဒါဆိုရင် ဘယ်သူက မာတာလဲဆိုရင် သဘောတရားလို့ဆိုရတဲ့ ပရမတ် ပထဝီဓာတ်ကြီးကသာ မာတာပါ။ ထုတ်ပြ ကိုင်ပြလို့ မရကောင်းလို့ အခုလို အပင်ပန်းခံပြီး ဥပမာအမျိုးမျိုး၊ သဘာဝအမျိုးမျိုးနဲ့ ပြနေရတာပါ။ ဒီတော့ ပထဝီဓာတ်ဆိုတာ မာနေတဲ့ ပျော့နေတဲ့ သဘောတရားလေးပဲလို့ ယောဂီတို့ဉာဏ်ထဲမှာ ရှင်းလင်းသွားရင် လက်တွေ့ဝိပဿနာရှုပွားကြည့်ကြမယ်။

ခန္ဓာကောင်ကြီးရဲ့ အတွင်းရော၊ အပြင်ရော၊ နှစ်ခုလုံးကို ဉာဏ်စိုက်ထားလိုက်ပါ။ အပြင်မှာဆိုရင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ခြေလက်၊ ကိုယ်အင်္ဂါအကုန်လုံးပေါ့။ အတွင်းမှာဆိုရင် အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ် ကစပြီး ၃၂ ကောဋ္ဌာသအကုန်ယူရမှာပေါ့။



အသား၊ အရိုး၊ ကလီစာအားလုံးကို ဉာဏ်နဲ့အကုန် လျှောက်စမ်းကြည့်ပါ။ မာတဲ့သဘော၊ ပျော့တဲ့သဘော တစ်ခုခုကိုတော့ ကေန်မုချတွေ့ရပါလိမ့်မယ်။ ယောဂီတို့ ဉာဏ်ဂလည်းပေးထားတဲ့ ဥပမာကို လက်ကိုင်ပြုပြီး အခုလို ပွားများဆင်ခြင်ကြည့်ရမယ်။ အသွေးတို့၊ အသားတို့၊ အရိုးတို့၊ ကလီစာတို့ဆိုတာ ကြေးဖလားဆိုတဲ့ ပညတ်လို့ တကယ်မရှိတဲ့တရားတွေပါပဲလား။

ခေါ်လို့ရအောင် အမည်တပ်ထားတာပဲရှိတယ်။ တကယ်ရှိနေတာကတော့ မာတဲ့သဘော၊ ပျော့တဲ့သဘော ဆိုတဲ့ ပရမတ် ပထဝီဓာတ်ကလေးပါပဲလား။ ခန္ဓာကိုယ် အတွင်းအပြင် (၃၂) ကောဋ္ဌာသလုံးမှာ မာတဲ့သဘော၊ ပျော့တဲ့သဘောဆိုတဲ့ ပရမတ်ပထဝီဓာတ်ကြီးတစ်ခုသာ တကယ့်အရှိတရားဖြစ်တယ်။

အသွေး၊ အသား၊ အရိုး၊ ကလီစာ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ခြေ၊ လက်၊ ခေါင်း၊ ကိုယ်ဆိုတဲ့ အရာတွေကတော့ မရှိတဲ့ ပညတ်တရားကြီးပဲ တကယ်တော့ အခုထိုင်နေတာကိုက ပထဝီဓာတ်ကြီးထိုင်နေတာပဲ။ လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ၊ ထိုင်နေတာ မဟုတ်ဘူး။

ခန္ဓာကိုယ် (၃၂) ကောဋ္ဌာသလုံးနှံ့အောင် ဉာဏ်မျက်စိနဲ့ဆင်ခြင်ကြည့်လိုက်တော့ လူလည်းမရှိဘူး။ ယောက်ျားလည်းမရှိဘူး၊ မိန်းမလည်းမရှိဘူး၊ ပုဂ္ဂိုလ်လည်းမရှိဘူး၊ သတ္တဝါလည်းမရှိဘူး။ မာတဲ့သဘောတရား၊ ပျော့တဲ့သဘောတရားဆိုတဲ့

www.burmeseclassic.com



ပရမတ် ပထဝီဓာတ်လေးပဲ ရှိတာပါလားလို့ သိမြင်လာပါလိမ့်မယ်။

အဲဒီအမြင်ကမှ မဂ္ဂင်တကယ်ထိုက်တဲ့ သမ္မာဒိဋ္ဌိအမြင်ပဲ ဖြစ်ပါတယ်။ မှန်ကန်ကောင်းမြတ်တဲ့ သာသနာတွင်းအမြင်လို့ဆိုလိုပါတယ်။ လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမရယ်လို့ ထင်မြင်ယူဆနေမယ်ဆိုရင် အဲဒါ မိစ္ဆာဒိဋ္ဌိ = မှားသော အမြင်မှားသော အယူအဆပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မဂ္ဂင် (၈)ပါးကို ဝိဇ္ဇာမဂ္ဂင်၊ စရဏမဂ္ဂင်လို့ နှစ်မျိုးခွဲရပါမယ်။ ယောဂီတွေအများဆုံး နားကြားဖူးကြမှာကတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသည် သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိသည် သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပသည် ပညာမဂ္ဂင်လို့ ခွဲထားတာကိုပဲ ဖြစ်ပါတယ်။

ပိဋကတ်သုံးမျိုးနဲ့ ဟတ်ကြည့်လိုက်ရင် သီလမဂ္ဂင်ဟာ ဝိနည်းပိဋကတ်ရဲ့ အနှစ်ချုပ်ဖြစ်ပါတယ်။ သမာဓိမဂ္ဂင်ဟာ သုတ္တန်ပိဋကတ်ရဲ့ အနှစ်ချုပ်ဖြစ်ပါတယ်။ ပညာမဂ္ဂင်ကတော့ အဘိဓမ္မာပိဋကတ်ရဲ့ အနှစ်ချုပ်ပဲ ဖြစ်ပါတယ်။ ဝိဇ္ဇာမဂ္ဂင်ဆိုတာ သိရမယ့် မဂ္ဂင်လို့ ဆိုလိုပါတယ်။ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပါ။ စရဏမဂ္ဂင်ဆိုတာကတော့ ကျင့်ရမယ့် မဂ္ဂင်လို့ဆိုလိုပါတယ်။ ကျန်မဂ္ဂင် ၆ ပါးပေါ့။

ဒီအသိမဂ္ဂင်နဲ့ အကျင့်မဂ္ဂင်နှစ်မျိုးမှာ အသိမဂ္ဂင်က ပိုပြီး ပဓာနကျပါတယ်။ ကျွဲကူးရေပါ်ဆိုတဲ့စကားပုံအတိုင်း



ဝိဇ္ဇာမဂ္ဂင်ကို သဘောပေါက်နားလည်အောင် နာယူသင်ကြားနေရင်းနဲ့ စရဏမဂ္ဂင်ငါးပါးကိုလည်း အလိုအလျောက် ကျင့်ပြီးသားဖြစ်သွားပါတယ်။ ဒါကြောင့်လည်း တရားအဆုံးမှာ မဂ်ဖိုလ်ကို ရကြတာပါ။

ဗုဒ္ဓလက်ထက်က ပဥ္စဒါယကဂ္ဂ ပုဏ္ဏားအဖြစ်ကို ကြည့်ပါ။ အဦးအဖျား ငါးမျိုးလှူတတ်လို့ ပဥ္စဂ္ဂဒါယကဆိုတဲ့ အမည်ကို ရတာပါ။ တစ်နေ့ သူ ထမင်းစားနေသခိုက်မှာ မြတ်စွာဘုရားက အိမ်ရှေ့မှာ ဆွမ်းရပ်တော်မူပါတယ်။ ပဥ္စဂ္ဂဒါယကပုဏ္ဏားက အိမ်အတွင်းဘက်ကို မျက်နှာမူပြီး ထမင်းစားနေတာဖြစ်တဲ့အတွက် မြတ်စွာဘုရားကို မမြင်ပါဘူး။ လမ်းဘက်မျက်နှာမူပြီး ယပ်ခတ်ပေးနေတဲ့သူ့ရဲ့ဇနီးကတော့ မြတ်စွာဘုရားကို မြင်သွားပါတယ်။

သူ့ယောက်ျား သဒ္ဓါစေတနာ သိပ်ကောင်းမှန်းသိနေတဲ့ ဇနီးသည်က ဘုရားကြွလာတာ သိသွားရင်း ဆွမ်းထလောင်းလိမ့်မယ်။ ဆွမ်းထလောင်းနေရင် ထမင်းစားပျက်သွားလိမ့်မယ်လို့ တွေးမိပြီး မြတ်စွာဘုရား သူ့ယောက်ျား မသိခင် ကျောင်းပြန်အောင် ခေါင်းယမ်းပြလိုက်သတဲ့။ အဓိပ္ပာယ်ကတော့ လှူစရာ ဘာမှမရှိဘူး။ ကြွပေတော့ဆိုတဲ့ သဘောပါပဲ။

ဒီအခါ မြတ်စွာဘုရားကလည်း ပြန်ပြီးခေါင်းယမ်းပြလိုက်တယ်။ ပဥ္စဂ္ဂဒါယကဒကာနဲ့ မတွေ့ရမချင်း မပြန်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ တစ်လောကလုံးရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက ကလေးသူငယ်ဆန်ဆန် သူ့ကိုပြန်ပြီး ခေါင်းယမ်းပြတာမြင်လိုက်ရတော့ ပုဏ္ဏေးမဟာ မအောင့်အီး နိုင်တော့ဘဲ အားရပါးရ ရယ်လိုက်ပါသတဲ့။

ဒီအခါကျတော့မှ ပဉ္စဂ္ဂဒါယကာက ပုဏ္ဏေးမကို မေး ကြည့်ရင်း ဘုရားကြွလာမှန်း သိသွားပါတယ်။ ထမင်း ကလည်း ဦးဦးဖျားဖျား ခူးခပ်ထားတာ မရှိတော့ပါဘူး။ လှူချင်လွန်းအားကြီးတော့ စားဆဲ ထမင်းပန်းကန်ကိုပဲ မ,ယူ သွားပြီး မြတ်စွာဘုရား တပည့်တော်မှာ သီးသန့်ချန်ထားတဲ့ ဆွမ်းမရှိတော့ပါ။ စားဆဲက ကျန်တဲ့ဆွမ်းပဲ ရှိပါတော့တယ်။

လောင်းလှူလို့ရပါသလားဘုရားလို့ လျှောက်ထား လိုက်တော့ ဗုဒ္ဓက ဆွမ်းဦးဖြစ်စေ၊ ဆွမ်းကျန်ဖြစ်စေ၊ လောင်း လှူကောင်းကြောင်း၊ စိတ်စေတနာသာ အဓိကဖြစ်ကြောင်း ရှင်းပြပြီး အလှူခံတော်မူပါတယ်။ အဲဒီ ဆွမ်းလောင်းအပြီး မှာပဲ ပဉ္စဂ္ဂဒါယကဒကာက ဘိက္ခု-ရဟန်းဆိုတဲ့ အဓိပ္ပာယ်ကို မေးတဲ့အတွက် ဘိက္ခုဆိုတာ သံသရာရဲ့ဘေးကို ရှုမြင်တတ် သောကြောင့် ဘိက္ခုခေါ်တယ်လို့ ရှင်းပြရင်း ပရမတ်ရုပ်နာမ် ကို ဒိဋ္ဌိပြုတ်အောင် ဟောကြားပေးပါတယ်။

တရားအဆုံးမှာ ပဉ္စဂ္ဂဒါယကာဟာ သောတာပန်တည် သွားပါတယ်။ မဂ္ဂင်ရှစ်ပါးထဲက ဝိဋ္ဌာမဂ္ဂင်ကို ပြတ်ပြတ် သားသားသိအောင် ဟောကြားပေးလိုက်တာနဲ့ စရဏမဂ္ဂင် ဟာ အလိုလိုပါသွားပြီး မဂ်ဖိုလ်ကို ရသွားခဲ့တာပါ။ ပရိညာ သုံးပါးထဲက ဉာတပရိညာ = ပရမတ်ရုပ်နာမ်ကို သိအောင်



အရင်လုပ်ပါဆိုတဲ့ လမ်းညွှန်ချက်နဲ့ မဂ္ဂင်ရှစ်ပါးထဲက သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ဝိဋ္ဌာမဂ္ဂင်ကို ထိပ်ဆုံးမှာထားပြီး ပြထားတာဟာ သွားပြီး ဟပ်မိနေပါတယ်။

ဒီနေရာမှာ ရုပ်ဓာတ်တစ်လုံးရဲ့ ပရမတ်သဘောကို ပြတ်ပြတ်သားသား သိသွားပြီဖြစ်တဲ့ ယောဂီများကို ရုပ် သက်၊ နာမ်သက်၊ ရုပ်ပျက်၊ နာမ်ပျက်များကို အကျဉ်းချုပ် နားလည်အောင် ပြောပြဖို့လိုလာပါပြီ။ ရုပ်ပျက်နာမ်ပျက်ကို သိထားမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုပွားတဲ့အခါမှာ ပရမတ် ပေါက်ပြီး ထိရောက်မှာ ဖြစ်ပါတယ်။

မြင်စိတ်နာမ်တရားရဲ့အသက်ဟာ ဘယ်လောက်ရှည် ပြီး စက္ခုပသာဒ ရုပ်ရုံဆိုတဲ့ ရုပ်တရားတို့ရဲ့အသက်ဟာ လည်း ဘယ်လောက်ရှည်တုန်းဆို လေ့လာကြည့်ကြရအောင်။ ဒီတစ်ခုသိသွားတာနဲ့ ကျန်တာတွေကိုလည်း နည်းမှီပြီး သိ သွားနိုင်ပါတယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## မြင်သိစိတ်ဖြစ်ရန် အင်္ဂါလေးတန်

စက္ခုဝိညာဉ် မြင်သိစိတ်လေးတစ်ခုဖြစ်ဖို့အတွက် အင်္ဂါလေးချက်တောင် လိုအပ်ပါတယ်။

စက္ခုပသာဒဆိုတဲ့ အကြည်ရုပ်လည်း ရှိနေရမယ်။

အာလောကလို့ခေါ်တဲ့ အပိတ်အပင် အကာအကွယ်ကလည်း လွတ်ကင်းရပါမယ်။ ဒီနေရာမှာ တချို့ကတော့ အလင်းရောင်လို့ ပြောဆိုကြပါတယ်။ ဒါပေမဲ့ အလင်းရောင် ကောင်းကောင်းရနေတဲ့ နေ့ခင်းအချိန်မှာပဲ ကြည့်နေတဲ့ သူ့ရဲ့ရှေ့က သုံးထပ်သား သစ်ပြားကြီးကို ကာလိုက်မယ်ဆိုရင် ရှေ့မှာ မြင်နေကျ အရာဝတ္ထုတွေ ဘာမှ မမြင်ရတော့ပါဘူး။

ဒါကြောင့် အာလောကဆိုတဲ့နေရာမှာ အကာအကွယ်ကိုပဲ ယူရတာဖြစ်ပါတယ်။ နှစ်မျိုးလုံးယူရင်တော့ ပိုပြီးပြည့်စုံသွားတာပေါ့။ တတိယအင်္ဂါကတော့ ရူပါရုံဆိုတဲ့ မြင်စရာအဆင်းရုပ်လည်း ရှိနေရပါမယ်။ နောက်ဆုံးအချက်ကတော့



မနသိကာရလို့ခေါ်တဲ့ နှလုံးသွင်းခြင်းလည်း ရှိရပါမယ်။ ဒီလေးချက်နဲ့ညီမှသာ မြင်သိစိတ်ဟာ ဖြစ်ရတာပါ။

အရင်တုန်းက ထင်ခဲ့သလို ငါကြည့်ချင်စိတ်ရှိလို့ ကြည့်လိုက်တာနဲ့ မြင်သိစိတ်ဖြစ်တာပဲဆိုတဲ့ အယူအဆဟာ အမှားပါ။ ဒါဟာ အတ္တအယူဝါဒဖြစ်ပါတယ်။ အနတ္တအယူဝါဒအတိုင်း ဒီအင်္ဂါလေးချက်နဲ့ညီရင် မြင်သိစိတ်ဖြစ်မယ်။ ဒီအင်္ဂါလေးချက်ထဲက တစ်ချက်ချက် ချို့ယွင်းတာနဲ့ မြင်သိစိတ်ဟာ မဖြစ်နိုင်တော့ပါဘူး။ လက်တွေ့ရှင်းလင်းအောင် ပြပါ့မယ်။

ရူပါရုံဆိုတဲ့ အဆင်းရုပ်လည်း ရှိတယ်။ အာလောကဆိုတဲ့ အပိတ်အပင် အကာအကွယ်မှလည်း လွတ်နေတယ်။ မနသိကာရ စိတ်ကလည်း နှလုံးသွင်းနေတယ်။ ဒါပေမဲ့ စက္ခုပသာဒအကြည်ရုပ်က ပျက်စီးနေပါပြီတဲ့။ ဘယ်မှာလာပြီး မြင်သိစိတ် ဖြစ်နိုင်ပါတော့မလဲ။ စက္ခုပသာဒအကြည်ရုပ်ဆိုတဲ့ အင်္ဂါတစ်ခု ပျက်သွားတာနဲ့ ကျန်အင်္ဂါတွေ ဘယ်လောက်ကောင်းကောင်း မြင်စိတ် မဖြစ်နိုင်တော့ပါဘူး။

ထိုနည်းတူပဲ စက္ခုပသာဒ၊ အာလောက၊ မနသိကာရ သုံးချက်တော့ ပြည့်စုံပါရဲ့ ရူပါရုံဆိုတဲ့ အဆင်းရုပ်မရှိ ပြန်ရင် မြင်သိစိတ်ဟာ မဖြစ်တော့ပြန်ပါဘူး။ စက္ခုပသာဒ၊ ရူပါရုံ၊ မနသိကာရဆိုတဲ့ သုံးချက်တော့ ရှိပါရဲ့။ အာလောကလို့ခေါ်တဲ့ အကာအကွယ်ကင်းခြင်း အင်္ဂါမရှိပြန်ရင်လည်း မြင်သိစိတ်ဟာ မဖြစ်တော့ပြန်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



စက္ခုပသာဒ = မျက်စိအကြည်ရုပ်၊ ရူပါရုံ၊ အဆင်းရုပ်၊ အာလောက အကာအကွယ်ကင်းခြင်းဆိုတဲ့ အင်္ဂါသုံးချက်နဲ့တော့ ညီပါရဲ့။ ဒါပေမဲ့ နှလုံးသွင်းခြင်းဆိုတဲ့ မနသိကာရမရှိရင် မြင်သိစိတ်မဖြစ်ပြန်ပါဘူး။ တချို့ အတွေးလွန်ဖူးတဲ့သူတွေ လက်တွေ့ဖြစ်ဖူးပါလိမ့်မယ်။

အိမ်အပေါ်ထပ် ဝရန်တာမှာ ထိုင်ပြီး လမ်းဘက်ကို ကြည့်တော့ကြည့်နေတာပါပဲ။ ဒါကြောင့် စက္ခုပသာဒလည်း ရှိတယ်။ ကြည့်စရာ အဆင်းရူပါရုံလည်းရှိတယ်။ အာလောကလည်း ရှိတယ်။ ဒါပေမဲ့ အဲဒီလူမှာ မြင်သိစိတ်မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြင်ရသမျှတွေကို စိတ်က လုံးလုံးနှလုံးမသွင်းလို့ဘဲ ဖြစ်ပါတယ်။

ဘာတွေနှလုံးသွင်းနေသလဲဆိုတော့ ဟိုးအတိတ်က အကြောင်းတွေ ရောက်မလာသေးတဲ့ အနာဂတ်က အကြောင်းအာရုံတွေကို နှလုံးသွင်းနေတာကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီတော့ ယောဂီတို့က မြင်သိစိတ်ဖြစ်တဲ့ နေရာလေးမှာလည်း သက္ကာယဒိဋ္ဌိပြုတ်အောင် နှလုံးသွင်းရမယ်။ တစ်ခုချင်းစစ်ကြည့်ပါ။ စက္ခုပသာဒအကြည်ရုပ်ထဲမှာလည်း ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ မပါပါဘူး။

စက္ခုပသာဒ = မျက်စိအကြည်ဓာတ်မှန်ချပ်ဆိုတဲ့ အတိုင်း သူ့မှန်အပေါ် အရိပ်လာထင်တဲ့သဘောပဲ ရှိပါတယ်။ ရူပါရုံဆိုတဲ့ အဆင်းရုပ်ထဲမှာလည်း ငါ၊ သူတစ်ပါး၊



ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ မပါပါဘူး။ မြင်လို့ရတဲ့ သဘောလေးပဲရှိတာပါ။ အာလောကခေါ်တဲ့ အကာအကွယ်ကင်းတဲ့ ဟင်းလင်းပြင်မှာလည်း ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ မရှိပါဘူး။ ဟာလာဟင်းလင်းဆိုတဲ့ သဘောတရားရှိတာပဲ။

နှလုံးသွင်းတဲ့ မနသိကာရမှာလည်း ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ မရှိပါဘူး။ စိတ်နဲ့ နှလုံးသွင်းတဲ့သဘောတရားလေးပဲ ရှိတာပါ။ ဒီအင်္ဂါလေးချက်က အကြောင်းပါ။ ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဉ်စိတ်က အကျိုးပါ။ အကြောင်းဖြစ်တဲ့ အင်္ဂါလေးချက်ထဲမှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မပါသလို အကျိုးဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်ထဲမှာလည်း ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမပါပါဘူး။

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တဲ့ သဘောတရားလေးပဲ ရှိပါတယ်။ အကြောင်းတရားနဲ့ အကျိုးတရားပဲရှိတယ်။ တခြားဘာမှမရှိပါလားလို့ ပြတ်ပြတ်သားသားသိသွားတာဟာ ဝိဇ္ဇာဉာဏ်ပါပဲ။ သံသရာတစ်လျှောက်လုံးက ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ သိခဲ့ကြတာဟာ အဝိဇ္ဇာနဲ့သိခဲ့ကြတာပါ။

အများသိနဲ့သိခဲ့ကြတာပါ။ အခုဘုရားသာသနာနဲ့ တွေ့ကြုံရလို့သာ ဝိဇ္ဇာသိ–ပညာသိနဲ့ သိခွင့်ရကြတာပါ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## စိတ်သက်နဲ့ရုပ်သက်

မြင်စိတ်ဖြစ်ခြင်းရဲ့ အကြောင်းတရားနဲ့ အကျိုးတရား ဖြစ်တဲ့ မြင်စိတ်မှာ သက္ကာယဒိဋ္ဌိ ကင်းစင်အောင် ရှုဆင်ခြင် ပြီးတဲ့နောက် ရူပါရုံနဲ့ စက္ခုပသာဒဆိုတဲ့ ရုပ်ဓာတ်နှစ်ပါးရယ်၊ စက္ခုဝိညာဉ်စိတ်ဆိုတဲ့ နာမ်တရားရယ်ဟာ မျက်တောင် တစ်ခတ်အတွင်း တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ဘယ် လောက်ထိ ဖြစ်ပျက်သွားကြသလဲဆိုတာကို ဆန်းစစ်ရမယ်။

စက္ခုဝိညာဉ်စိတ်ဖြစ်ပုံ ဝီထိစဉ်တစ်ခုကို နားလည်ရင် ကျန်တာ အကုန်နားလည်ပါပြီ။ စက္ခုဝိညာဉ်စိတ်ဖြစ်ဖို့ အတွက် ရူပါရုံလို့ခေါ်တဲ့အဆင်းတစ်ခုခုဟာ စက္ခုပသာဒ အကြည်ရုပ်ကို လာတိုက်ရပါမယ်။ အရပ်စကားနဲ့ပြောရင် မျက်စိကကြည့်စရာတစ်ခုခုကို ကြည့်လိုက်ရမယ်။



အဲသလို ကြည့်လိုက်တာနဲ့ တန်းမြင်သွားတာ မဟုတ် ပါဘူး။ ဝီထိစဉ်တစ်တန်းဖြစ်ပြီးမှ မြင်သွားတာပါ။ တစ်နည်း မြင်သိစိတ်ဖြစ်သွားတာပါ။ ဝီထိစဉ်တစ်တန်းဆိုတာက ရူပါရုံ အဆင်းက စက္ခုပသာဒကို ထိခိုက်လိုက်တာနဲ့ ဝီထိစိတ် မဖြစ်ခင်က ဖြစ်နေတဲ့ ဘဝင်စိတ်တွေထဲ့တစ်လုံးကို လွန် သွားပါတယ်။ အဲဒီလိုလွန်သွားတဲ့အတွက် သူ့ကို အတီ တဘဝင်လို့ နာမည်ပေးပါတယ်။

ဒီစိတ်က ဖြစ်၊ တည်၊ ပျက်ဆိုပြီး ခဏငယ်သုံးချက် အရမှာ ပျက်သွားပါတယ်။ ဒီနောက် ဘဝင်္ဂစလနဆိုတဲ့ စိတ်ကလေးဖြစ်တယ်။ မြန်မာလိုတော့ လှုပ်သွားတဲ့ဘဝင် စိတ်ကလေးပေါ့။ သူလည်း ဖြစ်တည်ပျက်ဆိုပြီး ခဏငယ် သုံးချက်အရမှာ ပျက်သွားပါတယ်။ စိတ်တစ်လုံးစီမှာ ဖြစ် တည်၊ ပျက်ဆိုတဲ့ ခဏငယ်သုံးချက်စီပါတာကို သတိပြုခဲ့ပါ။

အဲဒါစိတ်သက်ပါပဲ ဘယ်စိတ်မဆို ဖြစ်တည်ပျက်ဆိုတဲ့ ခဏငယ်သုံးချက်ပဲ အသက်ရှည်ပါတယ်။ ရုပ်တရားကတော့ ဖြစ်တည်ပျက်ဆိုတဲ့ ခဏငယ်ပေါင်း (၅၁)ချက် အသက်ရှည် ပါတယ်။ စိတ်လုံးရေ (၁၇)လုံးရှိမှ ရုပ်က တစ်ခါပျက်ပါ တယ်။ ရုပ်သက်က နာမ်သက်ထက် ရှည်ပါတယ်။ အခုလဲ စိတ်လုံးရေ (၁၇)လုံးပြည့်အောင် သွားရမှာပါ။

တတိယတစ်လုံးက ဘဝင်္ဂုပစ္ဆေဒပါ။ မြန်မြန်ပြောရင် ဘဝင်အစဉ်အတန်းကို ဖြတ်သောစိတ်လို့ ဖြစ်ပါတယ်။ သူ လည်း ခဏငယ်သုံးချက်အရမှာ ပျက်သွားပါတယ်။ နောက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တာက ရူပါရုံကို ဆင်ခြင်တတ်တဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ သူ ပျက်ပြီးတော့ စက္ခုဝိညာဉ်ဆိုတဲ့ မြင်သိစိတ်၊ သူပျက်ပြီးတော့ အာရုံကို ခံယူသကဲ့သို့ဖြစ်တဲ့ သမ္ပဋိစ္ဆိုင်းစိတ်။

သူပျက်ပြီးကော့ အာရုံကို စုံစမ်းသကဲ့သို့ဖြစ်တဲ့ သန္တီ ရဏစိတ်၊ သူပျက်ပြီးတော့ အာရုံကို ဆုံးဖြတ်သကဲ့သို့ဖြစ်တဲ့ ဝုဋ္ဌောစိတ်၊ သူပျက်ပြီးတော့ အာရုံ၏အရသာကို ခံစားသကဲ့ သို့ဖြစ်တဲ့ ဇောအဟုန် ခုနစ်ချက်ဆက်ပြီး စောပါတယ်။ ဒီဇောခုနစ်မျိုးဟာ ကုသိုလ်ဇောဖြစ်ရင် ကောင်းကျိုးပေးပါ တယ်။ အကုသိုလ်ဇောဖြစ်ရင် မကောင်းကျိုးပေးပါတယ်။

ဒီဇောခုနစ်ကြိမ်စောပြီးတဲ့အခါ စိတ်လုံးရေ (၁၅)လုံး ရှိနေပါပြီ။ ဇောခုနစ်လုံးလည်း ရှေ့က စိတ်တွေလို တစ်လုံး ပျက်ပြီးမှ တစ်လုံးဖြစ်တာပါပဲ။ ကြာနေမှာစိုးလို့ တူတဲ့နေရာ မှာ ခြုံးပြောလိုက်တာပါ။ သတ္တမဇောချုပ်ပြီးတာနဲ့ ပထမ တဒါရုံဆိုတဲ့ စိတ်ကလေးဖြစ်ပါတယ်။

ထိုဇောခံစားသော အာရုံ၏အရသာကို ထပ်၍ခံစား ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ သူလည်း ဖြစ်တည်ပျက်ဆိုပြီး ပျက်သွားပါတယ်။ နောက်ထပ် ဒုတိယတဒါရုံတစ်ကြိမ် ဖြစ် ပြန်ပါတယ်။ သူလည်း ခဏငယ်သုံးချက်အရမှာ ပျက်သွား ပါတယ်။ ဒုတိယ တဒါရုံအရောက် စိတ်လုံးရေ (၁၇)လုံး ပြည့်ပါတယ်။ ခဏငယ်လည်း (၅၁)ချက် ပြည့်ပါတယ်။

မြင်စိတ်ဖြစ်ဖို့ အကြောင်းခံပေးတဲ့ ရူပါရုံနဲ့ စက္ခုပသာဒ ရုပ်တို့ဟာ (၁၇)ချက် ရုပ်သက်စေ့သွားတဲ့အတွက် ဒုတိယ



တဒါရုံရဲ့ ဘင်နဲ့အတူပြိုင်ပြီး ချုပ်သွားပါတယ်။ အရပ်စကားနဲ့ ပြောရရင် ရူပါရုံအဆင်းရုပ်နဲ့ စက္ခုပသာဒ မျက်စိအကြည် ရုပ်တို့ဟာ ဒုတိယတဒါရုံနှင့် အတူတူ ပျက်သွားပါတယ်။

တကယ် တိတိကျကျစာအတိုင်း ဆက်ပြောရမယ် ဆိုရင် မြင်လိုက်တဲ့အရာကို ဒါဘာပဲဆိုပြီး ရှင်းရှင်းလင်းလင်း သိအောင် တဒနုဝတ္တကမနောဒွါရဝီထိဆိုပြီး နောက်ဝီထိစဉ် သုံးခုထပ်ဖြစ်ရပါသေးတယ်။ အခုပြလိုက်တဲ့ စက္ခုဒွါရိက ဝီထိနဲ့ဆိုရင် ဝီထိစဉ်လေးခုကျပြီးမှ မြင်လိုက်တဲ့အာရုံကို ဘာပဲဆိုတာ ကောင်းကောင်းသိပါသတဲ့။

ဒါတွေပါ ဆက်ပြောနေရင်လည်း ယောဂီများ ရှုပ်သွား တာပဲ အဖတ်တင်မယ်။ ပြီးတော့ ယောဂီတို့က စာမေးပွဲ ဖြေဖို့ ဒီတရားတွေကို လေ့လာနေတာမဟုတ်ပါဘူး။ တရား ရှုမှတ်တတ်ဖို့ လေ့လာနေတာပါ။ ဒါကြောင့် စက္ခုဒွါရိက ဝီထိလောက်သိရရင်ပဲ တရားရှုပွားလို့ရပါပြီ။

ဒီနေရာမှာ စိတ်သက်နဲ့ ရုပ်သက်ကို တိတိကျကျ မှတ်ထားကြရမှာက စိတ်သက်က ဘယ်စိတ်မဆို ဥပါဒ်၊ ဌီ၊ ဘင်ဆိုပြီး ခဏငယ်သုံးချက်ပဲ အသက်ရှည်တယ်။ ရုပ် တရားကတော့ ဥပါဒ်၊ ဌီ၊ ဘင်ဆိုတဲ့ ခဏငယ်ပေါင်း (၅၁) ချက် အသက်ရှည်ပါတယ်။ စစ်စစ်ပေါက်ပေါက် လျှောက် ကြည့်ရင် (၅၁)ချက် အသက်မရှည်တဲ့ ရုပ်အနည်းငယ် ရှိပါ သေးတယ်။ ယောဂီအတွက်ကတော့ ဒီလောက်သိထားရင်ပဲ လုံလောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှေးနားကပြောခဲ့တဲ့ အပြစ်မြင်ရင် ဥစ္ဆေဒိဋ္ဌိစင်တယ်။ အပျက်မြင်ရင် သဿတဒိဋ္ဌိစင်တယ်ဆိုတဲ့ စကားဟာ ဝိထိစဉ်ကိုကြည့်မှ တကယ်သဘောပေါက်ပါတယ်။ စက္ခု ဝိညာဉ်စိတ်ဖြစ်ပုံ ဝိထိစဉ်မှာဆိုရင် အတီတဘဝင်၊ ဘဝင်္ဂ စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောဇော (၇)ကြိမ် တဒါရုံနှစ်ကြိမ်ဆိုပြီး စိတ် (၁၇)လုံး ရှိပါတယ်။

အားလုံး ဖြစ်ပြီးပျက်ကြရတာချည်းပါပဲ။ ဋ္ဌီဆိုတာက တော့ ဘုရားဟော မရှိပါဘူး။ ရှိသင့်တဲ့အတွက် ပညာရှင်များ ထည့်ထားကြတာပါ။ ဒီတော့ စိတ်တစ်လုံး တစ်လုံးမှာ ဖြစ်တာရယ်၊ ပျက်တာရယ်ဆိုပြီး နှစ်ခုစီရှိပါတယ်။ အဲဒီမှာ ယောဂီက စိတ် (၁၇)လုံးလုံးကို ဖြစ်တာတွေချည်း ဉာဏ်နဲ့ မျှော်ကြည့်လိုက်ပါ။

အတီတဘဝင်ဖြစ်ပြီး ဘဝင်္ဂစလနဖြစ်၊ ဘဝင်္ဂစလနဖြစ်ပြီး ဘဝင်္ဂုပစ္ဆေဒဖြစ်၊ ဘဝင်္ဂုပစ္ဆေဒဖြစ်ပြီး ပဉ္စဒွါရာဝဇ္ဇန်းဖြစ် ဆိုပြီး (၁၇)လုံးကုန်အောင် ကြည့်လိုက်မယ်ဆိုရင် ဖြစ်၊ ဖြစ်၊ ဖြစ်၊ ဖြစ် ဆိုပြီးဖြစ်တာတွေချည်း အကုန်တွေ့ရလိမ့်မယ်။ အဲသလိုဖြစ်ပြီးရင်းဖြစ်ရင်း၊ ဖြစ်ပြီးရင်းဖြစ်ရင်းဆိုတာတွေဟာ ဒီဘဝတင်မဟုတ်ဘူး ဘဝအဆက်ဆက် ဒီအတိုင်းပဲ သွားနေတာ နိဗ္ဗာန်မရောက်မခြင်းပေ့ါ။

အဲသလိုဖြစ်တာတွေကို အသေအချာသိလိုက်တော့ လူဆိုတာ သေရင်ပြီးတာပဲ၊ ဘာမှမဖြစ်တော့ဘူး။ ပြတ်တာပဲ



ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူပြုတ်တာပဲ။ တစ်ခါ ဗုဒ္ဓဘာသာ အများ စုကျတော့ ရုပ်နာမ်တရားတွေကို မြဲတယ်လို့ သဿတဒိဋ္ဌိနဲ့ စွဲပြန်ရော။ ဒီတော့ ဝိထိစဉ်ထဲမှာပါတဲ့ စိတ် (၁၇) လုံးကို တစ်လုံးစီပျက်တာတွေချည်း စီတန်းကြည့်ရမယ်။

ဒီတော့ ပျက်၊ ပျက်၊ ပျက်ဆိုပြီး ပျက်နေတာတွေချည်း တွေ့ရမယ်။ အတီတဘဝင်စိတ်ကလေးပျက်ပြီးသွားရင် ဘဝင်္ဂ စလနဖြစ်ပြီး ပျက်ပြန်တယ်။ ဒီလိုပျက်တဲ့အခါမှာ အတီတ ဘဝင်မှာရှိတဲ့တရားဟာ ဘဝင်္ဂစလနကို ကူးမသွားပါဘူး။ သူ့ဟာသူပေါ်လာ၊ သူ့ဟာသူ ပျက်သွားတာတွေချည်းပါပဲ။

အဲသလို ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါမှာ ပျက်တာတွေ ချည်း မြင်နေရပြီး ဖြစ်ပြီးမပျက်ဘဲ တည်တံ့နေတာ တစ်ခုမှ မတွေ့ရတဲ့အတွက် ရုပ်တရား၊ နာမ်တရားများဟာ မပျက် စီးဘဲ မြဲတယ်လို့ယူဆတဲ့ သဿတဒိဋ္ဌိဟာ တစ်ခါတည်း ပြုတ်သွားပါတယ်။ ဒါက ဝိထိစဉ်ကိုကြည့်ပြီး ဒိဋ္ဌိနှစ်ပါးကို ဖြုတ်ပေးလိုက်တာပါ။

ပရမတ်ဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေဟာ အဖြစ် အပျက် ဘယ်လောက်မြန်သလဲဆိုရင် တစ်ဂျွန့် သို့မဟုတ် မျက်တောင်တစ်ခတ်အတွင်းမှာ ပရမတ်ရုပ်ခန္ဓာပေါင်း ကုဋေငါးထောင့်ရှစ်ရာရှစ်ဆယ်ကျော် ဖြစ်ပြီးတော့ ပျက် သွားကြတယ်။ နာမ်ခန္ဓာပေါင်းကတော့ ကုဋေတစ်သိန်း ဖြစ်ပြီးတော့ ပျက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့တဲ့စက္ကူဒွါရဝီထိကိုကြည့်ပြောရရင် အဆင်းရူပါရုံ တစ်ခုခုကို ကြည့်မိလိုက်တာနဲ့ တစ်စက္ကန့်အတွင်းမှာ ရူပါရုံနဲ့ စက္ခုပသာဒရုပ်ပေါင်း ကုဋေငါးထောင်ရှစ်ရာရှစ်ဆယ်ကျော် ဖြစ်ပျက်သွားတယ်။ စက္ခုဝိညာဉ်စိတ်နဲ့တကွ ဝီထိအတွင်း မှာပါတဲ့ စိတ်ပေါင်း ကုဋေတစ်သိန်းဖြစ်ပျက်သွားကြတယ်။



## သေမင်းနေတဲ့ဘုံ

ရုပ်တရားဖြစ်ဖြစ်၊ နာမ်တရားဖြစ်ဖြစ် အဟောင်းပျက်သွားတဲ့အခါမှာ အသစ်အသစ်ထပ်ဖြစ်နေရတယ်။ ရုပ်တရားအသစ်၊ နာမ်တရားအသစ် ထပ်မဖြစ်တော့တဲ့အခါကို လူ့လောကက သေတယ်လို့ သတ်မှတ်တာပါ။ အဲဒီလို ရုပ်နာမ်ရဲ့ အဖြစ်အပျက်တွေကို နားမလည်ရှာတဲ့ ကိုယ်တော်တစ်ပါးက ဗုဒ္ဓဓမ္မလောကစာစောင်မှာ မေးခွန်းတစ်ခု မေးထားတယ်။

မေးခွန်းက (၃၁)ဘုံက သတ္တဝါတွေကို အချိန်ကျရင် ခေါ်ယူနေတဲ့ သေမင်းဆိုတာ ဘယ်ဘုံမှာနေပါသလဲတဲ့။ ဖြေရမှာကတော့ ဘယ်ဘုံမှလဲ မနေပါဘူး။ ဘယ်ဘုံမှာမှလဲ သေမင်းဆိုတာ မရှိပါဘူး။ ဒီဘဝအတွင်းမှာ စောစောက ပြောခဲ့တဲ့ ရုပ်နဲ့နာမ် အဟောင်းပျက်သွားပြီး အသစ်ပြန် မဖြစ်တော့တာကိုပဲ သေတယ်၊ သေမင်းခေါ်သွားတယ်ဆိုပြီး တင်စားပြောကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



သေခြင်းဟာ သုံးမျိုးရှိပါတယ်။ ဦးဖြူသေပြီ၊ ဒေါ်နီသေပြီဆိုတဲ့ လောကက သတ်မှတ်တဲ့ သေခြင်းကတော့ သမုတိမရဏလို့ ခေါ်တယ်။ ပရမတ်ရုပ်နာမ်တွေ တရစပ်ပျက်နေတာကိုတော့ ခဏိကမရဏလို့ ခေါ်ပါတယ်။ ဘုရားရှင်တို့ ရဟန္တာတို့ရဲ့ ရုပ်နာမ်ချုပ်ငြိမ်းသွားခြင်းကိုတော့ သမုစ္ဆေဒမရဏလို့ ခေါ်ပါတယ်။ သေခြင်းတရားကို အပြီးအပိုင် ပယ်သတ်လိုက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

ပရိနိဗ္ဗာန်စံဝင်သွားပြီဖြစ်လို့ နောက်တစ်ခါသေခြင်းဆိုတာ မရှိတော့ပါဘူး။ ဒီသုံးမျိုးမှာ စိတ်ဖြစ်တိုင်း၊ ရုပ်ဖြစ်တိုင်း တရစပ်သေနေတဲ့ ခဏိကမရဏကို သိမှ နားလည်မှနိဗ္ဗာန်ကိုရမှာဖြစ်ပါတယ်။ ရုပ်ဟောင်း နာမ်ဟောင်း ပျက်သလောက် ရုပ်သစ် နာမ်သစ်ကလည်း ဆက်ဖြစ်နေလို့သာလူတွေဟာ မသေတာပါ။ ရုပ်နာမ်ဟာ ပျက်တာကလည်းမြန်လွန်းသလို ဖြစ်တာကလည်း မြန်လွန်းတဲ့အတွက် ယောဂီတို့က မပျက်ဘဲ တစ်ဆက်တည်းဖြစ်နေတယ်လို့ ထင်တာပါ။

ယောဂီတို့ရဲ့ဉာဏ်မှာ မြင်သာအောင် လူတစ်ယောက်ကို ရေနံဆီမီးခွက်တစ်ခွက်နဲ့ ဥပမာ ပေးကြည့်ရအောင်မီးစာကို မီးညှိလိုက်တာနဲ့ မီးတောက်တစ်ခု ဖြစ်လာတယ်။ အဲဒီမီးတောက်ဟာ ဉာဏ်ပညာနဲ့ မကြည့်ရင် တစ်ဆက်တည်း တောက်လောင်နေတယ်လို့ ထင်စရာပါ။ တကယ်ကျတော့ အဲသလို မဟုတ်ပါဘူး။



ခွက်ထဲမှာရှိတဲ့ ရေနံဆီတွေက မီးစာကတစ်ဆင့် မီးခွက်ပေါ်ကို ရောက်လာပြီး အလှည့်ကျ အလောင်ခံနေကြတာပါ။ တဖြည်းဖြည်းလျော့လျော့သွားတဲ့ ရေနံဆီတွေကိုကြည့်ပြီး အခုပြောခဲ့တဲ့စကား မှန်ကန်ကြောင်း သက်သေပြစရာရှိနေပါတယ်။ တကယ်တော့ မီးတောက်ဟာ တစ်ဆက်တည်း မဟုတ်ပါဘူး။ ပထမ ရေနံစက်တွေကို လောင်ပါတယ်။

ပထမ ရေနံစက်တွေ ကုန်သွားမှ ဒုတိယ ရေနံစက်ကိုလောင်ပါတယ်။ ကူးပြီးတော့ လောင်တာက မြန်လွန်းအားကြီးတော့ မီးတောက်ဟာ တစ်ဆက်တည်း တည်နေတယ်လို့ ထင်စရာဖြစ်နေပါတယ်။ မီးစာထိပ်မှာရှိနှင့်နေတဲ့ ရေနံဆီအဟောင်းတွေကို လောင်လိုက် ကုန်သွားလိုက်၊ နောက်ရေနံဆီအသစ်ကို လောင်လိုက်နဲ့ ဆက်တိုက်သွားနေတာပါ။

ရေနံဆီကုန်တာနဲ့ မီးဟာ တစ်ခါတည်း ငြိမ်းသွားတာပါ။ ဒီဥပမာအတိုင်းပါပဲ။ လူတစ်ယောက်ပြောဆိုလှုပ်ရှားသွားလာရင်သန်နိုင်ဖို့အတွက် ရုပ်ဟောင်း နာမ်ဟောင်းတွေပျက်သမျှနေရာမှာ ရုပ်သစ်၊ နာမ်သစ်တွေ အစားထိုးထိုးပေးနေလို့ မသေတာပါ။ ပကတိမျက်စိနဲ့ မမြင်ရပါဘူး။ ဉာဏ်မျက်စိနဲ့မှပဲ မြင်ရပါတယ်။

ရုပ်သစ်၊ နာမ်သစ် နောက်ထပ် အစားမထိုးတာနဲ့သေသွားတာပါပဲ။ ယောဂီတို့ဟာ စက္ကန့်မလပ် တရစပ် ဖြစ်ပျက်နေတဲ့ ပရမတ်တရားတွေကို ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး

www.burmeseclassic.com

www.burmeseclassic.com



အနိစ္စအမြဲမရှိ။ ခန္ဓာငါးပါးဒုက္ခ = ဆင်းရဲ၏ ခန္ဓာငါးပါး အနတ္တ = ငါ့ကိုယ်မဟုတ်ဆိုတဲ့ လက္ခဏာယာဉ်သုံးပါး တစ်ပါးပါးကို သတိရတဲ့နေရာမှာ ပွားများရမှာပါ။

ကျန်တဲ့ရုပ်စာတ်ခုနစ်ပါးကိုလည်း ဆက်ပြီး လေ့လာကြည့်ရအောင်ပါ။ ဒုတိယမြောက်စာတ်က အာပေါစာတ်ပါ။ အာပေါစာတ်က အာဗန္ဓနဲ့ = ဖွဲ့စည်းခြင်းလက္ခဏာနဲ့ ပဃ္ဃရန = ယိုစီးခြင်းလက္ခဏာတို့ ရှိပါတယ်။ အာပေါစာတ်ကတော့ စာတ်ကြီးလေးပါးထဲမှာ အသိမ်မွေ့ဆုံးပါ။

သိလို့လည်း အခက်ဆုံးဖြစ်ပါတယ်။ ကြိုးစားပြီး အကျဉ်းချုပ်ပြောပေးပါ့မယ်။ ခန္ဓာပေါ်တင်မကြည့်မီ အာပေါစာတ်ရဲ့ ဖွဲ့စည်းမှု သဘောတရားလေးကို မြူငါးမျိုးနဲ့ ခွဲပြီး ကြည့်ကြရအောင်။



## အာပေါစာတ်သိရန် မြူငါးတန်

မိုးတွင်းမှာ ကွဲတွေ နွားတွေ လယ်ယာ မြေတွေပေါ်မှာ ရေဝပ်တဲ့ကွင်းပြင်တွေမှာ အစာရှာရင်း လျှောက်သွားတားကြပါတယ်။ အဲဒီအခါမှာ ပျော့စိနေတဲ့ ရွှံ့ညွှန်တွေပေါ်မှာ သူတို့ရဲ့ ခြေရာတွေအပြည့်ထင်နေပါတယ်။ အလယ်က အထဲနစ်ဝင်၊ ဘေးသားက အထက်ကန်ထွက်နေတဲ့ ခြေရာတွေဟာ မိုးကုန်တဲ့နွေခါကျမှ ထင်ရှားလာပါတယ်။

ခြေရာခွက်ဖြစ်ပြီး ခြောက်နေတဲ့ ရွှံ့ခဲတစ်ခုကို လက်မလောက် ဖဲ့ယူပြီး သေသေချာချာကြည့်ပါ။ ဒီရွှံ့ခဲဟာ မိုးရေတွေနဲ့ သမနေတုန်းကလည်း ဒီပုံစံပဲ။ အခု မိုးရေတွေမရှိတော့လည်း ဒီပုံစံပဲ အခဲဖြစ်နေပါတယ်။ မိုးရေရှိနေတဲ့အချိန်တုန်းကတော့ ခြော် ဒီရွှံ့ခဲဟာ မိုးရေကြောင့် မြေကြီးတွေ ပနယ်ပြီး ရွှံ့ခဲဖြစ်နေတာလို့ ပြောလို့ရပါတယ်။

အခု နွေရာသီမှာကျတော့ အခဲဖြစ်အောင် စုစည်းပေးမယ့် မိုးရေဆိုတာ တစ်စက်မှ မရှိတော့ပါဘူး။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှံ့ကတော့ အခဲဖြစ်ရက်ပါပဲ။ စဉ်းစားစရာပါ။ ဒီရှံ့ခဲထဲမှာ ကုဋေနဲ့ချီပြီးရှိနေတဲ့ မြူမှုန်တွေ တစ်နည်း ဖုန်မှုန်တွေ အများကြီးပါ။ ဒီမြူမှုန်တွေကို တစ်လုံးတည်း တစ်ခဲတည်း ဖြစ်အောင် လုပ်ပေးတဲ့အရာဟာ အာပေါဓာတ်ပဲ ဖြစ်ပါတယ်။

အာပေါဓာတ်ဟာ များလွန်းရင် ယိုစီးသွားပြီး နည်းရင်တော့ ဖွဲ့စည်းတတ်တဲ့သဘောရှိပါတယ်။ လက်မလောက်ရှိတဲ့ ရှံ့ခဲထဲမှာ မြူမှုန်တွေ ဘယ်လောက်ထိ ဖွဲ့စည်းနေတယ်ဆိုတာသိရအောင် ရှံ့ခဲကနေ သန်းဦးခေါင်းလောက်သာရှိတဲ့ ရှံ့ခဲလေးတစ်ခုရအောင် ဖဲ့လိုက်ပါ။ အဲဒီရှံ့ခဲလေးကို နာမည်ပေးရင် လိက္ခမြူလို့ ခေါ်ပါတယ်။

အဲဒီ လိက္ခမြူကို (၃၆)စိတ်စိတ်ပြီး တစ်စိတ်ဟာ ရထမြူလို့ ခေါ်ပါတယ်။ ကားတွေ ရထားတွေ ဖုန်တောထဲဖြတ်သွားတဲ့အခါ ထလာတဲ့မြူအမျိုးအစားပါပဲ။ တစ်ခါ အဲဒီ ရထမြူတစ်လုံးကိုရအောင်ယူပြီး (၃၆) စိတ် စိတ်လိုက်ရင် တစ်စိတ်ဟာ တဇ္ဇာရီမြူဖြစ်သွားပါတယ်။ လက်တွေ့လုပ်ကြည့်ဖို့တော့ မလွယ်ပါဘူး။ ဉာဏ်နဲ့ပဲ လုပ်ရမှာပါ။

အဲဒီ တဇ္ဇာရီမြူကို မြင်ရဖို့ မလွယ်ပါဘူး။ မြင်ဖူးချင်ရင် နေ့ခင်းနေပူချိန်မှာ အိမ်တံခါးတွေ အကုန်ပိတ်လိုက်၊ တစ်အိမ်လုံး ခပ်မှောင်မှောင်ဖြစ်သွားလိမ့်မယ်။ အဲဒီအချိန်မှာ နေရောင်ဟာ ထရံကြားကနေ အိမ်ထဲကို ထိုးဝင်နေလိမ့်မယ်။ အဲဒီနေအလင်းတန်းထဲမှာ မြူမှုန်တွေကို မြင်ရပါလိမ့်မယ်။ အဲဒါ တဇ္ဇာရီမြူပါပဲ။



တစ်ခါ အဲဒီတဇ္ဇာရီမြူတစ်လုံးကို ရအောင်ယူပြီး (၃၆) စိတ်စိတ် တစ်စိတ်ဟာ အနုမြူဖြစ်သွားပါတယ်။ အဲဒီ အနုမြူကိုတော့ လူသာမန်၊ နတ်သာမန်တွေတောင် မမြင်ရတော့ပါဘူးတဲ့။ မွေးခါစ စက္ခုပသာဒအားကောင်းတဲ့ ကလေးရယ်၊ တန်ခိုးကြီးတဲ့ နတ်တွေရယ်ပဲ မြင်နိုင်တော့သတဲ့။ တစ်ခါ အဲဒီ အနုမြူတစ်လုံးကိုယူပြီး (၃၆) စိတ်စိတ် တစ်စိတ်ဟာ ဘယ်သူမှ မမြင်ရတော့တဲ့ ပရမာနုမြူဖြစ်သွားသတဲ့။

အဲဒီ ပရမာနုမြူထဲမှာကိုပဲ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုတဲ့ အဝိနိဗ္ဘောဂရုပ် ၈-ပါးကတော့ သူ့ကလာပ်နဲ့သူ ရှိနေတာပါပဲတဲ့။ ရှံ့ခဲကို တဖြည်းဖြည်းနဲ့ခွဲယူလိုက်တာ ပရမာနုမြူကျတော့ ဘာမှမရှိတော့သလို ဖြစ်သွားတယ်။ မြင်မှုမမြင်ရတော့ဘဲကိုး ဒါပေမဲ့ ရှိတာကတော့ ရှိနေတာပါပဲ။ ဘယ်လိုရှိနေသလဲဆိုတော့ သဘောတရားအနေနဲ့ ရှိတာပေါ့။

ရှိနေကြောင်းသိချင်ရင် ပရမာနုမြူ(၃၆)လုံးကို စုပေါင်းလိုက်ပါ။ အနုမြူတစ်လုံးဖြစ်လာပါလိမ့်မယ်။ တစ်ခါ အနုမြူ (၃၆)လုံးကို စုပေါင်းလိုက်ပြန်ရင် တဇ္ဇာရီမြူ ဖြစ်သွားမယ်။ တဇ္ဇာရီမြူ (၃၆)လုံးကို စုပေါင်းလိုက်ရင် လိက္ခမြူဖြစ်သွားမယ်။ လိက္ခမြူများစွာ စုပေါင်းလိုက်တဲ့အခါ လက်မလောက်ရှိတဲ့ ရှံ့ခဲလေးတစ်ခဲ ဖြစ်လာရတာပါပဲ။

လက်မလောက်ရှိတဲ့ ရှံ့ခဲလေးဖြစ်လာအောင် အာပေါ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ဟာ အဲသလို အဆင့်ဆင့်ဖွဲ့စည်းယူလာခဲ့ရတာပါ။ ယောဂီတို့ရဲ့ခန္ဓာကိုယ် အတ္တဘောကြီးဖြစ်လာအောင်လည်း အဲဒီလိုပဲ အာပေါဓာတ်က အဆင့်ဆင့်ဖွဲ့စည်းယူခဲ့ရတာပါ။ ဆန်းစစ်ကြည့်ကြရအောင်။ ခန္ဓာကိုယ်ကနေ လက်သည်းခွံလောက် အသားလေးတစ်ဖတ် လှီးယူလိုက်ပါ။ တရားဟာ ဉာဏ်အလုပ်ဆိုတော့ ဉာဏ်နဲ့ပဲလှီးယူလိုက်ပါ။

အဲဒီ အသားဖတ်လေးဖြစ်ဖို့အတွက် အာပေါဓာတ်က ရုပ်မှုန့်ပေါင်းများစွာကို ဖွဲ့စည်းပေးထားရတာပါ။ ဒီသဘောကို သေချာသိသွားအောင် လက်တွေ့စမ်းသပ်ရမယ်။ အဲဒီ လက်သည်းခွံလောက် အသားဖတ်လေးကို ခြောက်သယောင်းသွားအောင် နေလှမ်းရမယ်။ ခြောက်သွားပြီဆိုတဲ့အခါ ဆုံထဲထည့်ထောင်းလိုက်ရင် လိက္ခမြူလို့ခေါ်တဲ့ သန်းဦးခေါင်းပမာဏရှိတဲ့မြူတွေ ဖြစ်သွားမယ်။

အဲဒီလိက္ခမြူတွေထဲက တစ်လုံးကိုယူပြီး (၃၆)စိတ်စိတ်လိုက်ရင် တစ်စိတ်ဟာ ရထမြူဖြစ်သွားပါတယ်။ အဲဒီ ရထမြူတစ်လုံးကိုယူပြီး (၃၆)စိတ်စိတ်ရင် တစ်စိတ်ဟာ တဇ္ဇာရီမြူဖြစ်ပါတယ်။ တဇ္ဇာရီမြူတစ်လုံးကိုယူပြီး (၃၆) စိတ်စိတ်ပြန်ရင် တစ်စိတ်ဟာ အနုမြူဖြစ်ပါတယ်။

အဲဒီအနုမြူတစ်လုံးကိုယူပြီး (၃၆)စိတ်စိတ်ရင် တစ်စိတ်ဟာ ပရမာနုမြူဖြစ်သွားပါတယ်။ ပရမာနုမြူအဆင့်ကျတော့ မမြင်ရတော့ပါဘူး။ ဒီခန္ဓာကိုယ်ကြီးမှာရှိနေတဲ့ ရုပ်မှုန်ရုပ်မွှားတွေဟာ အာပေါဓာတ်ရဲ့ ဖွဲ့စည်းခြင်းသတ္တိ



ကြောင့် လူကောင်ဆိုပြီး လာဖြစ်နေတာပါ။ အတုံးကြီး၊ အလုံးကြီး၊ အခဲကြီးလို့ ထင်နေကြရတာပါ။

အခုလို ပရမာနုမြူအဆင့်ရောက်အောင် ခွဲစိတ်ကြည့်လိုက်တဲ့အခါ အတုံး၊ အလုံး၊ အခဲ၊ အမှုန့်၊ အမွှားဆိုတာ ဘာမှမရှိတော့ပါဘူး။ ရှိတယ်လို့ ပြောရရုံသဘောတရားပဲ ရှိတော့တာပါ။ မတွေ့ရ မမြင်ရတော့တဲ့အတွက် မရှိဘူးလို့တော့ ပြောလို့မရပါဘူး။ သဘောတရားအနေနဲ့ကတော့ ရှိနေပါတယ်။ ရှိမှန်းသိချင်ရင် ပြန်စုကြည့်ရုံပါပဲ။

ပြန့်ကျဲနေတဲ့ ပရမာနုမြူ (၃၆)လုံးကို စုလိုက်တာနဲ့ အနုမြူတစ်လုံးဖြစ်သွားပါပြီ။ တစ်ခါ အနုမြူ (၃၆)လုံး စုလိုက်တာနဲ့ တဇ္ဇာရီမြူဖြစ်သွားပြီ၊ တဇ္ဇာရီမြူ (၃၆)လုံး စုလိုက်တာနဲ့ ရထမြူဖြစ်သွားပြီး ရထမြူ (၃၆)လုံး စုလိုက်တာနဲ့ သန်းဦးခေါင်းပမာဏရှိတဲ့ လိက္ခမြူဖြစ်သွားပါပြီ။ လိက္ခမြူပေါင်းများစွာစုရာကနေ ဒီခန္ဓာကောင်ကြီး ဖြစ်လာတာပါပဲ။

ဒီလောက်ဆိုရင် အာပေါဓာတ်ရဲ့အဓိပ္ပာယ်ကို တော်တော် ရိပ်မိလောက်ပါပြီ။ အာပေါဓာတ်ဆိုတာလည်း ပထဝီဓာတ်လို အတုံး၊ အလုံး၊ အခဲ၊ အဖတ်၊ အမှုန်အမွှား ဘာမှမရှိဘူး။ ဖွဲ့စည်းတဲ့သဘောတရားနဲ့ ယိုစီးတဲ့သဘောတရားလေးပဲရှိတယ်ဆိုတာကို သေသေချာချာ မှတ်ရပါမယ်။

တတိယမြောက်ဓာတ်က တေဇောဓာတ်ပါ။ သူ့ရဲ့ လက္ခဏာက ရင့်ကျက်စေခြင်းပါပဲ။ ရင့်ကျက်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေ အိုသွားတာ၊ နာသွားတာ၊ သေသွားတာကို ပြောတာပါ။ တေဇောစာတ်ကို ဥဏှ = အပူတေဇော၊ သီတ = အအေးတေဇောလို့ နှစ်မျိုးခွဲထားကြပါတယ်။

တေဇောဓာတ်ကို မြန်မာလို မီးလို့ပဲ သိကြပါတယ်။ မီးဆိုတဲ့အတိုင်း တေဇောဓာတ်ဟာ သူ့ကိန်းရာ ခန္ဓာကို အမြဲတမ်း လောင်မြိုက်နေပါတယ်။ အိုအောင်လောင်မြိုက်တာလည်း တေဇောမီးပါပဲ။ နာအောင်လောင်မြိုက်တာလည်း တေဇောမီးပါပဲ။ နောက်ဆုံး သေအောင်လောင်မြိုက်တာလည်း တေဇောမီးပါပဲ။

ရေးဓာတ်နှစ်ပါးလိုပါပဲ။ အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား ဘာမှမရှိပါဘူး။ ရင့်ကျက်စေတဲ့ သဘောလေးပဲ ရှိပါတယ်။ အပူဓာတ်ဥဏှတေဇောကတော့ ရင့်ကျက်စေတယ်ဆိုတာ ထင်ရှားပါတယ်။

ဥပမာ မီးသင်္ဂြိုဟ်စက်ထဲ အသုဘကောင် ထည့်လိုက်တာနဲ့ ဥဏှတေဇော့ရဲ့ လောင်မြိုက်ချက်ကြောင့် အလောင်းကောင်ဟာ နှစ်မိနစ်၊ သုံးမိနစ်အတွင်း မီးခိုးဖြစ်သွားပါတယ်။ အအေးသီတတေဇောကရော အဲသလိုလောင်မြိုက်နိုင်စွမ်း၊ ရင့်ကျက်နိုင်စွမ်းရှိရဲ့လားဆိုတာ မေးစရာဖြစ်လာပါတယ်။

ရှိပါတယ်။ ဘယ်နေရာမှာလဲဆိုတော့ လောကန္တရိက်ငရဲမှာ။ အဲဒီငရဲက ဘယ်နေရာရှိသလဲဆိုတော့ ကမ္ဘာကြီးသုံးခု ထိစပ်သွားတဲ့အခါ အလယ်မှာ အကြားအပေါက်ကြီး တစ်ခု ဖြစ်လာပါတယ်။ အောက်မှာကတော့ အေးစက်နေတဲ့



ကမ္ဘာ့ရေပြင်ကြီး ရှိပါတယ်။ အေးစက်နေတယ်ဆိုတော့ သီတတေဇောဓာတ်တွေ အပြည့်ရှိနေတာပေါ့။

အဲဒီနေရာဟာ နေရောင် လရောင်မရှိတဲ့အတွက် အမြဲတမ်း မည်းမှောင်နေတဲ့နေရာပါ။ ကမ္ဘာ့နံရံကြီးသုံးခုမှာတော့ လင်းနို့များကဲ့သို့ မမြင်မစမ်း ကုတ်ခြစ်ပြီးသွားလာနေကြတဲ့ အထူးငရဲကောင်ကြီးတွေ ရှိပါတယ်။ သူတို့ရဲ့ ကိုယ်ကြီးတွေကလည်း သေးသေးကွေးကွေး မဟုတ်ပါဘူး။

တစ်ကောင်ကို တစ်ဂါဝုတ်ခန့်ရှိတယ်လို့ စာက ဆိုတော့ ခုခေတ်အနေနဲ့ တွက်ကြည့်ရင် လေးမိုင်လောက်ကြီးတာပေါ့။ သူတို့ကို အထူးငရဲကောင်လို့ ဘာကြောင့်ဆိုရသလဲဆိုတော့ ပဥ္စာနန္တရိယကံ ကျူးလွန်သူတွေ၊ အယူမှားတဲ့သူတွေဟာ အဝီစိငရဲကိုကျကြရပါတယ်။ ကမ္ဘာပျက်ရင် ငရဲကြီး ၈ ထပ်လုံး ပျက်ပါတယ်။

ဒီအခါမှာ ပဥ္စာနန္တရိယကံ ကျူးလွန်သူတွေက အပြစ်လွတ်ငြိမ်းခွင့်ရပြီး မိစ္ဆာဒိဋ္ဌိအယူရှိတဲ့သူတွေကတော့ မပျက်သေးတဲ့ကမ္ဘာက အဝီစိငရဲမှာ ဆက်ခံရပါသတဲ့။ အဲဒီလို တစ်ကမ္ဘာပျက်လိုက် အခြားမပျက်သေးတဲ့ကမ္ဘာ ပြောင်းခံလိုက်နဲ့နေရင်း ဒီလောကန္တရိတ်ငရဲကို ရောက်ခဲ့ကြရတာပါ။

ဒါကြောင့် အထူးငရဲကောင်ကြီးတွေလို့ သုံးနှုန်းလိုက်တာပါ။ ဒီငရဲကောင်ကြီးတွေဟာ မှောင်မိုက်နေတဲ့ ကမ္ဘာ့နံရံကြီးတစ်လျှောက် မမြင်မစမ်း ကုတ်ခြစ်သွားလာရင်း ဆာလောင်မွတ်သိပ်မှုအားကြီးစွာနဲ့ အစားအစာကို

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေကြတယ်။ သူတို့ အကုသိုလ်ကံကြောင့် စားသောက်စရာဆိုလို့လည်း ဘာမှမရှိပါဘူး။ လှုပ်ရှားသွားလာရင်း တစ်ကောင်နဲ့တစ်ကောင် ထိမိတိုက်မိလိုက်တာနဲ့ ငါ့အစာပဲဆိုပြီး အတင်းလုံးထွေး ထိုးဟပ်ပြီး မလွှတ်တမ်းကိုက်ခဲကြတော့တယ်။

ဒီအခါမှာ နှစ်ကောင်စလုံး ကမ္ဘာ့နံရံကနေ အေးမြနေတဲ့ ရေပြင်ကြီးထဲ ပြုတ်ကျသွားကြတယ်။ ရေပြင်ထဲ ရောက်တယ်ဆိုတာနဲ့ လေးမိုင်နီးပါးလောက်ကြီးတဲ့ သူတို့ရဲ့ ကိုယ်ကြီးတွေဟာ ချက်ချင်း အရည်ပျော်ပြီး ပျောက်သွားတယ်။ အဲသလို ခန္ဓာကိုယ်ကြီးတွေ ပျောက်ပျက်သွားတဲ့ အထိ လောင်မြိုက်တဲ့ဓာတ်ဟာ သီတ - အအေးတေဇော ဓာတ်ပါပဲ။

တေဇောဓာတ်ကလည်း ရင့်ကျက်တဲ့သဘောလေးပဲ ဆိုတော့ သူ့ကိုမြင်ရတာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ရှိကြောင်း၊ သူလောင်သွားခဲ့တဲ့ ဒဏ်ရာ ဒဏ်ချက်တွေကို ကြည့်ပြီး သိနိုင်ပါတယ်။ ဥပမာအားဖြင့် ရပ်ကွက်တစ်ခုကို မီးလောင်သွားတယ်ဆိုပါစို့။ မီးလောင်စဉ်ကတော့ ကိုယ်ကိုယ်တိုင် မရှိလို့ မမြင်လိုက်ရဘူး။ မီးလောင်ပြီး နောက်တစ်နေ့မှာ သွားကြည့်ရတယ်။

မီးသွေးတွေ၊ ပြာတွေကို မြင်ရသောအားဖြင့် မီးကို မမြင်ရသော်လည်း ဒီနေရာဟာ မီးလောင်သွားတဲ့နေရာပါလားလို့ မှန်းဆသိနိုင်သလို ယောဂီတို့ ကိုယ်ခန္ဓာကိုယ်လည်း



တေဇောဓာတ်မီး လောင်မြိုက်ထားတဲ့အတွက်ကြောင့် မွေးစကလို အသားအရေဟာ နူးညံ့မနေတော့ဘဲ ကြမ်းတမ်းခက်ထရော် တွန့်လိမ်လာတာတွေကို တွေ့ရပါလိမ့်မယ်။

ငယ်စဉ်တုန်းက ကြည်လင်တောက်ပနေတဲ့ မျက်လုံးလေးက အခုတော့ မှိုင်းသွားခဲ့ပြီ။ ခပ်လှမ်းလှမ်းက တိုးတိုးပြောတာတောင် ကြားခဲ့တဲ့ နားဟာ အသက်ကြီးလာတော့ ထိုင်းသွားပြီ။ အနားကပ်ပြောတာတောင် သေချာမကြားလို့ နားရွက်ဘေးကနေ လက်ဝါးကလေးတစ်ဖက်ကာပြီး နားထောင်နေရပြီ မဟုတ်လား။ ခါးကလည်း ကိုင်းလာပြီ။

ကြမ်းတမ်းခက်ထရော်လာတဲ့ အသားအရေကလည်း ငယ်ငယ်တုန်းကနဲ့ တခြားစီပေါ့။ ဒီသွင်ပြင်လက္ခဏာတွေကို ကြည့်ပြီး တေဇောဓာတ်ကို မမြင်ရပေမယ့်လည်း ဩော် တေဇောဓာတ်မီးလောင်သွားလို့ ကျန်ခဲ့တဲ့ အမျှတ္တမီးလောင်ပြင်ကြီးဆိုတာ သိနိုင်ပါတယ်။ လေးခုမြောက်သိရမယ့် ဓာတ်ကတော့ ဝါယောဓာတ်ပါ။

ဝါယောဓာတ်ဟာ တွန်းကန်တဲ့လက္ခဏာ၊ လှုပ်ရှားတဲ့ လက္ခဏာရှိပါတယ်။ လေဓာတ်တစ်မျိုးပါပဲ။ အရင် ဓာတ်သုံးပါးအတိုင်း အတုံးလည်း မဟုတ်ပါဘူး။ အလုံးလည်း မဟုတ်ပါဘူး။ အခဲလည်း မဟုတ်ပါဘူး။ အရည်အဖတ်လည်း မဟုတ်ပါဘူး။ အမှုန်အမွှားလည်း မဟုတ်ပါဘူး။ တွန်းကန်တဲ့သဘောတရားသက်သက်နဲ့ လှုပ်ရှားတဲ့သဘောတရားသက်သက်ဟာ ဝါယောဓာတ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ထိုင်နိုင်တာ ဝါယောဓာတ်ကြောင့်

သတ်မဟာဝါအင္ဂုကထာမှာ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးဖြစ်ဖို့အတွက် ဝါယောဓာတ်က အဆင့်ဆင့် ပြုပြင်စီရင်ပေးပုံကို အကျယ်ဖွင့်ပြထားပါတယ်။ ဒီနေရာမှာထိုင်တဲ့ ဣရိယာပုတ်ဖြစ်ဖို့အတွက် ဝါယောဓာတ် ထောက်ပံ့ပေးပုံ ရှုကွက်တစ်ခုကိုပဲ ပြောပြပါ့မယ်။ ကျန်ဣရိယာပုတ်သုံးပါးကိုတော့ နည်းမှီးပြီးတော့ သိပါ ပွားများပါ။

နိသိန္နောဝါ နိသိန္နောမှီတိ ပဇာနာတိ ထိုင်လျှင်လည်း ထိုင်တယ်လို့ သိဆိုပြီး ဘုရားဟောထားတာက ပရမတ်သဘောရောက်အောင် အခုလို သိစေချင်တာပါ။ ပထမဆုံး ငါ ထိုင်မယ်ဆိုတဲ့ စိတ်ကလေး အရင်ဖြစ်ပါတယ်။ အဲဒီစိတ်ကနေ ဝါယောဓာတ်လွှန်ကဲနေတဲ့ ရုပ်ကလာပ်တွေကို ဖြစ်စေပါတယ်။



အဲဒီရုပ်ကလာပ်ကနေ ထိုင်တဲ့အမူအရာ ကာယဝိညတ်ကို ဖြစ်စေပါတယ်။ ဝါယောဓာတ်သတ္တိလွှန်ကဲတဲ့ ရုပ်ကလာပ်ကြီးထိုင်ဖို့အတွက် သိသိသာသာ တွန်လှုပ်လာတော့ အောက်ပိုင်းကိုယ်တွေကို ကွေးတယ်၊ ခွေတယ်၊ အထက်ပိုင်းကိုယ်ကို မတ်ထားတယ်။ အဲဒါကိုပဲ ထိုင်တယ်လို့ ခေါ်တာပါ။

ထိုင်တဲ့ဣရိယာပုတ်တစ်ခုခုဖြစ်ဖို့အတွက် ပထမဆုံး ထိုင်လိုတဲ့စိတ်ဖြစ်တယ်။ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ရုပ်ကလာပ်တွေ တစ်ကိုယ်လုံး ပျံ့နှံ့သွားတယ်။ ဝါယောဓာတ်အားကြီးတဲ့ ရုပ်ကလာပ်တွေကတစ်ဆင့် ထိုင်တဲ့အမူအရာ ကာယဝိညတ်ထိ ဆက်ဖြစ်သွားတယ်။

နောက်တော့ အောက်ပိုင်း ခန္ဓာကိုယ်ကို ကွေး၊ အပေါ်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်ပြီး ထိုင်နိုင်သွားခဲ့တယ်။ အဲဒီလို တစ်ခါထိုင်ဖို့အတွက် ထိုင်ချင်တဲ့စိတ်တွေဖြစ်ပြီးတော့ ပျက်ကြ အနိစ္စ၊ ဝါယောဓာတ်အဆက်ဆက် ဖြစ်ပြီးတော့ ပျက်ကြ အနိစ္စထိရောက်အောင် ပွားများကြရမှာ ဖြစ်ပါတယ်။

ငါးခုမြောက်ဆက်ပြီး နာကြားရမှာက ဝဏ္ဏ၊ အဆင်းရုပ်ဖြစ်ပါတယ်။ ရူပါရုံလို့လည်း လူသိများပါတယ်။ ဝဏ္ဏ၊ အဆင်းရုပ်ဆိုရင် ယောဂီများ သိထားကြတာက အဖြူ၊ အပြာ၊ အနီ၊ အဝါ စတဲ့ အရောင်တွေကို ခေါ်တယ်လို့ပဲ သိထားကြပါတယ်။ တကယ်တော့ အဲဒီအရောင်တွေကိုတင် ဝဏ္ဏ၊ အဆင်းရုပ်ခေါ်တာ မဟုတ်ပါဘူး။ ရုပ္ပသာဒ

www.burmeseclassic.com

www.burmeseclassic.com



အကြည်ရုပ်မှာ လာထိခိုက်ပြီး မြင်လို့ရတဲ့အရာအားလုံးကို ဝဏ္ဏ၊ အဆင်း ရုပ်လို့ ခေါ်ပါတယ်။

ရုပ်ဓာတ် (၂၈)ပါးထဲမှာ မြင်လို့ရတဲ့ ရုပ်ဆိုလို့ ဝဏ္ဏ၊ အဆင်းရုပ်တစ်ခုပဲ ရှိပါတယ်။ လူတွေ၊ ခွေးတွေ၊ မြင်းတွေ၊ နွားတွေ၊ အိမ်တွေ၊ ကျောင်းတွေ၊ တောတွေ၊ တောင်တွေ၊ ကားတွေ၊ ဆိုင်ကယ်တွေကို မြင်တယ်ဆိုတဲ့ အမြင်ဟာ အမြင်မှားပါ။ ဘာကြောင့်လဲဆိုတော့ ခုပြောခဲ့တဲ့ဟာတွေဟာ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်သုံးပါးမှာ မပါတဲ့ ပညတ်တွေပါ။

ပညတ်ဆိုတာ တကယ်မရှိတဲ့အကြောင်း ပထဝီဓာတ်မှာ မသေးစိတ် ရှင်းခဲ့ပါပြီ။ မီးနဲ့နီးမှ ချိတ်ဟာ ပျော့နေတာ၊ ဝေးတာနဲ့ မာသွားတာဟာ ဓမ္မတာပါ။ ဒါကြောင့် ဝဏ္ဏဓာတ်မှာ ပရမတ်မီးပူလေးနည်းနည်းထပ်ပြီးပေးပါဦးမယ်။ နီရဲနေတဲ့ နှင်းဆီပွင့်လေးတစ်ပွင့်ကို ကြည့်လိုက်ပါ။

ဘာကိုမြင်သလဲလို့ မေးခွန်းထုတ်လိုက်ပါတယ်။ ပကတိမျက်စိနဲ့ကြည့်ရင် နှင်းဆီပန်းပွင့်ကို မြင်တယ်။ ပရမတ်ဉာဏ်မျက်စိနဲ့ကြည့်ရင်တော့ ဝဏ္ဏအဆင်းရုပ်ကိုပဲ မြင်ပါတယ်။ ပထမအမြင်ဟာ မှားပြီး ဒုတိယအမြင်ဟာ အမှန်ပါ။ ဘာဖြစ်လို့လဲဆိုတော့ နှင်းဆီပန်းဆိုတာ မရှိတဲ့ ပညတ်တရားပါ။ မရှိတဲ့တရားကို မြင်တယ်ဆိုရင် မှားတော့တာပေ့ါ။



အန္ဓပုထုဇဉ်တစ်ယောက်ယောက်က ဟာ နှင်းဆီပန်းပြမှတော့ နှင်းဆီပန်းပဲ မြင်ရမှာပေ့ါ။ တစ်ခါမှ မကြားဘူးတဲ့ ဝဏ္ဏအဆင်းရုပ်ကို မြင်တယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲလို့ ငြင်းနေရင် သူ့ကို ပထဝီဓာတ်ရှင်းတုန်းကလို စကားတစ်ခွန်းနဲ့ ချုပ်ထားလိုက်ပေ့ါ။

ဘယ်လိုချုပ်ရမလဲဆိုတော့ သင်ပြောသလို နှင်းဆီပန်းကိုသာ မြင်ရရိုးမှန်ရင် နှင်းဆီပန်းပျောက်ရင် အမြင်ဓာတ်ပျောက်သွားရမယ်။ အဲဒီလိုပြောပြီး နှင်းဆီပွင့်ကို လက်နဲ့ ချေပစ်လိုက်ပါ။ ပြီးတော့ လုံးလိုက်ပါ။ အမည်းလုံးလေးဖြစ်သွားပါလိမ့်မယ်။ နှင်းဆီပန်းဆိုတဲ့ ပညတ်ပျောက်သွားပြီး မည်းမည်းအလုံးလေးဆိုတဲ့ ပညတ်ဘဝကို ပြောင်းသွားခဲ့ပါပြီ။

ဒါပေမဲ့ အဲဒီမည်းမည်းအလုံးလေးကို လှမ်းကြည့်လိုက်ရင် မြင်နေရတာပါပဲ။ ဒါကို ထောက်သောအားဖြင့် အန္ဓပုထုဇဉ်ထင်သလို နှင်းဆီပန်းကို မြင်တာမဟုတ်ဘဲ ဝဏ္ဏ၊ အဆင်းရုပ်ကိုသာ မြင်တာဆိုတာ ထင်ရှားနေပါပြီ။ သူပြောသလို နှင်းဆီပန်းကိုသာ မြင်ရရိုးမှန်ရင် နှင်းဆီပန်းပျောက်ရင် မြင်တာပျောက်သွားရမှာပါ။

အခု နှင်းဆီပန်းပျောက်သွားပေမယ့် အမြင်ဓာတ်က ပျောက်မသွားပါဘူး။ မည်းမည်းလုံးလုံးလေးကို မြင်နေရတုန်းပါပဲ။ ဒါကိုလည်း အန္ဓပုထုဇဉ်က မည်းမည်းလုံးလုံးလေးကို မြင်တာပဲ ဝဏ္ဏဓာတ်ကိုမြင်တာ မဟုတ်ပါဘူးလို့ ဆက်ငြင်းနေရင် သင်ပြောသလို မည်းမည်းလုံးလုံးလေးကိုသာ မြင်ရိုးမှန်

www.burmeseclassic.com

www.burmeseclassic.com



ရင် မည်းမည်းလုံးလုံးလေးပျောက်ရင် အမြင်စာတ်ပျောက်ရမယ်။ ဒီစကားကို သင်မှတ်ထားပါလို့ပြောပြီး အဲဒီမည်းမည်းလုံးလုံးတွေကို အခြောက်ခံပြီး မီးရှို့ပစ်လိုက်ပါ။ ပြာတွေ ဖြစ်သွားပါလိမ့်မယ်။ မည်းမည်းလုံးလုံးဆိုတဲ့ ပညတ်ကနေ ပြာဆိုတဲ့ပညတ်ကို ပြောင်းသွားပါပြီ။ မည်းမည်းလုံးလုံးဆိုတဲ့ ပညတ်မရှိတော့ပါဘူး။ ဒါပေမဲ့ လှမ်းကြည့်ရင် ပြာကို မြင်နေရတာပါပဲ။

အန္တပုထုဇဉ်ထင်သလို မည်းမည်းလုံးလုံးကိုသာ မြင်ရရိုးမှန်ရင် မည်းမည်းလုံးလုံးပျောက်ရင် မြင်တာပျောက်ရမယ်။ အခု မည်းမည်းလုံးလုံးသာ ပျောက်သွားတယ် မြင်တာကမပျောက်ဘူး။ ဒါကိုထောက်သောအားဖြင့် မည်းမည်းလုံးလုံးကိုမြင်တာ မဟုတ်ဘဲ ဝဏ္ဏ၊ အဆင်းရုပ်ကိုသာမြင်တာဆိုတာ သေချာသွားပါပြီ။

နောက်ဆုံး အဲဒီပြာတွေကို မြေကျင်းထဲတူးမြှုပ်ပြီး လေးငါးနှစ်ရှိမှ သွားဖော်ကြည့်ရင် မြေကြီးနဲ့တစ်သားတည်း ဖြစ်သွားပါမယ်။ အဲဒီအခါမှာကြည့်လည်း ဝဏ္ဏ၊ အဆင်းရုပ်ကို မြင်နေရမှာပါပဲ။ တကယ်ရှိတဲ့ ပရမတ်ဆိုတော့ ဖျက်လို့လည်း မပျက်ပါဘူး။ ဖျောက်လို့လည်း မပျောက်ပါဘူး။ ဒါကြောင့် ဝဏ္ဏစာတ်ဆိုတာဟာ အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်အမွှား မဟုတ်ဘူး။

မြင်ရတဲ့သဘောတရားလေးပဲလို့ ယောဂီရဲ့ ဉာဏ်ထဲမှာ ပြတ်သားသွားဖို့ လိုပါတယ်။ ဒါကြောင့် ပရမတ် အသိ



ဉာဏ်ကို ရသွားတဲ့ ယောဂီတစ်ယောက်အနေနဲ့ အန္တပုထုဇဉ်နဲ့စာရင် အကုသိုလ်ဖြစ်မှာတွေ အများကြီးလျော့ကျသွားပါတယ်။ ဥပမာတစ်ခု အန္တပုထုဇဉ်က မိန်းမပဲမြင်မြင်၊ ယောက်ျားပဲမြင်မြင် အကုသိုလ်တစ်ခုခုဖြစ်မယ်။

နှစ်သက်ရင် လောဘ၊ မနှစ်သက်ရင် ဒေါသ၊ နှစ်သက်သည်လည်းမဟုတ်၊ မနှစ်သက်သည်လည်းမဟုတ်ရင် မောဟ ဒီသုံးမျိုး တစ်မျိုးမျိုးဖြစ်မှာပဲ။ ပရမတ်ဉာဏ်ရထားတဲ့ ယောဂီကတော့ ယောက်ျားကိုတွေ့တွေ့၊ မိန်းမကိုတွေ့တွေ့၊ ငါမြင်တာ ဝဏ္ဏ၊ အဆင်းရုပ်ပါလားလို့ အမှန်ကို နှလုံးသွင်းလိုက်တာနဲ့ မိန်းမယောက်ျားဆိုတဲ့ ပညတ်တွေ တစ်ခါတည်း ကွာကျသွားတယ်။

မိန်းမယောက်ျားဆိုတဲ့ ပညတ်တွေ ကွာကျသွားတာနဲ့ ဒီပညတ်တွေပေါ် မှီပြီးဖြစ်ရတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တွေတစ်ခုမှ မဖြစ်တော့ဘူးပေါ့။ ကြည့်စမ်း ပရမတ်အမြင်တစ်ခုဟာ ဘယ်လောက်များ တန်ဖိုးရှိလိုက်သလဲလို့။ အဲဒီအမြင်ကို အရိယာအမြင်၊ သမ္မာဒိဋ္ဌိအမြင်၊ ယထာဘူတအမြင်လို့ ခေါ်ရတယ်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## အရိယာအမြင်

အရိယာသူတော်ကောင်းတွေဟာ တရားရပြီး အမှန်ကို မြင်သွားကြတယ်ဆိုသော်လည်း ရုပ်၊ နာမ်ဆိုတဲ့ ပရမတ်တရားတွေကို အမြဲတမ်း မြင်နေတာမဟုတ်ပါဘူး။ ဆင်ခြင်တဲ့အခါမှ မြင်တာပါ။ ရုပ်နာမ်ပရမတ်တရားတွေကို အမြဲတမ်း မြင်နေမယ်ဆိုရင်လည်း သောတာပန်တွေဟာ အိမ်ထောင်သားမွေးကိစ္စတွေ ဘယ်ရှိတော့မလဲ။

အခုရှိနေတာကို ထောက်သောအားဖြင့် သောတာပန်အရိယာတွေဟာလည်း ဆင်ခြင်တဲ့အချိန်မှာသာ ပရမတ်အမှန်ကို မြင်တယ်ဆိုတာ အသေအချာပါပဲ။ ဒါကြောင့် ကလျာဏပုထုဇဉ်၊ စူဠသောတာပန်ပုထုဇဉ်တွေဟာလည်း ပရမတ်တရားကို ဉာဏ်နဲ့ဆင်ခြင်နိုင်လိုက်တယ်ဆိုရင် အဲဒီအချိန်မျိုးကို အရိယာအမြင်လို့ ဆိုနိုင်ပါတယ်။

ငါးခုမြောက်သိရမယ့်ဓာတ်က ဂန္ဓဓာတ်ပါ။ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် နံလို့ရတဲ့ အနံ့မှန်သမျှကို ဂန္ဓ



ဓာတ်လို့ခေါ်ပါတယ်။ များသောအားဖြင့် ဂန္ဓာ၊ အနံ့ရုပ်ကိုလည်း ပညတ်ပေါ်တင်ပြီး အသိမှားနေကြတာများပါတယ်။ တကယ်တော့ ဂန္ဓ၊ အနံ့ရုပ်ဆိုတာ နံ့နေတဲ့သဘောတရားလေးပါပဲ။

အတုံး၊ အလုံး၊ အရည်၊ အဖတ်၊ အမှုန်အမွှားတစ်ခုမှ မဟုတ်ပါဘူး။ လက်တွေ့ရှင်းကြရအောင်ပါ။ ရှင်မတောင်သနပ်ခါးတုံးတစ်တုံးကို နမ်းကြည့်လိုက်ပါ။ မွှေးသွားပါလိမ့်မယ်။ ဘယ်သူကမွှေးတာလဲလို့မေးရင် အများစုက သနပ်ခါးက မွှေးတာလို့ပဲ ဖြေပါလိမ့်မယ်။ တကယ်တော့ သနပ်ခါးတုံးက မွှေးတာမဟုတ်ပါဘူး။ ဂန္ဓ၊ အနံ့ရုပ်က မွှေးတာပါ။

သနပ်ခါးတုံးဆိုတာ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်တရားထဲမှာ မပါတဲ့အတွက် ပညတ်တရားပါပဲ။ ပညတ်ဆိုတာမရှိတဲ့တရားဆိုတော့ သနပ်ခါးတုံးလည်း မရှိတဲ့တရားပဲ။ မရှိတဲ့တရားက မွှေးတယ် နံ့တယ်ဆိုတာ မဖြစ်နိုင်ဘူး။ တကယ်ရှိတဲ့ ပရမတ်ရုပ်တရားထဲမှာပါတဲ့ ဂန္ဓ၊ အနံ့ရုပ်ကသာ မွှေးတာပါ။

အန္ဓပုထုဇဉ်ကတော့ ဒီလိုသဘာဝလေးနဲ့ ရှင်းပြရုံနဲ့ လက်ခံမှာမဟုတ်ပါဘူး။ လက်တွေ့ပြမှရမှာပါ။ ဒီတော့ လက်တွေ့ပြကြရအောင်။

သနပ်ခါးတုံးကို နမ်းကြည့်လို့နံ့တာဟာ ဂန္ဓ၊ အနံ့ရုပ်က နံ့တာမဟုတ်ဘဲ၊ သနပ်ခါးတုံးက နံ့တာပါဆိုရင် သနပ်ခါးတုံးပျောက်ရင် နံ့တာပျောက်ရမယ်။ ဒီတော့ သနပ်ခါးတုံးကို

www.burmeseclassic.com



အစိတ်စိတ်အမွှာမွှာခွဲစိတ်ပစ်လိုက်ပါ။ သနပ်ခါးတုံးဆိုတဲ့ ပညတ်ကြီး ပျောက်သွားပါပြီ။

သနပ်ခါးစလေးတွေဆိုတဲ့ ပညတ်ကို ပြောင်းသွားပါပြီ။ အဲဒီသနပ်ခါးစလေးတွေကို သွားနမ်းကြည့်လည်း နံဦးမှာပါပဲ။ သနပ်ခါးတုံးက နံ့ရှိုးမှန်ရင် သနပ်ခါးတုံးပျောက်ရင် နံ့တာ ပျောက်ရမယ်။ အခု သနပ်ခါးတုံးဆိုတဲ့ ပညတ်သာ ပျောက်သွားတယ်။ နံ့တာ မပျောက်ဘူး။

ဒါလည်း ဂန္ဓ၊ အနံ့ရုပ်က နံ့တာမဟုတ်ပါဘူး။ အဲဒီ သနပ်ခါးစလေးတွေနံ့တာပါလို့ ဆက်ငြင်းနေဦးမယ်ဆိုရင် အဲဒီ သနပ်ခါးစလေးတွေကို မှုန့်ညက်နေအောင် ထောင်းပစ်လိုက်။ ဒီတော့ သနပ်ခါးစဆိုတဲ့ ပညတ်ပျောက်သွားပြီ။ သနပ်ခါးမှုန့်ဆိုတဲ့ ပညတ်ကို ပြောင်းသွားပြီ။

ဒီအခါမှာ အဲဒီအမှုန့်တွေကို သွားနမ်းကြည့်လည်း နံနေဦးမှာပဲ။ သနပ်ခါးစကသာ နံ့ရှိုးမှန်ရင် သနပ်ခါးစပျောက်ရင် နံ့တာပျောက်ရမယ်။ အခု သနပ်ခါးစတွေတော့ ပျောက်သွားတယ်။ နံ့တာကတော့ ပျောက်မသွားပါဘူး။ ဒါကို ထောက်သောအားဖြင့် သနပ်ခါးစက နံ့တာမဟုတ်ဘဲ၊ ဂန္ဓ အနံ့ရုပ်က နံ့တာဆိုတာ ထင်ရှားနေပါတယ်။

အန္ဓ ပုထုဇဉ်ကတော့ လက်ခံမှာမဟုတ်သေးပါဘူး။ ဒါလည်း သနပ်ခါးမှုန့်ကနံ့တာပါလို့ ဆက်ငြင်းဦးမှာပဲ။ ဒါဆိုရင် အဲဒီသနပ်ခါးမှုန့်တွေကို ပြာဖြစ်အောင် မီးရှို့ပစ်လိုက်ပါ။ ပြာဖြစ်သွားတဲ့အခါ သနပ်ခါးမှုန့်ဆိုတဲ့ ပညတ်ဟာ



ပျောက်သွားပြန်ပါပြီ။ အဲဒီပြာကို နမ်းကြည့်ရင် အနံ့တစ်ခုခုကတော့ နံနေဦးမှာပါပဲ။

သနပ်ခါးမှုန့်ကသာ နံ့ရှိုးမှန်ရင် သနပ်ခါးမှုန့်ပျောက်ရင် နံ့တာပျောက်ရမယ်။ အခု သနပ်ခါးမှုန့်ကတော့ ပျောက်သွားတယ်။ နံ့တာက မပျောက်ဘူး။ ဒါကို ထောက်သောအားဖြင့် သနပ်ခါးမှုန့်က နံ့တာမဟုတ်ဘဲ ဂန္ဓ၊ အနံ့ရုပ်က နံ့တာဆိုတာ ထင်ရှားနေပါတယ်။

ဒါလဲပဲ ပြာတွေက နံ့တာပါလို့ ငြင်းနေဦးမယ်ဆိုရင် အဲဒီပြာတွေ ကျင်းတူးပြီး မြေကြီးထဲမြှုပ်ပစ်လိုက်။ လေးငါးနှစ်ရှိမှ သွားဖော်ကြည့်တဲ့အခါ မြေကြီးနဲ့တစ်သားတည်း ဖြစ်နေပါလိမ့်မယ်။ အဲဒီမြေကို ယူပြီး နမ်းကြည့်လည်း အနံ့တစ်ခုခုကတော့ ရနေဦးမှာပါပဲ။ ဒါကြောင့် ဂန္ဓ၊ အနံ့ရုပ်ဟာ တကယ်ရှိတဲ့တရားဆိုတာ သဘောပေါက်လောက်ပါပြီ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ဝက်သားတုံးနဲ့ ရသဓာတ်

ရသဓာတ်ဆိုတာကတော့ လျှာပေါ်တင်ပြီး စားလို့၊ ဝါးလို့၊ အရသာခံလို့ရတဲ့ အရာမှန်သမျှဟာ ရသဓာတ်ပဲ ပေါ့။ အရင်တုန်းကထင်ခဲ့သလို ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ဆိုတဲ့ အရသာခြောက်ပါးကိုမှ ရသဓာတ်လို့ ခေါ်တာမဟုတ် ဘူး။ လျှာနဲ့ထိတွေ့ကောင်းတဲ့အရာမှန်သမျှ ရသဓာတ်လို့ပဲ မှတ်ရမယ်။

ဝက်သားတုံးကို ကိုက်စားလိုက်တဲ့အခါမှာ အရသာ ရှိတယ်။ ဘယ်သူက အရသာရှိတာလဲလို့ မေးလိုက်ရင် ဝက် သားတုံးက အရသာရှိတာပေါ့လို့ပဲ ဖြေတဲ့သူက များပါ လိမ့်မယ်။ ဘာကြောင့်တုန်းဆိုတော့ ဘဝအဆက်ဆက် ကတည်းက မှန်ကန်တဲ့ ပရမတ်အမြင်ကို တစ်ခါမှ မရခဲ့ ကြတော့ ဝက်သားတုံးကိုပဲ ရသဓာတ်လို့ အထင်မှားခဲ့ကြ တာကို။

ရသဆိုတဲ့ ပရမတ်ဓာတ်သားကို အတုံး၊ အလုံး၊ အခဲ၊ အမှုန်၊ အမွှားဆိုတဲ့ ပညတ်ပေါ်မှာတင်ပြီး လမ်းဆုံးနေခဲ့



ကြတာကို။ တကယ်တော့ ရသဓာတ်ဆိုတာ ဇိဝှါပသာဒကို ထိခိုက်တတ်တဲ့ သဘောရားလေးကို ခေါ်တာပါ။ တစ် နည်းအားဖြင့် လျှာပေါ်တင်လိုက်တာနဲ့ ပေါ်လာတဲ့ အရသာ မျိုးစုံ သဘောတရားလေးကို ရသဓာတ်လို့ ခေါ်တာပါ။

လက်တွေ့ဆန်းစစ်ကြည့်ကြရအောင် ဝက်သားတုံးကို ကိုက်ဝါးလိုက်လို့ အရသာရှိသွားတာကို အန္ဓပုထုဇဉ်က ဝက်သားတုံးက အရသာရှိတာလို့ ပြောလိမ့်မယ်။ တကယ် ကျတော့ ဝက်သားတုံးဆိုတာ စိတ်၊ စေတသိက်ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါးထဲမှာ ပါမှမပါဘဲ။ မပါရင် ပညတ်ပေါ့။ ပညတ်ဆိုရင် မရှိတဲ့တရားပေါ့။

ဒီတော့ မရှိတဲ့တရားက အရသာရှိတယ်ဆိုတာ ဘယ် နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ တကယ်ရှိတဲ့ ပရမတ်ရသဓာတ် ကသာ အရသာရှိတာ ဖြစ်ရမှာပေါ့။ ဒီသဘာဝယုတ္တိကို လက်မခံနိုင်သူအတွက် လက်တွေ့ပြကြရအောင်။ အကယ် ၍ ဝက်သားတုံးကသာ အရသာရှိရိုးမှန်ရင် ဝက်သားတုံး ပျောက်ရင် အရသာပျောက်ရမယ်။

အဲဒီတော့ ဝက်သားတုံးကို ပြာဖြစ်အောင် မီးရှို့ပစ် လိုက်၊ ပြာဖြစ်သွားတာနဲ့ ဝက်သားတုံးဆိုတဲ့ ပညတ်ကြီး ပျောက်သွားပြီ။ အဲဒီပြာကို လျှာပေါ်တင်ကြည့်လိုက်ပါ။ အရသာတစ်ခုခုကို တွေ့ရပါလိမ့်မယ်။ မတွေ့ဘဲ မနေပါဘူး။ ဒီတော့ ဝက်သားလုံးသာ ပျောက်သွားပေမယ့် အရသာ ကတော့ မပျောက်ဘူးဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုထောက်သောအားဖြင့် ဝက်သားတုံးက အရသာရှိတာမဟုတ်ဘဲ ရသဓာတ်က အရသာရှိတာဆိုတာ ပေါ်လာပါတယ်။ ဒါလဲပဲ ရသဓာတ်က အရသာရှိတာ မဟုတ်ဘူး။ ပြာက အရသာရှိတာပါလို့ ဆက်ငြင်းနေရင် သင်ပြောသလို ရသဓာတ်က အရသာရှိတာမဟုတ်ဘဲ ပြာကသာ အရသာရှိတာဆိုရင် ပြာပျောက်ရင် အရသာပျောက်ရမယ်။ အဲဒီလို ပြောပြီး ပြာတွေကို မြေကျင်းထဲတူးမြှုပ်လိုက်ပေါ့။ လေးငါးနှစ်ရှိမှ သွားဖော်တဲ့အခါ မြေကြီးဖြစ်သွားပြီ။

ပြာဆိုတာမရှိတော့ဘူး။ အဲဒီမြေကြီးကို လျှာပေါ်တင်ကြည့်ရင် အရသာတစ်ခုခုတော့ တွေ့ဦးမှာပဲ။ ဒါကို ထောက်သောအားဖြင့် ပြာက အရသာရှိတာမဟုတ်ဘဲ၊ ရသဓာတ်က အရသာရှိတာဆိုတာ လက်ခံလောက်ပါပြီ။ အဲဒီတော့ ရသဓာတ်ဆိုတာ အရင်တုန်းက ထင်ခဲ့သလို ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါးဆိုတဲ့ အရသာခြောက်ပါးထွက်တဲ့ စားဖွယ်သောက်ဖွယ် အလုံး အတုံး အခဲတွေ မဟုတ်။

လျှာပေါ်တင်လိုက်တာနဲ့ ပေါ်ထွက်လာတဲ့ အရသာသဘောတရားလေးကိုသာ ရသဓာတ်လို့ခေါ်တာပါလားလို့ ပြတ်ပြတ်သားသား သိသွားရမယ်။ ကျန်တာတွေလည်း ဒီနည်းကိုမှီပြီး သိရမှာပေါ့။ ဥပမာ ရေသောက်လိုက်ဆိုရင် ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ဆိုတဲ့ အရသာခြောက်ပါးတော့ တစ်ခုမှ ပေါ်မလာဘူး။



အရင်တုန်းက အယူအဆအတိုင်းဆိုရင် ရေမှာ ဘာမှ အရသာမရှိသလို ဖြစ်နေတာပေါ့။ ပရမတ်ရသဓာတ်ကတော့ နေရာအနှံ့မှာရှိနေပါတယ်။ ရေ လျှာပေါ်ရောက်တာနဲ့ အရသာတစ်မျိုးကို ခံစားရပါလိမ့်မယ်။ ရေသောက်တိုင်း သတိထားကြည့်ပါ။

ဒီနေရာမှာ ပရမတ်နဲ့ပညတ်ပြတ်သားအောင် မှတ်ရမှာက ရေဆိုတာ ပညတ်ပါ။ သူ့ကို ရသဓာတ်လို့ ခေါ်တာ မဟုတ်ပါဘူး။ လျှာကိုထိလိုက်တာနဲ့တစ်ပြိုင်နက် ပေါ်လာတဲ့ အရသာသဘောတရားလေးကိုသာ ရသဓာတ်လို့ ခေါ်တာပါ။

နွားတွေစားနေတဲ့ မြက်၊ လူတွေအမြင်မှာတော့ ဘာအရသာမှမရှိဘူးလို့ ထင်စရာပေါ့။ ပရမတ်ရသဓာတ်အနေနဲ့ကတော့ ရှိနေတာပါပဲ။ လက်တွေ့သိချင်ရင် မြက်ကို လျှာပေါ်တင်ပြီး ဝါးကြည့်လိုက်ပါ။ အရသာတစ်ခုခုကို တွေ့ရပါလိမ့်မယ်။ အဲဒီလျှာပေါ်တင်ပြီး ဝါးလိုက်တဲ့အခါ ပေါ်လာတဲ့ အရသာသဘောတရားလေးကိုပဲ ရသဓာတ်လို့ ခေါ်တာပါ။

နောက်ဆုံး ရှစ်ခုမြောက်ဓာတ်က ဩဇာပါ။ မြန်မာလိုတော့ အဆီ၊ အနှစ်၊ အစေးလို့ ဘာသာပြန်ကြပါတယ်။ တကယ်ကျတော့ အဆီ၊ အနှစ်၊ အစေးကိုသာ ဩဇာဓာတ် ခေါ်တာ မဟုတ်ပါဘူး။ စားလိုက်တဲ့အာဟာရမျိုးစုံကနေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာတဲ့ ခန္ဓာကိုယ်ကို ကြီးထွားသန်စွမ်းအားဖြစ်စေ တဲ့ သဘောတရားလေးကိုသာ ဩဇာလို့ ခေါ်တာပါ။

တကယ်တော့ အဲဒီဩဇာဓာတ်ဟာ ဆီလို၊ ထောပတ်လို အာဟာရတွေမှာသာ ရှိတာမဟုတ်ပါဘူး။ မြက်ခြောက်လို၊ မြေကြီးလို အာဟာရတွေမှာလည်း ရှိတာပါပဲ။ အသက်ကို ရှည်စေ၊ တတ်တဲ့ဩဇာဓာတ်ရှိလို့သာလျှင် မြက်ခြောက်ကိုသာ စားရတဲ့ကျွဲနွားတွေ၊ မြေကြီးကိုသာ စားတဲ့တီကောင်တွေဟာ အသက်ရှည်နေကြတာဖြစ်ပါတယ်။

ဒီတော့ ဩဇာဓာတ်ဆိုတာလည်း အတုံး၊ အလုံး၊ အခဲ၊ အမှုန့်၊ အရည်၊ အဖတ်တစ်ခုမှ မဟုတ်ဘဲ၊ စားလိုက်တဲ့ အာဟာရတိုင်းမှာပါတဲ့ အသက်ကိုရှည်စေတတ်တဲ့ သဘောတရားလေးလို့ပဲ သိထားရင် လုံလောက်ပါပြီ။ ပြခဲ့ပြီးတဲ့ ရုပ်ဓာတ်တွေကို အကျဉ်းပြန်ချုပ်လိုက်ရင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာလို့ရှစ်မျိုးဖြစ်ပါတယ်။

ဒီဓာတ် ၈ မျိုးဟာ ခွဲခြားလို့ မရပါဘူး။ အတူတကွ အမြဲတမ်းဖြစ်နေပါတယ်။ ဒါကြောင့် အဝိနိဗ္ဘောဂရုပ်လို့ ခေါ်ပါတယ်။ ပြီးတော့ သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးမှာ ဒီဓာတ် ၈ ပါးရှိနေပါတယ်။ ရုပ်ဓာတ်တွေလည်း စုံသွားပြီဖြစ်လို့ ခန္ဓာဖွဲ့ကြပါတော့မယ်။ ခန္ဓာဟာ ငါးပါးရှိပါတယ်။ ခန္ဓာရဲ့ အဓိပ္ပာယ်ကို အရင်ပြောကြရအောင်ပါ။

xxxxx



## ခန္ဓာရဲ့ အဓိပ္ပာယ်

ခန္ဓသဒ္ဒါဟာ အစုအပေါင်းကို ဟောပါတယ်။ ဘာတွေကို စုပေါင်းထားသလဲဆိုတာ ပြီးတော့ ရှင်းပါ့မယ်။ ခန္ဓာငါးပါးကတော့ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ပါပဲ။ ရူပက္ခန္ဓာက ဖောက်ပြန်တတ်တဲ့ သဘောတရား။

သညက္ခန္ဓာက မှတ်သားတတ်တဲ့ သဘောတရား။ သင်္ခါရက္ခန္ဓာက တိုက်တွန်းနှိုးဆော်တတ်တဲ့ သဘောတရား။ ဝိညာဏက္ခန္ဓာက သိတတ်တဲ့သဘောတရားရှိပါတယ်။ အရင်တုန်းက ရုပ်တရားက တစ်ခုခုဖောက်ပြန်ရင် ငါ၊ သူ တစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါက ဖောက်ပြန်တယ်လို့ အယူမှားခဲ့ကြပါတယ်။

အခု ဆန်းစစ်ကြည့်လိုက်တော့ ရူပက္ခန္ဓာ ဖောက်ပြန်တာဆိုတာ သိရပါပြီ။ ဖောက်ပြန်တယ်ဆိုတာ အသစ် အဟောင်းပြောင်းနေတာပါပဲ။ အပူရုပ်လေးဖြစ်ပိုက်၊ ချုပ်

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်၊ အအေးရုပ်လေးဖြစ်လိုက်၊ ချုပ်သွားလိုက်၊ အဲဒီလို အပေါင်းချုပ်လိုက် အသစ်ရောက်လိုက်နဲ့ ရူပက္ခန္ဓာဟာ တရစပ် ဖောက်ပြန်နေတာပါ။ ဒါဟာ သူ့အလုပ်ပါပဲ။

ရူပက္ခန္ဓာအရ တရားကိုယ်ကောက်ယူရင် ရုပ်ဓာတ် (၂၈) ပါးကို ရပါတယ်။ ရူပက္ခန္ဓာနဲ့ ပတ်သက်တဲ့ လင်္ကာလေး ဆိုကြည့်ကြရအောင် -

ပြုပြင်ဆေးသုတ်၊ ပေါင်းထုတ်မွမ်းမံ၊
ညှိရုပ်ထိုရုပ်၊ ရေမြှုပ်သဏ္ဌာန်၊
မခိုင်မြဲလို့၊ ဆင်းရဲပူပန်၊
အကာကျ၊ သာရကင်းမဲ့ပြန်၊

အရိုးတွေပေါ်မှာ သားတစ်တွေကပ်၊ သားတစ်တွေကို မလှုပ်ရှားအောင် အကြောတွေနဲ့ချီနှောင်၊ အကြောတွေ အပေါ်ကမှ အရေထူအရေပါးလေးတွေ ဖုံးပြီး အဖြူရောင်၊ အနက်ရောင်၊ အဝါရောင် ဆိုပြီး ဆေးသုတ်ထားတဲ့ ရုပ်တရားကို ဗုဒ္ဓက ရေမြှုပ်နဲ့ တူတယ်လို့ ဥပမာပေးထားပါတယ်။

ဘယ်လိုတူသလဲဆိုရင် ရေမြှုပ်ပုံကြီးတစ်ပုံကို လှမ်းကြည့်လိုက်ပါ။ အဝေးကကြည့်ရင်တော့ အတုံးကြီး၊ အလုံးကြီး၊ အခဲကြီး၊ အခိုင်အမာကြီးလို့ ထင်ရပါတယ်။ လက်ပေါ်တင်ပြီး ဆုတ်ချေကြည့်လိုက်တဲ့အခါကျတော့ ဘာအနှစ်အသား၊ အမတေမှမရှိဘဲ တစ်ခါတည်းပျောက်သွားပါတယ်။

×××××



## ဥတုဇရုပ်နဲ့ ပရမတ်ရုပ်

ရူပက္ခန္ဓာဟာလည်း ဒီအတိုင်းပါပဲ။ အပေါ်ယံပညတ်ရုပ်၊ ဥတုဇရုပ်ကြီးကို မြင်လိုက်ရတော့ အတုံးအလုံးအခဲကြီးလို့ ထင်စရာပါပဲ။ ပရမတ်ဉာဏ်နဲ့ ချေဖျက်ကြည့်လိုက်တဲ့အခါကျတော့ ပထဝီဓာတ်ကစပြီးတော့ ရုပ်တရားအားလုံးဟာ အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား ဘာမှမရှိတော့ဘဲ သဘောတရားလေးသက်သက်သာရှိတဲ့ အကြောင်းရေ့ပိုင်းမှာ ရှင်းခဲ့ပါပြီ။

ဒီနေရာမှာ ဥတုဇရုပ်နဲ့ ပရမတ်ရုပ်ကို အသေးအချာ ရှင်းဖို့လိုလာပါပြီ။ အခုထိုင်နေတဲ့ ယောဂီတို့ရဲ့ ကိုယ်ကြီးကို ဥတုဇရုပ်လို့လည်း ခေါ်ပါတယ်၊ ပညတ်ရုပ်လို့လည်း ခေါ်ပါတယ်။ ပရမတ်ရုပ်တရားရဲ့ ဖြစ်ပျက်ကို မမြင်အောင် ဒီဥတုဇရုပ်တုံးကြီးက ကွယ်ထားတာပါ။ ဥတုဇရုပ်ကောင်ကြီးပဲ ရူပက္ခန္ဓာလို့ အယူမှားနေတော့ ဗုဒ္ဓက ရူပက္ခန္ဓာလည်း အနိစ္စအမြဲမရှိလို့ ဟောတဲ့အခါ သူ့အယူအဆဟာ လွဲရော။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလွဲသလဲဆိုတော့ ဩော် . . .ရုပ်တရား ရုပက္ခန္ဓာကြီးအမြဲမရှိဆိုတာ တစ်ဘဝမှာ တစ်ခါသေရတာကို ပြောတာပဲ။ သတ္တဝါတွေဟာ ပဋိသန္ဓေနေပြီးရင် သေကြရတယ်။ အဲဒီလိုသေရတာကို အနိစ္စ အမြဲမရှိလို့ ဟောတာပဲဆိုပြီး အယူလွဲတော့တာပေါ့။ ဗုဒ္ဓက ပရမတ်ရုပ်တွေ တစ်စက္ကန့်အတွင်းမှာ ကုဋေငါးထောင့်ငါးရာကျော်ဖြစ်ပြီး ပျက်သွားတဲ့ ခဏိကမရဏကိုဟောတာ –

သူထင်တာက တစ်ဘဝမှာ တစ်ခါသေရတဲ့ သမုတ်မရဏကိုထင်တယ် ဘယ်လောက်ထိ လွဲသွားသလဲလို့ ဒီလိုဘာကြောင့်လွဲရသလဲဆိုရင် ဥတုဇရုပ်နဲ့ ပရမတ်ကို ဉာဏ်အမြင်မှာ မကွဲပြားလို့ပဲပေါ့။ ဒီနေရာမှာ ကွဲပြားအောင် သေချာဟောပါ့မယ်။ ယောဂီများကလည်း ကြိုးစားပြီးတွေးခေါ်ဆင်ခြင်နာယူပါ။

ဘာကြောင့်လဲဆိုတော့ ကိလေသာပယ်ရေး မဂ်ဖိုလ်ရရေး ဝိပဿနာအလုပ်ဆိုတာ ဉာဏ်ပညာရဲ့ အလုပ်သာဖြစ်ပါတယ်။ တခြားအလုပ်မဟုတ်ပါဘူး။ ဒါကြောင့် ဗုဒ္ဓက

လောဘော ဒေါသော မောဟော ကောဓော
ဥပနာဟောဘိက္ခဝေ နေဝကာယေန ပဟာတဗ္ဗော
နောဝါစာယ ပညာယဒိသွာ ပဟာတဗ္ဗော

(အံ၊ ၃၊ ၂၈၈)

ရဟန်းတို့ လောဘ၊ ဒေါသ၊ မောဟ စသည်တို့ကို ကာယကံဖြင့် မပယ်အပ်၊ မပယ်နိုင်၊ ဝစီကံဖြင့် မပယ်အပ်၊



မပယ်နိုင်၊ ပယ်၍မရ။ မနောကံဖြစ်သော ပညာဖြင့်သာ ပယ်အပ်၊ ပယ်နိုင်၊ ပယ်၍ရနိုင်၏လို့ ဟောတော်မူထားပါတယ်။ အခုလည်း တွေးခေါ်မြော်မြင်ရမယ့် ဉာဏ်စခန်းကို ရောက်နေပါတယ်။

နားကတရားကို နာသလို၊ ဉာဏ်ကလည်း ခန္ဓာအပေါ်မှာ ဟောလိုက်တာနဲ့ကိုက်၊ မကိုက်ကို စိုက်ကြည့်နေပါ။ ခန္ဓာနံနိဗ္ဗတ္တိဇာတိ = ခန္ဓာငါးပါးဖြစ်ပေါ်လာတာကို ဇာတိလို့ခေါ်ပါတယ်။ ခန္ဓာနံ ပရိပါကောဇရာ = ခန္ဓာငါးပါးရင့်ကျက်လာခြင်းကိုတော့ ဇရာလို့ ခေါ်ပါတယ်။ ခန္ဓာနံ ဘေဒေါမရဏံ-ခန္ဓာငါးပါးချုပ်ပျောက်ပျက်စီးသွားတာကို သေတယ်လို့ ဗုဒ္ဓက ဟောထားပါတယ်။

*****

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓအလိုအရ သေတယ်ဆိုတာ

ခန္ဓာငါးပါးချုပ်ပျက်ပြီး ဒီဘဝမှာ ပြန်မဖြစ်တော့တာကို သေတယ်လို့ ဆိုတာကိုတော့ လူတိုင်းလက်ခံကြပါတယ်။ ဒီလို လက်ခံတယ်ဆိုရင် အတွေးအခေါ် ဉာဏ်လေးထည့် ကြည့်ကြရအောင် လူတစ်ယောက် ခန္ဓာငါးပါးချုပ်ပြီး သေသွားပါပြီတဲ့၊ ဒါပေမဲ့ ရုပ်အလောင်းကြီးကျန်နေတယ်၊

ခန္ဓာငါးပါးလုံးချုပ်ပျက်သွားတာကို သေတယ်လို့ ဗုဒ္ဓက ဟောခဲ့တော့ မချုပ်ပျက်ဘဲ ကျန်နေတဲ့ ရုပ်အလောင်းဟာ ခန္ဓာငါးပါးထဲမပါတဲ့ ဥတုဇရုပ်၊ ပညတ်ရုပ်ဆိုတာ ထင်ရှားနေတာပေါ့၊ ဒီလိုမှမဟုတ်ဘဲ အလောင်းကောင်ကြီးဟာ ရုပ က္ခ ခန္ဓာထဲမှာပါတယ်လို့ဆိုရင် လူသေတဲ့အခါ ခန္ဓာငါးပါးမချုပ်ဘဲ နာမ်ခန္ဓာလေးပါးပဲချုပ်ပြီး ရုပက္ခန္ဓာကြီးက မချုပ်ဘဲ ကျန်နေတယ်လို့ ယူဆရမလိုဖြစ်နေတယ်။



ဒီလိုလဲ မယူဆကောင်းပါဘူး။ ဒီတော့ ယောဂီတို့ ဉာဏ်မှာ ရှင်းလင်းစွာ သိရမှာက ဥတုဇရုပ်ဟာ တီဗွီဖန်သား ပြင်နဲ့ တူတယ်၊ ပရမတ်ရုပ်ကတော့ ခလုတ်နှိပ်လိုက်တဲ့ အခါ ပေါ်လာတဲ့ လူရိပ်၊ ကားရိပ်၊ တောတောင်ရိပ်တွေနဲ့ တူပါတယ်၊ ဖန်သားပြင်မှာ ပေါ်လာတဲ့အရိပ်တွေကို ကိုင် ကြည့်လို့ မရပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ အကောင်အထည် အနေနဲ့ရှိတာမဟုတ်ဘဲ အရိပ်အနေနဲ့သာ ရှိတာကိုး။ သွား ကိုင်ကြည့်ရင် တီဗွီဖန်သားပြင်ကြီးကိုသာ ကိုင်ကြည့်မိမှာ ပါ။ ဒီဥပမာအတိုင်းပါပဲ ဥတုဇရုပ်ကောင်ကြီးပေါ်မှာ ပရမတ်ရုပ်တွေဟာ တဖျပ်ဖျပ်ဖြစ်ပြီး ပျက်နေကြတာပါ။

ပရမတ်တွေဟာ အကောင်အထည်၊ အလုံးအခဲ၊ အရှည်၊ အဖတ်၊ အမှုန်၊ အမွှား မဟုတ်ဘဲ သဘောတရား သာဖြစ်တော့ သွားကိုင်လို့တော့မရပါဘူး။ တစ်စက္ကန့် လောက်မပျက်ဘဲ တည်တံ့တဲ့တရားဆိုရင်တော့ ကိုင်လို့ ပြလို့ရနိုင်လောက်ပါတယ်၊

အခုတော့ တစ်စက္ကန့်အတွင်းမှာကို ကုဋေငါးထောင် ရှစ်ရာရှစ်ဆယ်ကျော်ဖြစ်ပျက်နေတဲ့တရားဆိုတော့ ဘယ်လို မှ ကိုင်လို့မရနိုင်ဘူးဆိုတာ ဉာဏ်ထဲမှာ ရှင်းလောက်ပါ တယ်၊ သွားကိုင်ကြည့်ရင်တော့ မြေဒွေးဖြစ်တဲ့ပထဝီ ရှိနေ မယ့် ဥတုဇရုပ်ကိုသာ ကိုင်မိမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပိုင်းမှာမေးခဲ့တဲ့ ဝိပဿနာမေးခွန်းကို ဒီနေရာမှာ အတိအကျဖြေလို့ရပါပြီ။ မေးခွန်းက ခန္ဓာငါးပါးအနိစ္စအမြဲမရှိ၊ အမြဲတရစပ်ဖြစ်ပျက်နေတယ်လို့လည်း ဟောတယ်။ ကျွန်တော်ပေါင်မှာ ထိုးထားတဲ့ ထိုးကွင်းတွေဟာ နှစ်ပေါင်းလေးဆယ်ကျော်ကြာတဲ့အထိ မပျက်မစီးဘဲ တည်နေပါတယ်။ အဲဒါ ဘယ်လိုသဘောလဲတဲ့။

အဖြေကတော့ ဗုဒ္ဓက ခန္ဓာငါးပါးအနိစ္စ၊ အမြဲမရှိလို့ ဟောခဲ့တာဟာ တစ်စက္ကန့်အတွင်းမှာ ကုဋေငါးထောင်ကျော်ဖြစ်ပျက်နေတဲ့ ပရမတ်ရုပ်ခန္ဓာကို ကြည့်ပြီး ဟောခဲ့တာပါ။ မေးခွန်းရှင်ရဲ့ ပေါင်မှာထိုးထားတဲ့ ထိုးကွင်းတွေဟာ ဥတုဇရုပ်သာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီထိုးကွင်းတွေကတော့ သေပြီးတဲ့နောက် မြေဆွေးဖြစ်မှပဲပျောက်မှာပါလို့ ဖြေရပါမယ်။

ဒုတိယမြောက်က ဝေဒနက္ခန္ဓာပါ။ စေတသိက် ၅၂ ပါးထဲက အာရုံကို ခံစားတတ်တဲ့ သဘောတရား ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာ ဖွဲ့ရတာပါ။ လင်္ကာလေးဆို ကြည့်ရအောင် -

သာယာနှစ်သက်၊ ခံခက်နှစ်တန်၊
ဝေဒနာစက်၊ ရေပွက်သဏ္ဌာန်၊
မနိုင်မြဲလို့၊ ဆင်းရဲပူပန်၊
အကာကျ၊ သာရကင်းမဲ့ပြန်။



ဝေဒနာက အကျဉ်းချုပ်တော့ သုံးမျိုးပေါ့။ ဘာတွေလဲဆိုတော့ ကိုယ်ကြိုက်တာကို ခံစားရတဲ့အခါ သုခဝေဒနာပေါ့။ ကိုယ်မကြိုက်တာကို ခံစားရတဲ့အခါ ဒုက္ခဝေဒနာပေါ့။ ကြိုက်သည်လည်းမဟုတ်၊ မကြိုက်သည်လည်းမဟုတ် အလယ်အလတ် အာရုံကို ခံစားရတဲ့အခါ ဥပေက္ခာဝေဒနာပေါ့။

ဒီတော့ ယောဂီတို့သိရမှာက အရင်တုန်းကတော့ ကောင်းတာကို ခံစားခံစား၊ မကောင်းတာကို ခံစားခံစား၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါက ခံစားတယ်လို့ ထင်ခဲ့ကြတယ်။ ယူဆခဲ့ကြတယ်။ အခုတော့ အမှန်ကို သိရပါပြီ။ ကောင်းတာကိုဖြစ်စေ၊ မကောင်းတာကိုဖြစ်စေ ခံစားတာဟာ ဝေဒနာက္ခန္ဓာပဲ၊ ခံစားတာဟာ ဝေဒနာက္ခန္ဓာရဲ့ အလုပ်ပဲ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာကို အကြာဆုံးခံစားနိုင်ချိန်

အဲဒီဝေဒနက္ခန္ဓာဟာ ဘာနဲ့တူသလဲဆိုတော့ ရေပွက်နဲ့တူပါသတဲ့။ ကန်ရေပြင်ပေါ်ကို မိုးပေါက်တွေ ကျလာတဲ့အခါ ရေပွက်လေးတွေ ထလာပါတယ်။ မိုးရေတစ်ပေါက်ကျလိုက် ရေပွက်တစ်ပွက်ထပြီး ပျက်သွားလိုက်၊ နောက်မိုးရေတစ်ပေါက်ကျလိုက် ရေပွက်တစ်ပွက်ထပြီး ပျက်သွားလိုက်နဲ့ ရေပွက်ရဲ့ဖြစ်ချိန် ပမာဏဟာ အင်မတန်မှ တိုတောင်းလှပါတယ်။

ထို့အတူပဲ ဝေဒနာရဲ့ဖြစ်ချိန်ပမာဏဟာ လွန်စွာမှ တိုတောင်းလှပါတယ်။ အလွန်မွန်မြတ်ကောင်းမွန်တဲ့ ဟင်းမျိုးစုံနဲ့ ထမင်းစားနေတဲ့ လူတစ်ယောက်က ကောင်းတဲ့ဝေဒနာတွေကို ထမင်းစားမပြီးမခြင်း ဆက်တိုက်ခံစားနေတယ်လို့ ထင်ပါတယ်။ ထမင်းစားတာ နာရီဝက်ကြာရင် ကောင်းတဲ့ဝေဒနာကို နာရီဝက်ခံစားတယ်လို့ ထင်ပါတယ်။

ဝိပဿနာပရမတ်ဉာဏ်အမြင်နဲ့ ကြည့်လိုက်တော့ ကောင်းတဲ့ ဝေဒနာဖြစ်ဖြစ်၊ မကောင်းတဲ့ဝေဒနာဖြစ်ဖြစ် တစ်စက္ကန့်ကြာအောင်တောင် ခံစားလို့မရပါဘူး။ ဘာဖြစ်လို့



လဲဆိုတော့ တစ်စက္ကန့်အတွင်းမှာ ဝေဒနာက္ခန္ဓာပေါင်းကုဋေ တစ်သိန်းဖြစ်ပျက်သွားလို့ပါပဲ။ အဖြစ်အပျက်က မြန်လွန်းအားကြီးတော့ အကြာကြီးခံစားရတယ်ထင်ပြီး ဝေဒနက္ခန္ဓာအပေါ် စွဲမက်နေမိကြတာပါ။

ဉာဏ်မျက်စိနဲ့ကြည့်လိုက်တဲ့အခါကျတော့ တရစပ် ဖြစ်ပျက်နေတဲ့ အနိစ္စသဘောကို သိသွားတော့ သိတာနဲ့ တစ်ပြိုင်နက်လောဘဆိုတဲ့ ကိလေသာတဒင်္ဂသေသွားတာပေါ့။ နာကျင်နှိပ်စက်တဲ့ရောဂါဝေဒနာတစ်ခုခုကို ခံစားနေရတဲ့အခါမှာလည်း ဝေဒနာရဲ့မမြဲတဲ့ အနိစ္စသဘောလေးကို ဉာဏ်နဲ့မြင်အောင် ရှုကြည့်လိုက်မယ်ဆိုရင် မနှစ်သက်တဲ့ ဒေါသဟာ ချက်ချင်းသေသွားမှာပါ။

လက်တွေ့ရှုပွားကြည့်လေ၊ ဝိပဿနာဟာ ဉာဏ်ပညာရဲ့ အလုပ်ဆိုတာ ထင်ရှားလာလေပါပဲ။ ပေတစ်ရာလောက် ရှည်တဲ့ အုန်းဆံကြိုးကြီးကို တန်းထားတာတွေ့ရတဲ့အခါ ဉာဏ်မျက်စိနဲ့မကြည့်ဘဲ ပကတိမျက်စိနဲ့ကြည့်တဲ့အခါ တအံ့တသြအထင်ကြီးနေမိတာပေါ့။

နောက်သေသေချာချာ ဉာဏ်မျက်စိနဲ့ဆင်ခြင်ကြည့်လိုက်တဲ့အခါကျတော့ ဩော် . . .အုန်းဆံဖတ်ဆိုတာ အုန်းသီးခွံက ဖြစ်တာပဲ။ အုန်းသီးခွံဆိုတာ အလွန်ဆုံးရှည်မှ တစ်ထွာသာသာလေးပေါ့။ ဒီတော့ ဒီကြိုးကြီးပေတစ်ရာ ရှည်နေတယ်ဆိုတာ တစ်ထွာသာသာလောက်ရှိတဲ့ အုန်းဆံဖတ်တွေကို တစ်ခုစီအတန်းလိုက် ဆက်ပြီး ကျစ်ထားလို့

www.burmeseclassic.com

www.burmeseclassic.com



ပေတစ်ရာလောက်ရှည်တယ်လို့ ထင်ရတာပါလားလို့ ဉာဏ် အမြင်မှာ ရှင်းသွားတာနဲ့ ပေတစ်ရာအရှည်ကြီးလို့ ထင်မြင် ယူဆတဲ့ အယူမှားတွေပျောက်သွားတော့တာပေါ့။

ဒီဥပမာအတိုင်းပဲ အရင်က ဗွီဒီယိုဇာတ်လမ်းခွေတွေ ပြီးအောင်ကြည့်ရတဲ့အခါ နှစ်နာရီလောက်ကြာတယ်ဆိုရင် ငါဟာ ရုပ်ရှင်ရဲ့အရသာကို နှစ်နာရီကြာအောင် ခံစားရတယ် လို့ ထင်ပြီး ဝေဒနက္ခန္ဓာအပေါ်မှာ အထင်ကြီးခဲ့တယ်။ အခုလိုဉာဏ်နဲ့တွေးခေါ်ကြည့်လိုက်တော့ နှစ်နာရီမပြောနဲ့ ရုပ်ရှင်ရဲ့ အရသာကို တစ်စက္ကန့်ကြာအောင်တောင် ခံစားလို့ မရပါလား။

အဖြစ်အပျက်တွေက လျှင်မြန်လွန်းအားကြီးလို့သာ တစ်ဆက်တည်း ထင်ရတာပါလား။ ခံစားတဲ့ ဝေဒနက္ခန္ဓာ ဆိုတာလည်း အနိစ္စ အမြဲမရှိတဲ့တရားပါလားလို့ အမြင် ဉာဏ်လေးဝင်လိုက်တာနဲ့ ဝိပဿနာပွားပြီးသား ဖြစ်သွား တာပါပဲ။ တတိယမြောက်ခန္ဓာက သညာက္ခန္ဓာပါ လင်္ကာလေး ဆိုကြည့်ရအောင် -

အကောင်းအဆိုးနဲ့ ကြောင်းကျိုးမှတ်ရန်
သညာနာမ်ဓာတ်၊ တံလျှပ်သဏ္ဌာန်
မနိုင်မြဲလို့၊ ဆင်းရဲပူပန်
အကာကျ၊ သာရကင်းမဲ့ပြန်။

စေတသိက် ၅၂ လုံးထဲက မှတ်သားတတ်တဲ့ သဘော တရားရှိတဲ့ သညာစေတသိက်ကို သညာက္ခန္ဓာဖွဲ့ရပါတယ်။



အရောင်မျိုးစုံကိုမှတ်သားတာ၊ နာမည်မျိုးစုံကို မှတ်သားတာ၊ လိပ်စာမျိုးစုံကို မှတ်သားတာ ကောင်းတဲ့အာရုံ၊ မကောင်းတဲ့ အာရုံတွေကို မှတ်သားတာဟာ သညာက္ခန္ဓာပါပဲ။

အရင်တုန်းကတော့ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ် ဖြစ် မှတ်သားလိုက်ပြီဆိုရင် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါက မှတ်သားတယ်လို့ပဲ အယူအဆမှား ခဲ့ကြတယ်။ အခုတော့ အမှန်ကို သိရပါပြီ။ ကောင်းတာ ဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် မှတ်သားတာဟာ သညာက္ခန္ဓာ ပါ။ ဘာကိုပဲ မှတ်သား၊ မှတ်သား၊ မှတ်သားတာဟာ သညာ က္ခန္ဓာရဲ့ အလုပ်ပါ။

အဲဒီသညာက္ခန္ဓာဟာ တံလျှပ်နဲ့တူပါသတဲ့။ တံလျှပ် ဆိုတာ မိုးခေါင်ရေရှားတဲ့ ဒေသတွေမှာ ကွင်းပြင်ကျယ်ကြီး တွေ ရောက်သွားပြီဆိုရင် အဝေးကို လှမ်းကြည့်လိုက်တဲ့ အခါ ရေတွေစီးဆင်းနေသလို မျက်စိထဲမှာမြင်နေရပါတယ်။ အပူဓာတ်အရှိန်ရယ်၊ ရေခိုးရေငွေ့ရယ် ပေါင်းမိပြီး ရေပြင် သဏ္ဌာန်ဖြစ်နေတာကို တံလျှပ်ကို ခေါ်ကြတာပါပဲ။

အသိဉာဏ်မရှိတဲ့ သမင်တစ်ကောင်ဟာ အဝေးက လှမ်းမြင်ရတဲ့ တံလျှပ်ကို ရေထင်ပြီး အပြေးသွားပါတယ်။ ရေက တအားဆာနေတာကိုး။ အနားရောက်တဲ့အခါ ဘာမှ မရှိဘဲ ပျောက်သွားပြီး တခြားနေရာမှာ ရေပြင်သဏ္ဌာန်ထင် ပြန်ပါတယ်။ သမင်ဟာ နေပူကျဲကျဲကြီးထဲ တံလျှပ်ထနေတဲ့ နောက်တစ်နေရာကို ဆက်ပြေးပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အနားရောက်တဲ့အခါ ဘာမှမတွေ့ရတော့ဘဲ နောက်တစ်နေရာမှာ တံလဆပ်ဟာ ပြောင်းထင်ပြန်ပါတယ်။ ဒီလို ပြေးရင်းပဲ နောက်ဆုံးတော့ သမင်ဟာ အမောဆို့ပြီး သေရရှာပါတယ်။ သညက္ခန္ဓာဟာလည်း ဒီလိုပါပဲ။ အနွ ပုထုဇဉ်တွေကို လူမရှိဘဲ ရှိတယ်လို့ မှတ်ခိုင်းပါတယ်။

နတ်မရှိဘဲ ရှိတယ်လို့ မှတ်ခိုင်းပါတယ်။ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိဘဲ ရှိတယ်လို့ မှတ်ခိုင်းပါတယ်။ အန္ဓပုထုဇဉ်တွေကလည်း သညက္ခန္ဓာ လှည့်စားတဲ့အတိုင်း အဟုတ်ထင်ပြီး ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါတွေနောက် ကောက်ကောက်ပါအောင် လိုက်ရင်း မှားရင်းနဲ့ နောက်ဆုံး အပါယ်တံ့ ပြန်ဆင်းကြရတာပါပဲ။

ဒါကြောင့် အခုဘဝမှာတော့ သညက္ခန္ဓာရဲ့ အလိမ်အညာကို မခံတော့ဘဲ သညက္ခန္ဓာက ဒါလူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲလို့ မှတ်ခိုင်းလာရင် ယောဂီတို့က တံလျှပ်ကို ရေထင်တဲ့ ရွှေသမင်လို အမှတ်မမှားကြဘဲ ဒါဟာ လူမဟုတ်၊ ပရမတ်အရ လူဆိုတာမရှိ။ တကယ့်အရှိတရားကား ရုပ်နဲ့နာမ်ပဲလို့ ပြတ်ပြတ်သားသား သိထားရပါမယ်။

စတုတ္ထမြောက်ခန္ဓာက သင်္ခါရက္ခန္ဓပါ။ လင်္ကာလေးဆို ကြည့်ရအောင် -

ပြုပြင်ပြောင်းလွဲ၊ ဖောက်လွဲဖောက်ပြန်။

သင်္ခါရကျွာ၊ ၎င်းပျောသတ္တာန်၊



မနိုင်မြဲလို့၊ ဆင်းရဲပူပန်၊

အကာကျ၊ သာရကင်းမဲ့ပြန်။

ဝေဒနာသညာမှတစ်ပါး ကြွင်းတဲ့စေတသိက် ငါးဆယ်ကို သင်္ခါရက္ခန္ဓာလို့ ခေါ်ပါတယ်။ ဒီစေတသိက်ငါးဆယ်မှာလည်း စေတနာစေတသိက်က ဦးဆောင်တဲ့အတွက် ပြုပြင်တတ်တဲ့ သဘောတရား၊ တိုက်တွန်းတတ်တဲ့ သဘောတရား၊ နှိုးဆော်တတ်တဲ့သဘောတရား ရှိပါတယ်။

ကောင်းတာလုပ်ပြီး ကောင်းတဲ့ဘဝရောက်အောင်၊ ဆိုးတာလုပ်ပြီး ဆိုးတဲ့ဘဝရောက်အောင် ပြုပြင်တိုက်တွန်းခဲ့တာဟာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါပဲလို့ အရင်တုန်းက ထင်ခဲ့ကြပါတယ်။ အခုတော့ တရားခံအမှန်ကို သိရပါပြီ။ ကောင်းတာလုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်တာလည်း သင်္ခါရက္ခန္ဓာပါ။

ကောင်းတဲ့ဘုံရောက်အောင် ပြုပြင်နှိုးဆော်ပေးတာလည်း သင်္ခါရက္ခန္ဓာပါ။ မကောင်းတာလုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်တာလည်း သင်္ခါရက္ခန္ဓာပါ။ မကောင်းတဲ့ ဘုံရောက်အောင် ပြုပြင်နှိုးဆော်ပေးတာလည်း သင်္ခါရက္ခန္ဓာပါ။ ၃၁ ဘုံသားတွေဖြစ်အောင် ဖန်တီးပေးတဲ့ တရားခံဟာ သင်္ခါရက္ခန္ဓာပါပဲ။

သင်္ခါရက္ခန္ဓာကို ၎င်းပျောပင်နဲ့ ဥပမာပေးထားတာက အဓိပ္ပာယ်ရှိပါတယ်။ လူတွေဟာ ကိုယ်လုပ်ထားတဲ့ အရာဝတ္ထုမှန်သမျှကို အင်မတန်အထင်ကြီးလေ့ရှိပါတယ်။ မိမိ

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကိုမဆိုထားနဲ့ ကိုယ်ကာထားတဲ့ ဝါးဝင်းထရံလေးကိုတောင် သူများဝင်းထရံထက်တော့ အထင်ကြီးတယ်။

ငါကိုယ်တိုင်သေချာလုပ်ထားတာ အနည်းဆုံးလေးငါးနှစ်တော့ ခိုင်ရမယ်စသောအားဖြင့် အထင်ကြီးတတ်ပါတယ်။ သခါရက္ခန္ဓာက ပြုပြင်ပေးလိုက်လို့ ဖြစ်လာတဲ့ ခန္ဓာကိုယ်ကိုတော့ ပိုလို့တောင် အထင်ကြီးတာပေါ့။ ငါဟာ ကျန်းမာရေးရော အစားအသောက်ကိုရော ဂရုစိုက်တယ်။ ဒါကြောင့် သူများထက် အသက်ရှည်ရမယ်။ ရောဂါကင်းရမယ်ဆိုပြီး အထင်ကြီးကြတယ်။

ဘာနဲ့ဥပမာတူသလဲဆိုတော့ ရောမငှက်ပျောတောကြီးထဲကို ရောက်သွားတဲ့ သူရူးတစ်ယောက်နဲ့ တူပါသတဲ့။ သူရူးဟာ အဖုအထစ်မရှိဘဲ လုံးချောနေတဲ့ ငှက်ပျောပင်တွေကို မြင်ရတဲ့အခါ သံတိုင်၊ ကျောက်တိုင်တွေလိုပဲ မာကျောတောင့်တင်းမယ်လို့ ယူဆပြီး အထင်ကြီးနေပါသတဲ့။

အထင်ကြီးလွန်းမကကြီးလာတဲ့အခါ ငါနေတဲ့ ငှက်ပျောတောကြီးဟာ အင်မတန်မှ ကြီးကျယ်တယ်။ သံတိုင်လိုခိုင်မာတဲ့ ငှက်ပျောပင်တွေကလည်း အပြည့်အကျပ်ပဲ။

ဘယ်လိုရန်သူမှ ငါ့ကိုလွယ်လွယ်ကူကူ တိုက်ခိုက်လို့ရမှာ မဟုတ်ဘူး။ ဒါကြောင့် အနီးအနားက ဘုရင်တစ်ပါးကိုရာဇသံပေးရမယ်လို့ တွေးပြီး နိုင်ငံတစ်ခုက ဘုရင်တစ်ပါးဆီရာဇသံပေးလိုက်သတဲ့။ ကျောက်တိုင်သံတိုင်ခိုင်မာတဲ့ ငှက်ပျောတောဘုရင် ငါ့ကို တိုင်းပြည်ကိုပဲ အပ်မည်လော၊



စစ်ပဲထိုးမည်လော အကြောင်းပြန်လေဆိုပြီး ရာဇသံပေးလိုက်သတဲ့။

ရာဇသံကိုရသွားတဲ့ ဘုရင်ဟာ အကြောင်းကို စုံစမ်းကြည့်လိုက်တော့ ငှက်ပျောတောကို အနိုင်အမာထင်နေတဲ့ သူရူးတစ်ယောက်ဖြစ်မှန်းသိလို့ သူအထင်ကြီးနေတဲ့ ငှက်ပျောတောကြီးကို တစ်ပင်မကျန်ရှင်းပစ်ကြလေလို့ အမိန့်ပေးလိုက်တဲ့အတွက် စစ်သည်များဟာ သူရူးပုန်းခိုနေတဲ့ ငှက်ပျောတောကြီးကို တစ်ခဏချင်း ရှင်းပစ်လိုက်ပါတယ်။

သူအနိုင်အမာထင်နေတဲ့ ငှက်ပျောတွေ တစ်ပင်မှ မရှိတဲ့အခါကျမှ သူရူးဟာ ဝမ်းနည်းပက်လက်ဖြစ်ပြီး မာန်တွေကျသွားသတဲ့၊ အခုလည်း အန္ဓပုထုဇဉ်သူရူးတွေဟာ ဘဝမျိုးစုံဖြစ်အောင် ဖန်တီးပြီး ကိုယ်ဖန်တီးတဲ့ဘဝကို သိပ်ခိုင်မြဲတာပဲလို့ ကိုယ်တိုင်ပြန်ပြီး အထင်ကြီးနေတာဟာ ငှက်ပျောတောထဲက သူရူးနဲ့အတူတူပါပဲ။

xxxxx

www.burmeseclassic.com



## ၁၁ ဘုံသားတွေရဲ့ ပရမတ်သက်

သင်္ခါရက္ခန္ဓာက ပြုပြင်ပေးလိုက်လို့ လူ့ဘုံရောက်လာပြီဆိုရင် ငှက်ပျောတောထဲက သူရူးလို့ မာန်က ထောင်လာတယ်။ ငါလုပ်လိုက်တဲ့ လူ့ဘဝဟာ အနည်းဆုံး အသက်တစ်ရာရှည်ရမယ်ပေါ့။ နတ်ပြည်ရောက်ပြန်တော့ စတုမဟာရာဇ် ဘုံရောက်ရင် လူ့သက်နဲ့ဆိုရင် အနှစ်ကိုးသန်း အသက်ရှည်တယ်လို့ မာန်ထောင်တယ်။

တာဝတိံသာကျတော့ နှစ်ပေါင်းသုံးကုဋေနဲ့ ခြောက်သန်း၊ ယာမာကျတော့ ၁၄ ကုဋေလေးသန်း၊ တုသိတာကျတော့ ၅၇ ကုဋေနဲ့ အနှစ်ခြောက်သန်း၊ နိမ္မာနရတိကျတော့ ၂၃၀ ကုဋေနဲ့လေးသန်း၊ ပရနိမ္မိတဝသဝတ္တီကျတော့ ၉၂၁ ကုဋေနဲ့ခြောက်သန်း အသက်ရှည်တယ်ဆိုပြီး ထောင်လွှားတယ်၊ မာန်တက်တယ်။

ဗြဟ္မာ့ဘုံကျပြန်တော့ အမြင့်ဆုံး နေဝသညာနာသညာယတန အရူပဘုံဆိုရင် နှစ်နဲ့တောင် ရေတွက်လို့



မရဘူး။ ကမ္ဘာနဲ့ရေတွက်ရတယ်။ အဲဒီဘုံဟာ ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် အသက်ရှည်တယ်ဆိုပြီး ထောင်လွှားတယ်၊ မာန်တက်တယ်။ ငှက်ပျောပင်ကဲ့သို့ အနှစ်အသားမရှိတဲ့ ခန္ဓာကိုယ်ကို အနှစ်အသားရှိတယ်။ သက်တမ်းပြည့်ပြီး မသေခင်အထိ ခိုင်မြဲတယ်လို့ ယူဆနေတာပေါ့။

လောကသမုတိပညတ်၊ သတ်မှတ်ချက်တွေအရ အနှစ်တစ်ရာ၊ ကမ္ဘာပေါင်းရှစ်သောင်းလေးထောင် စသည်အားဖြင့် အမျိုးမျိုးပြောဆိုနေကြပေမယ်လို့ ၁၁ ဘုံသားအားလုံးရဲ့ သက်တမ်းကို ပရမတ်နည်းနဲ့ ကြည့်လိုက်မယ်ဆိုရင် ဖြစ်၊ တည်၊ ပျက်ဆိုပြီး ခဏငယ်သုံးချက်ပဲ အသက်ရှည်ကြတာပါ။ ခဏငယ်သုံးချက်ပြည့်ရင် တစ်ခါသေတာပါပဲ။

ခဏငယ် သုံးချက်ပြည့်တိုင်း တစ်ခါ သေတာကို ခဏိကမရဏလို့ ခေါ်ပါတယ်။ ၁၁ ဘုံသား အားလုံးဟာ ခဏငယ် သုံးချက်ပြည့်တိုင်း တစ်ခါသေနေကြရတာပါ။ ရုပ်သစ်တွေ ထပ်ထပ်ဖြစ်နေလို့သာ အနှစ်တစ်ရာ၊ အနှစ်ကိုးသန်း စသည်ဖြင့် သတ်မှတ်နေကြတာပါ။ နွားလှည်းဘီးဝိုင်းကြီးဟာ ဘယ်လောက်ပင်ကြီးကြီး သွားတဲ့အခါ မြေကြီးနဲ့ထိရတာက တစ်ထွာလက်လေးသစ်ပါ။

ဘီးဝိုင်းကြီးတစ်ခုလုံး မြေကြီးနဲ့ထိလို့မရပါဘူး။ ထို့အတူပဲ ၁၁ ဘုံသားတွေ တစ်ဘုံထက်တစ်ဘုံ ဘယ်လောက်အသက် ရှည်တယ်ပြောပြော၊ တကယ်နေသွားရတာက ဖြစ်၊ တည်၊ ပျက်ဆိုတဲ့ ခဏငယ်သုံးချက်ပါပဲ။ ဒီသဘောကို

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်အမြင်မှာ ရှင်းသွားရင် သက်တမ်းရှည်လေ အဖြစ်၊ အပျက်ဆိုတဲ့ ဆင်းရဲဒုက္ခကို ပိုခံစားရလေဆိုတာ သဘော ပေါက်လာပါလိမ့်မယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တမှာပါတဲ့ ဒုက္ခကို သိရမယ်ဆိုတာ ဖြစ်ပြီးတော့ ပျက်နေရတဲ့ ပြုပြင်ပေးနေရတဲ့ အဲဒီသင်္ခါရဒုက္ခ ကို ပြောတာပါ။ ကြာကြာဗီထိုင်လို့ နာလာတဲ့ ဒုက္ခကို ပြော တာ မဟုတ်ပါဘူး။ ဒီလိုဉာဏ်နဲ့ ရှုမြင်လိုက်တဲ့အခါမှာ သင်္ခါရ ကွန္ဒာရော၊ သူပြုလုပ်ပေးလိုက်တဲ့ ၃၁ ဘုံက ခန္ဓာတွေ အား လုံးဟာ ဘာအနှစ်သားမှ မရှိတော့ပါဘူး။ ဒါကြောင့် သင်္ခါရ ကွန္ဒာကို ငှက်ပျောတုံးနဲ့တူတယ်လို့ ဟောတာပါ။

နောက်ဆုံး ခန္ဓာကဝိညာဏကွန္ဒာပါလင်္ကာလေးက -

သွင်ပြင်ဖောက်ပြား မှောက်မှားစေရန်၊
ဝိညာဉ်လက်လှည့်၊ မျက်လှည့်သဏ္ဌာန်၊
မခိုင်မြဲလို့၊ ဆင်းရဲပူပန်၊
အကာကျ၊ သာရကင်းမဲ့ပြန်။

စိတ်အကျဉ်း ၈၉ ပါး၊ စိတ်အကျယ် ၁၂၁ ပါးကိုတော့ အာရုံကို သိတတ်တဲ့ သဘောတရားရှိတဲ့အတွက်ကြောင့် ဝိညာဏကွန္ဒာလို့ ခေါ်ပါတယ်။ မျက်လှည့်ဆရာဟာ လူတွေ ကို လိမ်ညာပြီးပြသလို ဝိညာဏကွန္ဒာကလည်း အန္ဓပုထုဇဉ် တွေကို အမြဲလိမ်ပါတယ်။ ဝိညာဏကွန္ဒာရဲ့လိမ်ပုံကို ခန္ဓာ ငါးပါးဖြစ်ပုံနဲ့ရောပြီး ပြပါ့မယ်။

×××××



## ခန္ဓာငါးပါးဖြစ်ပုံ

ခန္ဓာငါးပါးဖြစ်ပုံကို သိမှပျက်ပုံကိုလည်း သိမှာပါ။ ဒီနေ ရာမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယာဉ်သုံးပါး ရှုပွားပုံ ဟာ တစ်ခါတည်း ပါလာမှာပါ။ ပညတ်ကိုရှုရင် သမထ၊ ပရမတ်ကိုရှုမှ ဝိပဿနာလို့ အစပိုင်းမှာ ပြောခဲ့ပါပြီ။ ဒါ ကြောင့် ယောဂီတို့ဟာ ပရမတ်ခန္ဓာငါးပါး ဖြစ်ပြီးတော့ ပျက် သွားပုံကို အကျယ်နာကြားကြရမည်။

ဒီနေရာမှာ အလုပ်စခန်းလည်း တစ်ခါတည်း ပါလာ ပြီ။ ဒီတရားနာပြီးတဲ့နောက် ယောဂီတို့ အိမ်မှာနေရင်းလည်း စားရင်း၊ သောက်ရင်း၊ နေရင်း၊ ထိုင်ရင်း၊ စီးပွားရှာရင်းနဲ့ ဝိပဿနာကို ရှုပွားတတ်ပါလိမ့်မယ်။ ကဲ မြင်စိတ်ဖြစ်နိုက် ခန္ဓာငါးပါးဖြစ်ပုံကို နာယူကြရအောင်။

www.burmeseclassic.com



လူတစ်ယောက်ကို မြင်လိုက်ပြီဆိုတာနဲ့ လူဆိုတဲ့ အဆင်းရူပါရုံက ယောဂီရဲ့စက္ခုပသာဒအကြည်ရုပ်ကို လာတိုက်ပြီးသား ဖြစ်သွားပြီ။ အဲဒီလို တိုက်လိုက်တဲ့အခါမှာ ဖြစ်ပြီးတော့ ပျက်သွားကြတဲ့ ရူပါရုံနဲ့ စက္ခုပသာဒကို ရုပ်တရားဖြစ်တဲ့အတွက် ရူပက္ခန္ဓာဖွဲ့ရတယ်။ ခန္ဓာတစ်ပါး ရသွားပြီပေါ့။

ရူပါရုံနဲ့ စက္ခုပသာဒတို့ ထိခိုက်မိလိုက်တာနဲ့ စက္ခုဝိညာဉ်ဆိုတဲ့ မြင်သိစိတ်ကလေး ဖြစ်သွားပါတယ်။ စက္ခုပသာဒ အကြည်ရုပကလေးကို မှီပြီးဖြစ်တဲ့အတွက်ကြောင့် စက္ခုဝိညာဉ်စိတ်လို့ ခေါ်တာပါ။ ရှေ့ပိုင်းမှာ တစ်ခါရှင်းပြခဲ့ပါတယ်။ နှစ်ထပ်ရှိတော့ မှတ်မိအောင် ထပ်ရှင်းပြနေတာပါ။

ဒီစက္ခုဝိညာဉ်စိတ်ကလေးကို စိတ်ဖြစ်တဲ့အတွက်ကြောင့် ဝိညာဏက္ခန္ဓာ ဖွဲ့ရပါတယ်။ ရူပက္ခန္ဓာက ဖောက်ပြန်တတ်တဲ့သဘောတရားရှိသလို ဝိညာဏက္ခန္ဓာကလည်း အာရုံကို သိတတ်တဲ့သဘောတရား ရှိတာပေါ့။ ဒီနေရာမှာ စိတ်ဖြစ်တိုင်း လိုက်ဖြစ်တဲ့ စေတသိက် ခုနစ်လုံးကို သိထားရပါမယ်။

သူတို့က အာရုံကိုတွေ့ထိတတ်တဲ့သဘောတရားရှိတဲ့ ဖဿစေတသိက်၊ အာရုံရဲ့အရသာကို ခံစားတတ်တဲ့သဘောတရားရှိတဲ့ ဝေဒနာစေတသိက်၊ အာရုံကိုမှတ်သားတတ်တဲ့သဘောတရားရှိတဲ့ သညာစေတသိက်၊ တိုက်တွန်းနှိုးဆော်



တတ်တဲ့သဘောတရားရှိတဲ့ စေတနာစေတသိက်၊ အာရုံတစ်ခုမှာ စွဲမြဲတည်တံ့တဲ့သဘောတရားရှိတဲ့ ဧကဂ္ဂတာစေတသိက်၊ နာမ်တရားများကို စောင့်ရှောက်ခြင်းသဘောတရားရှိတဲ့ ဇီဝိတိန္ဒြေစေတသိက်၊ အာရုံကို နှလုံးသွင်းခြင်းသဘောတရားရှိတဲ့ မနသိကာရစေတသိက်တို့ပါပဲ။

ဒီစေတသိက် (၇) လုံးဟာ ဘယ်စိတ်ဖြစ်ဖြစ်ပါတဲ့အတွက်ကြောင့် စိတ်အားလုံးနဲ့ ဆက်ဆံတဲ့အတွက်ကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်လို့ အဘိဓမ္မာမှာ နာမည်ပေးထားပါတယ်။ အခုလည်း စက္ခုဝိညာဉ်စိတ်ဖြစ်တာနဲ့ ဒီစေတသိက် (၇)လုံး ပါလာပါပြီ။ အဲဒီ (၇)လုံးထဲက ရူပါရုံရဲ့အရသာကို ခံစားတတ်တဲ့ သဘောတရား ဝေဒနာစေတသိက်လေးကို ဝေဒနက္ခန္ဓာ ဖွဲ့ရပါမယ်။

အဲဒီ (၇) လုံးထဲကပဲ အာရုံကို မှတ်သားတတ်တဲ့ သဘောတရား သညာစေတသိက်လေးကိုတော့ သညက္ခန္ဓာ ဖွဲ့ရပါမယ်။ ကျန်တဲ့စေတသိက်ငါးလုံးကိုတော့ သင်္ခါရက္ခန္ဓာ ဖွဲ့ရပါမယ်။ ဒီစေတသိက်ငါးလုံးမှာ စေတနာက ဦးဆောင်တဲ့အတွက်ကြောင့် တိုက်တွန်းနှိုးဆော်တတ်တဲ့ သဘောတရား ရှိနေတာပါ။

အာရုံတစ်ခုကိုမြင်လိုက်တာနဲ့ ခန္ဓာငါးပါးက ဖြစ်ပျက်သွားပါပြီ။ တစ်စက္ကန့် သို့မဟုတ် မျက်တောင်တစ်ခတ်အတွင်းမှာ ရုပ်ခန္ဓာပေါင်း ကုဋေငါးထောင့်ရှစ်ရာရှစ်ဆယ်ကျော်၊ နာမ်ခန္ဓာပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွားပါ

www.burmeseclassic.com



တယ်။ အဲဒါကို ဉာဏ်နဲ့သိပြီး အဆင်းတစ်ခုခုကို မြင်လိုက်တာနဲ့ ခန္ဓာင်းပါး အနိစ္စလို့ ရှုပွားရပါမယ်။

တချို့က ပြောတတ်ကြပါတယ်။ တစ်စက္ကန့်အတွင်းမှာ ရုပ်ခန္ဓာပေါင်း ကုဋေငါးထောင်ကျော်၊ နာမ်ခန္ဓာပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွားတယ်ဆိုတာကို ဘုရားရှင်တွေပဲ မြင်နိုင်တာ၊ ကျန်တဲ့သူတွေ မြင်နိုင်တာမဟုတ်လို့ ရှုပွားလို့မရနိုင်ဘူးဆိုပြီး ဝေဖန်ကြပါတယ်။

အဲဒီဝေဖန်ချက်ဟာ ပညာရှိ သတိဖြစ်ခဲဆိုတဲ့စကားအတိုင်း ဝေဖန်မိကြတာပါ။ ဒီဝေဖန်ချက်ဟာ စာပေအခံရှိတဲ့သူတွေဆီက အများဆုံးလာတာပါ။ ဒီနေရာမှာ ပညာစေတသိက်ရဲ့အဓိပ္ပာယ်ကို ရှင်းလိုက်ရင် စောစောက ဝေဖန်ချက်ကို အလိုလိုရှင်းပြီးသား ဖြစ်သွားမှာပါ။

×××××



## ပညာဟာသိတတ်တဲ့သဘော

ပညာဟာ စေတသိက်ပါ။ သူဟာ ထိုးထွင်း၍ သိတတ်တဲ့သဘောရှိပါတယ်။ မြင်တတ်တဲ့သဘော မရှိပါဘူး။ မြင်တတ်တာဟာ စက္ခုဝိညာဉ်စိတ်ပါ။ ရှေးခေတ်ကစပြီး ဝိပဿနာနဲ့ပတ်သက်လို့ ဟောပြောရေးသားကြတဲ့အခါမှာ ရုပ်နာမ်အဖြစ်အပျက်တွေကို ဉာဏ်နဲ့မြင်တယ်ဆိုပြီး သုံးနှုန်းလေ့ရှိပါတယ်။

အမှန်က ဒီစကားဟာ တင်စားပြီး သုံးနှုန်းတာပါ။ ဉာဏ်ပညာနဲ့ သိတယ်လို့ရေးရင်း မလေးနက်မှာ စိုးလို့ ဉာဏ်နဲ့မြင်တယ်လို့ တင်စားပြီး ရေးလိုက်တာပါ။ တကယ်တော့ ဉာဏ်ပညာဟာ မြင်တတ်တဲ့တရားမဟုတ်ပါဘူး။ ထိုးထွင်းသိတတ်တဲ့ တရားပါ။ ပရမတ်ခန္ဓာ အဖြစ်အပျက်တွေကို ထိုးထွင်းသိပြီး ရှုပွားနေရင် ဉာဏ်ပညာရဲ့ကိစ္စ ပြည့်စုံပါပြီ။

အဲဒီတင်စားချက်စကားလုံးရဲ့ ဒဏ်ကို ဦးပဥ္စင်းတို့လည်း အများကြီး ခံစားခဲ့ရပါတယ်။ ဝိပဿနာတရား အား

www.burmeseclassic.com



ထုတ်ခါစကဆိုရင် အနီးကပ်ဆရာလည်း မရှိသေးတော့ ရှိတဲ့ စာအုပ်လေးတွေကြည့်ပြီး အားထုတ်ရတာပေါ့။ ဟောသံကြား။ ပြောသံကြားတွေကိုလည်း အားကိုးရတာပေါ့လေ။

ဥဒယဗ္ဗယဉာဏ်အရ ရှုပွားတဲ့အခါ ရုပ်နာမ်တွေ တဖွဲဖွဲ တသဲသဲ ဖြစ်ပျက်နေပုံတွေကို ဉာဏ်အမြင်နဲ့ မြင်ရမယ်လို့ အားထုတ်ဖူးသူတွေက ပြောကြဆိုကြတော့ ပကတိမျက်စိနဲ့မြင်သလိုကြီး မြင်ရမယ်လို့ ထင်ပြီး ချွေးဒီးဒီးကျ၊ ခန္ဓာကိုယ် တဆတ်ဆတ်တုန်တဲ့အထိ သုံးလေးနာရီ ထိုင်ကြည့်ပါတယ်။

ဘာမှမမြင်ရပါဘူး။ ဘာမြင်ရမှာလဲ။ ဉာဏ်ပညာဟာ မြင်တတ်တဲ့ တရားမှ မဟုတ်ဘဲ။ ထိုးထွင်း သိတတ်တဲ့ တရားပဲဟာ။ ပြီးတော့ ပရမတ်ရုပ်နာမ်ဆိုတာ သဘော တရားသာ ရှိတာ။ အမှန်အမှားတောင် မရှိတဲ့ဟာ။ ရုပ်နာမ် တွေ တဖွဲဖွဲတသဲသဲ ပျက်နေတာမြင်ရတယ်ဆိုတဲ့ စကား ဟာလည်း ယုတ္တိမရှိမှန်း ပရမတ်ဉာဏ်ကိုရမှပဲ သိရပါတော့ တယ်။

ဒါကြောင့် ပရမတ်ရုပ်နာမ် ခန္ဓာငါးပါးဖြစ်ပျက်ပုံကို ဉာဏ်ပညာနဲ့ သိလို့ရပါတယ်လို့ ဖြေပါရစေ။ မြင်လိုက်တာနဲ့ ခန္ဓာငါးပါးဖြစ်ပုံကို ပြောပြီးတဲ့အခါ ဝိညာဏက္ခန္ဓာက မျက် လှည့်ဆရာလို လိမ်ညာပုံကို ပြောပါဦးမယ်။ လူတစ်ယောက် ကို မြင်လိုက်တာနဲ့ ဝိညာဏက္ခန္ဓာက အဲဒါကို လူလို့သိ၊ ယောက်ျားလို့သိ၊ မိန်းမလို့သိဆိုပြီး လိမ်လိုက်ပါတယ်။



ပရမတ်ဉာဏ်အမြင်မရှိတဲ့ အန္ဓပုထုဇဉ်တွေကတော့ ဝိညာဏက္ခန္ဓာ လိမ်လိုက်တဲ့အတိုင်း လူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲလို့ ယုံကြည်လိုက်တယ်။ အဲဒီလို ယုံကြည်လိုက်တာ နဲ့ ယောက်ျား၊ မိန်းမဆိုတဲ့ ပညတ်တွေပေါ် အမှီပြုပြီး နှစ် သက်တော့ လောဘ၊ မနှစ်သက်တော့ ဒေါသ၊ နှစ်သက် သည်လည်းမဟုတ်၊ မနှစ်သက်သည်လည်း မဟုတ်တော့ မောဟဆိုပြီး အကုသိုလ်တစ်ခုခု ဖြစ်တော့တာပေါ့။

ပရမတ်ဉာဏ်အမြင်ရှိတဲ့ ယောဂီကျတော့ ဘာကိုပဲ မြင်မြင် မြင်လိုက်တာနဲ့ ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားလိုက်တာပဲ။ ဒီတော့ ဝိပဿနာရှုပွားတတ်တဲ့ ယောဂီအတွက် မြင်ရသမျှ အဆင်းရုပ် ရူပါရုံတွေဟာ အကုသိုလ်ဖြစ်စရာမဟုတ်တော့ဘဲ ဝိပဿနာရှုပွားစရာ တရားတွေချည်း ဖြစ်ကုန်တာပေါ့။ ဘယ် လောက်အဖိုးတန်လိုက်သလဲလို့။

×××××

www.burmeseclassic.com

www.burmeseclassic.com



## တစ်ယောက်တည်းနေချင်ရင်

ဒါကြောင့် ပညာရှိသူတော်ကောင်းတွေက ပြောတာပေါ့။ ဝိပဿနာမရှုပွားဘဲသာနေမယ်ဆိုရင် ကိလေသာဗရပွေဖြစ်နေတဲ့အတွက်ကြောင့် တောထဲမှာ တစ်ယောက်တည်းနေပေမယ့် လူတစ်ထောင်နဲ့နေရသလိုပါပဲတဲ့။ ဝိပဿနာရှုပွားပြီးသာနေမယ်ဆိုရင် ကိလေသာငြိမ်းပြီး တွေ့သမျှအာရုံတွေဟာ တရားရှုစရာချည်း ဖြစ်ကုန်တဲ့အတွက် လူတစ်ထောင်နဲ့နေပေမယ့်လို့ တစ်ယောက်တည်းနေသလိုပါပဲတဲ့။

ဝိပဿနာတရားဆိုရင် သားပစ်၊ မယားပစ်၊ လင်ပစ်ပြီး အားထုတ်နေကြတာကို အတွေ့များတဲ့ယောဂီတချို့က ဒီလိုသားမယားနဲ့နေရင်း စီးပွားရှာရင်း အားထုတ်လို့ မဂ်ဖိုလ်ရနိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ အရင်က ဒီလိုပြောတာ မကြားဖူးပါဘူးဆိုပြီး ဦးပဥ္စင်းတို့ ပြောကြားချက်အပေါ် သံသယဝင်နိုင်တဲ့အတွက် ပရိယတ်၊ ပဋိပတ်ပါရဂူ



ဖြစ်တော်မူတဲ့ လယ်တီဆရာတော်ဘုရားကြီး ရေးသားချက်ကို အထောက်အထားပြပါ့မယ်။

သေချာနားထောင်ပါ။ လယ်တီဒီပနီပေါင်းချုပ် တတိယတွဲ၊ စာမျက်နှာ ၃၁၆၊ အာဟာရဒီပနီကျမ်းကနေ ကောက်နုတ်ပြမှာပါ။ ဆရာတော်ကြီးက ယောဂီတို့အတွက် ဘယ်လိုအာမခံချက်ပေးထားသလဲဆိုတော့ -

ဤဝိပဿနာ ကမ္မဋ္ဌာန်းအရာမည်သည် အလွန်နက်နဲသိမ်မွေ့လှ၏။ ဟောပြောပြသ ဆုံးမသွန်သင်သော ဆရာနေရာကျလိုလှ၏။ သိသင့်သောအရာ၌ နေရာကျသိနိုင်အောင် ဟောပြောမှုထင်မြင်အောင် အားထုတ်ရမည့်အရာ၌ နေရာကျထင်ကွက်၊ မြင်ကွက်ပေါ်အောင် ပြသမှုသည်ကား ဆရာ့တာဝန်တည်း။

ထင်ကွက်မြင်ကွင်ပေါ်ရုံမျှနှင့် ကမ္မဋ္ဌာန်းကိစ္စ ခရီးရောက်နိုင်သေးသည်မဟုတ်။ ထင်မြင်လာအောင် အားထုတ်ရန်အချက်ကို ဆရာ သွန်သင်ပြသ၍ လုလုကြီး ရိပ်မိသောအခါ အထင်အမြင် နေ့စဉ်တိုးပွားစေရန် ရဟန်းဖြစ်ခဲ့အံ့၊ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်၍။

ထက်သန်သော ဝီရိယဖြင့် လရည်နှစ်များ အားထုတ်မှု လူဖြစ်ခဲ့အံ့၊ အိမ်စီးပွားနှင့်ဖက်တွဲ၍ လရည်နှစ်များ စွဲမြဲမှုသည်ကား တပည့်၏တာဝန်တည်း။

အာနာပါန အစရှိသော သမထကမ္မဋ္ဌာန်းမျိုးသည်ကား ပြောဟောမှု အလွန်လွယ်၏။ နိမိတ်အထင်ရအောင်

www.burmeseclassic.com



အားထုတ်မှု အလွန်ခဲယဉ်း၏။ အိမ်၌နေ၍ စီးပွားနှင့်ဖက်တွဲ ခြင်းဟာမရ ဆိတ်ငြိမ်ရာသို့ ထွက်၍ အပြင်းအထန်အား ထုတ်နိုင်မှ နိမိတ်ကို ရနိုင်၏။

ဝိပဿနာကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ ထယ်လုပ်ရင်းဖြစ်နိုင်၏။ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏။ လှေသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းရင်း၊ ဝယ်ရင်း အစရှိ သဖြင့် အိမ်အလုပ်၊ အိမ်စီးပွားနှင့် ဖက်တွဲနိုင်သတည်း။

ဘုရားလက်ထက်တော်၌ သမထကမ္မဋ္ဌာန်းကို ပေါက် ရောက်အောင် လုပ်နိုင်သောသူသည် အလွန်နည်း၏။ အိမ်၌ နေ၍ အိမ်စီးပွားဖက်တွဲ၍ စွဲမြဲကြသူ အလွန်များ၏။ ထိုစကားမှန်၏။ ဒီနေရာမှာ ဆရာတော်ကြီးရဲ့စာကို ဆက် မဖတ်မီ တစ်ခုလောက် ယောဂီတို့ကို ပြောချင်ပါသေးတယ်။

ဝိပဿနာကမ္မဋ္ဌာန်းကို စီးပွားနဲ့တွဲဖက်ပြီး ရှုပွားကြတဲ့ အတွက် ဘုရားလက်ထက်က သာဝတ္ထိမြို့မှာ လူဦးရေ (၇) ကုဋေရှိတဲ့အနက်က (၅) ကုဋေဟာ အရိယာတွေဖြစ်ခဲ့ ရပါတယ်။ ရာဇဂြိုဟ်မြို့မှာ လူဦးရေ (၉) ကုဋေရှိတဲ့အနက် က (၇) ကုဋေဟာ အရိယာဖြစ်ခဲ့တဲ့အကြောင်း ထည့် သောင်းပြီး ပြောပြချင်တာပါ။ ကဲ ဆရာတော်ကြီးရဲ့ အာဘော်ကို ဆက်ဖတ်ကြည့်ရအောင်။

သမထကမ္မဋ္ဌာန်းပေါက်ရောက်သူလူ၌ အလွန်နည်း ၏။ ရဟန်းတို့၌သာ များ၏။ ဝိပဿနာ ကမ္မဋ္ဌာန်းပေါက် ရောက်၍ သောတာပန်အရိယာဖြစ်ကြသူကား လူ၌ အလွန်



များ၏။ လူသောတာပန်တစ်ထောင်ကို ရဟန်းသောတာပန် တစ်ယောက်ကျထား၍ ရေတွက်သော်လည်း ရဟန်းဘက် က သာကုန်လေရာ၏။ လူဘက်မှ မကုန်လေရာ ဤမျှ လောက် များပြားရိပ်ထင်၏။

အဘယ်ကြောင့်နည်း။ လောက၌ ရှိရင်းဂုဏ်ပင် ရဟန်း အလွန်နည်း၏။ လူကမူ မရေမတွက်နိုင်အပြည့်ရှိ၏။ လူသော တာပန်လည်း ပြည့်မတတ်ပင် များလှ၏။ ထိုသို့ များလှခြင်း က အိမ်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်းတွဲသာလှသော ကြောင့်တည်း။

အယုတ်အားဖြင့် အစေခံ၊ အိမ်ကျွန်မ၊ အခစားကူလီ ပင် ဖြစ်သော်လည်း သံဝေဂသတိ ကောင်းကောင်းရှုပါလျှင် ဝိပဿနာ ဖက်တွဲနိုင်တော့သည်တာတည်း။ ဤမျှသာ စကားစုဖြင့် ဝိပဿနာမှုမည်သည် လူတို့လည်း စွဲမြဲခြင်းဟာ အလွန်ကောင်းလှကြောင်း ပြလိုရင်းစကားတည်းတဲ့။

ကဲယောဂီများ ဘယ်လောက်အားရစရာကောင်းသလဲ လို့။ လယ်တီဆရာတော်ဘုရားကြီးကလည်း အားပေးထား ပြီး အားထုတ်ပွားများရမယ့် နည်းကောင်းလည်း ရထားပြီဆို တော့ အားထုတ်ရုံပဲ ရှိတော့တာပေါ့။ အခဆင်းအာရုံတစ်ခုခု ကို မြင်လိုက်တဲ့အခါ မြင်ရတာဟာ ဝဏ္ဏ၊ အဆင်းရုပ်ပဲလို့ သတိဝင်လိုက်ရင်လည်း ယောက်ျား မိန်းမဆိုတဲ့ ပညတ်ပေါ် မှီပြီးမှဖြစ်ရတဲ့ လောဘ၊ ဒေါသ၊ မောဟကိလေသာတွေ ပြုတ်ကျသွားတာပါပဲ။

www.burmeseclassic.com



ကဲ အသံကြောင့် ခန္ဓာငါးပါးဖြစ်ပုံကို သွားကြဦးစို့။ သဒ္ဒဆိုတဲ့အသံရုပ်က သောတပသာဒ နားအကြည်ရုပ်ကို လာထိခိုက်တာနဲ့ သောတဝိညာဉ်ဆိုတဲ့ ကြားစိတ်ကလေး ဖြစ်သွားတယ်။ အရပ်စကားနဲ့ပြောရရင် အသံတစ်သံသံကို ကြားလိုက်တယ်လို့ ဆိုကြပါစို့။ အဲဒီအခါမှာ သဒ္ဒရုပ်နဲ့ သောတပသာဒအကြည်ရုပ်ကို ရုပ်တရားဖြစ်တဲ့အတွက် ကြောင့် ရူပက္ခန္ဓာ ဖွဲ့ရမယ်။

ကြားစိတ်ကလေးကိုတော့ စိတ်ဖြစ်လို့ ဝိညာဏက္ခန္ဓာ ဖွဲ့ရမယ်။ သူနဲ့အတူဖြစ်တဲ့ စေတသိက်ခုနစ်လုံးထဲက ဝေဒနာကို ဝေဒနက္ခန္ဓာဖွဲ့၊ သညာကို သညက္ခန္ဓာဖွဲ့၊ ဝေဒနာ၊ သညာ မှ ကြွင်းတဲ့ စေတသိက်ငါးလုံးကိုတော့ သင်္ခါရက္ခန္ဓာ ဖွဲ့ရမယ်။ ဒါကြောင့် ယောဂီဟာ အသံကြားလိုက်တာနဲ့ ဘာသံကို ကြားကြား ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားလိုက်ရမယ်။

တစ်စက္ကန့်အတွင်းမှာ ကုဋေပေါင်းထောင်နဲ့ သိန်းနဲ့ချီပြီး ပျက်သွားတဲ့ ပရမတ်ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတွေကို ဉာဏ်နဲ့ သိပြီးမှ ခန္ဓာငါးပါးအနိစ္စ၊ သို့မဟုတ် ခန္ဓာငါးပါးဒုက္ခ၊ သို့ မဟုတ် ခန္ဓာငါးပါးအနတ္တလို့ မိမိကြိုက်နှစ်သက်ရာတစ်ခုခု ကို ပွားများနေခြင်းဟာ ဝိပဿနာပွားများခြင်းပါပဲ။

ဒီနေရာမှာလဲ သောတဝိညာဉ်စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ က ယောဂီတို့ကို လိမ်တာပဲ။ ဘယ်လိုလိမ်သလဲဆိုတော့ ခု ကြားတဲ့အသံဟာ လူသံ၊ ခွေးသံ၊ ကြက်သံ၊ ကားသံတွေ ဖြစ်တယ်။ ဒါကြောင့် လူ၊ ခွေး၊ ကြက်၊ ကားဆိုတာတွေဟာ



တကယ်ရှိတယ်လို့ လိမ်တော့တာပေါ့။ အန္ဓပုထုဇဉ်တွေက တော့ ယုံတာပဲ။

ယောဂီတို့ကတော့ ယုံစရာအကြောင်း မရှိတော့ဘူး။ ဝိညာဏက္ခန္ဓာက ဘယ်လိုပဲလိမ်လိမ် အခုကြားရတာဟာ သဒ္ဒအသံရုပ်ပဲ၊ ကြားလို့ရတာဟာ အသံရုပ်တစ်ခုပဲရှိတာလို့ ဆင်ခြင်လိုက်တာနဲ့ ယထာဘူတဉာဏ်နဲ့ အမှန်ကို သိသွား တာပဲ။ ဒီအခါမှာ ပရမတ်အရ တကယ်မရှိတဲ့ လူ၊ ခွေး၊ ကြက်၊ ကားဆိုတဲ့ ပညတ်တွေဟာ တစ်ခါတည်းပြုတ်ကျသွား တယ်။ ပညတ်တွေပြုတ်ကျသွားတာနဲ့ ပညတ်ကိုမှီပြီးမှ ဖြစ်ရ တဲ့ လောဘ၊ ဒေါသ၊ မောဟတို့လည်း တဒင်္ဂသေသွားတာပေါ့။

အနံ့ကြောင့် ခန္ဓာငါးပါးဖြစ်ပုံကတော့ ဂန္ဓဆိုတဲ့အနံ့ ရုပ်တစ်ခုခုက နှာခေါင်းအတွင်းက ဃာနပသာဒရုပ်ကို လာ ထိခိုက်တဲ့အခါ အရပ်စကားနဲ့ပြောရရင် အနံ့တစ်ခုခုကို နံ လိုက်တဲ့အခါ ဃာနဝိညာဉ်လို့ခေါ်တဲ့ နံသိစိတ်ကလေး ဖြစ် သွားတယ်။ ဂန္ဓအနံ့ရုပ်နဲ့ ဃာနပသာဒအကြည်ရုပ်တို့ဟာ ရုပ်တရားဖြစ်တဲ့အတွက်ကြောင့် ရူပက္ခန္ဓာ ဖွဲ့ရတယ်။

ဃာနဝိညာဉ်စိတ်ကိုတော့ ဝိညာဏက္ခန္ဓာ ဖွဲ့ရတယ်။ ဃာနဝိညာဉ်စိတ်နဲ့အတူဖြစ်တဲ့ စေတသိက် (၇) လုံးထဲက ဝေဒနာကို ဝေဒနက္ခန္ဓာဖွဲ့၊ သညာကို သညက္ခန္ဓာဖွဲ့၊ ကြွင်း တဲ့ စေတသိက်ငါးလုံးကိုတော့ သင်္ခါရက္ခန္ဓာ ဖွဲ့ရတယ်။ ဒီ နေရာမှာ ဝိညာဏက္ခန္ဓာက ဘယ်လိုလိမ်ပြန်သလဲဆိုတော့ အခု နံတာဟာ သနပ်ခါးတုံးကြီးပဲ။ အခု နံတာဟာ ခွေးသေ

www.burmeseclassic.com



ကောင်ပုပ်ကြီးပဲဆိုပြီး ယောဂီတို့ကို လိမ်လိမ့်မယ်။

သူလိမ်တဲ့အတိုင်း ယုံသွားပြီဆိုရင် သနပ်ခါးတုံးလို့ လက်ခံလိုက်တော့ နှစ်သက်တဲ့လောဘဖြစ်တာပေါ့။ ခွေးသေကောင်ပုပ်လို့ လက်ခံလိုက်တော့ မနှစ်သက်တဲ့ဒေါသဖြစ်တာပေါ့။ ဩော် နှာခေါင်းမှာ ဘာနံ့ရရ၊ နံလို့ရတာဟာ ပရမတ်ဖြစ်တဲ့ ဂန္ဓအနံ့ရုပ်ပဲလို့ သိလိုက်တာနဲ့ သနပ်ခါးတုံး၊ ခွေးသေကောင်ပုပ်ဆိုတဲ့ ပညတ်တွေ အကုန်ကွာကျသွားတယ်။

ပညတ်တွေ ကွာကျတာနဲ့ ပညတ်ကိုမှီပြီးမှ ဖြစ်ရတဲ့ လောဘ၊ ဒေါသတွေပါ ချုပ်သွားတော့တာပေါ့။ ဒါကြောင့် ဝိပဿနာဆိုတာ တစ်ခါရှု၊ ကိလေသာကို တစ်ခါသတ်တာပဲ။ အနံ့တစ်ခုခု နံလိုက်တာနဲ့ ခန္ဓာငါးပါးအနိစ္စလို့ ရှုလိုက်ရင်လည်း တစ်ခါတည်း ပြီးတာပါပဲ။ လေးခုမြောက်က ရသရုပ်ကြောင့် ခန္ဓာငါးပါးဖြစ်ပုံပေါ့။

အစားအစာတစ်ခုခုကို စားလိုက်တဲ့အခါ စာစကားနဲ့ ပြောရင် ရသာရုံက လျှာအလယ်မှာရှိတဲ့ ဇိဝှာပသာဒရုပ်ကို လာထိခိုက်တဲ့အခါ ဇိဝှာဝိညာဉ်လို့ခေါ်တဲ့ စားသိစိတ်ကလေး ဖြစ်သွားပါတယ်။ ရသာရုံနဲ့ ဇိဝှာပသာဒရုပ်ကိုတော့ ရုပ်တရားဖြစ်လို့ ရူပက္ခန္ဓာ ဖွဲ့ရမယ်။

စားစိတ်ကလေးကိုတော့ ဝိညာဏက္ခန္ဓာ ဖွဲ့ရမယ်။ အတူပါတဲ့ စေတသိက် (၇)လုံးထဲက ဝေဒနာကို ဝေဒနာက္ခန္ဓာ ဖွဲ့၊ သညာကို သညက္ခန္ဓာဖွဲ့. ကျန်တဲ့ စေတသိက်ငါးလုံးကို



တော့ သင်္ခါရက္ခန္ဓာ ဖွဲ့ရမယ်။ ရသာရုံမှာ ဝိညာဏက္ခန္ဓာက ဘယ်လိုလိမ်ပြန်သလဲဆိုတော့ အခုစားတာ ကြက်သားကြော်ကြီး သို့မဟုတ် မျှစ်ပြုတ်ကြီးလို့ လိမ်လိုက်တယ်။

ဝိညာဏက္ခန္ဓာ လိမ်တဲ့အတိုင်း ကြက်သားကြော်လို့ ယုံကြည်လိုက်ရင် လောဘဖြစ်တာပေါ့။ မျှစ်ပြုတ်လို့ ယုံလိုက်ရင် ဒေါသဖြစ်တာပေါ့။ ပရမတ်ဉာဏ်အမြင်ရှိတဲ့ ယောဂီကျတော့ ဩော် စားလို့ရတဲ့အရာမှန်သမျှဟာ ရသရုပ်ပါပဲလားလို့ သတိဝင်လိုက်တာနဲ့ ကြက်သားကြော်၊ မျှစ်ပြုတ်ဆိုတဲ့ ပညတ်တွေ အကုန်ပျောက်သွားတော့တာပေါ့။ ဒီတော့ ပညတ်ပေါ်မှီပြီး ဖြစ်လာရတဲ့ လောဘ၊ ဒေါသတွေ တစ်ခုမှ ဖြစ်လို့မရတော့ဘဲ ချုပ်ငြိမ်းသွားရတယ်။

ဝိပဿနာ ချက်ချင်းရှုမယ်ဆိုရင်လည်း စားစိတ်လေး ဖြစ်တာနဲ့ ခန္ဓာငါးပါးအနိစ္စလို့ ရှုလိုက်ရင် ပြီးတာပါပဲ။ ဖောဋ္ဌဗ္ဗ တွေ့ထိတဲ့ရုပ်ကြောင့် ခန္ဓာငါးပါးဖြစ်ပုံကတော့ နူးညံ့တဲ့ သို့မဟုတ် ကြမ်းတမ်းတဲ့ အိပ်ရာပေါ်မှာ လှဲမိလိုက်တာနဲ့ စာစကားနဲ့ပြောရရင် ဖောဋ္ဌဗ္ဗရုပ်က ကာယပသာဒအကြည်ရုပ်ကို လာထိခိုက်တာနဲ့ ကာယဝိညာဉ်လို့ ခေါ်တဲ့အထိ သိစိတ်ကလေး ဖြစ်သွားပါတယ်။

ဖောဋ္ဌဗ္ဗာရုံနဲ့ ကာယပသာဒ အကြည်ရုပ်ကိုတော့ ရုပ်တရားဖြစ်တဲ့အတွက် ရူပက္ခန္ဓာဖွဲ့ရမယ်။ ကာယဝိညာဉ်စိတ်ကိုတော့ ဝိညာဏက္ခန္ဓာ ဖွဲ့ရမယ်။ အတူပါတဲ့ စေတသိက် (၇)လုံးထဲက ဝေဒနာကို ဝေဒနာက္ခန္ဓာ ဖွဲ့ရမယ်။ သညာကို

www.burmeseclassic.com

www.burmeseclassic.com



သညာက္ခန္ဓာ ဖွဲ့ရမယ်။ ကြွင်းတဲ့စေတသိက်ငါးလုံးကိုတော့ သင်္ခါရက္ခန္ဓာ ဖွဲ့ရမယ်။

ဒီနေရာမှာ ဝိညာဏက္ခန္ဓာက ဘယ်လိုလိမ်တုန်းဆိုတော့ နူးညံ့တဲ့အိပ်ရာ၊ ကြမ်းတမ်းတဲ့အိပ်ရာဆိုတာ တကယ်ရှိတယ်ဆိုပြီး လိမ်တယ်၊ နူးညံ့တဲ့အိပ်ရာလို့ ယုံမိတာနဲ့ လောဘဖြစ်တာပေါ့။ ကြမ်းတမ်းတဲ့အိပ်ရာလို့ ယုံမိတာနဲ့ ဒေါသဖြစ်တာပေါ့။ ပရမတ်ကိုသိနေတဲ့ ယောဂီဆိုရင်တော့ ပြော် ကာယပသာဒရုပ်နဲ့ တွေ့ထိကောင်းတဲ့အရာမှန်သမျှ ဖောဋ္ဌဗ္ဗာရုံအတွေ့ ရုပ်ချည်းပါလားလို့ သိလိုက်တာနဲ့ အိပ်ရာဆိုတဲ့ ပညတ်တွေ အကုန်ပျောက်သွားတာပေါ့။

ဒီတော့ အိပ်ရာဆိုတဲ့ပညတ်ကို မှီပြီးမှဖြစ်ရတဲ့ လောဘ၊ ဒေါသဆိုတဲ့ ကိလေသာတွေလည်း တစ်ခါတည်း ငြိမ်းတာပေါ့။ ထိသိစိတ်ဖြစ်တာနဲ့တစ်ပြိုင်နက် ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားလိုက်ရင်လည်း ပြီးတာပါပဲ။ ခန္ဓာကိုယ်နဲ့ထိမှ ထိသိစိတ်ဖြစ်တာမဟုတ်ပါဘူး။ နူးညံ့တဲ့ ကြမ်းတမ်းတဲ့ အရာဝတ္ထုတွေကို ကိုင်မိထိမိတဲ့အခါတွေမှာလည်း ထိသိစိတ် ဖြစ်တာပါပဲ။

မမ္မာရုံကြောင့် ခန္ဓာငါးပါးဖြစ်ပုံကို နာကြဦးစို့။ အတိတ်မှာဖြစ်ပြီးသား အာရုံငါးပါး၊ အနာဂတ်မှာ မဖြစ်သေးတဲ့ အာရုံငါးပါးအကြောင်းတွေ ပြန်တွေးတာကို ဓမ္မာရုံခေါ်တာပါပဲ။ အဲဒီဓမ္မာရုံက ဟဒယဝတ္ထုလို့ခေါ်တဲ့ မနောဒွါရကို



လာထိခိုက်တာနဲ့ အရပ်စကားနဲ့ပြောရရင် အာရုံငါးပါး တစ်ပါးပါးကို တွေးကြံလိုက်တာနဲ့ မနောဝိညာဉ်ဆိုတဲ့ တွေးကြံသိစိတ်ကလေး ဖြစ်သွားပါတယ်။

မနောဒွါရကိုမှီပြီးဖြစ်တဲ့အတွက်ကြောင့် မနောဝိညာဉ်စိတ်လို့ ခေါ်တာပါ။ ဓမ္မာရုံထဲမှာပါတဲ့ သုခုမရုပ်ရယ်၊ ဟဒယရုပ်ရယ်ကို ရုပ်ဖြစ်တဲ့အတွက်ကြောင့် ရူပက္ခန္ဓာ ဖွဲ့ရမယ်။ မနောဝိညာဉ်စိတ်ကို ဝိညာဏက္ခန္ဓာ ဖွဲ့ရမယ်။ သူနဲ့အတူပါလာတဲ့ စေတသိက် (၇)လုံးထဲက ဝေဒနာကို ဝေဒနာက္ခန္ဓာ ဖွဲ့ရမယ်။

သညာကို သညာက္ခန္ဓာ ဖွဲ့ရမယ်။ ကျန်တဲ့စေတသိက်ငါးလုံးကိုတော့ သင်္ခါရက္ခန္ဓာ ဖွဲ့ရမယ်။ ဒီနေရာမှာလည်း ဝိညာဏက္ခန္ဓာက လိမ်ဦးမှာပဲ။ တွေးကြံတဲ့ အာရုံငါးပါးထဲက အဆင်းနဲ့ပတ်သက်ရင် လူဆိုတာ တကယ်ရှိတယ်။ အသံနဲ့ပတ်သက်ရင် ငှက်သံဆိုတာ တကယ်ရှိတယ် စသောအားဖြင့် လိမ်နေဦးမှာပါ။

ဒီအခါမှာ ယောဂီက တွေးကြံမိလိုက်တာနဲ့ မနောဒွါရကို လာတိုက်တဲ့ ဓမ္မာရုံတွေပဲလို့ သိလိုက်ရင် ယထာဘူတဉာဏ် ဆိုက်သွားတာပါပဲ။ တွေးကြံလိုက်တာနဲ့ ခန္ဓာငါးပါး အနိစ္စလို့ ရှုလိုက်ရင်လည်း တစ်ခါတည်း ပြီးတာပါပဲ။ ဒီတော့ ခန္ဓာငါးပါး ဖြစ်ပုံပျက်ပုံကို ယောဂီတို့ သေချာသိသွားပြီဆိုရင် နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပါပြီ။

www.burmeseclassic.com



နာမ်နဲ့ရုပ်ကို ပိုင်းပိုင်းခြားခြား သိသွားတဲ့ဉာဏ်ပေါ့။ ရှေ့တစ်ဆင့်တက်ရမယ့်ဉာဏ်ဟာ ပစ္စယပရိဂ္ဂဟဉာဏ်ပါပဲ။ ဒီဉာဏ်ကို မတက်ခင်မှာ အပါယ်မျိုးစေ့ဖြစ်တဲ့ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ပယ်ပုံကို နာယူကြရအောင်။ ရုပ်နဲ့နာမ်ကို ငါးပုံ ပုံလိုက်လို့ ခန္ဓာငါးပါး ဖြစ်လာတာဆိုတော့ ခန္ဓာငါးပါးဟာ အထူးအဆန်းမဟုတ်ဘူး။ ဒီရုပ်နာမ် နှစ်ပါးပဲ။

ရုပ်ရောနာမ်ရော အကောင်အထည် အလုံးအခဲမရှိ သဘောတရားလေးသာရှိသလို ခန္ဓာငါးပါးလည်း အလုံးအခဲ အကောင်အထည်၊ အရည်အဖတ်၊ အမှုန်၊ အမွှား ဘာမှမရှိတဲ့ သဘောတရားလေးပဲဆိုတာ ယောဂီတို့ သဘောပေါက်လောက်ပါပြီ။ ရူပက္ခန္ဓာဆိုရင် ဖောက်ပြန်တဲ့သဘောတရားလေးပဲ။ ဝေဒနာက္ခန္ဓာဆိုရင် ခံစားတဲ့သဘောတရားလေးပဲ။

သညာက္ခန္ဓာဆိုရင် မှတ်သားတဲ့သဘောတရားလေးပဲ။ သင်္ခါရက္ခန္ဓာဆိုရင် တိုက်တွန်းနှိုးဆော်တဲ့သဘောတရားလေးပဲ။ ဝိညာဏက္ခန္ဓာဆိုရင် သိတတ်တဲ့သဘောတရားလေးပဲ။ အလုံးအခဲ အမှုန်အမွှား တစ်ခုမှမရှိဘူး။ ခန္ဓာဟာ သူချည်းသက်သက်ဆိုရင် ကုသိုလ်လည်းမဆိုရပါဘူး။ အကုသိုလ်လည်း မဆိုရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရဟန္တာတွေမှာလည်း ဒီခန္ဓာငါးပါးပဲ ဖြစ်နေတာကိုး။

ဘုရားရဟန္တာတွေဟာ ကုသိုလ်၊ အကုသိုလ်ကို ပယ်ပြီးသာဖြစ်လို့ သူတို့သန္တာန်မှာ ဖြစ်ပျက်နေတဲ့ ပရမတ်ခန္ဓာတွေ



ကို ကုသိုလ်လည်းမခေါ်နိုင်၊ အကုသိုလ်လည်းမခေါ်နိုင်ဘူးပေါ့။ ဒါကြောင့် ဘုရား၊ ရဟန္တာတွေ သန္တာန်မှာဖြစ်တဲ့ ခန္ဓာတွေ ရည်ရွယ်ပြီး ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးလို့ သာမန်သာ ဟောခဲ့တာပေါ့။

အန္ဓပုထုဇဉ်တွေ သန္တာန်မှာဖြစ်တဲ့ ခန္ဓာကျတော့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ အကုသိုလ် ပပဉ္စတရားတွေ ပူးကပ်လာပြီဖြစ်တဲ့အတွက် ပဉ္စုပါဒါနက္ခန္ဓာ အစွဲအလမ်း ဥပါဒါန်နှင့်တကွဖြစ်သော ခန္ဓာငါးပါးလို့ ဟောခဲ့ပါတယ်။ ပုထုဇဉ်တွေရဲ့ခန္ဓာငါးပါးလည်း သူ့ဘာသာသူ ခန္ဓာသာဖြစ်နေရင်တော့ ကုသိုလ်၊ အကုသိုလ်မဆိုရပါဘူး။ အခုတော့ ငါ့ခန္ဓာဆိုပြီး တဏှာနဲ့လည်း စွဲလမ်းတယ်။

ငါသာအတော်ဆုံး၊ အတတ်ဆုံးဆိုပြီး မာနနဲ့လည်း ထောင်လွှားတယ်။ ငါရှိတယ်၊ သူရှိတယ်၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ ရှိတယ်ဆိုပြီး ဒိဋ္ဌိနဲ့လည်း အယူမှားတယ်။ အဲဒီလို ပပဉ္စတရားသုံးပါးနဲ့ပေါင်းမိလို့ ခန္ဓာဆိုး ခန္ဓာမိုက်တွေ ဖြစ်ကုန်ရတာပေါ့။ ဒီတရားဆိုးသုံးပါးထဲမှာ အရေးတကြီးထားပြီး ပယ်သတ်ရမှာက ဒိဋ္ဌိဆိုတဲ့ တရားပဲ။ ဘယ်လောက် အရေးတကြီးထားပြီး ပယ်သတ်ရမလဲဆိုတာကို သံယုတ်ပါဠိတော် ပထမတွဲမှာ -

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်လျှင်

သတ္တိယာဝိယဩမဋ္ဌော၊ ဍယှမာနောဝမတ္ထကေ။

သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။

လို့ ဟောထားတယ်။ အဓိပ္ပာယ်က ရင်ဝမှာလှံစူးနေရင် အဲဒီလှံကို မြန်မြန်နုတ်ရသလို ထိပ်ဦးမှာ မီးလောင်ရင် အဲဒီမီးကို မြန်မြန်ငြိမ်းရသလို သတိပညာရှိတဲ့ ယောဂီဟာလည်း သက္ကာယဒိဋ္ဌိဆိုတဲ့ လှံကြီးကို မြန်မြန်နုတ်ပစ်ပါလို့ ဖြစ်ပါတယ်။ သံယုတ်ပါဠိတော် ဒုတိယတွဲ စာမျက်နှာ ၄၇၈ က ဒုတိယကူသိဒတ္တသုတ်မှာလည်း မိစ္ဆာဒိဋ္ဌိ(၆၂)ပါးဟာ သက္ကာယဒိဋ္ဌိရှိမှသာ ဖြစ်ပေါ်နိုင်ကြတာ။ သက္ကာယဒိဋ္ဌိ မရှိရင် မဖြစ်ပေါ်နိုင်တော့ဘူးလို့ ဟောထားပါတယ်။

ဒါကြောင့် သက္ကာယဒိဋ္ဌိကြီးကို အရင်ဆုံးဉာဏ်နဲ့ ပယ်ခွာကြရအောင် ထင်ရှားရှိတဲ့ ပရမတ်ခန္ဓာငါးပါးကို ငါ့ခန္ဓာဆိုပြီး အယူအစွဲများတာကို သက္ကာယဒိဋ္ဌိလို့ခေါ်ပါတယ်။ ခန္ဓာတစ်ပါးမှာ သက္ကာယဒိဋ္ဌိလေးမျိုးနဲ့ အယူများတော့ ခန္ဓာငါးပါးဆိုတော့ သက္ကာယဒိဋ္ဌိ အမျိုးနှစ်ဆယ်ဖြစ်သွားတာပေါ့။ မဂ်ဖိုလ်ကို တားတာလည်း ဒီသက္ကာယဒိဋ္ဌိပဲ။



အပါယ်ဆွဲချတာလည်း ဒီသက္ကာယဒိဋ္ဌိပဲ။ ဒါကြောင့် သူ့ကို ဗုဒ္ဓက မြန်မြန်ပယ်သတ်နိုင်းတာပါ။ ပုထုဇဉ်တစ်ယောက်မှာ သက္ကာယဒိဋ္ဌိတစ်မျိုးပဲ ရှိပါတယ်။ ဘယ်သက္ကာယဒိဋ္ဌိရှိတယ်ဆိုတာ မသိနိုင်တဲ့အတွက် အမျိုးနှစ်ဆယ်လုံး ပယ်သတ်ပေးရပါမယ်။ ပထမဆုံး ရူပက္ခန္ဓာမှာ သက္ကာယဒိဋ္ဌိလေးမျိုးနဲ့ အယူများပါတယ်။

ဘာတွေလဲဆိုတော့ ရူပက္ခန္ဓာသည် ငါဟုတ်၏။ ငါသည် ရူပက္ခန္ဓာ ဟုတ်၏။ ရူပက္ခန္ဓာထဲ၌ ငါရှိ၏။ ငါထဲ၌ ရူပက္ခန္ဓာရှိ၏ လို့ လေးမျိုးပေါ့။ ပထမဆုံးအယူများတာက ရူပက္ခန္ဓာသည် ငါဟုတ်၏တဲ့။ ကဲ ယောဂီတို့ ရူပက္ခန္ဓာဟာ ငါဟုတ် မဟုတ် စဉ်းစားဝေဖန်ပါ။ ရူပက္ခန္ဓာဟာ သူ့ဖောက်ပြန်တဲ့အလုပ် သူလုပ်နေတာပါ။ ငါ ဘယ်လိုမှ မဟုတ်နိုင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ငါဆိုတာမရှိတဲ့ ပညတ်တရားကြီးမို့ပါ။ ရူပက္ခန္ဓာဟာ ငါမဟုတ်ရင် ဘာဟုတ်သလဲဆိုတော့ ရူပက္ခန္ဓာဘဲ ဟုတ်ပါတယ်။ ဒါကြောင့် ရူပက္ခန္ဓာသည် ငါဟုတ်၏ဆိုတဲ့ အယူများကြီးကို ချက်ချင်းပယ်ရှားပစ်လိုက်ပါ။ ဒုတိယအယူများက ငါသည် ရူပက္ခန္ဓာဟုတ်၏တဲ့။ ငါဟာ–ရူပက္ခန္ဓာဟုတ်နိုင်၊ မဟုတ်နိုင် စဉ်းစားတော့ မဟုတ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါဆိုတဲ့ မရှိတဲ့ပညတ်တရားကြီးမို့ပါ။ ရူပက္ခန္ဓာဆိုတဲ့ ပရမတ်အရှိတရားပေါ်မှာ ငါဆိုတဲ့ ပညတ်မရှိတရားကြီးနဲ့ ကပ်ကပ်ပြီး အယူများနေ

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ယောဂီတို့ကတော့ ရှေ့ပိုင်းမှာ ပညတ်ပရမတ်ကွဲအောင် နာယူခဲ့ပြီဖြစ်လို့ ဒီဒိဋ္ဌိခွာအခန်းမှာ အကျယ်ရှင်းမပြလည်း နားလည်နိုင်ပြီလို့ ထင်ပါတယ်။ တတိယအများက ရုပကမ္မဋ္ဌာနထဲ၌ ငါရှိ၏တဲ့။

ကဲ ပရမတ်ရုပကမ္မဋ္ဌာနထဲမှာ ငါရှိနိုင် မရှိနိုင် စဉ်းစားတော့ ဘယ်လိုမှ မရှိနိုင်ပါဘူး ယောဂီတို့။ ဘာဖြစ်လို့ မရှိနိုင်သလဲဆိုတော့ ငါဆိုတာ နဂိုကတည်းက မရှိတဲ့ ပညတ်တရားကြီးပဲ။ ဒါဆိုရင် ဘာပဲရှိနိုင်သလဲဆိုတော့ ရုပကမ္မဋ္ဌာနပဲရှိနိုင်တာပေါ့။ ရုပကမ္မဋ္ဌာနဟာ အရင်ကတည်းက ပရမတ်အရှိတရားပဲ မဟုတ်လား။

စတုတ္ထအယူများက ငါထဲ၌ ရုပကမ္မဋ္ဌာနရှိ၏တဲ့။ ဘယ်လိုလုပ်ရှိနိုင်မလဲ။ ငါဆိုတာ အရင်ကတည်းက မရှိတဲ့ ပညတ်တရားကြီးဟာကို။ ဒါဆို ဘာရှိသလဲဆိုတော့ ရုပကမ္မဋ္ဌာနပဲရှိတာပေါ့။ ဒီလိုဉာဏ်နဲ့ ဖျောက်လိုက်တော့ သက္ကာယဒိဋ္ဌိလေးမျိုး ပျောက်သွားတာပေါ့။

ရုပကမ္မဋ္ဌာနအပေါ်မှာ သက္ကာယဒိဋ္ဌိဖျောက်ပုံလေးမျိုးကို နည်းမှီပြီး ကျန်တဲ့နာမ်ခန္ဓာလေးပါးအပေါ်မှာ သက္ကာယဒိဋ္ဌိဖျောက်ပုံကိုလည်း ကိုယ့်ဉာဏ်နဲ့ကိုယ် ချဲ့ထွင်ပြီးတော့ သိနိုင်ပါပြီ။ သက္ကာယဒိဋ္ဌိခွာခန်းပြီးတဲ့အခါကျတော့ ခန္ဓာငါးပါး ဖြစ်ခြင်းရဲ့အကြောင်းကို သိမ်းဆည်းပြီးတော့ သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို သွားရပါမယ်။

×××××



## ပုထုဇဉ်မဖြေနိုင်တဲ့ မေးခွန်း

ဒီနေရာမှာ ပုထုဇဉ်တွေမဖြေနိုင်ဘဲ ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရပြီးတဲ့ စူဠသောတာပန်တွေသာ ဖြေနိုင်တဲ့မေးခွန်းတစ်ခုကို မေးချင်ပါတယ်။ မေးခွန်းက ခန္ဓာငါးပါးဟာ မြဲသလား။ မမြဲဘူးလားတဲ့။ ဒီမေးခွန်းကိုတော့ ဗုဒ္ဓဘာသာတိုင်းနီးပါး ဖြေဆိုနိုင်ပါလိမ့်မယ်။ မမြဲဘူးလို့။ ဒုတိယဆက်လာတဲ့မေးခွန်းက ခန္ဓာငါးပါးဟာ ဘာကြောင့် မမြဲရတာလဲတဲ့။

ဒီမေးခွန်းကျတော့ ကလျာဏပုထုဇဉ်တွေတောင် မဖြေနိုင်တော့ပါဘူး။ ပဋိပတ်အကျင့်ကင်းတဲ့ စာတတ်တွေလည်း ဖြေဖို့မလွယ်ပါဘူး။ စူဠသောတာပန်ပုထုဇဉ်အဆင့်ရှိတဲ့သူကတော့ အခုလို ဖြေပြပါလိမ့်မယ်။

ခန္ဓာငါးပါးကိုဖြစ်အောင် လုပ်ပေးလိုက်တဲ့တရားက အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ်ပါ။ အဝိဇ္ဇာက ခန္ဓာဒုက္ခကို မသိတာပါ။ တဏှာက ခန္ဓာသစ်ကို လိုချင်တာပါ။ ကံက

www.burmeseclassic.com



ချုပ်ဖြစ်စေမယ့် လောကီကုသိုလ်၊ အကုသိုလ်တွေကိုပြုတာပါ။ အဝိဇ္ဇာကို တရားကိုယ်ကောက်ရင် မောဟကိုရပါတယ်။ တဏှာကို တရားကိုယ်ကောက်ရင် လောဘစေတသိက်ကို ရပါတယ်။ ကံကတော့ စေတနာ စေတသိက်ပါ။

ဒီခန္ဓာဖြစ်ကြောင်း တရားသုံးပါးလုံးဟာ မမြဲပါဘူး။ ဖြစ်၊ တည်၊ ပျက်ဆိုပြီး ခဏငယ်သုံးချက်ပဲ အသက်ရှည်ပါတယ်။ ဒီတော့ ခန္ဓာငါးပါးကို ဖြစ်အောင်လုပ်ပေးလိုက်တဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ တရားသုံးပါးကမှ မမြဲတဲ့ဟာ သူတို့လုပ်ပေးလိုက်တဲ့ ခန္ဓာငါးပါးဟာလည်း ဘယ်မှာလာပြီး မြဲတော့မှာည်း အမြဲတမ်း ဖြစ်ပျက်နေတော့မှာပါ။ ဒါကြောင့် ခန္ဓာငါးပါးဟာ မမြဲတာပါလို့ အသေအချာ ဖြေဆိုပါလိမ့်မယ်။

အဖြေထဲမှာပဲ ခန္ဓာငါးပါးဖြစ်ခြင်းရဲ့ အတိတ်အကြောင်း သုံးပါး တစ်ခါတည်း ပါသွားပါပြီ။ အဝိဇ္ဇာ၊ တဏှာ၊ ကံ ဆိုတဲ့ အကြောင်းသုံးပါးကြောင့် ခန္ဓာငါးပါး ဖြစ်လာရပုံကို စွန်းလွန်းဆရာတော်ဘုရားကြီး ဟောပြတာက တစ်ခါတည်း အဓိပ္ပာယ်ပါနေပါတယ်။ ဟောပုံက -

မသိလို့လိုချင်၊ လိုချင်လို့ပြုလုပ်
ပြုလုပ်တော့ ရရှိ၊ ရရှိတော့
ခံကြပေတော့တဲ့။ ဘယ်လောက်ကောင်းသလဲလို့။

ခန္ဓာငါးပါးဖြစ်ခြင်းရဲ့ အတိတ်အကြောင်းကတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံချည်း အတူတူပါပဲ။ ပစ္စုပ္ပန်အကြောင်းကျတော့



မတူတော့ပါဘူး။ ပစ္စယပရိဂ္ဂဟဉာဏ်ကို သိရခြင်းအားဖြင့် ယောဂီအတွက် တိုးသိလာတဲ့ အသိဉာဏ်က ဩော် ခန္ဓာငါးပါးဆိုတာ ထာဝရတို့၊ ဗြဟ္မာတို့၊ ဗိဿနိုးတို့၊ မဟာသိဝတို့က ဖန်ဆင်းတာမဟုတ်ဘဲ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ အကြောင်းသုံးပါးကြောင့် ဖြစ်လာတာပါလားလို့ ပြတ်သားစွာ သိသွားတာပါပဲ။

ဒီအသိကြောင့် ရှင်ဥသောတာပန် ပုထုဇဉ်ဟာ ဘဝအဆက်ဆက်ဖြစ်နေတာကို တပ်မက်တဲ့ ဘဝတဏှာကို ကုန်အောင်ကြိုးစားလာတယ်။ အန္ဓပုထုဇဉ်က ကုသိုလ်လုပ်တိုင်း လူချမ်းသာ၊ နတ်ချမ်းသာကို ဆုတောင်းပေမယ့် ရှင်ဥသောတာပန်က အဲဒါတွေကို ဆုမတောင်းတော့ဘူး။ ဘဝဒုက္ခငြိမ်းရာ မဂ်ဖိုလ်နိဗ္ဗာန်ကိုပဲ ဆုတောင်းတော့တယ်။

ယောဂီများလည်း ကနေ့ကစပြီး ကုသိုလ်ပြုတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ရဖို့သာ ဆုတောင်းကြရမယ်။ ဒါမှ ဘဝတဏှာတွေ တဖြည်းဖြည်း ကုန်ခန်းပြီး နောက်ဆုံးဘဝပြတ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရမှာပေါ့။ ခန္ဓာငါးပါးဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းကတော့ ဟစ်ပါးနဲ့တစ်ပါး မတူတဲ့အတွက် ခန္ဓာတစ်ပါးစီပြောပြီး ရှင်းကြရအောင်။

ရူပက္ခန္ဓဖြစ်ခြင်းရဲ့ အတိတ်အကြောင်းက အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ပစ္စုပ္ပန်အကြောင်းကတော့ အာဟာရဖြစ်ပါတယ်။ အစာအာဟာရတွေ စားသောက်နေလို့သာ ဒီရူပက္ခန္ဓာကြီး ဆက်ဖြစ်နေတာပါ။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊

www.burmeseclassic.com



သင်္ခါရက္ခန္ဓာတို့ရဲ့ အတိတ်အကြောင်းကတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံပါပဲ။ ပစ္စုပ္ပန်အကြောင်းကတော့ ဖဿပါ။ ဒီနေရာမှာ ဖဿဆိုတာ ဘာလဲလို့မေးခဲ့ရင် တရားသုံးမျိုး ပေါင်းမိတာကို ဖဿလို့ ဖြေရပါမယ်။

နမူနာတစ်ခု ပါဠိတော်အတိုင်း ထုတ်ပြရရင် စက္ခုံစ၊ ရူပေစ၊ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿောတဲ့၊ အဓိပ္ပာယ်ကတော့ ရူပါရုံကနေ စက္ခုပသာဒကို ထိခိုက်တဲ့ အခါ စက္ခုဝိညာဉ်စိတ်ကလေး ဖြစ်သွားပါတယ်။ အဲဒီလို ရူပါရုံရယ်၊ စက္ခုပသာဒရယ်၊ စက္ခုဝိညာဉ်စိတ်ရယ်၊ တရား သုံးမျိုးပေါင်းဆုံမိသွားတာကို ဖဿ ခေါ်တာပါပဲ။

ဒီအခါမှာ စက္ခုဝိညာဉ်ကိုမှီပြီးဖြစ်ရတဲ့ စေတသိက် (၇) လုံးထဲက ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာဖြစ်ပါ တယ်။ သညာစေတသိက်က သညက္ခန္ဓာဖြစ်ပါတယ်။ ကြွင်း တဲ့ စေတသိက်ငါးလုံးက သင်္ခါရက္ခန္ဓာ ဖြစ်ပါတယ်။ သဒ္ဒါရုဆိုတဲ့ အသံရုပ်၊ သောတပသာဒ အကြည်ရုပ်၊ သောတ ဝိညာဉ်စိတ် ဒီလိုတရားသုံးမျိုး ပေါင်းမိ ပေါင်းမိပြီး ဝေဒန က္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဖြစ်ပုံတွေကို မနောဝိညာဉ် စိတ် ထိရောက်အောင် အကျယ်ချဲ့ပြီး သိပါ။

ဒါကြောင့် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ ဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်းဟာ ဖဿဆိုတာ ထင်ရှားသွား ပါပြီ။ နောက်ဆုံးဖြစ်တဲ့ ဝိညာဏက္ခန္ဓာဖြစ်ခြင်းရဲ့ အတိတ် အကြောင်းကတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံပါပဲ။ ပစ္စုပ္ပန်



အကြောင်းကတော့ နာမ်၊ ရုပ်။ ဒီနေရာမှာ နာမ်တရား အရ ပဋိသန္ဓေစိတ် (၁၉) ပါးကို ယူရပါမယ်။

ရုပ်တရားအရတော့ ကမ္မဇရုပ် (၂၀) ကို ယူရပါမယ်။ လူ့ဘဝမှာ ပဋိသန္ဓေစနေနေခြင်း။ ဒီပဋိသန္ဓေစိတ်နဲ့ ကမ္မဇ ရုပ်က အရင်ဆုံးဖြစ်ရပါတယ်။ ပဝတ္တိဘဝတစ်လျှောက်လုံး ဝိညာဏက္ခန္ဓာတွေ ဖြစ်ပွားနိုင်တာဟာ သူတို့နှစ်ဦးကြောင့် ပါပဲ။ ဒါကြောင့် ဝိညာဏက္ခန္ဓာဖြစ်ခြင်းရဲ့ ပစ္စုပ္ပန်အကြောင်း ကို နာမ်ရုပ်လို့ ဗုဒ္ဓက ဟောတော်မူခြင်းပါ။

ပစ္စယပရိဂ္ဂဟဉာဏ်အဆုံးမှာပဲ အရှင်သာရိပုတ္တရာ ဟောကြားတဲ့တရားဟာ ပြီးဆုံးသွားပါပြီ။ တရားအဆုံးမှာပဲ လူပေါင်းများစွာကို သတ်လာခဲ့တဲ့ အာဏာသားကြီးက ဘယ်အဆင့်ရောက်သွားသလဲဆိုရင် ဓမ္မပဒအဋ္ဌကထာမှာ ဖွင့်ပြထားတာက သောတာပတ္တိမဂ္ဂသဒြရတောအံန လောမ ဉာဏ်လို့ ဆိုထားပါတယ်။

အဓိပ္ပာယ်ကတော့ သောတာပတ္တိမဂ်ရဲ့ ရှေ့နားက အနုလောမဉာဏ်ကို ရသွားတယ်လို့ ဆိုပါတယ်။ သောတာ ပတ္တိမဂ်ကို မရပါဘူး။ ဒီတော့ ဒိဋ္ဌိဆိုတဲ့ အယူမှားကြီးကို အမြစ်သတ်မပယ်နိုင်တာကတော့ အသေအချာပါ။ ဒါဆိုရင် ဘယ်လိုပယ်သွားသလဲဆိုရင် တဒင်္ဂပဟာန် ခေတ္တခဏလည်း ပယ်သတ်နိုင်မယ်။ ဒါမှမဟုတ် ဝိက္ခမ္ဘနပဟာန် - ကြာကြာ ကြာလည်း ပယ်သတ်နိုင်မယ်။ ဒီနှစ်မျိုး တစ်မျိုးမျိုးနဲ့ ဒိဋ္ဌိကို ပယ်သတ်နိုင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပယ်မျိုးစေ့ဖြစ်တဲ့ ဒိဋ္ဌိဆိုတဲ့ တရားဆိုးကြီးကို ပယ်သတ်နည်းသုံးမျိုး ဘယ်နည်းနဲ့ပဲ ပယ်သတ်ပယ်သတ် အပါယ်ဆွဲချမယ့် အကုသိုလ်တွေကိုတော့ ပယ်သတ်နိုင်တာ အမှန်ပါပဲ။ အခုလက်တွေ့ကြည့်ရအောင် တရားဆုံးတာနဲ့ အာဏာသားကြီးရဲ့ ဉာဏ်အမြင်တွေဟာ ပြောင်းသွားပါပြီ။ ခြောက် ငါး သူတစ်ပါး၊ ယောက်ျား မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ မရှိတဲ့ တရားတွေပါလား။ တကယ်ရှိတာက ရုပ်နဲ့ နာမ်ပါပဲလား။

ရှိတဲ့ရုပ်နာမ်ဆိုတာကလည်း အတုံး၊ အလုံး၊ အခဲ၊ အချည်၊ အဖတ်၊ အမှန်အမှားမဟုတ်ဘဲ သဘောတရားလေး မျှသာရှိတာပါလားလို့ အမြင်တွေ ရှင်းသွားပါတယ်။ အရှင်သာရိပုတ္တရာကို လမ်းထိပ်ရောက်အောင် လိုက်ပို့ပြီး ပြန် အလာမှာ ဘီလူးမတစ်ကောင် ဝင်စီးနေတဲ့ နွားတစ်ကောင်က ဝင်ဝှေ့လိုက်လို့ လမ်းပေါ်မှာတင် ဆုံးခဲ့ရပါတယ်။

*****



## အာဏာပါးကွက်သား နတ်ပြည်သွား

ပုံမှန်အတိုင်းဆိုရင် နှစ်ပေါင်းငါးဆယ်ကျော် ပြုလုပ်ခဲ့တဲ့ ပါဏာတိပါတအကုသိုလ်ကံတွေကြောင့် ငရဲကျရမှာ အမှန်ပါ။ အခုတော့ အရှင်သာရိပုတ္တရာရဲ့ ကျေးဇူးကြောင့် အပါယ်မျိုးစေ့ဖြစ်တဲ့ ဒိဋ္ဌိကို ခေတ္တခဏ သို့မဟုတ် ခပ်ကြာကြာလေး ပယ်သတ်နိုင်ခဲ့တဲ့ ကျေးဇူးကြောင့် လူသက်နဲ့ဆိုရင် နှစ်ပေါင်း (၅၇) ကုဋေနဲ့ အနှစ်ခြောက်သန်း အသက်ရှည်တဲ့ တုသိတာနတ်ဘုံကို ရောက်ခဲ့ရပါတယ်။

ဒီဝတ္ထုကိုဟောတဲ့ ဓမ္မပဒအဋ္ဌကထာမှာတော့ နတ်ပြည်ရောက်တဲ့အကြောင်းလောက်ပဲ ပါပါတယ်။ မဂ်ဖိုလ်ရသွားတဲ့အကြောင်းမပါပါဘူး။ ဒါပေမဲ့ အင်္ဂုတ္တိုရ်ပါဠိတော် ပဌမအုပ်၊ သောတာနုဂတိသုတ်မှာတော့ ဝိပဿနာယောဂီများသေပြီးလို့ နတ်ပြည်ရောက်တဲ့အခါ တရားရပုံလေးမျိုးကို ဟောပြထားပါတယ်။ ဝိပဿနာတရားကို နာကြားအားထုတ်နေတဲ့ ယောဂီများ သိပ်အားရစရာကောင်းပါတယ်။ ဟော

www.burmeseclassic.com

www.burmeseclassic.com



ထားပုံက ဗုဒ္ဓရဲ့ တရားတော်များကို နာကြားထားတဲ့သူ၊ နှုတ်နဲ့ရွတ်ဆိုနေတဲ့သူ၊ စိတ်နဲ့ကြံစည်နေတဲ့သူ၊ ဉာဏ်ပညာနဲ့ထိုးထွင်းသိတဲ့သူလေးယောက်တို့ဟာ သေခါနီးမှာ ရောဂါပြင်းထန်လို့ ဘုရားတရားကိုမေ့ပြီး သေသွားတောင် အပါယ်မကျဘဲ နတ်ပြည်ရောက်ရပါတယ်။

တချို့ယောဂီများဟာ နတ်ပြည်ရောက်တာနဲ့ ချက်ချင်းသောတာပန်တည်သွားပါတယ်။ တချို့ယောဂီ ကျတော့ တန်ခိုးကြီးတဲ့ ရဟန္တာတစ်ပါးပါးက နတ်ပြည်လာပြီး တရားဟောတဲ့အခါကျမှ လူ့ဘဝက ငါကျင့်ကြံနေတဲ့ တရားဟာ ဒီတရားပဲလို့ သတိရပြီး တစ်ခါတည်း သောတာပန်တည်သွားပါတယ်။

တချို့ယောဂီများကျတော့ ပဥ္စလ၊ စင္ကာ၊ ဟတ္ထက ဗြဟ္မာ၊ သနင်္ကုမာရဗြဟ္မာအစရှိသော ဓမ္မကထိကနတ်သားတစ်ဦးဦးက ဟောကြားတဲ့တရားကို နာကြားရတဲ့အခါကျမှ လူ့ဘဝက ကျင့်ကြံလာတဲ့ တရားကို အမှတ်ရပြီး သောတာပန် တည်ပါတယ်။ တချို့ယောဂီများကျတော့ တရားအကြောင်းဆွေးနွေးရင် သောတာပန်တည်သွားပါတယ်။

ဝိပဿနာတရားကို ပွားများအားထုတ်နာကြားထားသူများဟာ နတ်ပြည်ရောက်ရင် ဒီလေးနည်းထဲက တစ်နည်းနည်းနဲ့ သောတာပန်တည်ရတယ်လို့ ဟောထားတော့ အာဠာသားကြီးဟာလည်း ဒိဋ္ဌကွာအောင် ဝိပဿနာတရား



နာကြားထားသူဆိုတော့ ဒီလေးနည်းထဲက တစ်နည်းနည်းနဲ့ သောတာပန်ဖြစ်မှာ သေချာပါတယ်။

အာဠာသားကြီး ဒိဋ္ဌကွာပြီး နတ်ပြည်ရောက်သွားတယ်ဆိုတော့ သစ္စာလေးပါးကို နာကြားနေကျ ယောဂီများကတော့ စောဒကတက်လာနိုင်တယ်။ သစ္စာလေးပါးလည်း မပါဘဲနဲ့ အာဠာသားကြီးဟာ ဘယ်လိုလုပ် ဒိဋ္ဌကွာပြီး တရားရသွားသလဲဆိုတဲ့ မေးခွန်းပေါ့။

စတုသစ္စဝိနိမုတ္တောဓမ္မောနာမနတ္ထိ၊ သစ္စာလေးပါးမှ အလွတ်ဖြစ်တဲ့တရားဆိုတာ မရှိတဲ့ ဗုဒ္ဓစောထားတဲ့အတိုင်း ဗုဒ္ဓတရားတော်မှန်သမျှ သစ္စာလေးပါးက လွတ်တာမရှိပါဘူး။ အခုဟောလိုက်တဲ့တရားထဲမှာလည်း သစ္စာလေးပါး ပါတာပါပဲ။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ နာမည်တွေသုံးမှ သစ္စာလေးပါး ပါတာမဟုတ်ပါဘူး။ အာဠာသားကြီးကို ဟောတဲ့ တရားထဲမှာ သစ္စာလေးပါးပါပုံကို ညှိပြရရင် ရုပ်ဓာတ်၊ နာမ်ဓာတ်ဟာ သဘောတရားမျှသာရှိပြီး ပရမတ်ခန္ဓာငါးပါးဟာ တစ်စက္ကန့်တောင် မပျက်စီးဘဲ တည်တံ့မနေနိုင်ဘဲ တရစပ်ဖြစ်ပြီးပျက်နေတာပါလားလို့ သိအောင် နာကြားနေရတာဟာ အမှန်ကို ကြံစည်ပြီး အမှန်ကိုမြင်အောင် အားထုတ်နေတာဖြစ်လို့ မဂ္ဂသစ္စာကို ပွားများနေတယ်လို့ ဆိုရပါတယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## မဂ္ဂင်နှစ်မျိုး

မဂ္ဂင် ၈ ပါးမှာ ဝိဇ္ဇာမဂ္ဂင်၊ စရဏမဂ္ဂင်လို့ နှစ်မျိုးရှိပါတယ်။ ဝိဇ္ဇာမဂ္ဂင်ဆိုတာ သိအောင်လုပ်ရတဲ့ မဂ္ဂင်ပါ။ စရဏမဂ္ဂင်ဆိုတာကတော့ ကျင့်ရတဲ့မဂ္ဂင်ပါ။ ကျွဲကူးရေပါ ဆိုတဲ့အတိုင်း ဝိဇ္ဇာမဂ္ဂင်ကို ပိုင်ပိုင်နိုင်နိုင်သိအောင် ကြိုးစားလိုက်ရင် စရဏမဂ္ဂင်ဟာ တစ်ခါတည်း ပါသွားတာပါ။ အာဠာဝကဘီလူးကြီးဟာ ဝိဇ္ဇာမဂ္ဂင်ကို တရားနာရင်း ပိုင်နိုင်အောင် ကြိုးစားလိုက်လို့ စရဏမဂ္ဂင်ပါ ပါသွားပြီး ဒိဋ္ဌိကွာခဲ့တာပါ။

ပရမတ်ခန္ဓာငါးပါးရဲ့ တရစပ်ဖြစ်ပျက်ပြီး ဆင်းရဲနေတာကို ကိုယ်ပိုင်ဉာဏ်နဲ့ သိသွားတာဟာ ဒုက္ခသစ္စာကို သိတာပါပဲ။ ပရမတ်ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်နေတဲ့ သင်္ခါရဒုက္ခကို သိတာဖြစ်လို့ တကယ့်ဒုက္ခသစ္စာအစစ်ကို သိသွားတာပါ။ ခန္ဓာရဲ့ဒုက္ခကို သိလိုက်တာနဲ့ နောက်ထပ်လိုချင်စိတ်ကို ပယ်လိုက်ပါတယ်။ အဲဒါ သမုဒယသစ္စာကို ပယ်တာပါ။

ခန္ဓာလိုချင်တဲ့ သမုဒယသစ္စာကို ပယ်လိုက်တာနဲ့ ခန္ဓာတို့ရဲ့အဖြစ်အပျက်ကင်းရာ နိဗ္ဗာန်ကို ရှုဉာဏ်က အလိုလိုဆိုက်သွားပါတယ်။ အဲဒါ နိရောဓသစ္စာကို ဆိုက်ရောက်တာပါပဲ။ ပုထုဇဉ်အနေနဲ့ဆိုရင်တော့ အနုမာနမှန်းဆပြီး ဆိုက်ရောက်ရတာပေါ့။ မဂ်ကို ရတဲ့အနေနဲ့ ဆိုက်ရောက်မှာဆိုရင်တော့ သစ္ဆိကရဏ မျက်မှောက်ပြုပြီး ဆိုက်ရောက်တာပေါ့။



ဒါဟာ အခုဟောတဲ့တရားကို သစ္စာလေးပါးနဲ့ ကိုက်ပြလိုက်တာပါ။ ဒီအာဠာဝကဘီလူးကြီးရဲ့ဖြစ်ရပ်ကိုထောက်ပြီးတော့ အကုသိုလ်ဗရပွနဲ့ နေတဲ့သူတွေ တရားအလုပ်ကို လာလုပ်တဲ့အခါ အလကားပါ။ ပါးစပ်က ဘုရား ဘုရား။ လက်က ကားယားကားယားနဲ့ လူတွေ သီလရှိမှမရှိတာ။ တရားလာအားထုတ်နေ အပိုပဲဆိုပြီး အပြစ်ပြောမလွှတ်ဖို့ အရေးကြီးပါတယ်။

ဝိသုဒ္ဓိခုနစ်ပါးမှာ သီလကစတာကတော့ မှန်ပါတယ်။ ဒါက ရဟန်းတော်တွေအတွက် အဓိကထား ဟောထားတာပါ။ ရဟန်းတော်တွေမှာတော့ သေးငယ်တဲ့ အာပတ်လေး တစ်ခုရှိနေလည်း မဂ်တားဖိုလ်တား ဖြစ်လို့ မဂ်ဖိုလ်မရနိုင်တဲ့အကြောင်း ရှေ့ပိုင်းမှာ ဟောခဲ့ပါပြီ။ လူတွေမှာတော့ တရားအလုပ်မလုပ်ခင်မှာ ဘယ်လောက်ပင် သီလပျက်ခဲ့ပျက်ခဲ့ မဂ်တားဖိုလ်တား မဖြစ်ပါဘူး။ ပဉ္စာနန္တရိယကံငါးပါး လွတ်ရင်ပြီးတာပါပဲ။ ကျန်တဲ့အကုသိုလ် ဘယ်လောက်ပဲရှိရှိ မဂ်ဖိုလ်ကို မတားပါဘူး။ တရားလုပ်သနိုက် သီလစင်ကြယ်နေရင် ပြီးတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါးပါးသီလဆိုတာ တရားရမှ အရိယာဖြစ်မှ တကယ်လုံခြုံတာပါ။ အရိယာဖြစ်မှ လုံခြုံတာကို ပြီးမှ ဆက်ရအောင်။ အာဏာသားကြီးကို ငါ၊ သူတစ်ပါးဆိုတဲ့ အယူမှားတဲ့ဒိဋ္ဌိ ခေတ္တခဏကွာရုံနဲ့ သီလလုံပြီး သူတော်ကောင်းဖြစ်သွားတဲ့ လူငယ်လေးတစ်ယောက်အကြောင်း ကိုယ်တွေ့ ပြောပြပါ့မယ်။

ရွှေပြည်သာမြို့ (၈) ရပ်ကွက်၊ ဆရာစံပန်းခြံက ဒေါ်သန်းကျင်ဆိုတဲ့ ဒကာမကြီးတစ်ယောက်ရဲ့ သားပါ။ အရက်ကလည်း သောက်၊ စိတ်ကလည်း ဆတ်တော့ ရိုက်ပွဲဖြစ်ပြီဆိုလည်း ညွှန့်လိုင်ပါတာပဲ။ ဓားခုတ်ပွဲဖြစ်ပြီဆိုလည်း ညွှန့်လိုင်ပါတာပဲ။ အဖေက ဆုံးသွားပြီဆိုတော့ သူ့အမေမှာ အချုပ်ခန်းနဲ့အိမ်နဲ့ ကူးချည်သန်းချည် ဖြစ်နေတော့တာပေါ့။

ထုံးစံအတိုင်း ဘယ်လိုမှ ဆိုဆုံးမ မရတော့ ကျောင်းရောက်လာတာပေါ့။ အခါတွင်း ငါးရက်အပါအဝင် ဆယ်ရက်ခန့် ဒုလ္လဘရဟန်းဝတ်ချင်ပါတယ်တဲ့။ မိခင်က အတင်းတိုက်တွန်းလို့မဟုတ်ဘဲ သူ့ကိုယ်တိုင်က ဝတ်ချင်တာဆိုတော့ ထူးခြားမှုတော့ ရှိနေပါတယ်။ ဒါနဲ့ ဦးပဉ္ဇင်းက ကျောင်းတိုက်စည်းကမ်းတွေ ပြောပြလိုက်တယ်။

ရဟန်းဝတ်နေစဉ်မှာ ဆေးလိပ်မသောက်ရဘူး၊ ကွမ်းမစားရဘူး၊ ကျောင်းအပြင်ကို ဆွမ်းခံကြွချိန်၊ ဆွမ်းစားကြွချိန်မှတစ်ပါး မထွက်ရဘူး။ အကြောင်းရှိလို့ ကြွချင်ရင် ဆရာတော်ကို အသိပေး လျှောက်ထားရမယ်။ တစ်နေ့ကို



ဝိပဿနာတရားခွေ လေးခွေ နာရမယ်။ မနက်စောစော တစ်ချိန် တရားထိုင်ရမယ်။

ဒီစည်းကမ်းတွေ လိုက်နာနိုင်မှ ဝတ်ရမယ်ဆိုတော့ လိုက်နာနိုင်ပါတယ်တဲ့။ ဒါနဲ့ပဲ ဝတ်ခွင့်ပေးလိုက်ပါတယ်။ ဒုလ္လဘဝတ်ပြီး အကုသိုလ်ယူတဲ့လူတွေ ပေါ်လာလို့ အခုလို စည်းကမ်းချက်တွေချပြီး အကျိုးရှိအောင် လုပ်ပေးနေတာပါ။ ဒီနေရာမှာ ဒုလ္လဘဝတ်သူတိုင်း သိသင့်တဲ့ ဘိုးရာဇူဆိုတဲ့ ကဗျာဆရာတစ်ယောက်ရဲ့ ကဗျာတစ်ပုဒ်ကို ဖော်ပြလိုက်ဦးမယ်။ ကဗျာနာမည်က -

**ဦးပဉ္ဇင်းသုံးပါး**

ဒုလ္လဘဦးပဉ္ဇင်း
သိမ်ဆင်းပြီးနေ့ မပျော်မွေ့၍
ရက်မစေ့ခင်၊ လူထွက်ချင်ကာ၊
ကြင်ယာဇနီး၊ ခေါ်တွေ့ပြီးလျှင်၊
ငွတ်ကြီးပြင်ဆင်နိုင်းတော့သည်။
ဦးပြင်ဆင်ပါဘုရား . . .

ဒုလ္လဘဦးပဉ္ဇင်း
သိမ်ဆင်းပြီးနေ့ စိတ်ငြီးငွေ့ဟု၊
ပုတီးမကိုင်၊ မထိုင်တရား
တဝါးဝါးသမ်း၊ ကြမ်းနှင့်ကျောခင်း၊
ပျင်းဆင်းမှုတင် ကျင့်တော့သည်။
ဦးပျင်းဆင်းပါဘုရား . . .

www.burmeseclassic.com



ဒုလ္လဘဦးပဉ္ဇင်း
သိမ်ဆင်းပြီးနေ့၊ စိတ်ငြီးငွေ့ဟု၊
လူ့ဘဝတွင် အမျှင်မပြတ်၊ တရစပ်ရှုပ်၊
သူ့အလုပ်များ၊ ခုမှနားဟု၊
အိပ်စားနှစ်လီ၊ ကျင့်တော့သည်။
ဦးပင်စင်ပါဘုရား . . .

ရခဲပေစွ၊ ဒုလ္လဘဟု၊
ဗုဒ္ဓအမွေ၊ ခံယူပေလည်း၊
ဓမ္မနည်းယူ၊ ကျင့်မှုမရှိ၊
အသိမလိုက်၊ စရိုက်မပြင်၊
အရှင်သုံးပါး ပဉ္ဇင်းများတို့၊
ဘုရားအမွေ၊ မရစေကောင်း၊
ပါရမီပောင်းလောင်း ဖြစ်တော့သည်။
ဦးတင်ပါသည်ဘုရား . . .။

(ဘိုးရာဇ)

သူကလည်း ကျွတ်ချိန်တန်လို့ ထင်ပါရဲ့။ တရားကို စိတ်ပါလက်ပါ နာပြီး သေချာလည်း အားထုတ်ပါတယ်။ ထူးခြားတာက ဝိပဿနာတရားဆိုတော့ သီလကြောင်း တစ်လုံးတစ်ပါဒမှ မပါပါဘူး။ ငါဆိုတဲ့ ဒိဋ္ဌိအယူစွဲကြီး ပျောက်အောင် ခန္ဓာ၊ အာယတနာ၊ ဓာတ်၊ သစ္စာဆိုတဲ့ တရားတွေကိုသာ ဟောသွားတာပါ။



ဆယ်ရက်စေ့လို့ ရဟန်းဘဝကလည်း ထွက်သွားရော အရက်ကို လုံးလုံး မသောက်တော့ဘဲ အထည်ချုပ်စက်ရုံမှာ စက်ပြင်တဲ့အလုပ်နဲ့ မိခင်ကို အမြတ်တနိုး လုပ်ကျွေးနေလို့ မိခင်ဖြစ်သူမှာ မျက်ရည်တွေဝဲပြီး ဝမ်းသာအားရနဲ့ လာလျှောက်ထားလို့ သိလိုက်ရတာပါ။

ဒီနေရာမှာ သောတာပန် သောတာပန်နဲ့ သောတာပန် အကြောင်းကို လူပြောများတဲ့အတွက် တရားအားထုတ်တဲ့ ယောဂီများ မိမိကိုယ်မိမိ သောတာပန်ဟုတ်,မဟုတ် တိုင်းတာတဲ့ ပေတံတစ်ချောင်း ပေးခဲ့ချင်ပါတယ်။ သောတာပန် ဖြစ်သွားတယ်ဆိုတာ ငါရှိတယ်လို့ အယူအဆမှားတဲ့ သက္ကာယဒိဋ္ဌိနဲ့ ငါဆိုတာဖြစ်ခဲ့လေသလား စသည်အားဖြင့် သို့လော သို့လော တွေးတောတဲ့ ဝိစိကိစ္ဆာနှစ်ပါးကို ပယ်သတ်လိုက်တာပါပဲ။

ဝိစိကိစ္ဆာကတော့ ဒိဋ္ဌိရဲ့နောက်လိုက်မို့ သူ့ကို အဓိကထားပြီး ပြောစရာမလိုပါဘူး။ ဒိဋ္ဌိပြုတ်ရင် သူပြုတ်တာပါပဲ။ ဒါကြောင့် ငါရှိတယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိစွဲကြီး ငါ့မှာမရှိတော့ဘူး။ ပြုတ်သွားပြီဆိုရင် အဲဒီလိုပြုတ်တာဟာ တဒင်္ဂ၊ ခဏလား၊ ဝိက္ခမ္ဘန၊ ခပ်ကြာကြာလား။ သမုစ္ဆေဒ၊ ဘယ်ဘဝမှ ပြန်မလာတော့ဘဲ အမြစ်ပြတ် ပြုတ်ခြင်းလားဆိုတာ ကိုယ့်ဘာသာ ပြန်ပြီးဆန်းစစ်ရပါမယ်။

ငါရှိတယ်ဆိုတဲ့ အယူစွဲကြီး ဘယ်သောအခါမှ ပြန်မလာတော့တဲ့ ပြုတ်ခြင်းမျိုးနဲ့ ပြုတ်သွားပြီ ငါ။ သူတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုတာကို ဘယ်သူက ဘယ်လိုပြောလို့မှ မယုံကြည်တော့ပါဘူးဆိုရင်တော့ သောတာပန်လို့ ပြောနိုင်ပါပြီ။ ဒါဆိုရင် ပထမဆင့် နှုတ်ဖြေအောင်သွားပြီပေါ့။ ဒုတိယဆင့် ရေးဖြေနဲ့ စစ်ကြဦးစို့။

ကလျာဏပုထုဇဉ်လည်း ငါးပါးသီလ လုံခြုံတယ်၊ သောတာပန်အရိယာလည်း ငါးပါးသီလ လုံခြုံတယ်၊ ဘယ်လိုထူးသလဲတဲ့၊ အများကြီးထူးပါတယ်၊ ကလျာဏပုထုဇဉ် ငါးပါးသီလလုံခြုံတယ်ဆိုတာ အကြောက်တရားကြောင့်ပါ။ အပါယ်ကျမှာကြောက်လို့၊ သူတစ်ပါးကဲ့ရဲ့မှာကြောက်လို့၊ ထောင်ကျမှာကြောက်လို့ စတဲ့အကြောင်းတရားတွေကြောင့် ငါးပါးသီလကို လုံခြုံအောင် စောင့်နေတာပါ။

တစ်နည်းပြောရရင် ကျူးလွန်တဲ့စိတ်တွေကို အောင့်အည်းပြီး စောင့်ထိန်းနေရတာပါ။ အကယ်၍ ဒီသီလတွေကို ကျူးလွန်လို့ အပါယ်လည်းမကျဘူး၊ ထောင်လည်းမကျဘူး၊ သိက္ခာလည်းမကျဘူးဆိုရင် ထိပ်ဆုံးကနေ ကျူးလါန်မှာ အသေအချာပါ။ သောတာပန်အရိယာရဲ့ ငါးပါးသီလလုံခြုံမှုကတော့ ဒီလိုမဟုတ်ပါဘူး။

သောတာပတ္တိမဂ်ကနေ ငါးပါးသီလကို ကျူးလွန်ချင်တဲ့ စေတနာဆိုးတွေကို အတွင်းကနေ ဖြတ်ချလိုက်တာဆိုတော့ ငါးပါးသီလကို ဖောက်ဖျက်ချင်တဲ့ စေတနာဆိုးတွေကို ပေါ်မလာတော့တာပါ။ ကလျာဏပုထုဇဉ်လို



ကျူးလွန်ချင်ရဲ့သားနဲ့ အောင့်အည်းပြီး စောင့်နေရတာ မဟုတ်ပါဘူး။

ဆိုလိုတာက သောတာပန်အရိယာဟာ ငါးပါးသီလကို ဖောက်ဖျက်ချင်တဲ့စိတ်ကို ပေါ်မလာတော့တာပါ။ ဒါကြောင့် ယောဂီများအနေနဲ့ သောတာပန်ဖြစ်မဖြစ် မိမိကိုယ်ကို ဆက်စစ်ဆေးကြည့်ရမှာ။ ငါးပါးသီလကို ဖောက်ဖျက်ချင်တဲ့စိတ်တွေ ပေါ်လာသေးရင် သောတာပန် မဟုတ်သေးဘူး။ ပေါ်မလာတော့ဘူးဆိုရင်တော့ သောတာပန်လို့ ဆုံးဖြတ်နိုင်တာပေါ့။

ဒီအချက်ကတော့ ဘေးကစစ်လို့ မရပါဘူး။ မိမိကိုယ်မိမိ စစ်ရတာပါ။ လိမ်လို့လည်း မရနိုင်ဘူး။ ဒီနေရာမှာ သောတာပန်ဖြစ်ဖို့နဲ့ ပတ်သက်ပြီး အတွေးအခေါ်တွေ အများကြီးပါတဲ့၊ သာမာဝတီမိဖုရားရဲ့ အိမ်ပါကျွန်မကြီးဖြစ်တဲ့ ခုဇ္ဇုတ္တရာအကြောင်းကို ပြောပြချင်ပါတယ်။

ဇာတ်လမ်းကတော့ ဗုဒ္ဓဘာသာတိုင်း ကြားဖူးကြတာများပါတယ်။ ဒီနေရာမှာတော့ သူတစ်ပါး သတိမထားမိတဲ့ အချက်လေးတွေကို ပြောပြချင်လို့ ဇာတ်လမ်းလိုရင်းလေးကို သုံးခွင့်ပြုပါ။ ကောသမ္ဗီဘုရင်ဖြစ်တဲ့ ဥတေနမင်း ဗုဒ္ဓဘာသာမဖြစ်သေးခင် အချိန်ကပဲ ဖြစ်ပါတယ်။

ခုဇ္ဇုတ္တရာဟာ ရှင်ဘုရင်ဆီက အသပြာရှစ်ကျပ်ကို ယူပြီး သာမာဝတီကို ပန်းဆက်ရပါတယ်။ ခါးကုန်းနေလို့ ခုဇ္ဇုတ္တရာဆိုတဲ့အမည်ကို ရတာပါ။ ပန်းမိုးရှစ်ကျပ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



လေးကျပ် လေးကျပ်ကို ခုနှုတ္တရာဟာ နေ့စဉ် ခိုးထားပါတယ်။ သာမာဝတီမိဖုရားကို လေးကျပ်ဖိုးပဲ ပန်းဆက်ပါတယ်။

ငါးပါးသီလ မလုံခြုံတဲ့ သူခိုးမကြီးတစ်ယောက်လို့ ဆိုရမှာပေါ့။ သူ အဲဒီလို ခိုးနေတာ နှစ်ပေါင်းအတော်ကြာပါပြီ တစ်နေ့ ပန်းဝယ်ဖို့အသွားမှာ ပန်းသည်အိမ်မှာ ဘုရားအမှူးရှိတဲ့ သံဃာများ ဆွမ်းကပ်ပြီး တရားနာနေတာ တွေ့ရတော့ ခုနှုတ္တရာလည်း ဝင်တရားနာလိုက်ပါတယ်။

ဒိဋ္ဌိပြုတ်ပြီး မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရား ဆိုတော့ တရားအဆုံးမှာ ခုနှုတ္တရာ သောတာပန် တည်သွားပါတယ်။ တချို့က ထင်ကြပါလိမ့်မယ်။ ဟင် အာနာပါနလည်း မလုပ်၊ လျောင်း၊ ထိုင်၊ ရပ်၊ သွားဆိုတဲ့ ဣရိယာပုတ်ကို ရှုမှတ်မှုတွေလည်း မရှိဘဲနဲ့ ဘယ်လိုများ မဂ်ဖိုလ်ရသွားသလဲလို့။

ရှင်းပြပါ့မယ်။ ရှေ့ပိုင်းကပြောခဲ့သလို ဗုဒ္ဓက မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတဲ့ သိရမယ့် ဝိဇ္ဇာမဂ္ဂင်ကို တစ်ခါတည်းသိအောင် ပြလိုက်တော့ ကျန်တဲ့ ကျင့်ရတဲ့ စရဏမဂ္ဂင် ၆ ပါးပါ တစ်ပါတည်း ပါသွားပြီး မဂ်ဖိုလ်ရသွားတာပါ။

*****



## ဝိပဿနာဆိုတာ ပညာအလုပ်

ဒီအချက်နဲ့ ပတ်သက်ပြီး လယ်တီဒီပနီပေါင်းချုပ် ဒုတိယတွဲ၊ အနတ္တဒီပနီ စာမျက်နှာ ၄၅၅ မှာ လယ်တီဆရာတော်ဘုရားကြီးက -

**ဝိပဿနာ ရှုမှုမည်သည် ဉာဏ်ပညာ ဖြစ်၏။ ဉာဏ်ပညာ အဟုတ်အဟတ်ထိုးထွင်း၍ ပေါက်ရောက်အောင် ထင်နိုင်၊ မြင်နိုင်ပေလျှင် ကိစ္စပြီး၏။ ထို့ကြောင့် ဉာဏ်ပညာ ထက်သန်သော ပုဂ္ဂိုလ်တို့မှာ ထိုကာယဂတာသတိ (အာနာပါနနှင့် လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်ကို ရှုမှတ်မှု) ပွားများမှုကို အထူး အားမထုတ်သော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကောင်းကောင်း ထင်မြင်၍သွားလျှင် ပြီးစီးပါ၏** လို့ ရေးသားတော်မူခဲ့တာပါ။ သောတာပန်ဖြစ်သွားတာနဲ့ ငါးပါးသီလကို ဖောက်ဖျက်ချင်တဲ့ စိတ်ဆိုးစိတ်ယုတ်တွေ ပျောက်သွားပါပြီ။ ဒါကြောင့် ခိုးနေကျ လေးကျပ်ကို မခိုးတော့ဘဲ ရှစ်ကျပ်ဖိုးလုံး ပန်းဝယ်လိုက်ပါတယ်။ ဒါကြောင့် ခိုးတတ်တဲ့ ဝန်ထမ်းတွေ၊ ဈေးသည်တွေကို စာရိတ္တကောင်းစေချင်ရင် ဝိပဿနာကို အရင်လုပ်ခိုင်းမှ ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသည်က ရှစ်ကျပ်ဖိုးတောင်ဝယ်လို့ ထူးခြားတဲ့အတွက် မေးတဲ့အခါမှာလည်း အမှန်အတိုင်း ဖြေရင် ငါ သိက္ခာကျလိမ့်မယ်လို့ မတွက်ဘဲ အမှန်အတိုင်း ဖြေခဲ့ပါတယ်။ ပန်းသည်ကိုဖြေတဲ့ အမှန်စကားထက် သာမာဝတီ မိဖုရားကို အမှန်ဖြေတဲ့စကားက ပိုလို့တောင် ကြောက်စရာကောင်းနေပါတယ်။

အရင်နေ့များက ပန်းတွေထက် နှစ်ဆပိုနေတာတွေ့တော့ သာမာဝတီက မေးလိုက်တယ်။ ခုဇ္ဇုတ္တရာ ပန်းတွေက အရင်နေ့တွေထက် နှစ်ဆတောင် များနေပါလား။ ဘာဖြစ်လို့လဲ။ မောင်တော် ဥတေနမင်းက ပန်းဖိုးငွေ ပိုပေးလိုက်လို့လား။ ဒီအခါမှာ ခုဇ္ဇုတ္တရာရဲ့နေရာကနေ ကြည့်လိုက်ပါ။ ငါဆိုရင် ဒီမေးခွန်းကို ဘယ်လိုဖြေမလဲလို့ -

ပုထုဇဉ်တစ်ယောက်သာဆိုရင် ကြံဖန်ပြီး လိမ်လည်နေဦးမှာပါ။ အမှန်အတိုင်းပြောလိုက်ရင် ငါ အသတ်ခံရမှာ၊ နောင် မခိုးရင် ပြီးတာပဲ။ အသက်မသေအောင် လိမ်ပြောလိုက်မှလို့ပဲ စိတ်ကူးပေါ်မှာ သေချာပါတယ်။ အခု ခုဇ္ဇုတ္တရာက ပုထုဇဉ်မဟုတ်တော့ပါဘူး။ ဖြူစင်တဲ့ သောတာပန်အရိယာ ဖြစ်သွားပါပြီ။ ဒါကြောင့်လည်း -

"သခင်မ ထားရင်လည်း နေရမှာပါ။ သတ်ရင်လည်း သေရမှာပါ။ ကျွန်တော်မျိုးမဟာ ဘုရင်ကြီးပေးတဲ့ ပန်းဖိုးငွေအသပြာရှစ်ကျပ်ထဲက လေးကျပ် လေးကျပ် ခိုးယူလာတာ ကြာပါပြီ။ ဒီနေ့တော့ ဘုရားရှင်ရဲ့ တရားတော်ကို



နာယူရလို့ ခိုးယူလိုစိတ်တွေ ပျောက်ပြီး ရှစ်ကျပ်ဖိုးလုံး ဝယ်ယူလာခြင်းဖြစ်ကြောင်းပါလို့ ရဲဝံ့စွာ အမှန်အတိုင်း လျှောက်ထားလိုက်ပါတယ်။ အဲဒီအချက်က ပုထုဇဉ်တွေမှာ မရှိတဲ့ သောတာပန်တွေမှာသာရှိတဲ့ ဂုဏ်ရည်တစ်ခုပါပဲ။ ဒါကို ရတနသုတ်မှာ -

ကိဉ္စာပိသောကမ္မံ ကရောတိပါပကံ၊
ကာယေနဝါစာ ဥဒစေတသာဝါ။
အဘဗ္ဗသောတဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာဒိဋ္ဌ ပဒဿဝုတ္တာ။
ဣဒမ္ပိသံဃေ ရတနံပဏီတံ၊
ဧတေနသစ္စေန သုဝတ္ထိဟောတု။

သောတာပန်သည် အရင်က ကိုယ်နှုတ်ဖြင့် ပြုခဲ့သော မကောင်းမှု အကုသိုလ်များရှိခဲ့လျှင် ဖုံးလွှမ်းထားခြင်း မရှိ။ သောတာပန်ဖြစ်သောအခါ၌လည်း အကုသိုလ်ကို ပြုခြင်းငှာ မထိုက်သော ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေလို့ ဗုဒ္ဓက ဟောတော်မူခဲ့တာပါ။ ပုထုဇဉ်များဟာ မကောင်းတာလုပ်မိထားရင် လူသိမှာ အင်မတန်ကြောက်ပါတယ်။ သောတာပန် အရိယာများကတော့ မသိတတ်ခင်က လုပ်ခဲ့ ပြောခဲ့တဲ့ မကောင်းမှုများကို သိက္ခာကို မငဲ့၊ ဓမ္မကို ငဲ့ပြီး ဖုံးလွှမ်း မထားဘဲ အမှန်အတိုင်း ပြောဝံ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ပုထုဇဉ်တွေမှာမရှိဘဲ သောတာပန်တွေမှာသာရှိတဲ့ ဂုဏ်ရည်တစ်ခုပါပဲ။ သခင်မဖြစ်တဲ့ သာမာဝတီဘက်ကလည်း ကြည့်ပါဦး။ မြင်တတ်လိုက်တာ၊ သူတော်ကောင်းများဟာ သူတော်ကောင်းအကျင့်ကိုသာ မြင်တာပဲ။ ခုဇ္ဇုတ္တရာ နှစ်ပေါင်းများစွာ ခိုးလာတဲ့အဖြစ်ကို မမြင်ဘူး။

ခိုးချင်တဲ့စိတ်တွေကို တစ်ခါတည်း ပျောက်အောင် လုပ်ပေးလိုက်တဲ့ ဗုဒ္ဓရဲ့တရားတော်အပေါ်မှာပဲ အံ့ဩကြည်ညိုလွန်းလို့ ခုဇ္ဇုတ္တရာကို တောင်းပန်ပြီး ဘုရားဟောလိုက်တဲ့ တရားတော်ကို တစ်ဆင့် ပြန်နာလိုက်ကြတာ ခုဇ္ဇုတ္တရာပြန်ဟောတဲ့ တရားအဆုံးမှာ သာမာဝတီနဲ့တကွ မောင်းမငါးရာလုံး သောတာပန်တည်ကြပါတယ်။

ဒီနေရာမှာ ယောဂီတို့ကို တရားရဖို့နဲ့ပတ်သက်ရင် မာနမထားဖို့ သတိပေးလိုပါတယ်။ သောတာပန်ဖြစ်ဖို့ အင်္ဂါလေးချက်ထဲမှာ သူတော်ကောင်းကို မှီဝဲ၊ သူတော်ကောင်းတရားကို နာဆိုတဲ့ နေရာမှာ သူတော်ကောင်းဆိုတာ ရုပ်ဓာတ်၊ နာမ်ဓာတ်အပေါ်မှာ ဒိဋ္ဌိပြုတ်အောင် ပရမတ်တရားကို ဟောပေးနိုင်တဲ့သူကို ဆိုလိုတာပါ။

အဲဒီသူတော်ကောင်းဟာ ရဟန်းဖြစ်ချင်ဖြစ်မယ်၊ သီလရှင်ဖြစ်ချင်ဖြစ်မယ်၊ အမျိုးသားဖြစ်ချင်ဖြစ်မယ်၊ အမျိုးသမီးဖြစ်ချင်ဖြစ်မယ်။ ဘယ်သူပဲဖြစ်ဖြစ် သက္ကာယဒိဋ္ဌိ ပြုတ်အောင် ဟောပေးနိုင်ရင် သူတော်ကောင်းပဲ။ ဆည်းကပ်ပြီး တရားနာရမှာက ကိုယ့်တာဝန်ပါ။



အခု သာမာဝတီတို့အဖွဲ့ကို ကြည့်ပါ။ သူတို့ကို သက္ကာယ ဒိဋ္ဌိပြုတ်အောင် ဟောပေးနေတဲ့ သူတော်ကောင်းဟာ ဘုရားလည်း မဟုတ်ပါဘူး။ ရဟန်းသံဃာလည်း မဟုတ်ပါဘူး။ အမျိုးသားလည်း မဟုတ်ပါဘူး။ အမျိုးသမီး တစ်ယောက်ပါ။ လောကအလိုအားဖြင့်ဆိုရင် အဆင့်နိမ့်တဲ့ ကျွန်မျိုးထဲကပါ။

ဒါပေမဲ့ ဟောတဲ့တရားက ဗုဒ္ဓရဲ့ တရားစစ် တရားမှန်ဖြစ်လေတော့ နာကြားရသူ အယောက်ငါးရာလုံးဟာ သောတာပန်တည်ခဲ့ကြပါတယ်။ ဒီ အယောက်ငါးရာလုံး ဥဂ္ဃဋိတညူတွေချည်းပဲလို့ပြောရင်တော့ ဘယ်လိုမှ သဘာဝ မကျနိုင်ပါဘူး။ ဒီအချက်ကိုကြည့်ပြီး မြတ်စွာဘုရားရဲ့ ပရမတ်စစ်၊ ဓာတ်စစ်တရားသာဖြစ်ခဲ့ရင် ဘယ်သူက ဟောဟော နာယူသူဟာ သက္ကာယဒိဋ္ဌိပြုတ်ပြီး သောတာပန်တည်နိုင်တယ်ဆိုတာ ရဲရဲကြီးမှတ်ထားရပါမယ်။

သောတာပန်ရဲ့ တတိယမြောက် ထူးခြားချက်က အရိယာဖြစ်သွားပြီဆိုတာနဲ့ ရတနာသုံးပါးကို ပုထုဇဉ်ဘဝကထက် ပိုပြီးကြည်ညိုသွားတယ်။ ပုထုဇဉ်အနေနဲ့ ရတနာသုံးပါးကို ဘယ်လောက်ကြည်ညိုတယ်ပြောပြော သေတာနဲ့ သရဏဂုံ ပျက်သွားတာပဲ။ နောက်ဘဝကျ ဘာသာခြား ဖြစ်ချင်ဖြစ်သွားတာပဲ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ဖွဲ့ပုံပေါ်စိုက်တဲ့ ဝါးခြမ်းပြား

ဒါကြောင့် ပုထုဇဉ်ရဲ့ ရတနာသုံးပါးအပေါ် ကြည်ညိုတဲ့ သဒ္ဓါတရားဟာ ဖွဲ့ပုံပေါ်စိုက်ထားတဲ့ ဝါးခြမ်းပြားလိုပဲ။ အကြောင်းအမျိုးမျိုးကြောင့် ဝါးခြမ်းပြားဟာ အလွယ်တကူ လဲပြိုနိုင်သလို ပုထုဇဉ်ရဲ့ သဒ္ဓါတရားဟာလည်း မပြောပလောက်တဲ့ အကြောင်းလေးတွေကြောင့် ပျက်စီးသွားတတ်ပါတယ်။

အရိယာရဲ့ သဒ္ဓါတရားကတော့ မြေထဲ အတောင်များစွာ တူးမြှုပ်ထားတဲ့ ကျောက်တိုင်နဲ့တူတယ်။ ကျောက်တိုင်ဟာ လေ၊ မိုး စတဲ့ ဘေးရန်တွေကြောင့် မလဲပြိုနိုင်သလို ရတနာသုံးပါးအပေါ် ကြည်ညိုတဲ့ သောတာပန်ရဲ့ သဒ္ဓါတရားဟာလည်း ဘယ်လိုအကြောင်းကြောင့်မှ မပျက်စီးတော့ဘူး။

ဒီဘဝတင်မကဘူး။ ဘဝအဆက်ဆက် ဘယ်ဘဝရောက်ရောက် ရတနာသုံးပါးအပေါ် ကြည်ညိုတဲ့ သဒ္ဓါတရားဟာ မပျက်စီးတော့ဘူး။ မြတ်စွာဘုရားက တရား



တော်တွေကို ဟောခဲ့လို့ သံဃာတော်များက ဒီတရားတော်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့သာ ငါဟာ ဒီတရားထူးကို ရတာပါလားဆိုတဲ့အသိကြောင့် သောတာပန်ဟာ ရတနာသုံးပါးကို ဆထက်ထမ်းပိုး ပို၍ ကြည်ညိုလာတာဖြစ်ပါတယ်။

ဒါကြောင့် သောတာပန်အရိယာတွေဟာ ရတနာသုံးပါးကို မဖူးမြော်ဘဲမနေနိုင်၊ မလှူဒါန်းဘဲမနေနိုင်အောင် ဖြစ်ကြတာပါ။ ဘုရားလက်ထက်တော်က သောတာပန် အိုးသည် လင်မယားဆိုရင် ဘုရားကျောင်းတော်က ရဟန်းတော်အားလုံးကို မြေသပိတ်လိုချင် အလှူခံနိုင်တဲ့အကြောင်း ဖိတ်ဖန်ထားပါတယ်။

ဒီအခါ ငါးရာကျော်ရှိတဲ့ရဟန်းတော်တွေဟာ အလွယ်တကူ လှူမယ့်လူရှိတယ်လို့ သိတာနဲ့ ကိုင်နေတဲ့ သပိတ်နှုတ်ခမ်းပဲ့တာလောက်နဲ့လည်း အသစ်သွား အလှူခံတာပါပဲ။ သပိတ်အပေါ်ပိုင်း နည်းနည်းပွန်းတာလောက်နဲ့လည်း အသစ်သွားအလှူခံတာပါပဲ။ လှူမယ့်ဒကာက တစ်ယောက်တည်း။ အလှူခံနေတဲ့သံဃာက ငါးရာကျော်ဆိုတော့ ဒကာမှာလည်း သံဃာတော်တွေအတွက် သပိတ်ချည်း ဖုတ်ပေးနေရလို့ အိုးမလုပ်ရတော့ဘဲ ဝတ်ပြတ်ဆင်းရဲတဲ့ဘဝ ရောက်ရပါတယ်။

အကြောင်းစုံကို ဘုရားရှင်သိတော်မူတဲ့အခါ အိုးထိန်းသည် လင်မယားကဲ့သို့ ဥစ္စာရှားပြီး သဒ္ဓါများတဲ့ ဒကာ ဒကာမ

www.burmeseclassic.com

www.burmeseclassic.com



တွေအပေါ်မှာ အလျှုခံမကြွမ်းဖို့ ကြွမ်းရင် ပါဋ္ဋိဒေသနီအာပတ် သင့်စေဆိုပြီး သိက္ခာပုဒ် ပညတ်တော်မူရပါတယ်။

ဗုဒ္ဓလက်ထက်က လက်တွေ့သာဓကတွေ အများကြီး ရှိပါတယ်။ ဝိသာခါနဲ့ ဥတ္တရာဥပါသိကာမလေးဆိုရင် ငယ်ရွယ်စဉ်ကတည်းက သောတာပန်တည်ခဲ့ကြတာပါ။ ကံမကောင်း အကြောင်းမလှတော့ အိမ်ထောင်ကျတဲ့အခါ နှစ်ယောက်စလုံး မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ယောက်ျားများနဲ့ တွေ့ဆုံခဲ့ကြရပါတယ်။

ဝိသာခါဆိုရင် မိဂါရအမည်ရှိတဲ့ မိစ္ဆာဒိဋ္ဌိ ယောက္ခမကြီးနဲ့ ပြဿနာအမျိုးမျိုးကို ဖြေရှင်းပြီး ဘုရားဖူးခွင့်၊ တရားနာခွင့်၊ သံဃာတော်များအား လှူခွင့်တန်းခွင့်များကို မရ,ရအောင် ယူခဲ့ပါတယ်။ ဥတ္တရာဥပါသိကာမလေးဆိုရင်လည်း (၁၅) ရက်လောက် ဘုရားဖူး၊ တရားနာ၊ လှူခွင့်တန်းခွင့် ရရေးအတွက် လင်ယောက်ျားဖြစ်တဲ့ သူဌေးသားကို သိရိမာဆိုတဲ့ ပြည့်တန်ဆာနဲ့ အပျော်ခိုင်းခဲ့ရပါတယ်။

ဒီသာဓကတွေထောက်ကြည့်ရင် အရိယာဖြစ်သွားသူများဟာ ရတနာသုံးပါးကျေးဇူးကို ပိုသိလာတဲ့အတွက် ပိုကြည်ညို၊ ပိုလှူဒါန်း၊ ပိုပူဇော်တယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ မိတ်ဆွေရဟန်းတစ်ပါးကြုံခဲ့ရတဲ့ ဒကာမကြီးတစ်ယောက်ကတော့ အရိယာဖြစ်ခဲ့တယ်သာ ပြောတယ်။ ဘုရားဟာနဲ့ ပြောင်းပြန်ဖြစ်နေပါတယ်။

×××××



## ပုထုဇဉ်ရဟန်းကို ရှိမခိုးချင်သူ

တရားစခန်းကထွက်လာကတည်းက အဲဒီဒကာမကြီးဟာ ရဟန်းတော်တွေကို ရှိမခိုးတော့ဘူးတဲ့။ ဘာဖြစ်လို့လဲလို့ မေးကြည့်တော့ သူက သောတာပန်အရိယာဖြစ်သွားပြီ (သူတို့ ကမ္မဋ္ဌာန်းဆရာ၏အပြော)တွေ့နေရတဲ့ ရဟန်းတွေက ပုထုဇဉ်ပဲရှိသေးတယ်။ ဒါကြောင့် ရှိမခိုးတာပါတဲ့။ မိုက်လေစွ၊ မဲလေစွ၊ လွဲလေစွလို့ လယ်တီဆရာတော်ဘုရားကြီးလေသံနဲ့ ပြောလိုက်ချင်ပါတယ်။

ရှေ့မှာပြခဲ့တဲ့ သောတာပန်ဖြစ်ရင်

(၁) သက္ကာယဒိဋ္ဌိကြီး အမြစ်ပြတ်ပျောက်သွားခြင်း။

(၂) ငါးပါးသီလကို ဖောက်ဖျက်ချင်တဲ့ စေတနာဆိုး မရှိတော့ခြင်း။

(၃) ရတနာသုံးပါး၏ကျေးဇူးကို တကယ်သိသော၍ ရှေးကထက် ပိုကြည်ညိုခြင်း။ ပိုပူဇော်ခြင်းဆိုတဲ့ အချက်သုံးချက်နဲ့ ကိုက်ကြည့်လိုက်ရင်ပဲ ဒီဒကာမကြီး တရားရတယ်ဆိုတာ မဟုတ်နိုင်ကြောင်း ထင်ရှားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သောတာပန် တကယ်ဖြစ်သွားတယ် ထားဦး၊ သံဃာတော်ကိုတော့ ဦးချရှိခိုးရမှာပါပဲ။ သောတာပန်ကို အသာထားလို့ မုန်သုတ္တန်မှာ ဘုရားရှင် ဟောထားတာက

အနာဂါမိ ပိစေဘိက္ခဝေ ဂိဟီဟောတိ၊

တေနတဒဟုပဗ္ဗဇိတဿာပိ သာမဏေရဿ၊

အဘိဝါဒနာဒီဟိ ကတ္တဗ္ဗာနေဝ တဲ့။

အဓိပ္ပာယ်က လူပုဂ္ဂိုလ်ဟာ အနာဂါမ်ဖြစ်နေပါစေ။ ယနေ့မှ ရှင်ပြုတဲ့ သာမဏေငယ်လေးကိုသော်လည်း ရှိခိုးခြင်းကို ပြုရမယ်တဲ့။ ရဟန်းဆိုရင်တော့ ပြောဖို့မလိုတော့ဘူး။ ဘာဖြစ်လို့ အနာဂါမ်အရိယာ လူပုဂ္ဂိုလ်က ပုထုဇဉ်ရဟန်းသာမဏေကို ရှိခိုးရသလဲဆိုရင် မြတ်စွာဘုရားသာသနာ စည်ပင်တိုးပွားအောင် ရဟန်းကသာ လုပ်နိုင်တယ်။ အနာဂါမ် လူပုဂ္ဂိုလ်က ဘာမှ လုပ်၍မရသောကြောင့်တဲ့။

ဒီကိုရင်ကလေးက ရဟန်းဖြစ်လာတဲ့အခါ သိမ်ထဲဝင်ပြီး ရဟန်းပေါင်းများစွာကို ကမ္မဝါဖတ်ပေးပြီး တိုးပွားစေနိုင်တယ်။ လူအနာဂါမ်က ဘာမှလုပ်လို့ မရပါဘူး။ ဒီနေရာမှာ သူတစ်ပါးကို အရိုအသေပေးဖို့၊ ရှိခိုးဖို့ ဝန်လေးနေသူများအတွက် အတွေးအခေါ်လေးတစ်ခု ပေးခဲ့ချင်ပါတယ်။ ဦးပဉ္ဇင်းတို့ ရဟန်းလောကမှာပဲ ရှိခိုးဖို့ ဝန်လေးနေတတ်သူတွေကို ကိုယ်တိုင်ကြုံဖူးပါတယ်။



သာယာဝတီဘက်ကရွာတွေဆီ တရားဟော ကြွတော့တချို့ရွာ အကူးအသန်းတွေမှာ အညောင်းအညာလည်းပြေ၊ ဗဟုသုတလည်းရအောင် လှည်းမစီးဘဲ ခြေကျင်လျှောက်သွားတယ်။ တစ်ခါကဆိုရင် ငါးမိုင်လောက် ခြေကျင်လျှောက်လိုက်တယ်။ တရားဟောမယ့်ရွာ မရောက်မီရွာတစ်ရွာက ကျောင်းကိုဝင်ပြီး အမောပြေရေသောက် ခဏနားကြတယ်။

ကျောင်းပေါ်တက်သွားတော့ ဘုရားခန်းရှေ့က ခုံမြင့်မှာထိုင်နေတဲ့ ကျောင်းထိုင်ကိုယ်တော်ကို တွေ့တော့ သူမျက်နှာကလည်း ခပ်ရင့်ရင့်ဆိုတော့ ကိုယ့်ထက်ဝါကြီးမယ်ထင်တာနဲ့ "အရှင်ဘုရား တပည့်တော်ထက် ဝါကြီးမယ်ထင်ပါတယ် ဘုရား။ တပည့်တော် (၁၈)ဝါ ရပါပြီ" လို့လျှောက်ထားပြီး ရှိခိုးမယ်ပြင်လိုက်တော့ သူက လက်ကာပြတယ်။

မရှိခိုးနဲ့ဆိုတဲ့ သဘောပေါ့။ ပြီးတော့မှ သူက (၁၀)ဝါပဲရှိသေးတယ်တဲ့။ ဒါနဲ့ပဲ ဟိုမေးဒီမြန်းနဲ့ ခဏကြာတော့ ပြန်ခဲ့ကြတယ်။ ပြန်သာလခဲ့တယ်။ ဦးပဉ္ဇင်းထက် ရစ်ဝါငယ်တဲ့ကျောင်းထိုင်ကိုယ်တော်ဟာ ဦးပဉ္ဇင်းကို ရှိခိုးဖို့နေနေသာ လက်အုပ်တောင် မချီခဲ့ပါဘူး။ သူ့စိတ်ထဲမှာက ဦးချရှိခိုးလိုက်ရင် ဦးပဉ္ဇင်းက ရသွားပြီ၊ သူက ကုန်သွားမယ်လို့ ထင်နေတယ် ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကျတော့ ဒီလို မဟုတ်ပါဘူး။ ရှိခိုးတဲ့သူ၊ အရိုအသေပေးတဲ့သူကသာ ရသွားတာပါ။ ရှိခိုးခံတဲ့သူ၊ အရိုအသေအပြုခံတဲ့သူက ဘာမှ ရမသွားပါဘူး။ အာဠာနာဋိယသုတ်မှာ -

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။
လို့ ဟောထားပါတယ်။

အဓိပ္ပာယ်က မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ သူများကို ရှိခိုးသူ၊ အရိုအသေပြုသူများမှာ ဖြစ်ရတဲ့ ဘဝ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဆိုတဲ့ အကျိုးလေးမျိုးကို ရရှိပါသတဲ့။ ရှိခိုးခံရသူမှာတော့ ဘာကောင်းကျိုးမှ မရတဲ့ အပြင် ရှိခိုးခံထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာ မရှိခဲ့ရင် အပြစ်တောင် ရပါသေးတယ်။

xxxxx



## ရှိခိုးတယ်ဆိုတာ ကိုယ့်အတွက်

ဒါကြောင့် ရှိခိုးတယ်၊ အရိုအသေ ပေးတယ်ဆိုတာ ကိုယ့်အတွက်ဖြစ်တာမို့ ရတနာသုံးပါးနဲ့တကွ အသက် သိက္ခာ ဂုဏ်ဝါကြီးသူများကို ရှိခိုးဖို့၊ အရိုအသေပေးဖို့ ဝန်လေးမနေသင့်ပါဘူး။

တရားနိဂုံးချုပ်ခါနီးမှာ အနတ္တအကြောင်း နည်းနည်း ပြောလိုပါတယ်။ ပြီးတော့မှ အနိစ္စာနုပဿနာ ရှုပွားရင်း တရားကို အဆုံးသတ်ကြတာပေါ့။ အနတ္တကို အနက် အဓိပ္ပာယ်သုံးမျိုးနဲ့ ဖွင့်ပြပါတယ်။ အသာရကဋ္ဌေန အစိုးတရ ပိုင်ဆိုင်ခြင်းမရှိသောကြောင့်လည်းကောင်း၊ အနိဿရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေအနတ္တာ အနက်ပေးပြရရင် -

အသာရကဋ္ဌေန - ခိုင်မာသည့် အနှစ်အသားမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ အနိဿရဋ္ဌေန - အဆိုးတရား ပိုင်ဆိုင်ခြင်းမရှိသောကြောင့်လည်းကောင်း၊ အဝသဝတ္တနဋ္ဌေန - မိမိအလိုသို့ မလိုက်ပါသည့်အတွက် ကြောင့်လည်းကောင်း၊ အနတ္တာ - အနတ္တမည်သည်သို့ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောဂီများအနေနဲ့ အနတ္တကို အနိစ္စသရုပ်ပြုအနက်၊ အဝသဝတ္တနတ္တအနက် နှစ်မျိုးနဲ့ကတော့ မကြာခဏ နာဖူး ကြပါတယ်။ ခန္ဓာငါးပါးဟာ သူ့ဘာသာ တရစပ်ဖြစ်ပျက်နေ တာ။ ကိုယ်တားလို့မရဘူး။ အစိုးတရ အမိန့်မပေးနိုင်ဘူး။ ဒါကြောင့် အနတ္တလို့ ခေါ်တယ်။ ဒီဟောကြားချက်က အနိစ္စသရုပ်ပြုအနက်ကို ယူပြီး ဟောတာပါ။

မအိုချင်ဘဲနဲ့လည်း အိုရတယ်။ မနာချင်ဘဲနဲ့လည်း နာရတယ်။ မသေချင်ဘဲနဲ့လည်း သေရတယ်။ မဖြစ်ချင်ဘဲ နဲ့လည်း ဖြစ်ရတယ်။ မပျက်ချင်ဘဲနဲ့လည်း ပျက်ရတယ်။ မိမိအလို မလိုက်ဘူး။ ဒါကြောင့် အနတ္တလို့ခေါ်တယ်။ ဒီဟောကြားချက်ကတော့ အဝသဝတ္တနတ္တအနက်ကို ယူပြီး ဟောတာပါ။

ဒီအနက်နှစ်မျိုးကတော့ အဟောလည်းများလို့ နာ ကြားဖူးတဲ့လူလည်း များပါတယ်။ မနာကြားဖူးမှာကတော့ အသာရကတ္တအနက်ပါပဲ။ ခိုင်မြဲတဲ့ အနှစ်သာရမရှိလို့ အနတ္တဆိုတဲ့အချက်ကို အကျယ်ချဲ့ဟောတာလည်း တော် တော် နည်းပါတယ်။ ယနေ့ အဲဒီအနက်ကို နည်းနည်းချဲ့ပြီး နာကြည့်ကြရအောင် -

အနတ္တကို ပုဒ်ခွဲရင် "န" တစ်ပုဒ်၊ "အတ္တ" တစ်ပုဒ် ရပါတယ်။ "အတ္တ" က ကိုယ်ကိုဟောပါတယ်။ "န"က တော့ မရှိခြင်းကို ဟောပါတယ်။ နှစ်ခုပေါင်းတဲ့အခါ ကိုယ်မရှိဆိုတဲ့ အဓိပ္ပာယ် ရပါတယ်။ ဘုရားက ကိုယ်မရှိ



လို့ ဟောလိုက်တော့ ယောဂီတို့စိတ်ထဲကတော့ သိပ် လက်ခံချင်မှာ မဟုတ်ပါဘူး။ ဘုရားဟောဆိုလို့ ငြိမ်နေရ တာပါ။

ဘာဖြစ်လို့လဲဆိုတော့ အမေ မွေးကတည်းက ဒီ ပညတ်ကိုယ်၊ ဥတုဇကိုယ်ကြီးကို အမြဲတွေ့နေရတော့ ကိုယ်ရှိတယ်လို့ပဲ ခိုင်ခိုင်မာမာ ယူဆထားကြလို့ပါ။ တကယ် တော့ ဘုရားရှင်က ပကတိမျက်စိနဲ့ မြင်ရတဲ့ ပညတ် ကိုယ်ကို ကြည့်ပြီး အနတ္တလို့ ဟောခဲ့တာ မဟုတ်ပါဘူး။ ပညာမျက်စိနဲ့မြင်ရတဲ့ ပရမတ်ခန္ဓာကိုယ်ကို ကြည့်ပြီး ဟော ခဲ့တာပါ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## အတ္တသိမှ အနတ္တသိမယ်

ဒီတော့ အနတ္တကို တကယ်သိချင်ရင် အတ္တကို အရင်သိအောင် လုပ်ရပါတယ်။ အတ္တအဓိပ္ပာယ်ကို သေချာသိရင် အနတ္တကို သိတာပါပဲ။ အနတ္တကို မြန်မာပြန်တဲ့အခါ ကိုယ်လို့ဖြစ်ပါတယ်။ ကိုယ်ကိုထပ်ပြီး အဓိပ္ပာယ်ဖွင့်လိုက်တဲ့အခါ အနှစ်သာရလို့ ဖြစ်လာပါတယ်။ အနှစ် အနှစ်လို့ လူတိုင်းပြောကြသော်လည်း ဘာကြောင့် အနှစ်ခေါ်သလဲလို့ မေးရင် တော်တော်အဖြေရကြပ်မှာ သေချာပါတယ်။

မန်ကျည်းပင်တို့၊ တမာပင်တို့ကို ဖြတ်လိုက်တဲ့အခါ သစ်တုံးရဲ့အလယ်ခေါင်မှာ မည်းမည်းနက်နက်ကို တွေ့ရပါတယ်။ သူ့ကို အနှစ်လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့ အနှစ်ခေါ်ရသလဲဆိုတော့ ဘေးက အကာသားတွေထက် ကြာရှည်ခံလို့ပဲ ဖြစ်ပါတယ်။ ခိုင်မြဲစွာ တည်တံ့သောကြောင့် အနှစ်လို့ ခေါ်တယ်ဆိုရင် အဓိပ္ပာယ်ပြည့်စုံပါပြီ။



ပထမဆုံး အတ္တရဲ့ မြန်မာပြန် ကိုယ်ဆိုတာကို ရှင်းရအောင်။ ကိုယ်ဆိုတဲ့စကားလုံးကို သက်ရှိ၊ သက်မဲ့ နှစ်မျိုးလုံးမှာ သုံးပါတယ်။ သက်ရှိမှာဆိုရင် အကြီးဆုံး၊ အခိုင်ခံ့ဆုံးဖြစ်တဲ့ ရင်ဘတ်နဲ့ ကျောတစ်ခုလုံးကို ကိုယ်လို့ခေါ်ကြပါတယ်။ သက်မဲ့မှာတော့ ကိုယ်ထည်လို့ သုံးပါတယ်။ ဥပမာ - ကွမ်းအစ်ဆိုရင် ကွမ်းထည့်တဲ့ အောက်ခံခွက်ကြီးတစ်ခုလုံးကို ကိုယ်ထည်လို့ခေါ်ပါတယ်။ အကြီးဆုံး အခိုင်ခံ့ဆုံးဖြစ်လို့ပါပဲ။

အောက်ထစ်ဆုံးပြောရရင် ကလေးတွေ ကစားနေတဲ့ အိုးပုတ်ကလေးတွေမှာလည်း ကိုယ်ဆိုတာ ရှိတာပဲ။ အဲဒီကလေးကစားတဲ့ အိုးပုတ်လေးကို မိုးထဲလေထဲ ပစ်ထားရင်တောင် လေးငါးလတော့ မပျက်မစီး ခိုင်မြဲနေပါသေးတယ်။ ဘာဖြစ်လို့ ခိုင်မြဲရသလဲဆိုတော့ အတ္တလို့ခေါ်တဲ့ ကိုယ်ရှိနေလို့ပါပဲ။ ဒါကြောင့် အတ္တဆိုတာ ကိုယ်၊ ကိုယ်ဆိုတာ အနှစ်သာရ၊ အနှစ်သာရဆိုတာ ခိုင်မြဲခြင်းလို့ ပြောခဲ့တာပါ။

ဒါဆိုရင် ယောဂီတို့အနေနဲ့ တစ်ရက်ဖြစ်စေ၊ တစ်လဖြစ်စေ၊ တစ်နှစ်ဖြစ်စေ ခိုင်မြဲတဲ့သဘောရှိမှ အတ္တခေါ်တယ်ဆိုတာကိုတော့ သဘောပေါက်ရောပေါ့။ ခိုင်မြဲတဲ့ အနှစ်သာရရှိလို့ အတ္တခေါ်တယ်ဆိုတာကို သိသွားရင် အနတ္တကို အလိုလိုသဘောပေါက်နိုင်ပါပြီ။ ပြောင်းပြန် ပြန်လိုက်ရုံပါပဲ။ ဘယ်လိုပြန်ရမလဲဆိုတော့ ခိုင်မြဲတဲ့ အနှစ်သာရ ရှိလို့ အတ္တခေါ်တယ်။ ခိုင်မြဲတဲ့အနှစ်သာရမရှိလို့ အနတ္တခေါ်တယ်လို့ အပြန်သိရမယ်။

www.burmeseclassic.com



ပရမတ်ခန္ဓာငါးပါးရဲ့ ခိုင်မြဲတဲ့ အနှစ်သာရမရှိပုံ ပြန်ဉာဏ်ဝင်စားကြည့်ကြရအောင်။ ပရမတ်ခန္ဓာငါးပါးကို ဗုဒ္ဓက ဘာကြောင့် အနတ္တ၊ ကိုယ်မရှိဘူး၊ အတ္တမရှိဘူး၊ ခိုင်မြဲမှုမရှိဘူးလို့ ဟောခဲ့ရသလဲဆိုတော့ ပရမတ်ခန္ဓာငါးပါးဟာ မူရင်းကိုက အကောင်အထည်၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား ဘာမှုရှိတာမဟုတ်ဘူး။ သဘောတရားအနေနဲ့သာ ရှိတာ။ ပထဝီဓာတ်ရှင်းပြပုံ ပြန်ကြည့်ပါ။

ဒါက ပထမအချက်၊ ဒုတိယအချက်က အဲဒီ ပရမတ်ခန္ဓာတွေဟာ တစ်စက္ကန့်တောင် မပျက်စီးဘဲ မတည်နိုင်ကြဘူး။ အကယ်၍ တစ်စက္ကန့်လောက် မပျက်မစီး တည်နေနိုင်တယ်ဆိုရင် ဗုဒ္ဓက အတ္တရှိတယ်၊ ကိုယ်ရှိတယ်၊ ခိုင်မြဲခြင်းရှိတယ်လို့ ဟောမှာ။ အခုတော့ တစ်စက္ကန့်တောင် မပျက်မစီး မတည်နိုင်ဘဲ အဲဒီ တစ်စက္ကန့်အတွင်းမှာတင် ရုပ်ခန္ဓာပေါင်း ကုဋေ ငါးထောင် ရှစ်ရာရှစ်ဆယ်ကျော်၊ နာမ်ခန္ဓာပေါင်း တစ်သိန်းဖြစ်ပြီးတော့ ပျက်သွားကြတယ်။

ဒါကြောင့် ပရမတ်ခန္ဓာငါးပါးကို ဗုဒ္ဓက အနတ္တလို့ ဟောတော်မူခဲ့တာပါ။ အနိစ္စ၊ ဒုက္ခဆိုတာကတော့ သာသနာပအခါမှာလည်း တစ်ခါတစ်ရံ ကြားသိမယ်ဆိုရင် ကြားသိနိုင်ပါသေးတယ်တဲ့။ အနတ္တဆိုတာကိုတော့ ဘုရားပွင့်တဲ့အခါမှပဲ ကြားသိနိုင်ပါသတဲ့။ ယခု ဘုရားရှင်သာသနာရှိသေးလို့သာ ယောဂီတို့ နာကြားကြရတာပါ။



အနတ္တအကြောင်းကို ဟောပြီးတဲ့နောက် အနိစ္စာနုပဿနာ ပွားများနည်းကို သင်ပြပြီး ဒီနေ့တရားကို နိဂုံးချုပ်ပေးပါမယ်။ အနိစ္စာနုပဿနာ ပွားများနည်းနဲ့ ပွားများလိုက်တာ စင်္ကြံသုံးလှမ်းနဲ့ ရဟန္တာဖြစ်သွားတဲ့ မထေရ်ကြီးတစ်ပါးအကြောင်းကို ဦးစွာ နာကြားရအောင်။ ဒီတော့ ယောဂီတို့ ဒီတရားရှုပွားရတာ ပိုပြီး အားရှိသွားတာပေါ့။

ဒီအကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဖွင့်ပြထားတာပါ။ သီဟိုဠ်ကျွန်း၊ ဥစ္စာဝါလိကအရပ်မှာ သီတင်းသုံးနေထိုင်တော်မူတဲ့ မဟာနာဂမထေရ်ကြီးစာ သက်တော်ရှစ်ဆယ်၊ ဝါတော်ခြောက်ဆယ်တောင် ရနေပါပြီ။ မဂ်ဖိုလ်ရအောင် ဝိပဿနာဆိုပြီး အားထုတ်လိုက်တာ ဝိပဿနာမဟုတ်ဘဲ သမထပဲဖြစ်နေတော့ ဈာန်အဘိညာဉ်တွေပဲရတာပေါ့။

သမထကို အရင်အားထုတ်၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိအဆင့်လောက်ရောက်မှ ဝိပဿနာကိုကူးပြီး ရှုပွားအားထုတ်တဲ့နည်းကို သမထယာနိကနည်းလို့လည်း ခေါ်တယ်။ ထမ်းပိုးထမ်းတဲ့နည်းလို သမထ၊ ဝိပဿနာ နှစ်ခုလုံး တွဲပါတဲ့အတွက် ယုဂနဒ္ဓနည်းလို့လည်း ခေါ်ပါတယ်။ မဟာစည်၊ မိုးကုတ်၊ (အနာဂါမ်) ဆရာသက်ကြီး ရှမ်းလွန်း၊ သဲအင်းဂူဝိပဿနာ နည်းများကို ယုဂနဒ္ဓနည်းလို့ ခေါ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပသုံးလုံဝိပဿနာ၊ ကသစ်ဝိုင်၊ ပခုက္ကူဝိပဿနာ၊ သစ္စဒီပက၊ ဝိပဿနာနည်းများကိုတော့ ဝိပဿနာယာနိက တစ်နည်း သုဒ္ဓဝိပဿနာနည်းလို့ ခေါ်နိုင်ပါတယ်။ ထူးခြားတာ တစ်ခုကတော့ ယောဂီများကြားဖူးပြီးဖြစ်တဲ့ ဝိပဿနာ ညစ်ညူးကြောင်း ဆယ်ပါးဟာ သမထယာနိကနည်းနဲ့ ရှုပွားသူတွေမှာသာ ဖြစ်ပေါ်ပြီး ဝိပဿနာယာနိကနည်းနဲ့ ရှုပွားသူတွေမှာ မဖြစ်ပေါ်နိုင်ဘူးဆိုတဲ့ အချက်ပါပဲ။

xxxxx



## ဝိပဿနာညစ်ညူးကြောင်းဆယ်ပါး

ဝိပဿနညစ်ညူးကြောင်းဆယ်ပါးဆိုတာက -

၁။ ဩဘာသ = ခန္ဓာကိုယ်မှ အလင်းရောင်ထွက်ပေါ်ခြင်း
၂။ ဉာဏ် = အသိဉာဏ်ထက်မြက်လာခြင်း
၃။ ပီတိ = နှစ်သိမ့်ဝမ်းမြောက်နေခြင်း
၄။ ပဿဒ္ဓိ = ငြိမ်းအေးနေခြင်း
၅။ သုခ = ချမ်းသာနေခြင်း
၆။ အဓိမောက္ခ = ယုံကြည်မှု ဆုံးဖြတ်ချက်များလာခြင်း
၇။ ပဂ္ဂဟ = ဝီရိယတိုးလာခြင်း
၈။ ဥပဋ္ဌာန = သတိထင်ခြင်း
၉။ ဥပေက္ခာ = မျှတလွယ်ကူစွာ ရှုနိုင်လာခြင်း
၁၀။ နိကန္တိ = (ထိုကိုးချက်၌) တွယ်တာကပ်ငြိနေခြင်း

တို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆယ်ချက် တစ်ချက်ချက်ဖြစ်ပေါ်လာဟဲ့အခါ မဂ်ဖိုလ်ထင်ပြီး ဆက်မကျင့်ကြံတော့ရင် ယောဂီတို့မှာ အလွန်နစ်နာပါတယ်။ အခု မဟာနာဂမထေရ်ကြီးက အဘိညာဉ်တွေတောင် ရနေတာဆိုတော့ ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာနကိလေသာတွေဟာ ထကြွမလာတော့ဘဲ ငြိမ်ဝပ်နေတဲ့အတွက် သူကိုယ်သူ ကိလေသာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာလို့ အထင်မှားနေရှာပါတယ်။

ကမ္မဋ္ဌာန်းတရားတွေလည်း ပြသပေးပါတယ်။ သူပြသပေးတဲ့နည်းနဲ့ အားထုတ်တဲ့ တပည့်တော်တော်များများဟာ ရဟန္တာတွေ ဖြစ်တော်မူကြပါတယ်။ ရဟန္တာဖြစ်သွားကြတဲ့ တပည့်တော်တော်များများဟာ သူတို့စိတ်နဲ့ ဆင်ခြင်ကြည့်လိုက်ရင် ဆရာဖြစ်တဲ့ မဟာနာဂမထေရ်ကြီး ပုထုဇဉ်ဘဝသာရှိသေးကြောင်း သိတော်မူကြမှာပါ။

ဒါပေမဲ့ မိချောင်းမင်း ရေခင်းပြ၊ ဘုန်းကြီးစာချဖြစ်မှာစိုးလို့နဲ့ တူပါတယ်။ ဘယ်သူမှ ပုထုဇဉ်ဖြစ်ကြောင်း အသိမပေးကြဘူး။ အဲဒီတပည့်များထဲက တလင်္ဂရအရပ်မှာ သီတင်းသုံးနေတော်မူတဲ့ ဓမ္မဒိန္နဆိုတဲ့ ပဘိန္နပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်မြတ်ကတော့ ဆရာဖြစ်သူ ပုထုဇဉ်အဖြစ်နဲ့ သေသွားမှာစိုးရိမ်တဲ့အတွက် ပရိယာယ်နဲ့ သတိပေးရအောင် မဟာနာဂမထေရ်ကြီးထံ ရောက်လာပါတယ်။

တပည့်တစ်ယောက်အနေနဲ့ ဆရာလည်းဖြစ်၊ သက်ကြီးဝါကြီးလည်း ဖြစ်တဲ့ မထေရ်ကြီးတစ်ပါးကို သင်ဟာ



ရဟန္တာမဟုတ်သေးဘူး။ ပုထုဇဉ်အဖြစ်သာ ရှိသေးတယ်လို့ ပြောဖို့ရာ အင်မတန်မှ ဝန်လေးစရာကောင်းလှပါတယ်။ ခက်လည်း ခက်ခဲလှပါတယ်။

ထူးခြားဆန်းကြယ်လှတဲ့ ပညာရှိတို့ရဲ့ ဖြတ်ထိုးဉာဏ်ကို ဒီနေရာမှာ ကြည့်ညှိရမှာပါ။ အနားရောက်လာပြီး ဦးချလာတဲ့ ဓမ္မဒိန္နမထေရ်ကို မဟာနာဂမထေရ်ကြီးက -

"ငါ့ရှင် ဓမ္မဒိန္န၊ ဘာအကြောင်းကြောင့် လာခဲ့သလဲ" လို့ မေးလိုက်တဲ့အခါ ဓမ္မဒိန္နမထေရ်က ပြဿနာပုစ္ဆာမေးလျှောက်ဖို့လာကြောင်း၊ လျှောက်ထားပြီး ပရိယတ်၊ ပဋိပတ်နဲ့ပတ်သက်တဲ့ ပုစ္ဆာပြဿနာတစ်ထောင်ကို မေးရာမှာ ဆုတ်ဆိုင်းမရှိဘဲ လွယ်လင့်တကူ ဖြေလိုက်ပါတယ်။

ဒါကြောင့်လည်း သူကိုယ်သူ ရဟန္တာလို့ ထင်နေတာပါ။ ဒီအခါမှာ ဓမ္မဒိန္နမထေရ်က -

"အရှင်ဘုရား ဉာဏ်တော်ဟာ လွန်စွာမှ ထက်မြက်လှပါတယ်။ ဤတရားများကို ဘယ်အခါက ရရှိပါသလဲ" လို့ မေးလျှောက်တဲ့အခါ လွန်ခဲ့တဲ့ အနှစ်ခြောက်ဆယ်လောက်ကတည်းက ရရှိတယ်လို့ ဖြေတယ်။ ဒီအဖြေကို ထောက်ကြည့်ရင် သူကိုယ်သူ ရဟန္တာဖြစ်ပြီလို့ ထင်နေတာ အနှစ်ခြောက်ဆယ်ရှိနေပြီဆိုတဲ့ သဘောပါပဲ။

"သမာဓိ (အဘိညာဉ်) ကို အသုံးပြုပါသေးသလား ဘုရားဆိုတော့ အသုံးပြုပါသေးတယ်လို့ အဖြေရတာနဲ့ အလွန်ဆိုးသွမ်းပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ဆင် တစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ဟာ သည်းထန်စွာ အော်ဟစ်ပြီး နင်းချေသတ်ရအောင် အရှင်ဘုရားဆီ ပြေးလာတဲ့ပုံသဏ္ဌာန် ဖန်ဆင်းပြပါ ဘုရား" လို့ လျှောက်ထားလိုက်တော့ မထေရ်ကြီးကလည်း ချက်ချင်း ဖန်ဆင်းပြတယ်။

သူဖန်ဆင်းတဲ့ဆင်ကို သူ့ဆီပြေးလာတာမြင်တာနဲ့ မဟာနာဂမထေရ်ကြီးက ကြောက်စိတ်ဝင်ပြီး ထပြေးဖို့ ဟန်ပြင်ပါတယ်။ ဒီအခါမှာ ဓမ္မဒိန္နမထေရ်က သင်္ကန်းစကို လှမ်းဆွဲလိုက်ပြီး -

"အရှင်ဘုရား ရဟန္တာမှာ ကြောက်ရွံ့ထိတ်လန့်တဲ့စိတ် ရှိပါသေးသလား ဘုရား" လို့ မေးလိုက်တဲ့အခါ မဟာနာဂမထေရ်ကြီးလည်း မိမိကိုယ်ကို ပုထုဇဉ်မှန်း သိသွားပြီး "ငါ့ရှင် ဓမ္မဒိန္န ငါ၏အားထားမှီခိုရာ ဖြစ်ပါ" လို့ မိန့်ပြီး ဓမ္မဒိန္နမထေရ်ရဲ့ရှေ့မှာ ဆောင့်ကြောင့်ထိုင်ပြီး ကမ္မဋ္ဌာန်းနည်း တောင်းပါတယ်။

xxxxx



## ခြေသုံးလှမ်းနဲ့ ရဟန္တာဖြစ်သူ

ဓမ္မဒိန္နမထေရ်ဆီက ကမ္မဋ္ဌာန်းရတဲ့အခါ စင်္ကြံသွားရင်း ရှမှတ်တာ သုံးလှမ်းအရမှာပဲ ရဟန္တာဖြစ်တော်မူပါတယ်။ တပည့်ဖြစ်ပေမယ့်လည်း ဆရာကို ရဟန္တာဖြစ်အောင် ပရိယာယ်နဲ့ တရားပြပေးတဲ့ ဓမ္မဒိန္နမထေရ်ကြီးကို ချီးကျူးစရာကောင်းသလို မဟာနာဂမထေရ်ကြီးကိုလည်း ချီးကျူးစရာကောင်းပါတယ်။

ဘာလဲဆိုတော့ ကိုယ့်အမှားကို ကိုယ်သိတာနဲ့ ချက်ချင်းပြင်ပြီး တပည့်ဖြစ်ခဲ့ဖူးသူထံ ကမ္မဋ္ဌာန်းပြန်တောင်းရဲတာလည်း တော်တော်ကို ချီးကျူးစရာ ကောင်းပါတယ်။ ကိုယ့်အမှားကို တွေ့မြင်တဲ့သူက ဆုံးမလာတဲ့အခါ ခံယူနားထောင်ပြီး အမှားကို ချက်ချင်းပြင်သူကို သုဝစပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ မြန်မာလိုတော့ ဆိုဆုံးမလွယ်သူလို့ ဖြစ်ပါတယ်။

စကားနားမထောင်ဘဲ အမှားကို မပြင်တဲ့သူကိုတော့ ဒုဗ္ဗစပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ ဆိုဆုံးမခက်သူပေါ့။ ဒီနှစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



မှာ သုဝစပုဂ္ဂိုလ်မျိုးသာ မဂ်ဖိုလ်ကို ရနိုင်ပါတယ်။ ဒုဗ္ဗစပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်ကို မရနိုင်ပါဘူး။ မဟာနာဂမထေရ်ကြီးကို သုဝစပုဂ္ဂိုလ်လို့ ဆိုနိုင်ပါတယ်။

မဟာနာဂမထေရ်ကြီး ခြေသုံးလှမ်းနဲ့ ရဟန္တာဖြစ်အောင် ရှုပွားနိုင်တယ်ဆိုတာ အနိစ္စာနုပဿနာကို အရင်ကတည်းက ပွားများထားပြီးသား အထုံတွေရှိနေလို့ပါ။ မထေရ်ကြီးကလည်း လွယ်ကူတဲ့အခြေခံကနေစပြီး ယခုလိုခက်ခဲတဲ့အဆင့်ထိ အချိန်ယူ ပွားခဲ့ရတာပါ။ ဆရာ မပြလို့သာ နည်းမရဖြစ်ပြီး ဈာန်အဘိညာဉ်မှာ သောင်တင်နေရတာပါ။

အခု ယောဂီတို့မှာ ဆရာနဲ့လည်း တွေ့နေပါပြီ။ နည်းလည်း ရတော့မှာပါ။ နည်းရရင် ကျင့်ကြံအားထုတ်ဖို့ပဲ လိုပါတော့တယ်။ အနိစ္စနုပဿနာကို ပုဒ်ခွဲရင် အနိစ္စ တစ်ပုဒ်၊ အနုပဿနာကတစ်ပုဒ် ဖြစ်ပါတယ်။ အနိစ္စက ပရမတ်ခန္ဓာငါးပါးတို့၏ မမြဲခြင်းကို အနုပဿနာက အဖန်ဖန် ရှုခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

ပရမတ်ခန္ဓာငါးပါးတို့ရဲ့ မမြဲခြင်းကို အဖန်ဖန် ရှုပွားနေတာကို အနိစ္စာနုပဿနာလို့ မှတ်ပေ။ ရှုပွားတဲ့အခါမှာ မြင်သာပြီး လွယ်ကူတဲ့ ခပ်ကျဲကျဲနေရာက စပြီး ရှုရပါတယ်။ ပထမဆုံး အရွယ်ဆယ်ပါးကနေ စပြီးတော့ ရှုရပါမယ်။ အရွယ်ဆယ်ပါးက -

xxxxx



## အရွယ်ဆယ်ပါး

(၁) မွေးစကနေ ဆယ်နှစ်သားအထိ အရွယ်ကို မန္ဒဒသက လို့ ခေါ်ပါတယ်။ ဉာဏ်ပညာ နုနဲ့နေးတဲ့အရွယ်လို့ အဓိပ္ပာယ်ရပါတယ်။

(၂) ဆယ်နှစ်ကနေ နှစ်ဆယ်အရွယ်အထိ အရွယ်ကိုတော့ ခိဍ္ဍာဒသက လို့ ခေါ်ပါတယ်။ မြူးတူးပျော်ပါးကစားတဲ့အရွယ်လို့ အဓိပ္ပာယ်ရပါတယ်။

(၃) နှစ်ဆယ်ကနေ သုံးဆယ်အရွယ်ထိကိုတော့ ဝဏ္ဏဒသက လို့ ခေါ်ပါတယ်။ အဆင်းအလှဆုံးအရွယ်လို့ အဓိပ္ပာယ်ရပါတယ်။

(၄) သုံးဆယ်ကနေ လေးဆယ်ထိကိုတော့ ဗလဒသက လို့ ခေါ်ပါတယ်။ အားခွန်ဗလ အကောင်းဆုံး အရွယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



(၅) လေးဆယ်ကနေ ငါးဆယ်အထိ အရွယ်ကိုတော့ ဥဇ္ဇာဒသက ဥဇ္ဇာအကောင်းဆုံးအရွယ်လို့ ခေါ်ပါတယ်။

(၆) ငါးဆယ်ကနေ ခြောက်ဆယ်အထိအရွယ်ကိုတော့ ဟာနိဒသက လို့ ခေါ်ပါတယ်။ သွေးအားလေအား ဆုတ်ယုတ်စအရွယ်ပါ။

(၇) ခြောက်ဆယ်ကနေ ခုနစ်ဆယ်ထိအရွယ်ကိုတော့ ပဗ္ဘာရဒသက အရွယ်လို့ ခေါ်ပါတယ်။ ခန္ဓာကိုယ်ကြီးဟာ ရှေ့သို့ကိုင်းလာ၊ ရှိုင်းလာတဲ့အရွယ်ပါ။ ခန္ဓာကိုယ် ကုန်းလာဖို့ ရှေ့တော်ပြေးပေါ့။

(၈) ခုနစ်ဆယ်ကနေ ရှစ်ဆယ်ထိအရွယ်ကိုတော့ ဝင်္ကဒသက လို့ ခေါ်ပါတယ်။ ခန္ဓာကိုယ် ကုန်းလာတဲ့ အရွယ်ပေါ့။

(၉) ရှစ်ဆယ်ကနေ ကိုးဆယ်ထိအရွယ်ကိုတော့ မောမူဟဒသက လို့ ခေါ်ပါတယ်။ သတိမေ့လျော့တတ်တဲ့ အရွယ်ပါပဲ။

xxxxx



## သားသမီးများက စေတနာပျက်သည့်အရွယ်

ဒီအရွယ်ဟာ မိမိကို ပြုစုကျွေးမွေးနေကြတဲ့ သားသမီး မြေးမြစ်တွေ စေတနာပျက်တတ်တဲ့အရွယ်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အခုပဲ ထမင်းပွဲပြင်ကျွေးပြီး အဘိုးဖြစ်သူ စားပြီးသွားလို့ သိမ်းဆည်းပြီးသွားတယ်။ အဲဒီအချိန်မှာပဲ ဘေးက ဧည့်သည်တွေရောက်လာပြီး "အဘိုး ထမင်းစားပြီးပြီလား" လို့ မေးလိုက်ရင် မောမူဟအရွယ်ဖြစ်တဲ့အတွက် ထမင်းစားပြီးတာကို မေ့သွားလို့ "မစားရသေးဘူး အဘိုးကို ထမင်းကျွေးဖို့ မေ့နေကြ ထင်ပါရဲ့" လို့ ဖြေလိုက်တယ်။

ဒီတော့ စောစောကမှ ထမင်းကျွေးထားကြတဲ့ သားသမီး မြေးမြစ်တွေက ငါတို့ကို လူရှေ့သူရှေ့မှာ သက်သက်အရှက်ခွဲတာပဲဆိုပြီး စေတနာပျက်ကုန်ကြရော။ နောင်ကို ကောင်းကောင်းမကျွေးချင်ကြတော့ဘူး။ သားသမီး မြေးမြစ်တွေကလည်း ဒီနေရာမှာ အဘိုး အဘွားများကို နားလည်ပေးကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကို အရက်ရဖို့၊ သိက္ခာချဖို့ လုပ်ကြံပြောတာ မဟုတ်ဘူး။ ဒီအရွယ်ဟာ သတိမေ့တတ်တဲ့ အရွယ်ပဲ။ ဒါကြောင့် တကယ်မေ့လို့ ပြောရတာပါ။ ငါတို့လည်း ဒီအရွယ်ရောက်လာရင် ဒီလိုဖြစ်ဦးမှာပဲဆိုပြီး ကိုယ်ချင်းစာကြပါ။ အခုခေတ် သက်တမ်းတိုတဲ့အရွယ်ဆိုတော့ ခုနစ်ဆယ်ကျော်ရင်ပဲ မေ့တတ်ကုန်ပါပြီ။

(၁၀) ကိုးဆယ်ကနေ တစ်ရာအထိအရွယ်ကိုတော့ သယနဒသက လို့ ခေါ်ပါတယ်။ မသွားနိုင် မလာနိုင်တော့ဘဲ အိပ်ရာထဲလဲနေတဲ့အရွယ်လို့ ဆိုလိုပါတယ်။

xxxxx



## သားသမီးများက သေစေချင်သည့်အရွယ်

ဒီအရွယ်ကတော့ ကျွေးမွေးပြုစုထားတဲ့ သားသမီးများက စေတနာပျက်ရုံပင်မက မြန်မြန်သေစေချင်တဲ့ အရွယ်ပါပဲ။ ကိုယ့်အညစ်အကြေးတောင် ကိုယ်ထိ မစွန့်နိုင်တဲ့ အရွယ်ဆိုတော့ ပြုစုတဲ့သူက ရွံတတ်ရင် ပိုဒုက္ခရောက်တာပေါ့။ တချို့ အဘိုးကြီး အဘွားကြီးတွေက အသက်ကြီးလာပေမယ့် ဝမ်းမီးက ကောင်းနေတုန်းပဲ။

ဒါကြောင့် အိပ်ရာထဲလဲနေပေမယ့် အစားကို ကောင်းကောင်းစားနိုင်တယ်။ အဲသလို အစားကို ကောင်းကောင်းစားနိုင်တာကိုပဲ တချို့သားသမီးတွေက ဖုတ်ဝင်တာလို့ ထင်မြင်ရော။ ဒီကြားထဲ ကျွေးတာကနည်းတော့ ညသန်းခေါင်အချိန်မှာ မနေနိုင်မထိုင်နိုင်အောင် ဆာလာတယ်။ လူကြီးဆိုတော့ မင်းကျွေးတာ နည်းတယ်၊ မဝသေးဘူး။ ထပ်ယူခဲ့ဦးလို့ ပြောရမှာလည်း ရှက်တယ်။

အဘိုးအဘွားနေရာ ကိုယ်တိုင်နေကြည့်ပါ။ အစားနဲ့ ပတ်သက်ပြီး စကားပြောရတာဟာ အင်မတန် ရှက်စရာကောင်းကြောင်း ကိုယ်တွေ့ အဘိုးအဘွားဖြစ်တဲ့အခါ သိလာ

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ ဒါကြောင့်လည်း သားသမီးတွေ အိပ်ကောင်းတဲ့ သန်းခေါင်အချိန်ကျမှ တအားဆာလာတော့ အရင်က လမ်းမလျှောက်နိုင်တဲ့ အဘိုး၊ အဘွားဟာ အစားဇောကြောင့် အားတင်းပြီး ကြောင်အိမ်ရှိရာ ရောက်အောင်သွားတယ်။

သားသမီးတွေ အိပ်ရေးပျက်မှာစိုးတော့ အော်ဟစ်လည်း မနှိုးရက်ဘူး။ အဲဒီလို သားသမီးတွေ အိပ်ရေးပျက်မှာစိုးလို့ အော်ဟစ်မနှိုးတဲ့စေတနာဟာ လောလောဆယ်မှာတော့ အဘိုးနဲ့အဘွားကို ဖုတ်ဝင်နေပြီလို့ ယုံကြည်စေတဲ့ အချက်တစ်ချက် ဖြစ်သွားတယ်။ ဘယ်လောက် သနားဖို့ကောင်းသလဲလို့။

ကြောင်အိမ်တံခါးဖွင့်ပြီးတာနဲ့ တွေ့တဲ့အစားအစာကို ယူပြီး စားရတော့တာပေါ့။ ဇရာဒဏ်၊ ရောဂါဒဏ်က ဖိစီးနေတော့ ကြောင်အိမ်ကို အားယူပြီး မနည်းရပ်နေရတယ်။ ဖေးမမယ့်သူမရှိဘူးဆိုတဲ့ အသိကြောင့်သာ စိတ်အားတင်းပြီး ရပ်နေရတာ။ ဖေးမည့်သူတစ်ယောက်ယောက်ကိုသာ တွေ့လိုက်ရရင် ချက်ချင်း လဲကျမှာ အသေအချာပါ။

အဲဒီအချိန်မှာ မသက်သာစိတ်ဝင်နေတဲ့ သားသမီး တစ်ယောက်ယောက်က အသံကြားတာနဲ့ အိပ်ရာကထလာပြီး အနားလာကြည့်တယ်။ ကြောင်အိမ်ထဲ အသင့်တွေ့တဲ့ အသားဟင်းတွေကို စားနေတဲ့အမေကိုမြင်တော့ ငါတို့ မသိအောင် ညသန်းခေါင်မှာထလာပြီး စားတာဆိုတော့ ဖုတ်ဝင်တာထင်တယ်ဆိုပြီး ငါးဆယ်ရာနိုင်နှုန်းလောက်က ဖုတ်



ဝင်တာလို့ စွဲလမ်းသွားတယ်။

"အမေ ဘာလုပ်နေတာလဲ" လို့ မေးလိုက်တာနဲ့ သားအသံကို ကြားလိုက်ရတဲ့မိခင်ဟာ အားတင်းထားရတဲ့ စိတ်ကို လျှော့ချလိုက်တယ်။ ငါ့ကို ဖေးမကူညီမယ့် သားရောက်လာပြီဆိုတဲ့ အားကိုးတဲ့စိတ်ကြောင့်ပါ။ အဲဒီလို သားသမီးကို အားကိုးတဲ့စိတ်ဟာလည်း အဘိုး၊ အဘွားတို့ကို ဖုတ်ဝင်နေပြီလို့ အသေအချာ ဆုံးဖြတ်ဖို့ အကြောင်းတစ်ချက် ဖြစ်သွားပြန်ပါတယ်။

ဘာကြောင့်လဲဆိုတော့ သားအသံကြားလို့ အားကိုးပြီး တင်းထားတဲ့စိတ်ကို လျှော့လိုက်တာနဲ့ ကြောင်အိမ်ရှေ့မှာ ခွေကျသွားလို့ပါပဲ။ အဲသလို ခွေကျသွားတာကိုလည်း သားသမီးများက လူတွေ့လို့ ဖုတ်က ဟန်ဆောင်တာဆိုပြီး အဲဒီနေ့ကစပြီး ဆရာမျိုးစုံနဲ့ ဖုတ်ထွက်အောင် လုပ်တော့တာပဲ။ အမှန်ကတော့ မြန်မြန်သေအောင် လုပ်တာပါ။

စိတ်စွမ်းအားဆိုတာ ရှိပါတယ်။ ရဲဘော်တစ်ယောက်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ဖတ်ဖူးပါတယ်။ တိုက်ပွဲဖြစ်ပြီးတော့ ရဲဘော်ဟာ တစ်ယောက်တည်း ကွဲပြီး တောထဲမှာ ကျန်ခဲ့တယ်။ တောနက်ကြီးဆိုတော့ တဝဲလည်လည်နဲ့ လမ်းကို ရှာမတွေ့ဘဲ ငါးရက်လောက် ကြာသွားတယ်။ ဘာမှလဲ မစားရဘူး။ လမ်းမှာတွေ့တဲ့ ပေါက်ကျနေတဲ့ ကြောင်သေကောင်ပုပ်က အသားအချို့ပဲ အနည်းငယ် စားရတယ်။ ဘာစားစရာမှ မရှိဘူးတဲ့။

www.burmeseclassic.com



လူနဲ့တွေ့နိုင်မယ့်လမ်းကို စိတ်အားတင်းပြီး ရှာနေရတယ်။ စိတ်သာလျှော့လိုက်ရင် ရဲဘော်ဟာ လဲကျလောက်ပါပြီ။ ဒါပေမဲ့ ဒီတောကြီးထဲမှာသာ မေ့လဲသွားရင် ဘယ်သူနဲ့မှ တွေ့စရာအကြောင်းမရှိတော့ သေရမှာ အသေအချာပါ။ ဒါကြောင့်လည်း ရဲဘော်ဟာ စိတ်အားတင်းပြီး လူနဲ့တွေ့နိုင်မယ့်လမ်းကို ရှာနေတာပါ။

ခြောက်ရက်လောက်ကြာမှ ကျောက်လမ်းကြမ်းတစ်ခုကို တွေ့ရတယ်။ လမ်းကိုတွေ့တာနဲ့ ငါ့ကိုကယ်မယ့်သူ တစ်ယောက်ယောက် ဒီလမ်းကလာမှာပဲဆိုပြီး စိတ်က သိလိုက်တယ်။ အားလည်းကိုးလိုက်တယ်။ အဲဒီလို အားကိုးတစ်ခုကို ရတာနဲ့ တင်းထားတဲ့စိတ်တွေ ချက်ချင်း လျော့သွားတာနဲ့ လမ်းဘေးမှာတင် ပစ်လဲပြီး မေ့သွားပါတယ်။

လူစိမ်းကိုအားကိုးပြီး မေ့လဲသွားရတဲ့ရဲဘော်ကို တွေ့တဲ့ လူစိမ်းကပဲ ပြုစုစောင့်ရှောက်ပေးလို့ အသက်မသေဘဲ ဒီစာကို ပြန်ရေးနိုင်ခဲ့တာပါ။ အခု အဘိုးအဘွားတွေမှာတော့ သားသမီးအရင်ကို အားကိုးပြီး ကြမ်းပြင်ပေါ် လဲကျခဲ့ပေမယ့် သားသမီးထံက ဆက်လက်ပြီး ကျွေးမွေးပြုစုမယ့် မေတ္တာစေတနာကို မရတော့ပါဘူး။ ဆရာတွေနဲ့ ထုတ်မရတဲ့အခုံးမှာ အစာရေစာမပေးတော့ဘဲ အငတ်ထားလိုက်လို့ အသက်ကြီးတဲ့အထိ ဝမ်းမီးကောင်းတဲ့ အဘိုးအဘွားတွေမှာ သေချိန်မကျဘဲ သေကြရပါတယ်။

×××××



## မသိလိုက်သော ပဋ္ဌာနန္တရိယကံ

တကယ် ဖုတ်မဟုတ်ဘဲ မိဘအရင်းကို အဲဒီလို နည်းနဲ့ သေအောင်လုပ်ခဲ့ရင် မိမိတို့ပင် မသိလိုက်ဘဲ ပဋ္ဌာနန္တရိယကံ ထိုက်ပါတယ်။ သားသမီးတိုင်း အထူး သတိထားကြရပါမယ်။ ဖုတ်ဝင်တယ်လို့ အထင်ခံရတဲ့ အဘွားနှစ်ဦးကို လက်တွေ့လေ့လာဖူးတယ်။ တကယ် ဖုတ်ဝင်တာမဟုတ်ဘဲ အထင်မှားခံရတာဖြစ်တယ်လို့ သားသမီးများကို ပဋ္ဌာနန္တရိယကံ မထိုက်ရန် သတိပေးခဲ့ရပါတယ်။

ကိုင်း. . .ပရမတ်ခန္ဓာငါးပါး ဖြစ်ပျက်ပုံကို ဉာဏ်နဲ့ သိပြီး အနိစ္စာနုပဿနာကို အရှယ်ဆယ်ပါးကစပြီး ပွားကြရအောင်။ အားလုံး လိုက်ဆိုပါ။ မန္ဒဒသက ဆယ်နှစ်အရွယ်၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ သည်ကား ခိဍ္ဍဒသက ဒုတိယဆယ်နှစ်အရွယ်သို့ ပါမလာကြ။ ပထမဆယ်နှစ်အရွယ်မှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ သည်ကား အနိစ္စ၊ အမြဲမရှိ။

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အတိုင်း အရှယ်ဆယ်ပါး တစ်ပါးစီသွားရမှာပါ။ ကြာနေမှာစိုးလို့ အလယ်ကနေကျော်လွှားပြီး အဆုံးကိုသွားကြစို့။ အနှစ်တစ်ရာအရှယ်၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နောက်ဘဝ ပထမဆယ်နှစ်အရှယ်သို့ ပါမလာကြ။ ပထမဘဝ အနှစ်တစ်ရာအရှယ်မှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

အရှယ်ဆယ်ပါးထက်ပိုပြီး အနှစ်ပိုင်းတဲ့ ဥတုသုံးပါးနဲ့ ပွားများကြဦးစို့။ နွေကာလ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား မိုးကာလသို့ ပါမလာကြ။ နွေကာလမှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

မိုးကာလ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ဆောင်းကာလသို့ ပါမလာကြ။ မိုးကာလမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ ဆောင်းကာလ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နောက်နှစ် နွေကာလသို့ ပါမလာကြ။ ယခုနှစ် ဆောင်းကာလမှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။

သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ ဥတုသုံးပါးနဲ့ ပွားပြီးတဲ့အခါ လ



(၁၂)လနဲ့ ပွားများကြပါဦးစို့။ တန်ခူးလ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ကဆုန်လသို့ ပါမလာကြ။ တန်ခူးလ၌ပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

အဆုံးကိုကျော်ပြီးသွားကြစို့။ တပေါင်းလ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နောက်နှစ် တန်ခူးလသို့ ပါမလာကြ။ တပေါင်းလမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ တစ်လမှာလည်း လဆန်းပက္ခ၊ လဆုတ်ပက္ခလို့ နှစ်မျိုးရှိပါတယ်။

လဆန်းပက္ခဆိုတာ လဆန်း ၁ ရက်ကနေ လပြည့်နေ့ထိကို ပြောတာပါ။ လဆုတ်ပက္ခဆိုတာကတော့ လဆုတ် ၁ ရက်ကနေ လကွယ်နေ့ထိကို ပြောတာပါ။ အဲဒါကိုလည်း ပွားကြရအောင်။ လဆန်းပက္ခ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား လဆုတ်ပက္ခသို့ ပါမလာကြ။ လဆန်းပက္ခမှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

လဆုတ်ပက္ခ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နောက်လ လဆန်းပက္ခသို့ ပါမလာကြ။ ယခုလ လဆုတ်ပက္ခမှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ တစ်ရက်အတါင်းမှာလည်း နေ့ ည လို့ နှစ်ခုရှိတဲ့အနက်မှာ နေ့မှာ သုံးပိုင်း၊ ညမှာသုံးပိုင်း ပိုင်းပြီး ပွားရပါမယ်။

မနက်ကာလ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နေ့ခင်းကာလသို့ ပါမလာကြ။ မနက်ကာလမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ နေ့ခင်းကာလ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ညနေပိုင်းကာလသို့ပါမလာကြ၊ နေ့အခင်းအခါမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

ညဉ့်ဦးယံ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား သန်းခေါင်ယံသို့ပါမလာကြ။ ညဉ့်ဦးယံမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ သန်းခေါင်ယံ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား မိုးသောက်ယံသို့ ပါမလာကြ။ သန်းခေါင်ယံမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။

သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ တစ်ရက်မှာ (၂၄)နာရီရှိတာကိုလည်း အကျဉ်းချုပ်ပြီး ပွားကြရအောင်။ ပထမနာရီ၌ ဖြစ်ကြကုန်

BURMESE CLASSIC .com



သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ဒုတိယနာရီသို့ ပါမလာကြ။ ပထမနာရီမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။

သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ အလယ်တွေကျော်ပြီး အဆုံးကို သွားကြစို့။ ယခုရက် နှစ်ဆယ့်လေးနာရီ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နောက်ရက် ပထမနာရီသို့ ပါမလာကြ။ ယခုရက် နှစ်ဆယ့်လေးနာရီမှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

တစ်နာရီမှာရှိတဲ့ မိနစ်ခြောက်ဆယ်ကိုလည်း ဆက်ပွားကြစို့။ ပထမမိနစ်၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ဒုတိယမိနစ်သို့ ပါမလာကြ။ ပထမမိနစ်မှာ ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

အဆုံးကိုကျော်ကြစို့။ (၆၀) မိနစ်၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား မိနစ်ခြောက်ဆယ်အတွင်းသို့ ပါမလာကြ။ (၆၀) မိနစ်မှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

မိနစ်ခြောက်ဆယ်၌ ရှိကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နောက်နာရီ ပထမမိနစ်သို့ ပါမလာကြ။ မိနစ်ခြောက်ဆယ်အတွင်းမှာပင် ချုပ်ပျောက်ပျက်စီးကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ စက္ကန့် (၆၀) ကိုလည်း ဆက်သွားမယ်။

ပထမစက္ကန့်၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ဒုတိယစက္ကန့်သို့ ပါမလာကြ။ ပထမစက္ကန့်မှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

အဆုံးကို ကျော်ကြစို့။ (၅၉) စက္ကန့်၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား စက္ကန့်ခြောက်ဆယ်သို့ ပါမလာကြ။ (၅၉) စက္ကန့်မှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။

စက္ကန့်ခြောက်ဆယ်၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နောက်မိနစ် ပထမစက္ကန့်အတွင်းသို့ ပါမလာကြ။ စက္ကန့်ခြောက်ဆယ်အတွင်းမှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ၊ အမြဲမရှိ။ ဒါက အနိစ္စအတွက်ပါ။ ဒုက္ခကို ရှုပွားချင်ရင် ဒုက္ခဆင်းရဲ၏ အနတ္တကို ရှုပွားချင်ရင် အနတ္တ အစိုးမရလို့ ပြောင်းဆိုပေးရပါမယ်။ ရှေ့ပိုင်းကလည်း နည်းနည်းတော့ ပြောင်းရမယ်။ ဒါက ထားပါတော့။ ဘာပွားပွား မဂ်ဖိုလ်ရမှာချည်းပါပဲ။



ဖြစ်တယ်ဆိုတာ ပဋိသန္ဓေပါ။ ပျက်တယ်ဆိုတာ စုတိပါ။ စုတိဆိုတာ သေတာကို ပြောတာပါ။ ပရမတ်ခန္ဓာဖြစ်ပျက်တာ မမြင်ခင်က တစ်ဘဝမှာ တစ်ခါသာ သေတယ်လို့ ထင်ခဲ့ကြတယ်။ အခုလို ပရမတ်ခန္ဓာဖြစ်ပျက်တာ ဉာဏ်နဲ့ သိလာတဲ့အခါမှာတော့ တစ်စက္ကန့်တောင် အသက်မရှည်တော့ပါဘူး။

တစ်စက္ကန့်အတွင်းမှာကိုပဲ ရုပ်ခန္ဓာပေါင်း ကုဋေငါးထောင်ရှစ်ရာရှစ်ဆယ်ကျော်သေပြီး နာမ်ခန္ဓာပေါင်း ကုဋေတစ်သိန်းသေရတာကို သိသွားတော့ ခန္ဓာတပ်မက်တဲ့ စိတ်ဟာ အရင်ကနဲ့စာရင် လျော့သွားတာ အမှန်ပါပဲ။ မဟာနာဂမထေရ်ကြီး စင်္ကြံလျှောက်ပွားပုံလေးကို လိုက်ဆိုပြီး ပွားပါဦး။

ခြေတစ်လှမ်း လှမ်းတဲ့အခါမှာ အမူအရာခြောက်ချက် ရှိပါတယ်။ အဲဒါတွေကတော့ ကြွ၊ လှမ်း၊ ရှောင်၊ ချ၊ နင်း၊ ကန်ဆိုတာပါပဲ။ ပထမဆုံး ခြေကိုကြွရပါတယ်။ ကြွပြီးမှ လှမ်းရပါတယ်။ လှမ်းပြီးတဲ့အခါ ချမယ့်နေရာမှာ ဆူးကြောင့် ခလုတ်ကန်သင်းရှိ မရှိ ရှောင်လိုက်ပါတယ်။ ဒါက သတိမရှိရင် မသိနိုင်ပါဘူး။

ကိုယ်မသိလည်း ခြေထောက်ကတော့ အန္တရာယ်မရှိအောင် ရှောင်တာကတော့ ထုံးစံပါပဲ။ အန္တရာယ် မရှိဘူးဆိုမှ မြေပေါ်ကို ချပါတယ်။ ချပြီးမှ နင်းပါတယ်။ နင်းပြီးတဲ့အခါနောက်တစ်လှမ်း လှမ်းဖို့အတွက် မြေကြီးကို ကန်ရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါက ခြေတစ်လှမ်းဖြစ်ဖို့ အစိတ်အပိုင်းခြောက်ချက်ကို ရှင်းပြတာပါ။

အဲဒီမှာ မဟာနာဂမထေရ်ကြီး ပွားများတာက ကြွဆဲအခါ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား လှမ်းဆဲအခါသို့ ပါမလာကြ။ ကြွဆဲအခါမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ အမြဲမရှိ။

လှမ်းဆဲအခါ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နမ်တရားတို့သည်ကား ရှောင်ဆဲအခါသို့ပါမလာကြ။ လှမ်းဆဲအခါမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ အမြဲမရှိ။

ရှောင်ဆဲအခါ၌ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပနာမ်တရားတို့သည်ကား ချဆဲအခါသို့ ပါမလာကြ။ ရှောင်ဆဲအခါမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ အမြဲမရှိ။

ချဆဲအခါ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား နင်းဆဲအခါသို့ ပါမလာကြ။ ချဆဲအခါမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ အမြဲမရှိ။

နင်းဆဲအခါ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ကန်ဆဲအခါသို့ ပါမလာကြ။ နင်းဆဲ

BURMESE CLASSIC .com



အခါမှာပင် ချုပ်ပျောက် ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ အမြဲမရှိ။

ကန်ဆဲအခါ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ဒုတိယခြေလှမ်းရန် ကြွဆဲအခါသို့ ပါမလာကြ။ ကန်ဆဲအခါမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား အနိစ္စ အမြဲမရှိ။

အခုဟာက ယောဂီတို့ အဓိပ္ပာယ်အပြည့်အစုံ သိအောင်ဆိုပေးတာပါ။ ယောဂီတို့ တကယ်စင်္ကြံရှုမှတ်တဲ့အခါ ကြွလိုက်တာနဲ့ အခုဆိုထားတာကို ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားလိုက်ရင် လုံလောက်ပါပြီ။

×××××

www.burmeseclassic.com

www.burmeseclassic.com



# မဂ်ရဲ့အဓိပ္ပာယ်

ရှုမှတ်ပွားများနေရမှာက ယောဂီတို့ရဲ့အလုပ်ပါ။ မဂ်ဖိုလ်ဆိုတာတော့ သူ့အချိန်တန်ရင် ရရမှာပါပဲ။ မဂ်ရတယ်ဆိုတာ ယောဂီတို့က အလုံးကြီး အခဲကြီးရသလို ထင်မနေပါနဲ့။ မဂ်ရဲ့ အဓိပ္ပာယ်ကို အရင်နားထောင်ပါဦး။

လမ်းခရီးကို ပြောတဲ့မဂ္ဂသဒ္ဒါကတစ်ခု၊ မဂ်ဉာဏ်ကို ပြောတဲ့မဂ္ဂသဒ္ဒါက တစ်ခုလို့ စုစုပေါင်းနှစ်ခုရှိတယ်။ လမ်းခရီးကိုပြောတဲ့ မဂ္ဂသဒ္ဒါက မရောဂငယ်နှစ်လုံးရော နှစ်ခုပေါင်းမှ လမ်းခရီးဆိုတဲ့အနက်ကို ပြောနိုင်တယ်။ မဂ်ဉာဏ်ကိုပြောတဲ့ မဂ္ဂသဒ္ဒါကျတော့ မ ကလည်း အနက်တစ်မျိုးကို ပြောနိုင်တယ်။ ဂငယ်ကလည်း အနက်တစ်မျိုးကို ပြောနိုင်တယ်။

ဝိဂြိုဟ်ဆိုလိုက်တော့
ကိလေသေ-မာရေတီတိမော
ဂစ္ဆတီတိဂေါ-မောစသော ဂေါစာတိမဂ္ဂေါ တဲ့



အဓိပ္ပာယ်က မ သဒ္ဒါက ကိလေသာတို့ကို သတ်ခြင်းလို့ အဓိပ္ပာယ်ထွက်တယ်။ ဂ သဒ္ဒါက လားခြင်းရောက်ခြင်း အဓိပ္ပာယ်ထွက်တယ်။ နှစ်ခုပေါင်းလိုက်တော့ ကိလေသာတို့ကို သတ်ဖြတ်၍ သွားတတ်သောကြောင့် မဂ်လို့ အဓိပ္ပာယ်ရတယ်။

ဒီတော့ အောက်ဆုံးက သောတာပတ္တိမဂ်ဉာဏ်ကို မိမိရတယ်ဆိုရင် ကိသောအကျယ် ထောင့်ငါးရာ အကျဉ်း ၁၀ ပါးထဲက အယူမှားတဲ့ဒိဋ္ဌိနဲ့ သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာကိလေသာတို့ သေသွားရမယ်။

အမြစ်ပြတ်ပျောက်သွားရမယ်။ ဒီတော့ မိမိကိုယ်ကို ပြန်စစ်၊ ငါမှ ငါလို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကြီး ရှိသေးသလား။ မရှိတော့ဘူးဆိုရင် အဲသလိုမရှိတာဟာ ခေတ္တခဏ မရှိတာလား။ ခပ်ကြာကြာလေး မရှိတာလား။ ဒါမှမဟုတ် အမြစ်ပြတ်ကို မရှိတော့တာလားဆိုတာကို ဆန်းစစ်ရမယ်။

ငါ ဘယ်နှစ်မဂ်ရပြီလို့ ဘယ်လောက်ပင်ကြွားနေနေ ကိလေသာတွေကတော့ အရင်အတိုင်း တစ်လုံးမှ မလျော့သေးဘူးဆိုရင်တော့ ဘယ်လိုမှ မဂ်ရတာမဖြစ်နိုင်တော့ပါဘူး။ အခြေခံဖြစ်တဲ့ ပထမီဓာတ်လေးတစ်လုံးတောင် အမှန်အမှားပညတ်ကင်းပြီး ပရမတ်ပေါက်အောင် မသိသေးဘဲနဲ့ မဂ်ဖိုလ်ရပြီလို့ပြောတာဟာ ပညာရှိတွေအတွက် ပြုံးစရာဖြစ်နေပါတယ်။

www.burmeseclassic.com



တပည့်ယောဂီရဲ့ ရေရှည်အကျိုးကို မကြည့်ဘဲ ကိုယ့်တရားစခန်း နာမည်ရ ပြီးရောဆိုတဲ့သဘောနဲ့ မင်္ဂလာပါတ်တွေ လွယ်လွယ်တပ်ပေးတဲ့ ကမ္မဋ္ဌာန်းဆရာအချို့ကို တွေ့ဖူးလို့ ယခုလိုရှင်းပြရတာပါ။ အသိအမျိုးသမီးကြီးတစ်ယောက်ဆိုရင် အနာဂါမ်လို့ နာမည်တပ်ပေးလိုက်တော့ တွေ့တဲ့သူတွေကို သူ အနာဂါမ်ဖြစ်ကြောင်း ပြောတော့တာပေါ့။

ဦးပဥ္စင်းတို့နဲ့တွေ့မှ ဒကာမကြီး နောက်ကို ဘယ်သူ့မှ လျှောက်ပြောမနေနဲ့။ ပညာတတ်တွေရှေ့ ပြောမိရင် ရှက်ဖို့ကောင်းတယ်။ အနာဂါမ်တည်ထားတဲ့သူဟာ အိမ်ထောင်နဲ့ မနေတော့ဘူးလို့ သေချာရှင်းပြပြီး ဝိပဿနာယာနိကနည်းနဲ့ ဆက်လက်ပွားနိုင်းရပါတယ်။ သူက အိမ်ထောင်နဲ့ နေနေတုန်းပါ။

လယ်တီဆရာတော်ဘုရားကြီးတို့တောင် တရားရပြီလို့ထင်တဲ့ ယောဂီများ တရားအမြင်တွေ လျှောက်တဲ့အခါ ဘုရားဟောနဲ့ ကိုက်ညီပြီး မင်္ဂလာရပြီလို့ ဆုံးဖြတ်နိုင်တာတောင်မှ ဆုံးဖြတ်မပေးပါဘူး။ သာဓုခေါ်ပြီး ဆက်လက်ပွားများအားထုတ်နိုင်းပါတယ်။ ဘာကြောင့် ဆုံးဖြတ်မပေးသလဲဆိုရင် ယောဂီရဲ့ မင်္ဂလာဖိုလ်ညွှန့်ကို ချိုးဖျက်ရာရောက်မှာစိုးလို့ပါတဲ့။

မင်္ဂလာရတာဟုတ်ရင်တော်ရဲ့၊ မဟုတ်ခဲ့ရင် ကိုယ်က မင်္ဂလာရပြီလို့ ပြောထားတော့ ယောဂီက တကယ်ထင်ပြီး ဆက်

BURMESE CLASSIC .com



အားမထုတ်တော့ ရသင့်တဲ့မင်္ဂလာကို မရတော့ဘဲ အကျိုးနည်းတတ်လို့ပါ။ ဒါကြောင့် ယောဂီတစ်ယောက်မင်္ဂလာရ၊ မရဆိုတာ ဘုရားရှင်ပဲ အတိအကျ သိနိုင်ပါတယ်။

ဒါကြောင့် ယောဂီများကလည်း ယခု ပြသခဲ့တဲ့နည်းများအတိုင်း ကြိုးစားအားထုတ်၍ မင်္ဂလာဖိုလ်ကို လွယ်ကူသောအကျင့်၊ လျင်မြန်သောအသိဉာဏ်ဖြင့် ရရှိကြတဲ့ သူတော်ကောင်းကြီးများ မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု။

၁၃၆၂ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်
(၁၃-၁၀-၂၀၀၁) မြိတ်မြို့နယ်၊
ကျောက်ဖြူတောင်ရွာ၊ ရွှေပြည်သာရိပ်သာ၌
ဝါတွင်းကာလတရားပြရင်း
နေ့ ၃ နာရီ ၁၉ မိနစ်တွင် ရေးသားပြီးစီးသည်။

www.burmeseclassic.com